www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

နိဗ္ဗာန်၏ အခြေခံသည်
ဘဝဒွန္ဒသာ ရှိသည်
နိဗ္ဗာန်သည် အရှိတရား
အမှန်တရားတစ်ခု ဖြစ်သည်။
မျက်မှောက်ပြုရ၊ မြင်ရသည့်
ဝိဥ္စခမ္မ အရာဝတ္ထုတစ်ခု ဖြစ်သည်။
ဤဘဝပင်လယ်အတွင်းရှိ
လုံခြုံစိတ်ချရသည့်ကျွန်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

## ပါရဂူ

ဧရာဝတီတိုင်း ဟင်္သာတမြို့နယ် သနွံသနော့ကျေးရွာတွင် အဖ ဦးဘစော၊ အမိ ဒေါ်မေတုတ်တို့မှ ၁၂၈၃ ခုတန်ဆောင်မုန်းလဆန်း ၁၁ ရက်၊ ကြာသပတေးနေ့တွင် မွေးဖွားသည်။အမည်ရင်း ဦးလှကြိုင် ဖြစ်သည်။ သနွံသနော့ကျေးရွာ မူလတန်းကျောင်း၌ စတုတ္ထတန်းထိ ပညာသင်ယူခဲ့သည်။ ၁၁ နှစ်အရွယ်တွင် ရှင်သာမဏေဝတ်သည်။ ၁၅ နှစ်တွင် ပထမငယ်၊ ၁၆ နှစ်တွင် ပထမလတ်၊ ၁၇ နှစ်တွင် ပထမကြီး၊ ၁၉၄၁ ခုနှစ် အသက် ၁၉ နှစ်တွင် အစိုးရစာချတန်း(ဂုဏ်ထူးတန်း) အောင်သည်။ အသက် ၂၀ တွင် ရဟန်းခံသည်။ ၁၉၄၇ မှ ၁၉၅၂ ထိ အိန္ဒိယနိုင်ငံ ဗာရာဏသီ ဟိန္ဒီတက္ကသိုလ်တွင် ပညာသင်သည်။၁၉၅၄ တွင် လူဝတ်လဲ၏။

BURMESE CLASSIC

မြန်မာနိုင်ငံ အိန္ဒိယသံရုံး ပြန်ကြားရေးဌာန ဘာသာပြန်အရာရှိ၊ မြန်မာနိုင်ငံ တက္ကသိုလ်နှင့်ကောလိပ်များ၏ အရှေ့တိုင်း စာပေသင်ကြားရေးအဖွဲ့ အဖွဲ့ဝင်၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင်၊မြန်မာနိုင်ငံ ထေရဝါဒ ဗုဒ္ဓဘာသာသာသနာပြု ဗဟိုအဖွဲ့ အကြံပေးအဖွဲ့ဝင်၊အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ အမှုဆောင်၊သီယိုဆိုဖီအသင်း နာယက၊မြန်-စာ-ပြန့် ဒုဥက္ကဋ္ဌ၊မြန်မာပြည် တရုတ်အသင်း ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း ဥက္ကဋ္ဌနှင့် စာရေးဆရာ အဖွဲ့အစည်းများတွင်လည်း တာဝန်အသီးသီး ထမ်းဆောင်ခဲ့သည်။

၁၉၃၉ မှ စ၍ စာရေးသည်။ပင်ကိုရေးနှင့် ဘာသာပြန်ဆိုခဲ့သည့် ကျမ်းစာ၊ ဝတ္ထုပေါင်း ၇၀ ခန့် ရှိသည်။ယင်းတို့အနက် ဗုဒ္ဓစကား၊ ဓမ္မစကား၊ ဗုဒ္ဓနိုင်ယာ့ရိမ်ဖွာန်၊ ညီတော်မင်းနန်၊ သားတော်ရာဟုလာ၊ သိဒ္ဓတ္ထ၊ စိတ္တရလေခါ၊ အမ္ဗပါလီ၊ ဂေါရီ၊ ဗိယဒဿီ၊ ပရကထာ၊ ဘဝခရီးသည်တို့မှာ ထင်ရှားသည်။ ၁၉၆၃တွင် ညီတော်မင်းနန်ဖြင့် အနုပညာစာပေဆု(ဘာသာပြန်-ပထမ)၊၁၉၈၆ တွင် ဂေါရီဖြင့် အမျိုးသားစာပေဆု (ဘာသာပြန်-ရသ)၊ ၁၉၆၇တွင် မြန်မာနိုင်ငံ ဟိန္ဒီစာပေအသင်း၏ **'စာပေရွှေတံဆိပ်ဆု'** များ ရရှိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်

ပါရဂူ

[၁၊ ဩဂုတ်၊ ၁၉၉၆]

www.burmeseclassic.com

www.burmeseclassic.com

## မာတိကာ


| | | |
|---|---|---|
| | – ဘာသာပြန်သူ၏ အမှာ | ၉ |
| | –ပေါလ်ကေရပ်နှင့် လီယိုတော်လ်စတွိုင်း | ၁၁ |
| ၁။ | ရှင်လန်းဝမ်းသာ | ၁၇ |
| ၂။ | သံသရာနှင့်နိဗ္ဗာန် | ၁၉ |
| ၃။ | သစ္စာတရားသည် ကယ်တင်ရှင် | ၂၅ |
| ၄။ | နိဗ္ဗာန်(ပါဠိ) | ၂၉ |
| ၅။ | နိဗ္ဗာန်(ပေါလ် ကေရပ်) | ၆၅ |
| | စကားချီး | ၆၅ |
| | လယ်သမား ဖြာဟွာကလုလင် | ၆၇ |
| | ယုန်ပုံပြင် | ၇၃ |
| | နိဗ္ဗာန်ဟူသည် | ၇၇ |
| | ဆွမ်းခံကြွခြင်း | ၈၂ |
| | လက်ထပ်မင်္ဂလာပွဲ | ၈၅ |
| | ရှင်လန်းချမ်းမြေ့မှု | ၈၉ |
| | အခြေအတင် | ၉၅ |
| | ကထာ ဥပနိသျှဒ် ၁၂ | ၁၀၃ |


www.burmeseclassic.com

www.burmeseclassic.com


အပြုအမူ၏ မပျက်စီး မဆေးသဖျောက်ခြင်း ၁၀၉
ကမ်ရောဂါ ၁၁၇
စာမှု ကူးယူခြင်း ၁၂၂
သုဘူတိ လုလင် ၁၂၈
ရှင်တော်ဗုဒ္ဓ ၁၃၁

၆။ ကံ (ပါရမှု) ၁၄၁

၇။ ကံ (ပေါလ်ကေရစ်) ၁၅၇

ဒေဝလ၏ ဆန်လှည်း ၁၅၇
ကျောက်ကုန်သည်နှင့် ငွေအိတ် ၁၆၂
တရားတာသိ၏ ကူးသန်းရောင်းဝယ်မှု ၁၆၆
ဓားပြဂိုဏ်း ၁၇၃
ပင့်ကူမျှင် ၁၇၈
ဓားပြခေါင်းဆောင် အကျွတ်တရားရခြင်း ၁၈၃
အကျွတ်တရား ရသွားသည့် ဓားပြခေါင်းဆောင်၏ သချိုင်းဂူ ၁၈၇
ကုသိုလ်ကံ၏အာမခံ ၁၉၀


www.burmeseclassic.com

www.burmeseclassic.com

## ဘာသာပြန်သူ၏ အမှာ

ပေါလ်ကေရပ် [1] (၁၈၅၂–၁၉၁၉)သည် ဂျာမနီတွင် မွေးဖွားပြီး အမေရိကန်တွင် ရွှေ့ပြောင်းနေထိုင်သော ဗုဒ္ဓစာပေ ပညာရှင်ဖြစ်သည်။ ဗုဒ္ဓကျမ်းစာများကို အများဆုံးလေ့လာပြီး အများဆုံး ရေးသားခဲ့သူတစ်ဦး ဖြစ်သည်။ သူရေးသားခဲ့သည့် ကျမ်းစာများအနက် "ဗုဒ္ဓ၏ တရားဒေသနာ" [2] မှာ ထင်ပေါ်ကျော်ကြား လူသိများပြီး အကြိမ်ကြိမ် ရိုက်နှိပ် ထုတ်ဝေရသော ကျမ်းစာ ဖြစ်လေသည်။

ပေါလ်ကေရပ်သည် ကမ္ဘာ့ဒဿနိက (အတွေးအခေါ်ပညာရှင်) တို့၏ စာရင်းတွင်လည်း ပါဝင်သည်။ 'ဒဿန၏ ဘဏ္ဍာတိုက်' [3] အမည်ရှိ ကမ္ဘာ့ဒဿန ပညာရှင်များ၏ အကြောင်းကို ရေးသားထားသည့် စာအုပ်ထဲ၌ ပေါလ်ကေရပ်၏ အကြောင်းကို ထည့်သွင်းရေးသားထားသည်။ ယင်းစာအုပ်ထဲ၌ ပေါလ်ကေရပ် ရေးသည့် 'အဒွိတ္တဝါဒ' [4] ဟူသောစာကို နမူနာအဖြစ် ထည့်သွင်းဖော်ပြထားသည်။

ဤစာအုပ်၌ ပေါလ်ကေရပ် ရေးသည့် 'နိဗ္ဗာန်' [5] နှင့် 'ကံ' [6] အမည်ရှိ

---

၁။ **Paul Carus** ၂။ **The Gospel of Buddha** ၃။ **Treasury of Philosophy**
၄။ **Monism** ၅။ **Nirvana** ၆။ **Karma**

www.burmeseclassic.com

www.burmeseclassic.com



ဝတ္ထုနှစ်ပုဒ်ကို မြန်မာပြန်ထားသည်။ စာရေးဆရာသည် ဗုဒ္ဓဝါဒ၏ နိဗ္ဗာန်နှင့် ကံအကြောင်းကို ဝတ္ထုပုံစံဖြင့် ရေးသားပြီး စာအုပ်ငယ်နှစ်အုပ် ပုံနှိပ် ထုတ်ဝေထားသည်။ဤစာအုပ်၌ကား ယင်းစာအုပ်နှစ်အုပ်၏ ဘာသာပြန်ကို ပေါင်းပြီးလျှင် တစ်အုပ်တည်း ပုံနှိပ်ထုတ်ဝေ ထားသည်။

နိဗ္ဗာန်နှင့်ကံမှာ ဗုဒ္ဓဝါဒ၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်၍ နိဗ္ဗာန်နှင့် ကံအကြောင်း စာတန်းနှစ်ခုကိုလည်း ပေါလ်ကေရပ်၏ ဝတ္ထုနှစ်ပုဒ်နှင့်အတူ ထည့်သွင်းဖော်ပြ လိုက်ပါသည်။ စာတန်းနှစ်ခုကား ပေါလ်ကေရပ်၏ စာအုပ်ထဲတွင် ပါသည့် စာတန်းများ မဟုတ်ပေ။ ကျွန်တော် ရေးပြုသည့် စာတန်းများ ဖြစ်သည်။'နိဗ္ဗာန်'အကြောင်းကို ဘာရတ်ဆိန် ဥပဓေယာယ ရေးသည့် 'ဗုဒ္ဓဒဿနနှင့် အခြား အိန္ဒိယ ဒဿနများ' စာအုပ်ကိုအခြေခံလျက်၊ 'ကံ'အကြောင်းကို ပါမောက္ခ အေ–အင် ဂျယတိလက် ရေးသည့် 'ဗုဒ္ဓဘာသာ၏ ကမ္မဝါဒ'အမည်ရှိ ဆောင်းပါးကို အခြေခံလျက်၊ ထိုထိုကျမ်းစာများကိုပါ ကိုးကား ရေးသားထားသည်။

ဤစာအုပ်၏ အစ၌ ပေါလ်ကေရပ် ရေးသည့် 'ဗုဒ္ဓ၏ တရားဒေသနာ' စာအုပ် အစတွင် ဖော်ပြပါရှိသည့် 'ရှင်လန်းဝမ်းသာ'၊'သံသရာနှင့် နိဗ္ဗာန်'၊ 'သစ္စာတရားသည် ကယ်တင်ရှင်'အမည်ရှိ စာညွှန့်သုံးပုဒ်ကိုလည်း ထည့်သွင်း ဖော်ပြလိုက်ပါသည်။

ပါရဂူ
၂၅-၅-၆၉

www.burmeseclassic.com

www.burmeseclassic.com

## ပေါ်လ်ကေရပ်နှင့် လီယိုတော်လ်စတွိုင်း

'နိဗ္ဗာန်'ကို ၁၉၇၅ ခုနှစ်က တတိယအကြိမ် ရိုက်နှိပ်ခဲ့သည်။ယခု ၁၅နှစ်ကြာ ၁၉၉၀ပြည့်တွင် စတုတ္ထအကြိမ် ပြန်လည် ရိုက်နှိပ်သည်။ ယခုစတုတ္ထအကြိမ် ပြန်လည် ရိုက်နှိပ်ထုတ်ဝေသော 'နိဗ္ဗာန်'၏ အမှာစာအဖြစ် ၁၉၇၃ ခုနှစ်က အသစ်တစ်ဖန် ပြန်လည် ရိုက်နှိပ် ထုတ်ဝေသော Karma/ Nirvana- Two Buddhist Tales by Paul Carus စာအုပ်၏ အမှာစာကို မြန်မာပြန် ဖော်ပြလိုက်ပေသည်။

*

'ကံနှင့်နိဗ္ဗာန်'သည် စိတ်ဝင်စားစရာကောင်းသော၊ ရတနာပုလဲကုံးနှင့်တူသော ဝတ္ထုတိုနှစ်ပုဒ် ဖြစ်သည်။ယင်းဝတ္ထုတို နှစ်ပုဒ်သည် ဘဝ၏ နှလုံးသားကို ရိုက်ခတ်သောဝတ္ထုများ ဖြစ်ကြသည်။ဟာမန်ဟက်၏ 'သိဒ္ဓတ္ထ' ကဲ့သို့ပင် ယင်းဝတ္ထုနှစ်ပုဒ်သည် ဗုဒ္ဓ ဟောကြားတော်မူသော သစ္စာလေးပါးတရားကို ထင်ဟပ် ဖော်ပြထားသည်။ဝတ္ထုနှစ်ပုဒ်စလုံး၌ ပင်မ ဝတ္ထုကြောင်းထဲတွင် ဝတ္ထုကြောင်းငယ်များ အစာသွတ်ထားသည်။ ယင်း ဝတ္ထုကြောင်းများသည် ကောင်းမှုသည် ကောင်းသောကံကို ဖြစ်ပေါ်စေသည်ဟု ဖော်ပြထားကြသည်။

နှစ်ပေါင်းများစွာ စာအုပ်လောကမှ ပျောက်ကွယ်နေပြီဖြစ်သည့် လွန်ခဲ့သော အနှစ် ၇၀ခန့်က ပေါ်လ်ကေရပ် ရေးသားသော မူရင်း 'ကံနှင့်နိဗ္ဗာန်' ဝတ္ထုတို နှစ်ပုဒ်သည် သိပ္ပံပညာနှင့် ထိပ်တိုက်တွေ့နေသော၊ အသည်

www.burmeseclassic.com



အလာ ယုံကြည်ယူဆလာခဲ့သော၊ ဘာသာတရားများကို လက်ကိုင်ထားသည့် အနောက်နိုင်ငံအား ဗုဒ္ဓဘာသာ နီတိပညာနှင့် ဗုဒ္ဓဘာသာ စိတ္တဗေဒကို သိစေလိုသည့်အတွက် ရေးသားထားသော ဝတ္ထုများ ဖြစ်ပေသည်။ ကေရပ်သည် အစွဲအလမ်းကြီးသော ဇာတ်စနစ်နှင့် အတ္တဝါဒအပေါ် အခြေခံသည့် ဗြာဟ္မဏဘာသာနှင့် ဗုဒ္ဓဘာသာအကြားတွင် ဖြစ်ပွားသော ဝါဒ ဝိဝါဒတွင် ပုဂ္ဂလဝါဒီ အနောက်နိုင်ငံအတွက် မဟာ စာရိတ္တ သင်ခန်းစာကို မြင်လေသည်။ သို့ရာတွင် အရှေ့တိုင်း ဘာသာတရားများနှင့် အတွေးအခေါ်များကို စိတ်ဝင်စားမှု တိုးပွားများပြားလာသည့် အမေရိက ကမူ ယခုအချိန်ကျမှသာလျှင် ယိုသင်ခန်းစာကို နားလည် သဘောပေါက်လေသည်။

လီယိုတော်လ်စတွိုင်းသည် ငြိမ်းချမ်းမှုနှင့် အရေးပါမှု အပြည့်ရှိသော ပေါလ်ကေရပ်၏ အရေးအသားများကို ရုတ်ခြည်းပင် စွဲလမ်းနှစ်ခြိုက် သွားလေသည်။ ထို့ကြောင့် တော်လ်စတွိုင်းသည် 'ကံ'ဝတ္ထု ကို ရုရှားဘာသာ ပြန်ဆိုခဲ့လေသည်။ ထို့နောက်တွင် ထိုအံ့သြဘွယ် ဝတ္ထုကို အဓိကဘာသာတိုင်းလိုလိုဖြင့် ဘာသာပြန်ဆိုကြသည်။ တော်လ်စတွိုင်းနှင့် ပေါလ်ကေရပ် တို့ တစ်ဦးနှင့်တစ်ဦး ပေးသောစာတွင် ပေါလ်ကေရပ်က ရှင်းလင်းပြောပြမထားမချင်း ထိုဝတ္ထု ရေးသူ၏ အမည်ကို တော်လ်စတွိုင်းဟုပင် မှတ်ထင်အောက်မေ့ နေကြသည်။

'ကံ'နှင့် 'နိဗ္ဗာန်' ဝတ္ထုနှစ်ပုဒ်လုံးပင် စာပေလောကဩ ဂန္ထဝင်ဝတ္ထုများ ဖြစ်ကြသည်။ ဝတ္ထုအရသာ ခံရုံအတွက် သက်သက်ဖြင့် ဖြစ်စေ၊ သို့မဟုတ် ထိုဝတ္ထုများက ဗုဒ္ဓဘာသာအပေါ် ထိုးပြထားသော အလင်းရောင်အတွက် ဖြစ်စေ ဖတ်သင့် ဖတ်ထိုက်သော၊ ထပ်တလဲလဲ ဖတ်သင့်ဖတ်ထိုက်သော ဝတ္ထုများ ဖြစ်ကြသည်။ ထိုဝတ္ထုများကို ယခုတစ်ကြိမ် ပြန်လည် ထုတ်ဝေခြင်းသည် ထိုဝတ္ထုများ စတင်ထုတ်ဝေသည့် အချိန်မှစ၍ ရာစုနှစ် အကွေ့အပြောင်းတွင် အကြီးအကျယ် ပြောင်းလဲနေသော ကမ္ဘာပေါ်ရှိ စာဖတ်ပရိသတ် မျိုးဆက်အသစ်အား အာရုံစူးစိုက် လာစေပေလိမ့်မည်။

**ရာပြည့်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



'ကံ' ဝတ္ထုနှင့် ပတ်သက်၍ လီယိုတော်လ်စတွိုင်းက ဤသို့ ရေးထားသည်။

ဤဝတ္ထုသည် ကျွန်ုပ်အား ရိုးသားမှုအရ လည်းကောင်း၊ လေးနက်မှုအရ လည်းကောင်း ကြီးမားသော နှစ်သက်မှုကို ပေးလေသည်။ပုဂ္ဂလိက ကြိုးပမ်း အားထုတ်မှုဖြင့်သာလျှင် အဆိုးကို ရှောင်ရှားနိုင်ပြီး အကောင်းကို ရယူနိုင်သည် ဟူ၍လည်းကောင်း၊ယင်း ရည်မှန်းချက် ရရှိအောင်မြင်ရန် အတွက် ထိုမှတစ်ပါး အခြားနည်းလမ်း မရှိ ဟူ၍လည်းကောင်း ယခုခေတ် လက်ခံထားကြသော အမှန်တရားကို ထိုဝတ္ထု၌ ထိရောက်သော ရှင်းလင်းပြတ်သားမှုဖြင့် ဖော်ပြထားသည်။ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ သုခသည် မိမိတို့၏ အပေါင်းအဖော်အားလုံး၏ သုခနှင့် ချည်နှောင်မထားသရွေ့ သုခ အတုအယောင်သာ ဖြစ်၏ ဟူ၍ ရှင်းလင်း ဖော်ပြထားချက်သည်အလွန် နှစ်သက်ဖွယ်ကောင်းပေသည်။ ဓားပြသည် ငရဲမှ လွတ်မြောက်လာပြီး သူတစ်ဦးတည်း၏ သုခကို စဉ်းစားသည့် အချိန်မှစ၍ သူ၏ သုခသည် ပျောက်ကွယ်သွားပြီး မိမိ၏ နေရာဟောင်းသို့ ပြန်လည်ကျဆင်း သွားရလေသည်။

'ဤ ဗုဒ္ဓဘာသာဝတ္ထုသည် ခရစ်ယာန် ဘာသာတရားက ဖော်ပြထားသော အခြေခံ အမှန်တရား နှစ်ခုကိုလည်း မီးမောင်းထိုးပြထားလေသည်။ ယင်းအခြေခံ အမှန်တရား နှစ်ခုမှာ ဤသို့ဖြစ်သည်။ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်၏ ဘဝသည် မိမိ၏ ပုဂ္ဂိုလ်ရေးကို ခွင့်လွှတ်မှသာလျှင် တည်မြဲလေသည်။'မိမိ၏ ဘဝကို စွန့်သူသည် မိမိ၏ ဘဝ



www.burmeseclassic.com

www.burmeseclassic.com



ကိုတွေ့လိမ့်မည်' (Matt. X. 39)။ ထို့ပြင် လူတို့၏ ကောင်းကျိုးသည် ဘုရားသခင်နှင့် လူတို့ ပေါင်းစည်းမှသာလျှင် လည်းကောင်း၊ ဘုရားသခင်မှတစ်ဆင့် တစ်ဦးနှင့်တစ်ဦး ပေါင်းစည်းမှသာလျှင် လည်းကောင်း တည်ရှိနိုင်ပေသည်။ 'သင်သည် ကျွန်ုပ်၌ ရှိသကဲ့သို့ လည်းကောင်း၊ ကျွန်ုပ်သည် သင်၌ ရှိသကဲ့သို့ လည်းကောင်း၊ သူတို့လည်း ကျွန်ုပ်တို့တွင် ရှိကြ၏။' (John. XVII. 21)

'ကျွန်ုပ်သည် ဤဝတ္ထုကို ကလေးသူငယ်များအား ဖတ်ပြသည်။ သူတို့ နှစ်သက်ကြသည်။ဤဝတ္ထုကို ဖတ်သော လူကြီးများမှာမူ ဘဝ၏ လေးနက်သည့် ပြဿနာများနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။ကျွန်ုပ်အထင် ပြောရလျှင် ဤဝတ္ထုသည် အကောင်းဆုံး နည်းပေးလမ်းပြ ဖြစ်လေသည်။

'ကံ' ဝတ္ထု ရေးသူအဖြစ် ကျွန်ုပ်အမည် တပ်ထားသည် ဆိုသည်ကို ပေါလ်ကေရပ်၏စာရရှိမှသာ ကျွန်ုပ်သိရှိရသည်။ ယင်းအမှားအတွက် ကျွန်ုပ် ဝမ်းနည်းခြင်းဖြစ်ရသည်။ ထို့ပြင် ထိုအမှားသည် တကယ့်အမှား ဖြစ်နေသည့် အတွက်ကြောင့်လည်း ကျွန်ုပ် ဝမ်းနည်းခြင်း ဖြစ်ရပြန်သည်။အကြောင်းမူကား ဤဝတ္ထုရေးသူသည် ကျွန်ုပ်တကယ်အမှန် ဖြစ်နေပါမူ ကျွန်ုပ် အလွန်အမင်း ဝမ်းသာကြည်နူးခြင်း ဖြစ်ရပေလိမ့်မည်။ ဤဝတ္ထုသည် အမျိုးသားရေးဆိုင်ရာ အသိပညာ၏ အကောင်းဆုံး အသီးအပွင့်တစ်ရပ် ဖြစ်သည့်အပြင် လူသားအတွက် အမွေအနှစ်လည်း ဖြစ်ထိုက်ပေသည်။

[ လီယို တော်လ်စတွိုင်း၊ ၁၉၀၇ ]

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မြန်မာပြန်သော Karma နှင့် Nirvana မှာ ပထမဆုံးအကြိမ် The Open Court မှ ထုတ်ဝေသော စာအုပ်များ ဖြစ်သည်။ထိုစာအုပ်များ၌ ပေါလ်ကေရပ်နှင့် ပတ်သက်၍ လည်းကောင်း၊ ပေါလ်ကေရပ်၏ စာများနှင့် ပတ်သက်၍ လည်းကောင်း တော်လ်စတွိုင်း၏ ထင်မြင်ချက်ကို ဖော်ပြထားခြင်း မရှိပေ။ ၁၉၇၃ ခုနှစ်၌ ဝတ္ထုနှစ်ပုဒ်ကို ပေါင်းပြီး အသစ်တစ်ဖန် ထုတ်ဝေသည့်အခါကျမှ သာလျှင် တော်လ်စတွိုင်း၏ ထင်မြင်ချက်ကို စာအုပ်၏ နိဒါန်းအဖြစ် ထည့်သွင်းဖော်ပြ ထားပေသည်။ ယခု 'နိဗ္ဗာန်'ကို စတုတ္ထအကြိမ် ပြန်လည်ထုတ်ဝေသော အခါ၌ ထို အသစ်တစ်ဖန် ထုတ်ဝေသည့်စာအုပ် မိမိ၏ လက်ထဲတွင် ရှိနေ၍ ထိုစာအုပ်ပါ နိဒါန်းကိုပင် ယခု စတုတ္ထအကြိမ်ထုတ် 'နိဗ္ဗာန်'၏ အမှာစာအဖြစ် မြန်မာပြန် ဖော်ပြလိုက်ရပေသည်။

ပါရဂူ

၃-၆-၉၀

www.burmeseclassic.com

www.burmeseclassic.com

## ရွှင်လန်းဝမ်းသာ

ရွှင်လန်းဝမ်းသာစရာ သတင်းစကားကို ကြားရသည့်အတွက် ရွှင်လန်းဝမ်းသာလော့။ကျွန်ုပ်တို့၏ အရှင်သခင် ရှင်တော်ဗုဒ္ဓသည် အဆိုးဟူသမျှ၏ အရင်းအမြစ်ကို တွေ့တော်မူပြီ။ ကျွန်ုပ်တို့အား လွတ်ငြိမ်းမှု၏ လမ်းကို ပြတော်မူပြီ။

ဗုဒ္ဓသည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင်ရှိသော မောဟကို ဖယ်ရှားပစ်တော်မူသည်။ မရဏ၏ ဘေးဘယထဲမှ ကျွန်ုပ်တို့ကို ရွေးယူတော်မူသည်။

ဗုဒ္ဓသည် စိတ်အားလျော့ပြီး မချမ်းမသာ ဖြစ်နေသူတို့ထံသို့ နှစ်သိမ့်အားပေးမှုကို ဆောင်ကြဉ်းလာတော်မူသည်။ ဘဝ၏ ဝန်ထုပ်ဝန်ပိုးအောက်တွင် ဗျားမျှားနေသူတို့အား ငြိမ်းချမ်းမှုကို ရရှိစေတော်မူသည်။အားမဲ့သူတို့အား စိတ်ပျက်အားလျော့နေသည့်အခါ အားအစွမ်းကို ပေးတော်မူသည်။

ဘဝ၏ ဆင်းရဲဒုက္ခတို့ကို ခံစားနေရသော သင်တို့သည် တွန်းကန်လှုပ်ရှားနေရသော၊ ခေါင်းငုံ့ခံနေရသော၊ အမှန်တရား၏ ဘဝကို တောင့်တနေသော သင်တို့သည် ရွှင်လန်းဝမ်းသာစရာ သတင်းစကားကို ကြားရသည့်အတွက် ရွှင်လန်းဝမ်းသာကြလော့။

ဒဏ်ရာရသူတို့အတွက် လိမ်းဆေးရှိသည်။ ဆာလောင်နေသူတို့အတွက် အစာအဟာရ ရှိသည်။မွတ်သိပ်နေသူတို့အတွက် ရေရှိသည်။ စိတ်ပျက် အားလျော့နေသူတို့အတွက် မျှော်လင့်ချက်ရှိသည်။ အမှောင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေသူတို့ အတွက် အလင်းရောင်ရှိသည်။ ဖြောင့်မှန်သူတို့အတွက် ကုန်ခမ်းခြင်းမရှိသည့် ဆုလာဘ်ရှိသည်။

သင်သည် ဒဏ်ရာရနေလျှင် သင်၏ ဒဏ်ရာကို ဆေးလိမ်းပေးလော့။ သင်သည် ဆာလောင်နေလျှင် အစာအာဟာရကို မှီဝဲလော့။ သင်သည် ပင်ပန်းနေလျှင် အနားယူလော့။ သင်သည် မွတ်သိပ်နေလျှင် သင်၏ မွတ်သိပ်မှုကို ဖြေဖျောက်လော့။သင်သည် အမှောင်ထဲရောက်နေလျှင် အလင်းရောင်ကို ကြည့်လော့။ သင်သည် စိတ်ပျက်အားငယ်နေလျှင် နှစ်သိမ့်အားပေးမှုကို ယူလော့။

သစ္စာတရားကို မြတ်နိုးသည့် သင်သည် သစ္စာတရားကို ယုံကြည်အားကိုးလော့။ အမှန်တရား တိုင်းနိုင်ငံသည် ကမ္ဘာမြေအပြင်ပေါ်၌ ပေါ်ပေါက်လာပြီ။ အမှန်တရား အလင်းရောင်သည် အဝိဇ္ဇာ အမိုက်မှောင်ကို ဖြိုခွင်းလိုက်ပြီ။ ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လမ်းကို မြင်နိုင်ပြီ။ တိကျပြတ်သားသော ခြေလှမ်းကို လှမ်းနိုင်ပြီ။

ကျွန်ုပ်တို့၏ အရှင်သခင် ရှင်တော်ဗုဒ္ဓသည် သစ္စာတရားကို ထုတ်ဖော် ပြသလေပြီ။

သစ္စာတရားသည် ကျွန်ုပ်တို့၏ ရောဂါဝေဒနာများကို ကုစားသည်။ ကျွန်ုပ်တို့ကို ဖရိုဖရဲ ပြိုကွဲပျက်စီးခြင်းမှ ကယ်တင်သည်။ သစ္စာတရားသည် ကျွန်ုပ်တို့အား အသက်ရှင်စဉ်၌ လည်းကောင်း၊ သေစဉ်၌ လည်းကောင်း အားအစွမ်းကို ပေးသည်။ သစ္စာတရား တစ်ခုတည်းသာလျှင် အဝိဇ္ဇာ၏ အဆိုးတို့ကို အောင်နိုင်စွမ်း ရှိသည်။

ရွှင်လန်းဝမ်းသာစရာ သတင်းကို ကြားရသည့်အတွက် ရွှင်လန်းဝမ်းသာလော့။

www.burmeseclassic.com

www.burmeseclassic.com

## သံသရာနှင့်နိဗ္ဗာန်

သင်၏ ပတ်ဝန်းကျင်ကို ရှုလော့။ ဘဝကို ဆင်ခြင်စဉ်းစားလော့။

အရာဝတ္ထု ဟူသမျှသည် အနိစ္စဖြစ်သည်။ မည်သည့်အရာဝတ္ထုမျှ တည်မြဲ မနေပေ။ ဇာတိ ရှိသည်။မရဏ ရှိသည်။ကြီးထွားမှု ရှိသည်။ပျက်စီးမှု ရှိသည်။ ပေါင်းသင်းမှု ရှိသည်။ ကွဲကွာမှု ရှိသည်။

ကမ္ဘာလောက၏ တောက်ပ ဝင့်ကြွားမှုသည် ပန်းတစ်ပွင့်နှင့် ပမာတူသည်။ နံနက်အချိန်၌ ကားကားစွင့်စွင့် ပွင့်လန်း၍ နေသည်။ နေ့လယ်ပိုင်း နေပူချိန်၌ ညှိုးနွမ်း၍ သွားသည်။

ဘယ်ဆီကို ကြည့်လိုက် ကြည့်လိုက် အာရုံခံစားမှုအတွက် ဗျာများနေကြသည်။ ယောက်ယက်ခတ် နေကြသည်။စိတ်တက်ကြွ နေကြသည်။ ဆင်းရဲခြင်းနှင့် သေခြင်းမှ အထိတ်တလန့် ထွက်ပြေးနေကြသည်။တောက်လောင်နေသော လောဘမီးလျှံ ရှိနေသည်။ကမ္ဘာလောကသည် ပြောင်းလဲနေသည်။ အားလုံး သံသရာ ဖြစ်သည်။

ကမ္ဘာလောက၌ နိစ္စဖြစ်သော အရာဟူ၍ မရှိတော့ဘူးလော။ ကမ္ဘာအနှံ့ ပြန့်၍နေသည့် ဒုက္ခပင်လယ်ထဲ၌ ကျွန်ုပ်တို့၏ ဒုက္ခ တွေ့ကြုံနေရသည့် စိတ်နှလုံးအတွက် ငြိမ်းချမ်းမှုကို ရှာဖွေ တွေ့ရှိနိုင်သည့် နားနေစရာ နေရာဟူ၍ မရှိတော့ဘူးလော။ ထာဝရ တည်မြဲနေသည့် အရာဟူ၍ မရှိတော့ဘူးလော။



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ကြ ဗျာပါဒ၏ ရပ်တံ့သွားခြင်း ဟူ၍ မရှိတော့ပြီလော။ တောက်လောင်နေသော လောဘမီးသည် ငြိမ်းအေး မသွားနိုင်တော့ဘူးလော။ စိတ်နှလုံးသည် မည်သည့်အခါကျမှ ငြိမ်းချမ်းသွားမည်နည်း။

ဗုဒ္ဓသည် ဘဝ၏ ဆင်းရဲဒုက္ခအတွက် ချမ်းသာသုခကို ရှာဖွေပေးတော်မူသည်။ ဗုဒ္ဓသည် လောကီ ချမ်းသာသုခ၏ အချည်းနှီးဖြစ်ပုံကို တွေ့ရသည်ဖြစ်၍ ပျက်စီးပျောက်ကွယ် မသွားသော၊ ထာဝရ တည်တံ့နေသော အရာတစ်ခု၌ ငြိမ်းချမ်းမှုကို ရှာတော်မူသည်။

ဘဝကို တွယ်တာသော သင်တို့သည် အနိစ္စတရားထဲ၌ ကွယ်ဝှက်နေသော နိစ္စတရား၊ အမတ တရားကို သိအောင် ပြုလော့။ ပူဆွေးမှု၊ ဝမ်းနည်းမှု မျိုးစေ့မပါသည့် သုခကို လိုလားသော သင်တို့သည် ဗုဒ္ဓ၏တရားကို လိုက်နာကျင့်ကြံလျက် မှန်ကန်ဖြောင့်မတ်စွာ နေထိုင်ကြလော့။ ဥစ္စာခနကို လိုလားတောင့်တသော သင်တို့သည် ထာဝရ တည်တံ့နေသော ဥစ္စာခနကို ရယူကြလော့။

သစ္စာတရားသည် ထာဝရ တည်တံ့နေသည့် အရာ ဖြစ်သည်။ သစ္စာတရားသည် ဇာတိကိုလည်း မသိပေ။ မရဏကိုလည်း မသိပေ။ အစလည်း မရှိပေ။ အဆုံးလည်း မရှိပေ။ အို လူသား၊ သစ္စာတရားကို ကြိုဆိုလော့။ သင်၏ ဝိညာဉ်ထဲမှာ သစ္စာတရားကို ဝင်ရောက်ကိန်းအောင်း နေစေလော့။

သစ္စာတရားသည် စိတ်နှလုံး၏ သေကြေပျက်စီးသွားခြင်း မရှိသည့် အစိတ်အပိုင်း ဖြစ်သည်။ သစ္စာတရားကို ပိုင်ဆိုင်မှုသည် ဥစ္စာရတနာကို ပိုင်ဆိုင်မှု ဖြစ်သည်။ သစ္စာတရား၏ ဘဝသည် ချမ်းမြေ့ရွှင်လန်းမှု ဖြစ်သည်။

သင်၏ စိတ်နှလုံးထဲ၌ သစ္စာတရား တည်မြဲအောင် ပြုလော့။ သစ္စာတရားသည် အမဟ သဘော၏ အသွင်အပြင် ဖြစ်သည်။ သစ္စာတရားသည် နိစ္စ သဘောကို ရေးခြယ်ပြသည်။ သစ္စာတရားသည် ထာဝရ တည်မြဲနေမှုကို



www.burmeseclassic.com

www.burmeseclassic.com



ဖော်ပြသည်။သစ္စာတရားသည် သေမျိုးဖြစ်သည့် လူသားအား မသေမှုကို ပေးသည်။

ဗုဒ္ဓသည် သစ္စာတရား ဖြစ်သည်။သင်၏နှလုံးထဲ၌ ဗုဒ္ဓ ကိန်းအောင်း နေပါစေ။သင်၏ ဝိညာဉ်ထဲ၌ ရှိသော လောဘဟူသမျှကို ချုပ်ငြိမ်းအောင် ပြုလော့။ သင်၏ စိတ်ပိုင်းဆိုင်ရာ တိုးတက်ကြီးပွားမှု၏ အပြီးသတ်၌ သင်သည် တဏှာရာဂ ချုပ်ငြိမ်း လာပေလိမ့်မည်။

တဏှာရာဂ ကင်းအောင် တိုးတက်မလာနိုင်သော၊တိုးတက်လာလိမ့်မည် မဟုတ်သော သင်၏ဝိညာဉ်ကို ပျက်စီး ချုပ်ငြိမ်းသွားအောင် ပြုလော့။ အကြောင်းမူကား ယင်းသည် မောဟသာ ဖြစ်သည်။မှန်ကန်သည့်အရာ မဟုတ်ပေ။ယင်းသည် သင့်အမှား၏ အခြေခံ ဖြစ်သည်။ယင်းသည် သင့်ဒုက္ခ၏ အကြောင်းတရား ဖြစ်သည်။

သင်သည် သင်၏ဝိညာဉ်ကို သစ္စာတရားဖြင့် ဖြည့်လျက် သေကြေပျက်စီး မသွားအောင် ပြုလုပ်နိုင်သည်။ ထို့ကြောင့် ဗုဒ္ဓ၏ တရားအမြိုက်သုဓာကို ထည့်၍ရသည့် ခွက်ကဲ့သို့ ဖြစ်အောင် မိမိကိုယ်ကို ပြုလော့။မိမိကိုယ်ကို အကုသိုလ် အပြစ်အနာအဆာများ ကင်းစင်အောင် ဆေးကြောလော့။မိမိ၏ ဘဝကို သန့်စင်အောင် သုတ်သင်လော့။ သစ္စာတရားသို့ ရောက်ရန် အခြားနည်းလမ်း မရှိပေ။

အတ္တနှင့် သစ္စာတရား၏ ခြားနားမှုကို သိရှိနားလည်အောင် ပြုလော့။ အတ္တသည် ကိုယ်ကျိုးကြည့်မှု၊ တစ်ကိုယ်ကောင်းဆန်မှု၏ အကြောင်း ဖြစ်သည်။အကုသိုလ်၏ အခြေခံ ဖြစ်သည်။သစ္စာတရားသည် အတ္တ၌ တွယ်ကပ်မနေပေ။သစ္စာတရားသည် စကြာဝဠာအနှံ့ ပြန့်၍ နေသည်။တရားမျှနှင့် အမှန်တရားသို့ ရှေးရှုနေသည်။

မိမိတို့၏ အတ္တကို ချစ်မြတ်နိုးသော သူတို့ မိမိတို့၏ ဘဝဟူ၍ ထင်မှတ်ယူဆနေသည့် အတ္တသည် နိစ္စ မဟုတ်ပေ။အမြဲ တည်တံ့ မနေပေ။



www.burmeseclassic.com

www.burmeseclassic.com



ပျက်စီး ချုပ်ငြိမ်းသွားတတ်သော သဘော ရှိသည်။အတ္တကို မရှာလင့်။သစ္စာ တရားကို ရှာလော့။

အကယ်၍ ကျွန်ုပ်တို့သည် မိမိတို့၏ ဝိညာဉ်ကို မိမိတို့၏ သေးနုပ် သိမ်ဖျင်းသည့် အတ္တမှ လွတ်မြောက်စေလျှင်၊အခြား ပုဂ္ဂိုလ်များအား ထိခိုက် နစ်နာစေသည့် အပြုအမူကို မပြုလျှင်၊ သစ္စာတရား အလင်းရောင် ရောင်ပြန် ဟပ်ပြီး ကျောက်သလင်းကဲ့သို့ ကြည်လင်လာလျှင်၊ တောက်လောင်နေသော လောဘစိတ်များ ရောနှောခြင်း မရှိသည့်၊ ဖောက်လဲ့ ဖောက်ပြန် ဖြစ်နေသည့် မောဟစိတ်များ ဖုံးလွှမ်းခြင်း မရှိသည့်၊ အကုသိုလ် တင်းကြမ်းဖြစ်နေသော သောက ဗျာပါဒများ ဖြစ်ပွားမှု မရှိသည့်၊ အရောင်လက်နေသော ကြေးမုံပြင် သည် ကျွန်ုပ်တို့ သန္တာန်၌ ပေါ်လာပေလိမ့်မည်။ယင်း ကြေးမုံပြင်၌ အရာဝတ္ထု တို့သည် အရှိအတိုင်း ထင်နေပေလိမ့်မည်။

အတ္တကို ရှာမှီးသူသည် မှားသောအတ္တနှင့် မှန်သောအတ္တ၏ ခြားနားချက်ကို သိအောင် လုပ်ရမည်။ငါနှင့် ငါ့စွဲ သက္ကာယစွဲသည် မှားသော အတ္တ ဖြစ်သည်။ယင်းတို့သည် ဖောက်လွဲဖောက်ပြန်ဖြစ်သော မောဟတရား များ ဖြစ်သည်။ပျက်စီးချုပ်ငြိမ်းတတ်သည့် အပေါင်းအစုများ ဖြစ်သည်။ မိမိ၏အတ္တကို သစ္စာနှင့် ခွဲခြား သိတတ်သူသာလျှင် နိဗ္ဗာန်ကို ရရှိပေလိမ့် မည်။ နိဗ္ဗာန်ကို ရရှိသူသည်အမြင့်ဆုံးသော ချမ်းသာသုခကို ရရှိသူ မည်၏။ ထိုပုဂ္ဂိုလ်သည် ထာဝရ တည်မြဲသော၊ ပျက်စီးသေပျောက်ခြင်း မရှိသော သူ မည်သည်။

ပေါင်းစပ်ထားသည့် သင်္ခါရတရား ဟူသမျှသည် တစ်ဖန် ပြိုကွဲသွား ရမည် ဖြစ်သည်။ ကမ္ဘာလောကသည် မုန့်မုန့်ညက်ညက် ဖြစ်သွားပေလိမ့် မည်။ကျွန်ုပ်တို့၏ ပုဂ္ဂလ သဘောတို့သည် ပျက်စီးသွားပေလိမ့်မည်။ ဗုဒ္ဓ၏ တရားဒေသနာကမူ ထာဝစဉ် တည်မြဲနေပေလိမ့်မည်။

အတ္တ ချုပ်ငြိမ်းသွားခြင်းသည် လွတ်မြောက်မှု မည်၏။ အတ္တ



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားခြင်းသည် ဉာဏ်အလင်းရောင်ရခြင်း မည်၏။အတ္တ စခန်းသိမ်းသွားခြင်းသည် နိဗ္ဗာန် မည်၏။ကာမဂုဏ် အာရုံခံစားမှုကို ရပ်ပစ်လိုက်ပြီး သစ္စာတရားကိုသာ အားပြုသည့် ပုဂ္ဂိုလ်သည် ရွှင်လန်းချမ်းမြေ့သူ မည်၏။ စိတ်၏ ငြိမ်သက် တည်ကြည်မှုသည် အမြင့်ဆုံးသော ချမ်းသာသုခ မည်၏။

ဗုဒ္ဓ၌ ခိုလှုံ လဲလျောင်းကြစို့။အကြောင်းမှုကား ဗုဒ္ဓသည် အနိစ္စတရား၌ ထာဝရ တည်မြဲနေသည့် တရားကို ရှာဖွေတွေ့ရှိသူ ဖြစ်သောကြောင့်တည်း။ ဘဝ၏ အပြောင်းအလဲများထဲ၌ ရှိသော ပျက်စီးပြောင်းလဲခြင်း မရှိသည့် အရာ၌ ခိုလှုံ လဲလျောင်းကြစို့။ဗုဒ္ဓ၏ ဉာဏ်အလင်းရောင်ဖြင့် ဖန်တီး ပြုလုပ်ထားသည့် သစ္စာတရား၌ ခိုလှုံ လဲလျောင်းကြစို့။

www.burmeseclassic.com

www.burmeseclassic.com

# သစ္စာတရားသည် ကယ်တင်ရှင်

ကမ္ဘာလောကရှိ အရာဝတ္ထုများနှင့် သတ္တဝါများသည် ပြောင်းလဲတတ်သော သဘော ရှိ၏။အတိတ်က တည်ရှိခဲ့သည့် အရာများ၏ အသီးအပွင့် ဖြစ်ကြ၏။ သက်ရှိသတ္တဝါ ဟူသမျှသည် သူတို့၏ အတိတ်အပြုအမူများက ဖန်တီး ပြုလုပ်ထားသည့် အရာများ ဖြစ်ကြ၏။အကြောင်းမူကား အကြောင်းအကျိုး နိယာမ သဘောတရားသည် တညီတညာတည်း ဖြစ်၏။ ခြွင်းချက် မရှိပေ။

သို့ရာတွင် ပြောင်းလဲနေသည့် အရာဝတ္ထုများထဲ၌ သစ္စာတရားသည် ပုန်းအောင်းနေပေသည်။ သစ္စာတရားသည် အရာဝတ္ထုများကို အမှန်ဖြစ် အောင် ပြုမူလေ၏။ သစ္စာတရားသည် အနိစ္စ တရားထဲ၌ ရှိသော နိစ္စတရား ဖြစ်၏။

ကျောက်တုံး၌ သစ္စာတရား ရှိ၏။ အကြောင်းမူကား ကျောက်တုံး သည် တည်ရှိနေသောကြောင့် ဖြစ်၏။ကမ္ဘာလောကရှိ မည်သည့် စွမ်းအား ကမှ၊ မည်သည့် ဘုရားသခင်၊မည်သည့်လူ၊ မည်သည့် နတ်မိစ္ဆာကမှ ယင်း၏ တည်ရှိမှုကို ဖျက်ဆီး မပစ်နိုင်ပေ။သို့ရာတွင် ကျောက်တုံး၌ အသိစိတ် မရှိပေ။

သစ်ပင်၌ သစ္စာတရား ရှိ၏။သစ်ပင်၏ အသက်သည် ဆန့်၍ ရ ၏။သစ်ပင်သည် ကြီးထွား၏။အပွင့် ပွင့်၏။ သစ်ပင်၏ အလှသည် အံ့ဩ စရာ ကောင်း၏။ သို့ရာတွင် သစ်ပင်၌ အသိစိတ် မရှိပေ။

တိရစ္ဆာန်၌ သစ္စာတရား ရှိ၏။တိရစ္ဆာန်သည် သွားလာ လှုပ်ရှား၏။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင် အရာဝတ္ထုတို့ကို သိမြင်၏။တစ်ခုနှင့်တစ်ခု ခွဲခြားသိတတ်၏။မွေးတတ်၏။အသိစိတ်လည်း ရှိ၏။သို့ရာတွင် သစ္စာတရား၏ အသိစိတ် မဟုတ်ပေ။ အတ္တ၏ အသိစိတ်သာလျှင် ဖြစ်သည်။

အတ္တ၏ အသိစိတ်သည် စိတ်နှလုံး၏ မျက်လုံးများကို မှုန်မွှားစေသည်။ သစ္စာတရားကို ဖုံးလွှမ်းထားသည်။အတ္တ၏ အသိစိတ်သည် မှောက်မှားမှု၏ အရင်းမူလ ဖြစ်သည်။မောဟ၏ အခြေခံ ဖြစ်သည်။ အကုသိုလ်၏ မျိုးစေ့ ဖြစ်သည်။

အတ္တသည် အတ္တကို ကြည့်မှု၊ ကိုယ်ကျိုး ကြည့်မှုကို မွေးဖွားသည်။ အတ္တမှ ယိုးစီးထွက်ပေါ်လာသည့် အရာမှတစ်ပါး အခြား မကောင်းမှုဟူ၍ မရှိပေ။ အတ္တစွဲမှတစ်ပါး အခြား အမှားဟူ၍ မရှိပေ။

အတ္တသည် ဒေါသအားလုံး၏ အစ ဖြစ်သည်။မကောင်းသော အပြုအမူနှင့် အမနာပ အပြောအဆိုတို့၏ အစ ဖြစ်သည်။ဟီရိသြတ္တပ္ပ ကင်းမဲ့ခြင်းနှင့် လျှပ်ပေါ်လော်လည်ခြင်းတို့၏ အစ ဖြစ်သည်။ခိုးမှု၊ဓားပြမှု၏ အစ ဖြစ်သည်။ ဖိနှိပ်ချုပ်ချယ်မှုနှင့် သွေးထွက်သံယိုမှု၏ အစ ဖြစ်သည်။ အတ္တသည် နတ်ဆိုးဖြစ်သည်။ မာရ်နတ် ဖြစ်သည်။ မကောင်းမှုကို ပြုသူ မည်၏။ မကောင်းကျိုးကို ဖန်တီးသူ မည်၏။

အတ္တသည် ကာမဂုဏ်အာရုံကို သွေးဆောင်ဖြားယောင်းသည်။ အတ္တသည် နတ်ဘုံနတ်နန်းကို ကတိပြုသည်။ အတ္တသည် မာယာ၏ မျက်နှာဖုံး ဖြစ်သည်။ သို့ရာတွင် အတ္တ၏ ကာမဂုဏ် အာရုံသည် မှန်ကန်သည့် အရာ မဟုတ်ပေ။အတ္တ၏ နန်ဘုံနတ်နန်းက ဝင်ပါလမ်းသည် ငရဲသို့ သွားရာ ဖြစ်သည်။အတ္တ၏ ညှိုးရော်နေသော အလှသည် မည်သည့်အခါမျှ နှစ်သိမ့်ရောင့်ရဲ မသွားနိုင်သည့် လောဘမီးလျှံများကို ယပ်ခတ်ပေးသည်။

မည်သူသည် ကျွန်ုပ်တို့အား အတ္တ၏ အာဏာအောက်မှ လွတ်မြောက်အောင် ပြုမည်နည်း။ မည်သူသည် ကျွန်ုပ်တို့အား ဒုက္ခမှ ကယ်တင်



www.burmeseclassic.com

www.burmeseclassic.com



မည်နည်း။ မည်သူသည် ကျွန်ုပ်တို့ထံသို့ ချမ်းသာသုခကို ဆောင်ကြဉ်းလာမည်နည်း။

လောကသံသရာ၌ ဒုက္ခ ရှိနေသည်။ အတိဒုက္ခ ရှိနေသည်။ ဆင်းရဲခြင်း ရှိနေသည်။ ဒုက္ခဟူသမျှထက် ကြီးကျယ်သော အရာမှာ သစ္စာတရားတည်းဟူသော ချမ်းသာသုခ ဖြစ်သည်။ သစ္စာတရားသည် စိတ်နှလုံးအားငြိမ်းချမ်းမှုကို ပေးသည်။ မကောင်းမှုတို့ကို အနိုင်ယူသည်။ လောဘ မီးလျှံများကို ငြိမ်းသတ်သည်။ နိဗ္ဗာန်ကို လမ်းညွှန်သည်။

နိဗ္ဗာန်တည်းဟူသော ငြိမ်းချမ်းမှုကို တွေ့ရှိသူသည် ချမ်းသာသုခနှင့်ပြည့်စုံသူ မည်၏။သူသည် ဘဝ၏ ဆင်းရဲဒုက္ခများနှင့် လှုပ်ရှားမှုများထဲ၌အေးငြိမ်းမှု ရရှိနေသူ ဖြစ်သည်။ပြောင်းလဲမှု ဟူသမျှ၏အပသို့ ရောက်နေသူ ဖြစ်သည်။ဇာတိနှင့် မရဏ၏ အပေါ်သို့ ရောက်ရှိနေသူ ဖြစ်သည်။ဘဝ၏မကောင်းမှုတို့က သူ့ကို မထိပါးနိုင်တော့ပေ။

သစ္စာတရား ကိန်းအောင်းနေသူသည် ချမ်းသာသုခနှင့် ပြည့်စုံသူဖြစ်၏။ အကြောင်းမူကား သူသည် မိမိ၏ရည်ရွယ်ချက်ကို ပြည့်ဝအောင်မြင်စေပြီးသူ ဖြစ်သောကြောင့်တည်း။သူသည် မိမိနှင့်အတူ ရှိနေသူ ဖြစ်သည်။ သစ္စာတရားနှင့်အတူ ရှိနေသူ ဖြစ်သည်။သူသည် ဒဏ်ရာ ရချင်ရနေမည်ဖြစ်သော်လည်း အောင်နိုင်သူ မည်၏။သူသည် ဒုက္ခခံချင် ခံနေရမည် ဖြစ်သော်လည်း ရွှင်လန်းချမ်းမြေ့သူ မည်၏။သူသည် မိမိအလုပ်၏ ဝန်ထုပ်ဝန်ပိုးအောက်၌ ပိနေချင် ပိနေမည်ဖြစ်သော်လည်း အင်အားရှိသူ မည်၏။ သူသည် သေသွားချင် သေသွားမည် ဖြစ်သော်လည်း မသေသူ မည်၏။ သူ့ဝိညာဉ်၏ အနှစ်သာရသည် အမြိုက်တရား ဖြစ်သည်။

မြင့်မြတ်သော ဗုဒ္ဓအဖြစ်ကို ရရှိသူသည် ချမ်းသာသုခနှင့် ပြည့်စုံသူမည်၏။အကြောင်းမူကား သူသည် မိမိအဖော်များ၏ လွတ်မြောက်မှုကိုပြုလုပ် ဆောင်ရွက်နိုင်စွမ်းရှိသူ ဖြစ်သောကြောင့်တည်း။သစ္စာတရားသည်



www.burmeseclassic.com

www.burmeseclassic.com



သူ၏ သန္တာန်၌ ကိန်းအောင်းနေ၏။ပညာသည် သူ၏အသိကို ထွန်းလင်းတောက်ပ စေ၏။အမှန်တရားသည် သူ့အပြုအမူ ဟူသမျှ၏ ရည်ရွယ်ချက်ကို အသက်သွင်းပေး၏။

သစ္စာတရားသည် ကောင်းမွန်သော၊ပျက်စီးပျောက်ကွယ်သွားခြင်း မရှိသော၊အနိုင်ရရှိဖို့ရန် မလွယ်ကူသော အရာအတွက် အသက်ရှင်နေသည့် အင်အား ဖြစ်သည်။သင်၏ စိတ်နှလုံးထဲ၌ သစ္စာတရား ကိန်းအောင်းနေပါစေလော့။သစ္စာတရားကို လူသားတို့ထံ ရောက်အောင် ဖြန့်ဖြူးပါလော့။ အကြောင်းမူကား သစ္စာတရား တစ်ခုတည်းသာလျှင် ဒုက္ခနှင့် မကောင်းမှု ဒုစရိုက်မှ ကယ်တင်သည့် ကယ်တင်ရှင် ဖြစ်သည်။သစ္စာတရားသည် ဗုဒ္ဓ ဖြစ်သည်။ဗုဒ္ဓသည် သစ္စာတရား ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်

## [ပါဠိ]

နိဗ္ဗာန်သည် စိတ်အတွေ့ စိတ်အသိ၏ တစ်ခုသောအဆင့်။တစ်ခုသော အခြေအနေ၏ အမည်နာမ ဖြစ်လေသည်။စိတ်၏ ထူးခြားသော အခြေအနေ တစ်ခု ဖြစ်၏ဟုလည်း ဆိုနိုင်သည်။ အဓိကအားဖြင့် ဗုဒ္ဓ ညွှန်ကြားဟောပြသော နိဗ္ဗာန်သည် တရားဘာဝနာ အားထုတ်ပြီး ဤဘဝ၌ မျက်မှောက်ပြုရသည့် နိဗ္ဗာန် ဖြစ်သည်။နိဗ္ဗာန်၏ အခြေခံသည် ဘဝ၌သာ ရှိသည်။ နိဗ္ဗာန်သည် အရှိတရား အမှန်တရား တစ်ခု ဖြစ်သည်။မျက်မှောက်ပြုရ၊မြင်ရသည့် (ဒိဋ္ဌဓမ္မ) အရာဝတ္ထု ဖြစ်သည်။ ဘဝ၏ စင်ကြယ်မှုသည်သာလျှင် လွတ်မြောက်ငြိမ်းချမ်းမှု အဖြစ်ဖြင့် ပေါ်ပေါက်လာသည်။ယင်းသည်ပင် နိဗ္ဗာန်ဖြစ်သည်။စင်ကြယ်မှုနှင့် နိဗ္ဗာန်သည် တစ်ခုတည်း ဖြစ်သည်။[၁] ထို့ကြောင့် နိဗ္ဗာန်ကို ရရှိဖို့ရန်အတွက် ကြိုးပမ်းရမည် ဖြစ်လေသည်။ ဤဘဝ၌ မျက်မှောက်ပြုနိုင်အောင် အားထုတ်ရမည် ဖြစ်လေသည်။ နိဗ္ဗာန်သည် အသိပညာဖြင့် တွေးခေါ်ကြံဆ၍ ရရှိနိုင်သည့် အရာမျိုး မဟုတ်ပေ။သို့ဖြစ်၍ ‘နိဗ္ဗာန်ကို သိရှိနားလည်ဖို့ရန်မှာ မလွယ်’ ဟု ပြောဆိုကြခြင်း ဖြစ်လေသည်။[၂] နိဗ္ဗာန်သည် ‘အတက္ကာဝစရ’ ဖြစ်လေသည်။တွေးခေါ်ကြံဆ၍ သိရသည့်အရာ မဟုတ်ဟု ဆိုလိုသည်။ဗုဒ္ဓ ရရှိသည့် အမြင့်ဆုံးအဆင့်၊ အမြင့်ဆုံး အခြေအနေသည် အမြင့်ဆုံး ဘာဝနာဖြင့် ရရှိသည့်အရာ ဖြစ်သည်။

၁။ ဝိသုဒ္ဓိတိ သဗ္ဗမလ ဝိရဟိတံ အစ္စန္တပရိသုဒ္ဓံ နိဗ္ဗာနံ ဝေဒိတဗ္ဗံ၊ ဝိသုဒ္ဓိမဂ်– သုတ္တနိပါတ်၊ စူဠဗျူဟသုတ်၌ နိဗ္ဗာန်ကို အဆုံးစွန်သော စင်ကြယ်မှုဟု ဆိုထားသည်။

၂။ ဥဒါန်း(ပါဋလိ ဂါမိယဝဂ်)



www.burmeseclassic.com

www.burmeseclassic.com



အသိပညာပိုင်းဆိုင်ရာ တွေးခေါ်ကြံဆမှုဖြင့် ရရှိသည့်အရာ မဟုတ်ပေ။ 'သမဏ ဂေါတမသည် စူးစမ်းဆင်ခြင်ထားသော၊မိမိ အသိပညာဖြင့် သိရှိထားသော၊ စဉ်းစားတွေးခေါ်ခြင်းအားဖြင့် နားလည်ထားသော တရားဓမ္မကို ညွှန်ကြားဟောပြသည်'[၃] ဟု ဆိုခြင်းမှာ သုနက္ခတ္တလိစ္ဆဝီ ကဲ့သို့သော ပုဂ္ဂိုလ်များက ဗုဒ္ဓ အပေါ်တွင် စွပ်စွဲကဲ့ရဲ့သည့် လွဲမှားသော ထင်မြင်ချက်များသာ ဖြစ်ပေ၏။စင်စစ်မှာကား ဗုဒ္ဓသည် မြတ်သောအသိကို သိမြင်မှု၏ အမြင့်ဆုံးသောအဆင့်နှင့် ပြည့်စုံသူ ဖြစ်သည်။ လူ့သဘောတရားထက် လွန်သောသဘောတရား (ဥတ္တရိ မနုဿဓမ္မ)နှင့် ပြည့်စုံသူ ဖြစ်သည်။အာသဝေါတရား (စိတ်အညစ်အကြေး)များ ချုပ်ငြိမ်းသွားခြင်းကြောင့် စိတ်၏ လွတ်ငြိမ်းမှုကို မိမိ၏ဘဝ၌ မျက်မှောက်ပြုသူ ဖြစ်သည်။ ယင်းအခြေအနေနှင့် ပတ်သက်သည့် တရားဒေသနာသည် နိဗ္ဗာန်၏ အဖြစ်ဖြင့် ဗုဒ္ဓ၏ နှုတ်တော်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

အမှန်စင်စစ်အားဖြင့် နိဗ္ဗာန်သည် ငါစွဲ သက္ကာယစွဲကို စွန့်လွှတ်လိုက်သော ပုဂ္ဂိုလ်၏ ရွှင်လန်းချမ်းမြေ့နေသော အခြေအနေ၏ အမည်နာမ ဖြစ်လေသည်။ ဗြဟ္မစရိယအကျင့်၏ နောက်ဆုံးပိတ် ရည်မှန်းချက် ဖြစ်လေသည်။ယင်းရည်မှန်းချက်ကို ရရှိသည့် ရဟန်းတစ်ပါးကို တွေ့မြင်ရသည် ဖြစ်၍ ဗုဒ္ဓသည် ဤသို့ အားတက်သရော ဟောကြားတော်မူ၏။ 'အထက်အောက် ဘက်အားလုံးမှ လွတ်ငြိမ်း သွားလေပြီ။ဤကား ငါဖြစ်၏ဟု မှားသောအမြင် မှားသောအသိ မရှိတော့။ယင်းသို့ လွတ်မြောက်ငြိမ်းချမ်းသွားပြီးလျှင် ယခင်က မကူးမြောက်ခဲ့ဘူးသည့် ဘဝပင်လယ်ကို ကူးမြောက်ကျော်လွန် သွားလေပြီ။ထိုရဟန်းသည် ထိုဘဝပင်လယ်ထဲတွင် တစ်ဖန်ပြန်မကျရောက်တော့ပေ'[၄]

---

၃။ မဟာသီဟနာဒသုတ် (မဇ္ဈိမနိကာယ်)
၄။ ဥဒါန်း



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက် ငြိမ်းချမ်းသွားသည့် အခြား ပုဂ္ဂိုလ်တစ်ဦးကို တွေ့မြင်ရသည်ဖြစ်၍ ဗုဒ္ဓက ဤသို့ ဥဒါန်း ကျူးရင့်တော်မူပြန်၏။'အပြစ်ကင်းသော၊ စင်ကြယ်သော၊ဖြူစင်သော၊ နေရာထိုင်ခင်း ရှိသော၊တစ်ခုတည်းသော၊ အကန့်ရှိသော ယာဉ်ရထား လာနေပြီ။ယင်း အပြစ်ကင်းသူ လာနေသည်ကို ရှုလော့။သူ့အလျဉ်သည် ပြတ်တောက်သွားပြီ။အနှောင်အဖွဲ့က လွတ်မြောက်သွားပြီ'[၅]

နိဗ္ဗာန်သည် ဒုက္ခမှ လွတ်ငြိမ်းခြင်း အခြေအနေ ဖြစ်သည်။ တိကျသည့် အနက်အဓိပ္ပာယ်အရ ပြောရလျှင် အမြင့်မြတ်ဆုံးသော ရွှင်လန်းချမ်းမြေ့မှု၏ အခြေအနေ ဟူ၍လည်း ဆိုနိုင်သည်။[၆]နိဗ္ဗာန်သည် တရားဓမ္မကို ကောင်းစွာ သိမြင်ခြင်းအားဖြင့် ဖြစ်ပေါ်လာသည့်လူနှင့် မပတ်သက်သော ပျော်ရွှင်မှု ဖြစ်သည်။အာရုံ ခံစားမှုကင်းသော စိတ်၏ ရွှင်လန်းမှု ဖြစ်သည်။ အစာ စားသောက်မှု ကင်းသော၊အထောက်အပံ့ အမှီအခို မရှိသော၊ဣန္ဒြေတို့မှ လွန်မြောက်သော ရွှင်လန်းချမ်းမြေ့မှုမျိုး ဖြစ်သည်။[၇]နိဗ္ဗာန်အတွက် အသုံးပြုသော ရွှင်လန်းချမ်းမြေ့မှု သို့မဟုတ် သုခသည် လူတို့ သိနေကြသည့် ရွှင်လန်းချမ်းမြေ့မှု သို့မဟုတ် သုခနှင့် မတူပေ။ တစ်ခါတုန်းက ရှင်သာရိပုတ္တရာက 'နိဗ္ဗာန်သည် သုခဖြစ်၏။နိဗ္ဗာန်သည် သုခ ဖြစ်၏' ဟု ဆို၏။ ထိုအခါ ဥဒါယီက 'သာရိပုတ္တရာ၊ ခံစားမှုဝေဒနာ မရှိလျှင် ဘယ်လိုသုခ ဖြစ်နိုင်မည်နည်း' ဟု မေး၏။သာရိပုတ္တရာ၏ အဖြေမှာ အဘိဓမ္မာ သဘော တရား ဆန်လှပေသည်။ရိုးရိုးအမြင်ဖြင့် ကြည့်လျှင် သဘောပေါက်ဖို့ ခဲယဉ်းလှပေသည်။သာရိပုတ္တရာက 'ခံစားမှုဝေဒနာ မရှိခြင်းသည်ပင်လျှင် သုခဖြစ်၏' ဟု ဖြေကြားလိုက်လေသည်။[၈]

၅။ ဥဒါန်း(စူဠဝဂ်)
၆။ နိဗ္ဗာနံ ပရမံ သုခံ၊ မာဂဏ္ဍိယသုတ်(မဇ္ဈိမနိကာယ်) ဓမ္မပဒ၊ နိဗ္ဗာနသုခါ ပရံနတ္ထိ၊ ထေရီဂါထာ။
၇။ အမာနုသီ ရတိ ဟောတိ သမ္မာ ဓမ္မံ ဝိပဿတော။ ဓမ္မပဒ၊ဝိသုဒ္ဓိမဂ်။
၈။ **Wolpola Rahula, What the Buddha Taught**



www.burmeseclassic.com

www.burmeseclassic.com



ယင်း ရွှင်လန်းချမ်းမြေ့မှု သုခကို ခံစားရင်း ဗုဒ္ဓသည် မလှုပ်မရှားဘဲ မစား မသောက်ဘဲ ရက်သတ္တပေါင်း များစွာအထိ တစ်မျိုးတည်းသော ဣရိယာပုတ်ဖြင့် သမာဓိဝင်စား၍ ထိုင်နေတော်မူသည်။[၉]ယင်းချမ်းမြေ့မှုသည် ဗုဒ္ဓအနေဖြင့် မိမိကိုယ်ကို ဗိမုတ္တိသာရထက်ပင် ချမ်းမြေ့မှု ရှိသည်ဟု ထင်မှတ် ယူဆရသော ချမ်းမြေ့မှုမျိုး ဖြစ်သည်။[၁၀]ဗုဒ္ဓ၏ တပည့်သာဝကများထဲတွင်လည်း အများအပြားသည် ယင်းချမ်းမြေ့မှုမျိုးကို မြည်းကြည့်ဖူးကြလေသည်။'သြော် ချမ်းသာလေစွ။ သြော် ချမ်းသာလေစွ' ဟု ထုတ်ဖော်ပြောဆိုသော ဘဒ္ဒိယမထေရ်သည် ယင်း အခြေအနေမျိုးကို မျက်မှောက်ပြုခဲ့ဖူးလေသည်။[၁၁]'သြော် ငါသည် ဘယ်လောက် ချမ်းမြေ့ ရွှင်လန်းစွာဖြင့် ဘာဝနာ ပွားများနေသနည်း'[၁၂]ဟု မြွက်ဆိုသော ဘိက္ခုနီမသည်လည်း ယင်းအမြိုက် အရသာကို ရရှိသည်မှာ သံသယဖြစ်စဖွယ် မရှိပေ။'သိပြီ သိပြီ' ဟု ဥဒါန်း ကျူးရင့်သော ကောဏ္ဍညသည် ယင်း အမြင့်မြတ်ဆုံးသော ချမ်းမြေ့မှု သုခကို ခံစားရလေသည်။[၁၃]နိဗ္ဗာန်နှင့် ပတ်သက်သည့် အလွန်တရာ တက်ကြွဖွယ်ဖြစ်သော ဥဒါန်းစကားများကို ကျူးရင့်သူများမှာမူ ဗုဒ္ဓ၏ သမီးတော်များဖြစ်သည့် ဘိက္ခုနီများ ဖြစ်ကြလေ၏။

'ထေရီဂါထာ'၌ ဘိက္ခုနီ ခုနစ်ဦးတို့သည် နိဗ္ဗာန်ရရှိကြောင်း ကြေညာလျက် အသီးသီး ဥဒါန်းကျူးရင့်ကြလေသည်။'ကျွန်ုပ်သည် နိဗ္ဗာန်ကို ရရှိပြီး အလွန်တရာ ငြိမ်းချမ်းမှု ရှိနေပြီ။ငြိမ်းချမ်းနေပြီဖြစ်၍ ကျွန်ုပ်သည် အေးမြနေပေပြီ(သီတိဘူတမှိ နိဗ္ဗုတာ)'[၁၄]ယင်းဘိက္ခုနီတို့အတွက် မြင့်မြတ်သော ငြိမ်းချမ်းမှုသည် နိဗ္ဗာန် ဖြစ်လေသည်။အခြားသော ဘိက္ခုနီနှစ်ဦးတို့သည်လည်း 'ဥပသန္တမှိ နိဗ္ဗုတာ'[၁၅]ဟူ၍ အသီးသီး ထုတ်ဖော်ပြောပြ ကြလေသည်။ကျွန်ုပ်သည် နိဗ္ဗာန်ကို ရရှိသည်ဖြစ်၍ ငြိမ်းချမ်းသွား

၉။ ဥဒါန်း(ဗောဓိဝဂ်) ၁၀။ စူဠဒုက္ခက္ခန္ဓသုတ်(မဇ္ဈိမနိကာယ်) ၁၁။ ဝိနယပိဋကတ်(စူဠဝါ)
၁၂။ ထေရီဂါထာ ၁၃။ ဓမ္မစက္က ပဝတ္တနသုတ်(သံယုတ္တနိကာယ်)
၁၄။ ထေရီဂါထာ ၁၅။ ထေရီဂါထာ



www.burmeseclassic.com

www.burmeseclassic.com



လေပြီ ဟူ၍ အဓိပ္ပာယ်ရလေသည်။ဤတွင်လည်း နိဗ္ဗာန်ကို ရရှိခြင်းတည်းဟူသော မြင့်မြတ်သော ငြိမ်းချမ်းမှု ရရှိခြင်းကို ထုတ်ဖော်ကြေညာ ထားလေသည်။ဘိက္ခုနီ ဝဒ္ဓမာတာသည် နိဗ္ဗာန်ချမ်းသာကို ခံစားလျက် 'အဖုသိ သန္တိမုတ္တမံ'[၁၆]ဟု ထုတ်ဖော် ပြောဆိုလေသည်။ကျွန်ုပ်သည် မြင့်မြတ်သော ငြိမ်းချမ်းမှုကို ရရှိခံစားရပြီဟု ဆိုလိုပေသည်။ထိုနည်းအတိုင်း သုတ္တနိပါတ် မေတ္တသုတ်၌ နိဗ္ဗာန်အတွက် ငြိမ်းချမ်းသောနေရာ (သန္တံ ပဒံ)ဟူသော စကားလုံးကို အသုံးပြုထားလေသည်။[၁၇]

ပင်လယ်သမုဒ္ဒရာ၌ တစ်ခုတည်းသော ဆားအရသာ ရှိသကဲ့သို့ မိမိ ဟောကြားသည့် ဓမ္မဝိနယ၌လည်း တစ်ခုတည်းသော အရသာ ရှိသည်။ ထိုအရသာမှာ လွတ်ငြိမ်းမှုအရသာ (ဝိမုတ္တိရသ)သာ ဖြစ်၏ဟု ဗုဒ္ဓက ဟောကြားထားသည်။[၁၈] ဤ၌ လွတ်ငြိမ်းမှု (ဝိမုတ္တိ)၏ အနက်အဓိပ္ပာယ်မှာ စိတ်၏ လွတ်ငြိမ်းမှုကို ဆိုလိုသည်။စိတ်၏ လွတ်ငြိမ်းမှု (စေတော ဝိမုတ္တိ)ကို ဗုဒ္ဓက ဗြဟ္မစရိယ၏ နောက်ဆုံးပိတ် ရည်မှန်းချက်ဟု ထင်မှတ် ယူဆတော်မူသည်။[၁၉] ဘဝ စင်ကြယ်မှု၊ အမြင် စင်ကြယ်မှု၊မဂ္ဂင်ရှစ်ပါး၊ သတိပဋ္ဌာန်လေးပါး စသည်ကို အလေ့အကျင့် ပြုခြင်းသည် စိတ်၏ ယိမ်းယိုင်ခြင်း မရှိသည့် လွတ်မြောက်မှုအတွက်သာလျှင် ဖြစ်လေသည်။[၂၀] ယောဂီရဟန်းသည် အသုဘဘာဝနာ ပွားများခြင်းကြောင့် ရာဂ ငြိမ်းသွားသည်ဖြစ်၍ ငါ၏စိတ်သည် လွတ်ငြိမ်းသွားပြီ(တတော စိတ္တံ ဝိမုစ္စိမေ)[၂၁]ဟု ဆိုသော အခါ ထိုရဟန်းသည် ဘဝ၏ နောက်ဆုံးပိတ် ရည်မှန်းချက် ပန်းတိုင်ကို ရောက်ရှိသွားပြီး နိဗ္ဗာန်အရသာကို သုံးဆောင်ခံစားခြင်းပင် ဖြစ်လေ၏ ။ထို့ကြောင့် လွတ်ငြိမ်းမှုနှင့် နိဗ္ဗာန်သည် တစ်ခုတည်းပင် ဖြစ်လေ၏။'ရာဂ လွတ်ငြိမ်းမှု၏ အဓိပ္ပာယ်မှာ နိဗ္ဗာန်ပင် ဖြစ်၏'[၂၂]ဟူ၍ ဗုဒ္ဓကိုယ်တော်တိုင်က

၁၆။ ထေရီဂါထာ ၁၇။ ကရဏီယ မတ္တကသုတ်လေန ယံသန္တံ ပဒံ
၁၈။ ဝိနယပိဋကတ် (စူဠဝါ) ၁၉။ မဟာ သာရောပမသုတ် (မဇ္ဈိမနိကာယ်)
၂၀။ ရထ ဝိနီတသုတ်(မဇ္ဈိမနိကာယ်) ၂၁။ ထေရီဂါထာ ၂၂။ သံယုတ္တနိကာယ်



www.burmeseclassic.com

www.burmeseclassic.com



ဟောပြထားလေသည်။ ယင်း ဟောပြောချက်ကို ထောက်ခံသည့်အနေဖြင့် ဘိက္ခုနီတစ်ဦးသည် သူ၏ အတွေ့အကြုံကို ထုတ်ဖော် ပြောပြထားသည်။ ပဋာစာရီဘိက္ခုနီသည် 'ဆီမီးငြိမ်းသွားသကဲ့သို့ ငါ၏စိတ်လည်း လွတ်ငြိမ်းသွားပြီ' (ပဒီပဿေဝ နိဗ္ဗာနံ ဝိမောက္ခော အဟုစေတသော)[၂၃]ဟု ဆိုထားလေသည်။ထို့ကြောင့် နိဗ္ဗာန်နှင့် လွတ်ငြိမ်းမှုတို့သည် အတူတူပင် ဖြစ်လေ၏။

ဗုဒ္ဓသည် ဇာတိ၊ဇရာ၊မရဏ၊ ဒုက္ခ၊ သောကမှ လွတ်ငြိမ်းမှုကို ရှာမှီးသူဖြစ်သည်။ယင်းလွတ်ငြိမ်းမှုကို ဗုဒ္ဓသည် နိဗ္ဗာန် အဖြစ်ဖြင့် တွေ့မြင်တော်မူသည်။ နိဗ္ဗာန်သည် စိတ်ပိုင်းဆိုင်ရာ ဒုက္ခမှ လွတ်ငြိမ်းမှု၏ အခြေအနေဖြစ်လေသည်။ ယင်းသည် မရဏအပေါ်၌ ဗုဒ္ဓ၏ အနိုင်ရရှိချက် ဖြစ်လေသည်။ ပိဋကတ်သုံးပုံ၌ နိဗ္ဗာန်ကို မသေသော အဆင့်၊မသေသော နေရာ (အမတ ပဒ)ဟူ၍ အကြိမ်များစွာ ခေါ်ဝေါ်ပြောဆိုခြင်းမှာ အဓိပ္ပာယ် ရှိလှပေသည်။'ငါသည် အမြိုက်ကို ရရှိပြီ'[၂၄] ဟူသော စကားလုံးများဖြင့် ဗုဒ္ဓသည် သစ္စာတရားကို တွေ့ရှိသိမြင်သည့် အကြောင်းကို ပထမဆုံးအကြိမ် ကမ္ဘာလောကအား ထုတ်ဖော် ကြေညာခဲ့လေသည်။ ဓမ္မသေနာပတိ သာရိပုတ္တရာသည်လည်း သူ၏မိတ်ဆွေ မဟာမောဂ္ဂလာန်အား သစ္စာတရား တွေ့မြင်သိရှိသည့်အကြောင်းကို ယင်းစကားလုံးများဖြင့်ပင် အသိပေးခဲ့လေသည်။[၂၅] ဗုဒ္ဓသည် မသေရာ သို့မဟုတ် အမြိုက်သို့ ပို့ဆောင်သည့် လမ်းကြောင်းအဖြစ်ဖြင့်သာလျှင် မဇ္ဈိမပဋိပဒါ လမ်းစဉ်ကို ညွှန်ကြား ဟောပြခြင်း ဖြစ်လေသည်။[၂၆] ယင်းအချက်နှင့် စပ်လျဉ်း၍ 'ရဟန်းတို့၊ သတိပြုကြလော့။ ငါသည် အမြိုက်ကို ရရှိပြီ။သင်တို့အား ထိုအမြိုက်အကြောင်းကို ငါ ဟောကြားမည်' ဟူ၍ လည်းကောင်း၊ 'ငါသည် အမြိုက်စည်ကြီးကို တီးမည်' ဟူ၍ လည်းကောင်း[၂၇] ဗုဒ္ဓ၏ ဟောပြ ပြောဆိုထားချက်များ ရှိလေသည်။သမ္မာ

၂၃။ ထေရီဂါထာ ၂၄။ ဝိနယ ပိဋကတ်(မဟာဝါ)
၂၅။ ဝိနယ ပိဋကတ် (မဟာဝါ) ၂၆။ သံယုတ္တနိကာယ်
၂၇။ အရိယ ပရိယေသနသုတ်(မဇ္ဈိမနိကာယ်)၊ ဗာဟု ဓာတုကသုတ်(မဇ္ဈိမနိကာယ်)



www.burmeseclassic.com

www.burmeseclassic.com



သမ္ဗောဓိဉာဏ်ကို ရရှိပြီးနောက် ဗုဒ္ဓ၏ ပထမဦးဆုံး ကျူးရင့်သော ဥဒါန်းစကားမှာ 'အမြိုက်တံခါး ပွင့်သွားလေပြီ'[၂၈]ဟူ၍ ဖြစ်လေသည်။အမှန်စင်စစ်အားဖြင့် ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏ သာသနာသည် အမြိုက်၏ တံခါးဝပင် ဖြစ်လေသည်။

ယင်း မသေရာ သို့မဟုတ် အမြိုက်(အမတ)သည် မည်သည့်အရာဖြစ်သနည်း။ဗုဒ္ဓသာသနာ၏ စကားလုံးဖြင့် ပြောရလျှင် ရာဂ၊ဒေါသ၊မောဟတို့၏ ချုပ်ငြိမ်းခြင်းကို အမြိုက်ဟု ခေါ်လေသည်။[၂၉] ယင်းအမြိုက်ကို ရရှိသူအား ဗုဒ္ဓက ဗြာဟ္မဏ ဟူ၍ ခေါ်ဆိုလေသည်။'တဏှာကင်းသူ၊ သံသယကင်းသူ၊ အမြိုက်ကို ရရှိသူအား ဗြာဟ္မဏဟု ငါခေါ်သည်'[၃၀]ဟု ဗုဒ္ဓ ဟောပြထားလေသည်။ သတိပဋ္ဌာန် လေးပါးကို ပွားများအားထုတ်ခြင်းအားဖြင့် ယင်း အမြိုက်ကို ရရှိနိုင်သည်ဟု သံယုတ္တ နိကာယ်၌ ဗုဒ္ဓ ဟောပြထားလေသည်။ တဖုဿမည်သော တကာသည် (ဘလ္လိကနှင့်အတူ ဗုဒ္ဓ၏ ပထမဆုံးသော ဥပါသကာဖြစ်သူ) ဗုဒ္ဓ၊ဓမ္မ၊သံဃ၊ မြတ်သောသီလ၊ မြတ်သောဉာဏ်၊ မြတ်သော လွတ်ငြိမ်းမှုတို့၌ ယိမ်းယိုင်ခြင်း မရှိသော ယုံကြည်မှုရှိသောကြောင့် အမြိုက်ကို တွေ့မြင်သိရှိ၏[၃၁] ဟူ၍လည်း ဗုဒ္ဓက ဟောပြထားလေသည်။ အခြား တစ်နေရာ၌လည်း အသုဘ ဘာဝနာပွားခြင်း၊ မရဏာသဘောကို ရှုခြင်း၊တပ်မက်မှုကို စွန့်လွှတ်ခြင်း၊ ရာဂ ကင်းခြင်း၊ အနိစ္စ၊ဒုက္ခ၊အနတ္တ ယင်းတရား ခုနစ်ပါးအား သိမြင်ခြင်းကို အမြိုက်သို့ ပို့ဆောင်သည့်လမ်း ဟူ၍လည်း [၃၂] ဗုဒ္ဓ ဟောပြထားလေသည်။နိဗ္ဗာန်ကို နှစ်လိုဖွယ်ကောင်းသည့် နေရာအဖြစ်ဖြင့်လည်း ဗုဒ္ဓသည် ဥပမာ ပေးထားလေသည်။ထိုနေရာသို့ သွားရာလမ်းကို တထာဂတတို့ သိတော်မူကြသည်။

---

၂၈။ ဝိနိယ ပိဋကတ်(မဟာဝါ)အရိယ မရိယေသနသုတ်(မဇ္ဈိမနိကာယ်)

၂၉။ သံယုတ္တနိကာယ် ၃၀။ ဓမ္မပဒ ၃၁။ သံယုတ္တနိကာယ် ၃၂။ အင်္ဂုတ္တရ နိကာယ်



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာသို့ တိုက်ရိုက် သွားသောလမ်းမှာ အရိယ အဋ္ဌင်္ဂိက (မြတ်သော အင်္ဂါရှစ်ပါးရှိသော)လမ်း ဖြစ်လေသည်။[၃၃] မဂ္ဂင်ရှစ်ပါး ဖြစ်လေသည်။

နိဗ္ဗာန်ကို ဤသို့လည်း ဥပမာ ပေးကြသေး၏။[၃၄] နိဗ္ဗာန်သည် ဟိမဝန္တာတော အနောတတ် ရေအိုင်ကြီးနှင့်လည်း တူ၏။အဟုန်ပြင်းထန်စွာ စီးဆင်း၍ လာသော တောင်ကျချောင်း ယမားပြင်ကျယ်ကြီး၏ ဘေးရန်ကင်းသော ဟိုမှာဖက်ကမ်းနှင့်လည်း တူ၏။တာဝတိံသာ သိကြား နတ် အပေါင်းတို့၏နေရာ အယုဇ္ဈာဘုမိ အမည်ရှိသည့် သုဒဿနမြို့နှင့်လည်း တူ၏။

ဟိမဝန္တာ အနောတတ် ရေအိုင်သည် ဘေးပတ်လည်၌ သုဒဿန၊ ဂန္ဓမာဒန စသော တောင်ငါးလုံးတို့ ခြံရံနေသည်ဖြစ်၍ လေပြင်း မုန်တိုင်း နေပူတံလျှပ် ကင်း၏။ လှိုင်းဝဲဂယက် မရှိ။ အေးချမ်း ငြိမ်သက်နေ၏။ အရပ်ရှစ်မျက်နှာတို့မှ တောက်လောင်လာသော တောမီးတို့သည် အနော တတ်သို့ ရောက်ပါက အကြွင်းမဲ့ ချုပ်ငြိမ်းသွားကြ၏။ထိုနည်းတူစွာ နိဗ္ဗာန် သည် ဥပါဒ်၊ဌီ၊ ဘင် ကင်း၏။ဖြစ်ခြင်း၊ ရင့်ခြင်း၊ပျက်ခြင်း တည်းဟူသော လှိုင်းဝဲဂယက် မရှိ။ ငြိမ်သက်၏။ အေးချမ်း၏။အရပ်မျက်နှာ အားလုံးမှ တောက်လောင်လာသော ရာဂမီး၊ ဒေါသမီး၊ မောဟမီး၊ဇာတိမီး၊ ဇရာမီး၊ မရဏမီး၊ သောကမီး အစရှိကုန်သော မီးတစ်ဆယ့်တစ်ပါးတို့သည် နိဗ္ဗာန် သို့ ရောက်ကြသော် အကြွင်းမဲ့ ချုပ်ငြိမ်းပျောက်ကွယ် သွားကြလေ၏။

ရန်သူတို့ လိုက်ကြသဖြင့် ပြေးသော ပုဂ္ဂိုလ်တစ်ဦးသည် တောင် ကျချောင်း ယမားပြင်ကျယ်ကြီး အတွင်းသို့ ဆင်းလျက် ဘေးရန်ကင်းသော တစ်ဖက်ကမ်းသို့ ကူးပြေးလေ၏။ရန်သူကလည်း ကူးဆင်း၍ လိုက်၏။ ရေဟုန် လှိုင်းဟုန်ကလည်း ဖိ၊အမှိုက်သရိုက် ဆူးခက်တွေကလည်း ငြိ၊ သဲညွန် ဝဲဂယက်တွေကလည်း ကျွံ၊ဆင်းရဲပင်ပန်းကြီးစွာ အားထုတ်လျက်၊ ရေဟုန် ဝဲသြဃကို ရင်ဘတ်ဖြင့် ခွဲလျက် လက်ဖြင့် ယက်ကူး ပြေးလေသော်

၃၃။ သံယုတ္တ နိကာယ် ၃၄။ သေကျကျောင်းဆရာတော်ပဏ္ဍိတ ဝေနိယဒီပနီ

www.burmeseclassic.com



တစ်ဖက်ကမ်းသို့ ဆိုက်ရောက်သွားလျက် ရန်သူ့ဘေးက ကင်းဝေးပြီး ချမ်းသာသွားလေ၏။ကူးဆင်း၍ လိုက်ကြသော ရန်သူတို့လည်း တစ်ဖက်ကမ်း ကမ်းခြေသို့ ထိုလျှင် ထိချင်း သေဆုံး ပျောက်ကွယ် သွားကြ၏။ သတ်ရန်လိုက်သည့် ရန်သူတို့ကား ရူပက္ခန္ဓာ အစရှိသော ဥပါဒါနက္ခန္ဓာ ငါးပါး ဖြစ်၏။ တောင်ကျချောင်း ယမားပြင်ကျယ် ဟူသည်ကား စက္ခာယတန စသော အာယတန ခြောက်ပါး ဖြစ်၏။ရေဟုန် လှိုင်းဟုန်ကား ကာမောဃ အစရှိသော ဩဃလေးပါး ဖြစ်၏။အမှိုက်သရိုက် ဆူးခက်တို့ကား ကာမစ္ဆန္ဒ အစရှိသော နီဝရဏငါးပါး ဖြစ်၏။ သဲ ညွှန် ဝဲဂယက်ကား တဏှာ၊မာန၊ ဒိဋ္ဌိ တည်းဟူသော ပပဉ္စတရား ဖြစ်၏။ ဆင်းရဲပင်ပန်းစွာ အားထုတ်၍ ရေဟုန် ဩဃကို ရင်ဘတ်ဖြင့် ဖြတ်ခွဲခြင်းမှာ မဂ္ဂင်ရှစ်ပါးကို ဆိုလိုသည်။ လက်ဖြင့် ယက်၍ ကူးခြင်းမှာ ဝီရိယကို ဆိုလိုသည်။ ဘေးရန်ကင်းသော တစ်ဖက်ကမ်းကား နိဗ္ဗာန် ဖြစ်၏။ တစ်ဖက်ကမ်းသို့ ရောက်၍ ဘေးရန် ကင်းငြိမ်းသွားသော သူကား ရဟန္တာ ဖြစ်၏။

အသူရာနှင့် နတ်သိကြားတို့ စစ်တိုက်ကြသောအခါ တာဝတိံသာ နတ်သိကြားတို့သည် စစ်ရေးနိမ့်၍ ပြန်လည် ဆုတ်ပြေးကြလေ၏။အသူရာ နတ်တို့ကလည်း အတင်းဖိ၍ တိုက်ကြလေ၏။ တာဝတိံသာ နတ်တို့သည် ကြောက်အားလန့်အားနှင့် ပြေးကြလေသောအခါ မိမိတို့၏နေရာ တာဝတိံသာ သုဒဿနမြို့သို့ ပြန်ရောက်သွားကြ၏။ထိုအခါ မြို့တွင်းသို့ဝင်၍ မြို့တံခါးတစ်ထောင် အလုံပိတ်ပြီး စိတ်ချလက်ချ နေကြလေကုန်၏။ အသူရာ နတ်တို့လည်း သုဒဿန မြို့ရိုးသို့ ရောက်သောအခါ ခုန်ကျော် ဖောက်ဝင်ခြင်းငှာ မစွမ်းနိုင်ကြကုန်။ သို့ဖြစ်၍ မိမိတို့နေရာ အသူရာပြည်သို့ ပြန်ကြလေကုန်၏။ စစ်တိုက်၍ မအောင်နိုင်ရာ ဌာနကြီးဖြစ်သောကြောင့် သိကြားနတ်တို့နေရာ မဟာ သုဒဿန မြို့ကြီးသည် အယုဇ္ဈာဘူမိ ဟူသော အမည်နာမကို ရရှိလေသည်။ ထိုနည်းတူစွာ ဒေဝပုတ္တမာရ်၊ ကိလေသာမာရ်၊ ခန္ဓာ



www.burmeseclassic.com

www.burmeseclassic.com



မာရ်၊ မစ္စုမာရ်၊ အဘိသင်္ခါရမာရ် တည်းဟူသော မာရ်ငါးပါးနှင့်တူသည့် အသူရာတို့က လိုက် တိုက်သည်ဖြစ်၍ ကြောက်လန့်တကြား ပြေးသွားသော ယောဂီပုဂ္ဂိုလ်တို့ သည် နိဗ္ဗာန်မြို့တွင်းသို့ ရောက်သောအခါ တံခါး အလုံပိတ်ပြီး စိတ်ချလက်ချ နေကြလေကုန်သည်။ အသူရာနှင့်တူသည့် မာရ်ငါးပါးတို့သည် နိဗ္ဗာန် မြို့တွင်းသို့ ခုန်ကျော် ဖောက်ဝင်ခြင်းငှာ မစွမ်းနိုင်ကြကုန်။

ထိုပြင် နိဗ္ဗာန်သည် ပင်လယ်သမုဒ္ဒရာနှင့်လည်း အလားတူ၏။ ပင်လယ်သမုဒ္ဒရာသည် မြစ်ကြီးငါးသွယ် မြစ်ငယ်ငါးရာ လယ်ယာ ချောင်း မြောင်း ကောင်းကင် မိုးရေတို့ စီးဝင်သော်လည်း ပိုလျှံခြင်း မရှိ၊ မစီးဝင် သော်လည်း ဆုတ်ယုတ်လျော့ပါးခြင်း မရှိ။ထို့အတူ နိဗ္ဗာန်သည် ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာ အရှင်များ များစွာ ပရိနိဗ္ဗာန် စံကုန်ကြသော်လည်း ပိုလျှံခြင်း မရှိ။ တစ်ဦးတစ်ယောက်မျှ ပရိနိဗ္ဗာန်စံသူ မရှိငြားလည်း ဆုတ်ယုတ် လျော့ပါးခြင်း မရှိ။[၃၅]

အခြားတစ်နေရာတွင်လည်း ဗုဒ္ဓသည် နိဗ္ဗာန်ကို ဤသို့ ဥပမာ ပေးပြီး ဟောကြားထားသည်။ ကိုယ်ခန္ဓာသည် ဘုရင်တစ်ပါး၏ မြို့နှင့်တူ သည်။ ကိုယ်ခန္ဓာရှိ ဣန္ဒြေ သို့မဟုတ် အာယတန ခြောက်ပါးသည် မြို့တံခါး ခြောက်ပေါက်နှင့် တူသည်။ ထိုမြို့တံခါးမှူးမှာ သတိ ဖြစ်သည်။ ဘုရင်ကား စိတ် ဖြစ်သည်။ စိတ်တည်းဟူသော ဘုရင့်ထံသို့ သမထနှင့် ဝိပဿနာ တမန်တော် နှစ်ဦးသည် သစ္စာတရားတည်းဟူသော သဝဏ်လွှာကို ဆောင် ကြဉ်းလာကြသည်။ တမန်တော်များ အသွားအလာ ပြုလုပ်သည့် လမ်းမှာ အရိယအဋ္ဌင်္ဂိကလမ်း ဖြစ်သည်။ တမန်တော်များ ဆောင်ကြဉ်းလာသည့် သစ္စာ သဝဏ်လွှာမှာ နိဗ္ဗာန် ဖြစ်လေသည်။[၃၆] ယင်းဥပမာဖြင့် ဗုဒ္ဓသည် သူ၏ သဝဏ်လွှာသည် နိဗ္ဗာန်ဖြစ်ကြောင်းကို လည်းကောင်း၊ သူ၏လမ်းစဉ် သည် အရိယအဋ္ဌင်္ဂိက လမ်းစဉ်ဖြစ်ကြောင်းကို လည်းကောင်း ပြတော်မူ

၃၅။ အင်္ဂုတ္တရ နိကာယ် ၃၆။ သံယုတ္တ နိကာယ်



www.burmeseclassic.com

www.burmeseclassic.com



လေ၏။ နိဗ္ဗာန်တည်းဟူသော အမြိုက်နှင့် ယင်းကို ရရှိရာ ရရှိကြောင်း နည်းလမ်းဥပါယ်၌ ဗုဒ္ဓ၏ အဆုံးအမ၊ ဗုဒ္ဓ၏သာသနာတစ်ခုလုံး ပါဝင်လေ၏။ဗုဒ္ဓ အဆုံးအမ၊ ဗုဒ္ဓ သာသနာ၏ အကြီးမားဆုံးသော ထူးခြားချက်မှာ နိဗ္ဗာန်နှင့် နိဗ္ဗာန်ကို ရရှိကြောင်း နည်းဥပါယ်တည်းဟူသော အရိယအဋ္ဌင်္ဂိက လမ်းစဉ် သို့မဟုတ် မဂ္ဂင်ရှစ်ပါးတို့၏ ရောနှော ပေါင်းစပ်နေမှု ဖြစ်လေသည်။မဂ္ဂင် သို့မဟုတ် လမ်းစဉ်သည် နိဗ္ဗာန်အားလျော်စွာ ဖြစ်၏။ နိဗ္ဗာန်သည် မဂ္ဂင် သို့မဟုတ် လမ်းစဉ်အားလျော်စွာ ဖြစ်၏။ရရာ ရကြောင်းနည်းလမ်းနှင့် ရရှိမည့် ရည်မှန်းချက်သည် တစ်ခုတည်းပင် ဖြစ်လေသည်။ ဗုဒ္ဓတရားအား 'သွာက္ခာတ'ဟု ခေါ်ခြင်းမှာ ယင်းအဓိပ္ပာယ်ပင် ဖြစ်လေသည်။[၃၇] ဂင်္ဂါမြစ်ရေသည် ယမုန်နာမြစ်ရေနှင့် ပေါင်းဆုံ၏။ ပေါင်းဆုံပြီး တစ်ခုတည်း ဖြစ်သွား၏။ထိုနည်းတူစွာ နိဗ္ဗာန်ရောက်ကြောင်း လမ်းစဉ်သည် နိဗ္ဗာန်နှင့် ပေါင်းဆုံ၏။ပေါင်းဆုံပြီး တစ်ခုတည်း ဖြစ်သွား၏။ [၃၈]

နိဗ္ဗာန်သွားရာ လမ်းမကို ဤဘဝ၌ ရှင်းလင်းသင့်လေသည်။[၃၉] ယင်းသို့ ပြုလုပ်ရန်အတွက် ဗုဒ္ဓ၏ အဆုံးအမသည် ကျွန်ုပ်တို့အား စိတ်အားထက်သန်အောင် လှုံ့ဆော်ပေးလေသည်။ အာသဝေါတရား ကုန်ခန်းခြင်းအားဖြင့် မိမိ၏စိတ်ကို အပြည့်အဝ စင်ကြယ်အောင် မလုပ်သေးသမျှကာလပတ်လုံး စိတ်ချလက်ချ မနေပါလင့်။ ဤကား ကျွန်ုပ်တို့အတွက် မြတ်စွာဘုရား၏ အဆုံးအမ ဖြစ်လေသည်။[၄၀] ထို့ကြောင့် နိဗ္ဗာန်ရရှိရန် ကျင့်ကြံအားထုတ်ရေးအတွက် မေ့မေ့လျော့လျော့ မနေခြင်း တည်းဟူသော အပ္ပမာဒ တရားသည် အလွန်တရာ လိုအပ်လေ၏။ သို့ဖြစ်၍ 'အပ္ပမာဒ ရတော ဘိက္ခု နိဗ္ဗာနဿေဝ သန္တိကေ'[၄၁] ဟု မိန့်ဆိုခြင်း ဖြစ်လေသည်။ မေ့လျော့ပေါ့တန်ခြင်း မရှိသည့် ရဟန်းသည် နိဗ္ဗာန်၏ လက်တစ်ကမ်း၌

---

၃၇။ ဝိသုဒ္ဓိမဂ်    ၃၈။ မဟာဂေါဝိန္ဒသုတ်(ဒီဃနိကာယ်)    ၃၉။ ဓမ္မပဒ
၄၀။ ဓမ္မပဒ    ၄၁။ ဓမ္မပဒ



www.burmeseclassic.com

www.burmeseclassic.com



ရှိ၏' ဟု ဆိုလိုသည်။ အခြားတစ်နေရာ၌လည်း 'ဘာဝနာပွားများသော ပညာရှိသောသူသည် နိဗ္ဗာန်နှင့်နီး၏'[၄၂] ဟု ဆိုထားလေသည်။ ထို့နည်းတူစွာ တစ်နေရာတွင်လည်း 'ယောဂီရဟန်းသည် ခန္ဓာငါးပါး၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို ဆင်ခြင် သုံးသပ်သည့်အခါ ပညာရှိတို့၏ နှစ်သက်ခြင်းနှင့် ဝမ်းမြောက်ခြင်း တည်းဟူသော အမြိုက်နိဗ္ဗာန်ကို ရရှိ၏'[၄၃] ဟု ဆိုထားလေသည်။ဗုဒ္ဓသည် မသေရာ နေရာ(အမတ ပဒ)တည်းဟူသော အမြိုက်နိဗ္ဗာန်ကို ညွှန်ကြား ဟောပြ၏။ ယင်းအချက်၏ အကောင်းဆုံး သာဓကကို ဘိက္ခုနီ စာပါက ပြောပြထားသည်။ မိမိ၏ လင်ယောကျ်ား ဥပက ဗုဒ္ဓအား ဖူးတွေ့ရပုံ အကြောင်းကို စာပါက 'သူသည် ဘုရားရှင်ကို မသေရာ နေရာ အကြောင်း ဟောပြနေသည်ကို ဖူးတွေ့ခဲ့ရသည်'[၄၄] ဟု ထုတ်ဖော် ပြောပြထားသည်။ ကိသာဂေါတမီကလည်း နိဗ္ဗာန်ကို ရရှိသည့်အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး 'ကျွန်ုပ် အမြိုက်ကို ရရှိပြီ'(အမတမဘိဂစ္ဆိံ)[၄၅] ဟု ဥဒါန်းကျူးရင့်ထားသည်။ ထို့နည်းတူစွာ ဘိက္ခုနီ သုဇာတာကလည်း 'ကျွန်ုပ် အပြစ်ကင်းစင်သည့် တရားတည်းဟူသော မသေရာ နေရာကို ရရှိပြီ'[၄၆] ဟု ထုတ်ဖော် ပြောပြထားလေသည်။ခုဒ္ဒကပါဠ ရတန သုတ်တွင်လည်း နိဗ္ဗာန်အတွက် 'အမတပဒ' ဟူသော စကားလုံးကို အသုံးပြုလျက် ဤသို့ ဆိုထားသည်။'အကြင်သူတို့သည် တဏှာကင်းလျက် မြဲမြံသောစိတ်ဖြင့် ဂေါတမ၏ အဆုံးအမကို လိုက်နာ ကျင့်ကြံ ကြကုန်၏။ ထိုသူတို့သည် ရရှိမည့်အရာကို ရရှိပြီး မသေရာသို့ ရောက်လျက် လွတ်ငြိမ်းမှု အရသာကို လွယ်လင့်တကူ ခံစားကြရ၏။[၄၇] ထိုကြောင့် ပြဆိုခဲ့ပြီးသည့် သာဓကများအရ ဗုဒ္ဓ ညွှန်ကြားဟောပြသော နိဗ္ဗာန်သည် မသေရာ နေရာ (အမတပဒ)ဖြစ်၏ဟု ဆိုလျှင် ပိုမည် မဟုတ်တော့ပေ။

---

၄၂။ ဓမ္မပဒ ၄၃။ ဓမ္မပဒ ၄၄။ ထေရီဂါထာ ၄၅။ ထေရီဂါထာ
၄၆။ ထေရီဂါထာ ၄၇။ ယေ သုပ္ပယုတ္တာ မနသာ ဒဠှေန နိက္ခာမိနော ဂေါတမ သာသနမှိ၊ တေ ပတ္တိပတ္တာ အမတံ ဝိဂယှ လဒ္ဓါ မုဓာ နိဗ္ဗုတိံ ဘုဉ္ဇမာနာ။



www.burmeseclassic.com

www.burmeseclassic.com



အထက်ပါ ဟောပြောချက်များအရ နိဗ္ဗာန်သည် အမြင့်မြတ်ဆုံးသော ချမ်းမြေ့မှု၊အမြင့်မြတ်ဆုံးသော ငြိမ်းချမ်းမှု၊စိတ်၏ လွတ်ငြိမ်းမှု၊မသေရာ နေရာဖြစ်ကြောင်းမှာ သိသာထင်ရှား လှပေသည်။ယင်းနိဗ္ဗာန်ကို ရရှိရန်အတွက် ဗုဒ္ဓက လမ်းစဉ်ကို ဟောပြထားသည်။ရာဂ၊ဒေါသ၊မောဟတို့၏ ချုပ်ငြိမ်း ကုန်ခန်းခြင်းကို အမြိုက်ဟု ခေါ်လေသည်။ယင်းသုံးမျိုးသည် အကုသိုလ်၏ မူလတရားများ ဖြစ်ကြသည်။ကမ္ဘာလောက၌ ရှိရှိသရွေ့ အဆိုးများ၏ အမြစ်အရင်းမှာ ရာဂ၊ဒေါသ၊ မောဟ ဖြစ်၏ဟု ဗုဒ္ဓက အယူရှိတော်မူသည်။ရာဂ၊ဒေါသ၊မောဟ ရှိသောသူသည် ဘယ်တော့မှ ရွှင်လန်းချမ်းမြေ့စွာ မနေနိုင်ပေ။ ဘယ်တော့မှ ငြိမ်းချမ်းစွာ မနေနိုင်ပေ။ယင်း တရားများမှ လွတ်ငြိမ်းခြင်းသည် အမြိုက်ဖြစ်သည်။ နိဗ္ဗာန်ဖြစ်သည်။ ရရှိရာရရှိကြောင်း နည်းလမ်းသည်ပင် ရရှိမည့် ရည်မှန်းချက် ဖြစ်လေသည်။ သို့ဖြစ်၍ 'ငါ့ရှင်တို့ ရာဂ၏ ကုန်ခန်းခြင်း၊ဒေါသ၏ ကုန်ခန်းခြင်း၊ မောဟ၏ ကုန်ခန်းခြင်းကို နိဗ္ဗာန်ဟု ခေါ်သည်'[၄၈]ဟု မိမိ၏အဖော်ရဟန်းများအား ပြောပြသော သာရိပုတ္တရာ၏ ဟောပြောချက်ကို နိဗ္ဗာန်၏ အကောင်းဆုံးသော အဓိပ္ပာယ်ဖွင့်ဟု ခေါ်ဆိုနိုင်ပေသည်။ အကြောင်းမူကား ယင်းဟောပြောချက်၌ ဘဝနှင့် နိဗ္ဗာန်၏ အကောင်းဆုံးသော ပေါင်းစပ်မှု ရောနှောမှု ရှိနေသောကြောင့် ဖြစ်လေ၏။ ဗုဒ္ဓက မူ'ရာဂ၊ဒေါသ၊ မောဟ ကုန်ခန်းလျှင် နိဗ္ဗာန်ကို ရရှိနိုင်သည်' [၄၉]ဟူ၍လည်းကောင်း၊'ရာဂ၊ဒေါသ၊ မောဟကို ပယ်ဖြတ်ပြီးသည့်နောက် နိဗ္ဗာန်ကို ရောက်လိမ့်မည်'[၅၀]ဟူ၍ လည်းကောင်း ဤမျှသာ ဟောကြားတော်မူ၏။ ဓမ္မသေနာပတိ သာရိပုတ္တရာကား 'ရာဂ၊ဒေါသ၊မောဟ ကုန်ခန်းခြင်း ကိုယ်တိုင်သည်ပင် နိဗ္ဗာန်ဖြစ်၏'ဟု ဟောကြားတော်မူလေသည်။သို့ဖြစ်၍ တဏှာ ကုန်ခန်းခြင်းကိုလည်း နိဗ္ဗာန်ဟု ခေါ်ဆိုနိုင်ပေသည်။ [၅၁]

၄၈။ သံယုတ္တနိကာယ်　၄၉။ ဥဒါန်း　၅၀။ ဓမ္မပဒ　၅၁။ သုတ္တနိပါတ်(ပါရာယနဝဂ်)



www.burmeseclassic.com

www.burmeseclassic.com



တဏှာကုန်ခန်းခြင်းကြောင့် ဘဝ ရပ်တန့်သွားသည်။ဘဝ ရပ်တန့်သွားခြင်းသည်ပင် နိဗ္ဗာန်ဖြစ်၏ဟု ဗုဒ္ဓ ကိုယ်တော်တိုင် ဟောကြားထားသည်။ဥဒါန်း ၌ 'လမ်းပြတ်သွားပြီ။တောင့်တချက်များ ပျောက်ကွယ်သွားပြီ။ ခြောက်ခန်းသောရေသည် မစီးဆင်းတော့ပေ။နွယ်ပြတ်သွားပြီ ဖြစ်ရကား နောက်ထပ် မပွားတော့ပေ။ဤကား ဒုက္ခ၏ အပြီးသတ်ပင် ဖြစ်သည်'ဟူ၍လည်း ဟောကြားထားလေသည်။

နိဗ္ဗာန်ရရှိပြီး ပုဂ္ဂိုလ်အတွက် ပြုဖွယ်ကိစ္စ တစ်စုံတစ်ရာ မကျန်တော့ပေ။ ရရှိမည့် အရာကို ရရှိပြီး သွားလေပြီ။တဏှာ ကင်းကွာသွားသည်ဖြစ်၍ မက်မောတွယ်တာမှု မရှိတော့ပေ။မက်မော တွယ်တာမှု မရှိသောကြောင့် လွတ်ငြိမ်းမှု ရှိသွားသည်။လွတ်ငြိမ်းမှု ရှိသည်ဖြစ်၍ ငါ လွတ်ငြိမ်းသွားပြီ ဟူသော အသိ ရှိလာသည်။ဇာတိသည် ကုန်ခန်းသွားပြီ။ဗြဟ္မ စရိယ အကျင့်ဖြင့် နေထိုင်မှုသည် ပြည့်ဝသွားပြီ။ ပြုသင့် ပြုရမည့် အရာကို ပြုလုပ်ပြီးပြီ။နောက်ထပ် ပြုလုပ်စရာ မရှိတော့။ ယင်းသို့ သိမြင်လာသည်။[၅၂] သူသည် ချမ်းမြေ့ဖွယ်ရှိသည့် ငြိမ်းအေးသော အဆင့်သို့ ရောက်ရှိသွားသည်။ ဤကိုယ်သည် သူ၏ နောက်ဆုံးပိတ် ကိုယ် ဖြစ်သည်။သူ၏ ကျဆုံးမှုမဖြစ်နိုင်တော့ပေ။[၅၃]

နိဗ္ဗာန်သည် ဤဘဝ၌ မျက်မှောက်ပြုနိုင်သည့် အရာဖြစ်၏ ။နောင်တမလွန်ဘဝ ရောက်မှသာ ရရှိနိုင်သည့် အရာမျိုးမဟုတ်။ဘာသာတရားအားလုံးလိုလို၌ ရှိသော ရည်မှန်းချက်ပန်းတိုင်သည် သေပြီးသည့်နောက်မှ ရရှိသည့်အရာ ဖြစ်၏ ။နိဗ္ဗာန်ကမူ ဤဘဝ၌ မျက်မှောက်ပြုနိုင်သည့် အရာဖြစ်၏ ။ရရှိဖို့ရန်အတွက် သေသည်အထိ စောင့်ဖို့ရန် မလိုပေ။ ယင်းသဘောကို ဗုဒ္ဓသည် အကြိမ်များစွာ ပြောပြထား၏ ။ "ရဟန်းတို့၊လူသည် အသက်ထင်ရှား ရှိလျက်နှင့် နိဗ္ဗာန်ကို ရရှိနိုင်၏ ။နိဗ္ဗာန်နှင့် ပတ်သက်၍

[၅၂] ။သံယုတ္တနိကာယ် [၅၃] ။မေ့ပပ



www.burmeseclassic.com

www.burmeseclassic.com



'လာလှည့်၊ ကြည့်လှည့်'ဟု ပြောပြနိုင်သည်။နိဗ္ဗာန်သည် အထက်သို့ မြင့်တင်တတ်သည့် အရာဖြစ်သည်။ နိဗ္ဗာန်ကို ပညာနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တိုင်းကိုယ်တိုင် မျက်မှောက်ပြုနိုင်၏။ [၅၄] ဟု ဟောပြထားချက် ရှိသည်။ ဤဘဝ၌ ငြိမ်းချမ်းနိုင်သည့် (ဒိဋ္ဌဓမ္မာ ဘိနိဗ္ဗုတာ) အကြောင်းကို သုတ္တနိပါတ် ၌လည်း ဟောပြောထားသည်။

ဤလောကကို ဗုဒ္ဓက ဘေးမကင်း လုံခြုံမှု မရှိဟု ပြောပြထား၏။ ဤလောက၌ တစ်နေရာ၌ ဘေးရှိပြီး တစ်နေရာ၌ ဘေးကင်းသည်။ ဗုဒ္ဓသည် ဘေးကင်းရာကို ရှာမှီး၏။ထိုအခါ ဘေးကင်းရာအဖြစ် နိဗ္ဗာန်ကို တွေ့ရသည်။ ဗုဒ္ဓက 'ပညာရှိသော ပုဂ္ဂိုလ်တို့သည် အတုမရှိသည့် ဘေးကင်းရာ လုံခြုံရာ (ယောဂက္ခေမ) ဖြစ်သည့် နိဗ္ဗာန်သို့ ရောက်ရှိကြ၏'[၅၅] ဟု မိန့်တော်မူသည်။မိရာ အမည်ရှိသည့် ဘိက္ခုနီကို အဆုံးအမ ဥပဒေသပေးရင်း ဗုဒ္ဓက 'မိရာ၊ သင်သည် ဘေးကင်းရာ လုံခြုံရာဖြစ်သော မြတ်သောနိဗ္ဗာန်ကို မြတ်နိုးလော့'ဟု အမိန့် ရှိလေသည်။ ထိုနည်းအတိုင်း အခြား ဘိက္ခုနီတစ်ဦးကိုလည်း နိဗ္ဗာန်ရအောင် အားထုတ်ရေး၌ အားပေးအားမြှောက်ပြုလျက် ဗုဒ္ဓက 'ဘေးကင်းရာ လုံခြုံရာကို ရရှိရေးအတွက် ကုသိုလ်တရားကို ပွားများအောင် ပြုလော့'[၅၆] ဟု ညွှန်ကြားထားတော်မူသည်။

ဗုဒ္ဓက နိဗ္ဗာန်ကို မသေခြင်း သို့မဟုတ် အမြိုက် ဟူ၍လည်းကောင်း၊ ငြိမ်းချမ်းခြင်း ဟူ၍လည်းကောင်း ခေါ်ဆိုသကဲ့သို့ ယိမ်းယိုင်ရွေ့ရှားခြင်း မရှိသည့်နေရာ(အစ္စုတပဒ)ဟူ၍လည်း ခေါ်ဆိုလေသည်။ ဆန္ဒနှင့် ရာဂကင်းသော ပညာရှိရဟန်းသည် မသေရာဖြစ်သော ငြိမ်းချမ်းသော ယိမ်းယိုင်ရွေ့ရှားခြင်း မရှိသည့် နေရာဖြစ်သော နိဗ္ဗာန်ကို ရရှိ၏[၅၇] ဟု ဟောပြထားသည်။ ယောဂီရဟန်းတစ်ဦးကလည်း 'ကျွန်ုပ်သည် မြင့်မြတ်သော ယိမ်းယိုင်

---

၅၄။ အင်္ဂုတ္တရနိကာယ်(တိကနိပါတ်)
၅၅။ ဓမ္မပဒ
၅၆။ ထေရီဂါထာ
၅၇။ သုတ္တနိပါတ်



www.burmeseclassic.com

www.burmeseclassic.com



ရွေ့ရှားခြင်း မရှိသည့် နေရာသို့ ရောက်ပြီ'[၅၈] ဟု ဆိုထားသည်။ သကုလာ အမည်ရှိ သိက္ခာနီကလည်း မိမိ၏ အတွေ့အကြုံကို အခြေခံလျက် 'ကျွန်ုပ်သည် ယိမ်းယိုင်ရွေ့ရှားခြင်း မရှိသည့် နေရာဖြစ်သော အပြစ်ကင်းစင်သည့် တရားဓမ္မဖြစ်သည့် နိဗ္ဗာန်ကို တွေ့မြင်ရပြီ'[၅၉] ဟု ဆိုထားသည်။ ဗာဝရီ ဗြာဟ္မဏ၏ တပည့်ဖြစ်သူ ဟေမကအား ဗုဒ္ဓက ဤသို့ မိန့်တော်မူ၏။ 'ဟေမက၊အမြင်၊အကြား၊အမှတ်၊ အသိအားဖြင့် ဆန္ဒကို ဖယ်ရှားခြင်းသည်သာ ယိမ်းယိုင်ရွေ့ရှားခြင်း မရှိသော နိဗ္ဗာန်ဖြစ်၏။ယင်းကို သိလျှင် သတိရလျှင် ဤဘဝ၌ နိဗ္ဗာန်ကို ရရှိ၏။ ငြိမ်းချမ်း၏။လောက၌ တဏှာကို လွန်မြောက် သွားနိုင်၏'။[၆၀]

နိဗ္ဗာန်သည် မင်္ဂလာရှိသော နေရာလည်း ဖြစ်၏။ ဘိက္ခုနီ ဝါသိဋ္ဌိက 'ကျွန်ုပ်သည် မင်္ဂလာရှိသော နေရာ (သိဝပဒ)ကို တွေ့ပြီ'[၆၁] ဟု ဆိုထားလေသည်။ ဓမ္မသေနာပတိ သာရိပုတ္တရာသည် မိမိ ကိုယ်ကာယ၏ အပြီးသတ်ချိန်ကို တွေ့မြင် သိရှိရသည်ဖြစ်၍ ဗုဒ္ဓအား ပရိနိဗ္ဗာန် ပြုခွင့်ပေးရန် ဤသို့ ခွင့်ပန်တော်မူ၏။ 'အရှင်ဘုရား၊ တပည့်တော်သည် အရာ အထောင်သော ဘုရားရှင်တို့ ဝင်စံရာဖြစ်သည့် အိုခြင်း ကင်းသော၊ သေခြင်း ကင်းသော၊ လုံခြုံ စိတ်ချရသော၊ချမ်းမြေ့ဖွယ် ဖြစ်သော၊ အေးချမ်းသော၊ ဘေးကင်းသော၊ နိဗ္ဗာန်ရွှေပြည်သို့ သွားတော့မည်'။ ဤ၌ ဓမ္မ သေနာပတိသည် နိဗ္ဗာန်၏ ထူးခြားချက်များကို အကျဉ်းချုပ်အားဖြင့် ထုတ်ဖော်သွားပေသည်။

ဗုဒ္ဓသည် 'ဇရာနှင့်မရဏ ချုပ်ပျောက်ခြင်းကို နိဗ္ဗာန်ဟု ငါ ခေါ်၏'[၆၂] ဟု မိန့်ဆိုထားလေသည်။ ဇာတိ၊ဇရာ၊ မရဏ ချုပ်ငြိမ်းခြင်းသည် ပုဂ္ဂိုလ်၏ ရည်မှန်းချက် ဖြစ်၏ ဟူသောအချက်နှင့် ပတ်သက်၍ ဗုဒ္ဓက ဤသို့ မိန့်တော်မူသည်။'အကြင် ဗြာဟ္မဏကို သင်သည် အသိဉာဏ်ရှိသည် ဟူ၍

၅၈။ ထေရီဂါထာ ၅၉။ အဒသံ ဝိရဇံ သိဝံ နိဗ္ဗာနံ ပဒ မစ္စုတံ(ထေရီဂါထာ)
၆၀။ သုတ္တနိပါတ်(ဟေမကမာဏဝ ပုစ္ဆာ) ၆၁။ သစ္ဆာကာသိ ပဒံသိဝံ (ထေရီဂါထာ)
၆၂။ သုတ္တနိပါတ်( ကပ္ပမာဏဝ ပုစ္ဆာ)



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ ရိုးသားသည် ဟူ၍လည်းကောင်း၊ကာမဘဝ၌ တွယ်တာ ကပ်ငြိခြင်း မရှိ ဟူ၍လည်းကောင်း ထင်မှတ်၏။ထိုဗြာဟ္မဏသည် အမှန်မုချပင် ဤကာမ ဘဝကို လွန်မြောက်သွားပြီးသူ ဖြစ်သည်။ ဤကာမ ဘဝကို လွန်မြောက်သွားလျက် သူသည် အားလုံးကိုဥပေက္ခာပြုလေသည်။ ဘဝကြီးငယ်၌ တွယ်တာမှုကို စွန့်ပယ်လျက် ကျင်လည်နေတော့သည်။ သူသည် တဏှာ ကင်းလေသည်။ ရာဂ ကင်းလေသည်။အာသာဆန္ဒ ကင်းလေသည်။ ဇရာ မရဏာ ကို လွန်မြောက်သွားလေသည်။ယင်းသို့ ငါဆို၏'[၆၃] ထိုနည်းအတိုင်းပင် 'အကြင်သူသည် လောက၌ ဤမှာဖက်ကမ်းနှင့် ဟိုမှာဖက်ကမ်းကို သိရှိပြီး တဏှာကင်း၍ နေ၏။ငြိမ်းချမ်းနေ၏။ အာသာဆန္ဒ ကင်း၏။ ထိုသူသည် ဇာတိနှင့်ဇရာကို လွန်မြောက်သွားသူ ဖြစ်၏ဟု ငါ ဆို၏'[၆၄]ဟူ၍လည်း ဟောပြထားလေသည်။ ဘိက္ခုနီ သုမေဓာကလည်း နိဗ္ဗာန်နှင့် စပ်လျဉ်း၍ ဤသို့ ဆိုထားသည်။

'ဤကား အိုခြင်း ကင်း၏။ သေခြင်း ကင်း၏။ဇရာ မရဏာ ကင်း၏။ သောက ကင်း၏။ ဆန့်ကျင်ဘက် ကင်း၏။ အနှောင့်အယှက် ကင်း၏။ အဟန့်အတား ကင်း၏။ ဘေးကင်း၏။ ပူပန်မှု ကင်း၏။ လူများစွာတို့သည် ဤမသေရာ အမြိုက်နိဗ္ဗာန်ကို ရရှိခဲ့ကြ၏။ ယနေ့လည်း ရရှိနိုင်၏။ အကြင်သူသည် ကောင်းစွာ ဘာဝနာ ပွားများ၏။ထိုသူသည် ဤနိဗ္ဗာန်ကို ရရှိပေလိမ့်မည်။ ကြိုးပမ်းအားထုတ်မှု မပြုသူမှာမူ ရရှိလိမ့်မည် မဟုတ်'[၆၅]

နိဗ္ဗာန်သည် ဤဘဝ ပင်လယ်အတွင်းရှိ လုံခြုံစိတ်ချရသည့် ကျွန်းဖြစ်၏။ ယင်းသဘော အဓိပ္ပာယ်မျိုးကို ဆောင်လျက် ဗုဒ္ဓက ဤသို့ ဟောပြထားသည်။ 'ကြောင့်ကြမှု ကင်းသော၊ တဏှာဒိဋ္ဌိ ကင်းသော ဤနေရာကား မြတ်သောကျွန်း ဖြစ်၏။ဇရာ မရဏာ ချုပ်ငြိမ်းရာဖြစ်သော ယင်းကျွန်းကို နိဗ္ဗာန်ဟု ငါဆို၏'[၆၆]

---

၆၃။ သုတ္တနိပါတ် (ပါရာယနဝဂ်)
၆၄။ သုတ္တနိပါတ်(ပါရာယနဝဂ်)
၆၅။ ထေရီဂါထာ
၆၆။ သုတ္တနိပါတ် (ကပ္ပမာဏဝ ပုစ္ဆာ)



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓသည် နိဗ္ဗာန်အား ဝဲသြဃမှ လွန်မြောက်ရာ ဟူ၍လည်း ဆို၏။ 'အကြင်သူတို့သည် အမြင်၊အကြား၊ အမှတ်၊အသိဖြင့် ရာဂကို ပယ်စွန့်၏။တဏှာ ကင်း၏။ရာဂ ကင်း၏။ထိုသူတို့အား ဝဲသြဃမှ လွတ်မြောက်သူများဟု ငါဆို၏'[၆၇] ဟု ဟောပြထားလေသည်။ယင်းကဲ့သို့ ဝဲသြဃကို ကူးမြောက်ပြီးသူတို့ကို တွေ့ရသည်ဖြစ်၍ ဗုဒ္ဓက ဤသို့ ဥဒါန်းကျူးရင့်တော်မူသည်။'အကြင်သူတို့သည် တံတားခင်းလျက် တံတားအပေါ်မှ မြစ်ချောင်းကို ကူးမြောက်သွားကြ၏။ ထိုဉာဏ်ရှင် ပုဂ္ဂိုလ်များသည် ကူးမြောက်ကျော်လွန်သွားကြသူများ ဖြစ်ကြသည်။ အခြား ပုဂ္ဂိုလ်များမှာမူ ဖောင်ဖွဲ့ ကျန်နေခဲ့ကြရလေ၏'။[၆၈]

ဘေးကင်းသော နိဗ္ဗာန်ကို ဗုဒ္ဓက ဝါဒ ဝိဝါဒ မရှိသောနေရာ (အဝိဝါဒ ဘူမိ) ဟုလည်း ဆိုထားလေသည်။[၆၉] နိဗ္ဗာန်ကို ရရှိသည့် ရဟန်းသည် အငြင်းပွားမှုမှ၊ ဝါဒ ဝိဝါဒမှ အပ ဖြစ်သွားလေသည်။ထိုပုဂ္ဂိုလ်မျိုးနှင့်စပ်လျဉ်း၍ 'အကြင်သူ၌ တဏှာ၏ မတဏှာ၏ ဟူသော ပြဿနာ မရှိ။ထိုသူသည် ဘယ်သူနှင့် အငြင်းပွားတော့မည်နည်း'[၇၀] ဟု ဆိုထားလေသည်။

နိဗ္ဗာန်ဟူသည်မှာ မည်သည့်အရာ ဖြစ်သနည်း။ ယင်းမေးခွန်းကို အကျဉ်းချုပ်အားဖြင့် ဖြေဆိုပါလျှင် ဒုက္ခ၏ ကုန်ဆုံးခြင်း (သေဝဏ္ဏော ဒုက္ခဿာတိ)ဟု ပြောရပေလိမ့်မည်။ ကြွေးတင်နေသူသည် ကြွေးဆပ်လိုက်သည့်အခါ ရွှင်လန်းချမ်းမြေ့မှု ဖြစ်သကဲ့သို့ လည်းကောင်း၊ မကျန်းမာသူသည် ရောဂါ ဝေဒနာ ပျောက်ကင်းသွားသောအခါ ရွှင်လန်းချမ်းမြေ့မှု ဖြစ်သကဲ့သို့ လည်းကောင်း၊ အကျဉ်းခံနေသူသည် အကျဉ်းသားဘဝမှ လွတ်မြောက်သွားသောအခါ ရွှင်လန်းချမ်းမြေ့မှု ဖြစ်သကဲ့သို့ လည်းကောင်း၊ ကျေးကျွန်သည် ကျေးကျွန်ဘဝမှ လွတ်မြောက်သွားသောအခါ ရွှင်လန်းချမ်းမြေ့မှု ဖြစ်

၆၇။ သုတ္တနိပါတ်(နန္ဒမာဏဝ ပုစ္ဆာ) ၆၈။ ဥဒါန်း (ပါဋလိဂါမိယဝဂ်)
၆၉။ ဓမ္မာဘိပဿ အဝိဝါဒ ဘူမိ (သုတ္တနိပါတ်– မဟာဗျူဟသုတ်)
၇၀။ သုတ္တနိပါတ် (မာဂဏ္ဍိယသုတ်)



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့လည်းကောင်း၊ကန္တာရ ခရီးသည်သည် သဲကန္တာရကို ကျော်လွန်သွားပြီးသောအခါ ရွှင်လန်းချမ်းမြေ့မှု ဖြစ်သကဲ့သို့ လည်းကောင်း၊ ထိုရွှင်လန်းချမ်းမြေ့မှုမျိုးသည် ဘဝ အနှောင်အဖွဲ့မှ လွတ်မြောက်သွားသည့်အခါ တဏှာကင်းသည့် ပုဂ္ဂိုလ်၏ သန္တာန် ၌ ဖြစ်ပေါ်လာလေသည်။[၇၃] ယင်းရွှင်လန်းချမ်းမြေ့မှုသည် ယင်းသုခသည် နိဗ္ဗာန်၏ ရွှင်လန်းချမ်းမြေ့မှု ဖြစ်သည်။ နိဗ္ဗာန်၏ သုခ ဖြစ်သည်။

အားလုံးလောင်ကျွမ်းနေသည်( သဗ္ဗံအာဒိတ္တံ)[၇၄]ဟု ဗုဒ္ဓက မိန့်ဆိုထား၏။မည်သည့်အရာအားလုံး လောင်ကျွမ်းနေသနည်း။ စက္ခုဝိညာဉ်သည် လောင်ကျွမ်းနေသည်။ အဆင်းသည် လောင်ကျွမ်းနေသည်။ စက္ခုသည် လောင်ကျွမ်းနေသည်။ စက္ခုဝိညာဉ်သည် လောင်ကျွမ်းနေသည်။သုခ ဒုက္ခ ဝေဒနာတို့သည် လောင်ကျွမ်းနေသည်။သောတ၊ ဃာန၊ဇိဝှာ၊ ကာယ၊အသံ၊ အနံ့၊ အရသာ၊ ဖဿ၊ အားလုံး လောင်ကျွမ်းနေသည်။ ဥပါဒါနက္ခန္ဓာ ငါးပါးသည် လောင်ကျွမ်းနေသည်။ ဘယ်မီးဖြင့် လောင်ကျွမ်းနေသနည်း။ ရာဂမီးဖြင့် လောင်ကျွမ်းနေသည်။ ဒေါသမီးဖြင့် လောင်ကျွမ်းနေသည်။ မောဟမီးဖြင့် လောင်ကျွမ်းနေသည်။အာရုံခံစားမှုဟု ကျွန်ုပ်တို့ ပြောဆိုသော အရာများမှာ စင်စစ်အားဖြင့် လောင်ကျွမ်းနေခြင်းသာ ဖြစ်သည်။ ယင်း၌ စိတ်၏ ငြိမ်းချမ်းမှု မရှိပေ။ ဉာဏ်ပညာရှင်၏ အမြင်၌ အားလုံး ဒုက္ခချည်းသာ ဖြစ်သည်။ယင်းဒုက္ခအားလုံးကို စွန့်ပယ်၍ [၇၅]အကြင်သူသည် မသေရာ နေရာသို့ စိတ်ကို ဦးတည်ထား၏။ ထိုသူသည် အေးချမ်းသူ ဖြစ်လေ၏။ ထိုသူသည် နိဗ္ဗာန်၏ အမှန်တရားကို မျက်မှောက်ပြုရလေ၏။ ရာဂမီး၊ ဒေါသမီး၊ မောဟမီးတို့ ငြိမ်းသွားခြင်းကြောင့် ရရှိလာသည့် အေးချမ်းမှုသည် နိဗ္ဗာန် ဖြစ်သည်။ ယင်းနိဗ္ဗာန်သည် ဗုဒ္ဓသာသနာ၏ ကျိန်းအသေဆုံး

၇၃။ မဟာအဿပုရသုတ်(မဇ္ဈိမနိကာယ်)  ၇၄။ သဗ္ဗဒုက္ခပဟာယ (ဓမ္မပဒ)
၇၅။ အဒိတ္တ ပရိယာယသုတ် သံယုတ္တနိကာယ်၊ဝိနည်းပိဋကတ်(မဟာဝါ)

www.burmeseclassic.com



သော အာမခံချက် ဖြစ်လေ၏။ နိဗ္ဗာန်နှင့် ပတ်သက်၍ ဤသို့ ဟောပြထားချက်များလည်း ရှိ၏။ 'သခ်ါရတရားတို့၏ ငြိမ်းခြင်း၊ မောဟကို ပယ်ခြင်း၊ တဏှာ ကုန်ခန်းခြင်း၊ ရာဂ ကင်းကွာခြင်း၊ ချုပ်ငြိမ်းခြင်း တည်းဟူသော နိဗ္ဗာန်သည် ငြိမ်းချမ်း၏။ မြင့်မြတ်၏'။[၇၄] အားလုံးသော အာသာဆန္ဒတို့ကို ပယ်လျက် နိဗ္ဗာန်ကိုရအောင် အားထုတ်ရမည်။ နိဗ္ဗာန်ကို တောင့်တသူသည် အိမ်ရာတည်ထောင် လူ့ဘောင်ကို ခွာရှောင်ပြီး ရဟန်းပြုကြကုန်၏။[၇၅]

အထက်ပါ အထောက်အထားများအရ သိရှိရသည်မှာ ရှေးဦးကျသည့် ဗုဒ္ဓဘာသာကျင့်စဉ်၌ နိဗ္ဗာန်သည် စိတ်အသိ စိတ်အတွေ့၏ အမြင့်မြတ်ဆုံးသော အခြေအနေ ဖြစ်လေ၏။ ပြဟ္မစရိယအကျင့် ကျင့်သုံးမှု၏ နောက်ဆုံးပိတ် ရည်မှန်းချက် ဖြစ်လေ၏။ ယင်း အနက်အဓိပ္ပာယ်အရ ဗုဒ္ဓသည် နိဗ္ဗာန်အကြောင်းကို ဟောကြား၏။ နိဗ္ဗာန်သို့ ရောက်ရှိရေး လမ်းစဉ်ကိုလည်း ညွှန်ကြား၏။

သို့ရာတွင် ပရမတ္ထ တရားအဖြစ်ဖြင့် လည်းကောင်း၊ ထာဝရသစ္စာ အဖြစ်ဖြင့် လည်းကောင်း၊ ဗုဒ္ဓသည် နိဗ္ဗာန်အကြောင်းကို ဟောကြားသေး၏။ ယင်းဟောပြောချက်များမှာ ဒဿနအမြင်ဖြင့် ကြည့်ပါက အလွန်တရာ အရေးကြီးလှပေ၏။ အောက်ပါ ဟောပြောချက်များကို ရှုပါ။

'ရဟန်းတို့၊ဆီနှင့် မီးစာ ကုန်ခန်းသွားခြင်းကြောင့် အခြား ဆီနှင့် မီးစာ မရှိခြင်းကြောင့် ဆီမီးသည် ငြိမ်းသွား၏။ ထိုနည်းတူစွာ ကိုယ်ကာယ ချုပ်ငြိမ်းသွားသောအခါ သေပြီးသည့်နောက် တဏှာရာဂ ကင်းငြိမ်းသွားသည်ဖြစ်၍ တွေ့ကြုံ ခံစားရသော ဝေဒနာတို့သည် အေးငြိမ်းသွားကြကုန်၏။[၇၆]

---

၇၄။ မဟာ မာလုကျသုတ်(မဇ္ဈိမနိကာယ်)   ၇၅။ သုတ္တနိပါတ် (ပါရာယနဝဂ်)
၇၆။ ဓာတုဝိဘင်္ဂသုတ်(မဇ္ဈိမနိကာယ်)၊ ဓာတု ဝိဘင်္ဂသုတ်(မဇ္ဈိမနိကာယ်)၊
အဂ္ဂိ ဝစ္ဆဂေါတ္တသုတ်(အင်္ဂုတ္တရနိကာယ်)။

www.burmeseclassic.com



'ရဟန်းတို့၊ အကြင် နိဗ္ဗာန်အရပ်၌ မြေဓာတ်လည်း မရှိ။ ရေဓာတ်လည်း မရှိ။ မီးဓာတ်လည်း မရှိ။ လေဓာတ်လည်း မရှိ။ထိုနိဗ္ဗာန်အရပ်သည် ရှိ၏။ထိုနိဗ္ဗာန်သည် အာကာသာနဉ္စာယတနဘုံလည်း မဟုတ်။ဝိညာနဉ္စာယတနဘုံလည်း မဟုတ်။နေဝသညာနာသညာယတနဘုံလည်း မဟုတ်။ ပစ္စုပ္ပန်လောက တမလွန်လောကလည်း မဟုတ်။ ထိုနိဗ္ဗာန်၌ လလည်း မရှိ။ နေလည်း မရှိ။ ရဟန်းတို့၊ ထိုနိဗ္ဗာန်၌ လာသူ ရှိ၏ဟုလည်း ငါမဟော။ သွားသူ ရှိ၏ဟုလည်း ငါမဟော။ နိဗ္ဗာန်အား တည်နေသည် ဟူ၍လည်း ငါ မဟော။ရွေ့ရှားနေသည် ဟူ၍လည်း ငါ မဟော။ဖြစ်ပေါ်လာခြင်း ဖြစ်၏ဟုလည်း ငါ မဟော။ထိုနိဗ္ဗာန်သည် တည်ရာလည်း မဟုတ်။တည်နေသော အရာလည်း မဟုတ်။မှီရာလည်း မဟုတ်။ ယင်း နိဗ္ဗာန်သည် ဒုက္ခ၏အဆုံး ဖြစ်လေ၏'။[၇၇]

'ရဟန်းတို့၊ ဖြစ်ပေါ်မှု မရှိသော၊ ဖြစ်နေမှု မရှိသော၊ ပြုလုပ်ထားမှု မရှိသော၊ ပေါင်းစပ်စီရင်ထားမှု မရှိသော၊ နိဗ္ဗာန်သည် ရှိ၏။အကယ်၍ ဖြစ်ပေါ်မှု မရှိသော၊ဖြစ်နေမှု မရှိသော၊ပြုလုပ်ထားမှု မရှိသော၊ ပေါင်းစပ်စီရင်ထားမှု မရှိသော ထိုနိဗ္ဗာန်သည် မရှိသည် ဖြစ်ငြားအံ့။ဖြစ်ပေါ်မှု ရှိသော၊ဖြစ်နေမှု ရှိသော၊ ပြုလုပ်ထားမှု ရှိသော၊ပေါင်းစပ်စီရင်ထားမှု ရှိသော တရားတို့၏ လွတ်မြောက် ငြိမ်းချမ်းမှုသည် မရှိတန်ရာ။ရဟန်းတို့၊ဖြစ်ပေါ်မှု မရှိသော၊ ဖြစ်နေမှု မရှိသော၊ပြုလုပ်ထားမှု မရှိသော၊ ပေါင်းစပ်စီရင်ထားမှု မရှိသော နိဗ္ဗာန် ရှိသောကြောင့်သာ ဖြစ်ပေါ်မှု ရှိသော၊ဖြစ်နေမှု ရှိသော၊ ပြုလုပ်ထားမှု ရှိသော၊ပေါင်းစပ်စီရင်ထားမှု ရှိသော တရားတို့၏ လွတ်မြောက်ငြိမ်းချမ်းမှု ရှိခြင်း ဖြစ်လေ၏။'[၇၈]

'သံကို ပြင်းစွာ ထိခိုက်သည့်အခါ ပေါ်လာသည့် မီးပွားသည် ရုတ်ခြည်းပင် ငြိမ်းသွားလေ၏။ဘယ်နေရာ ရောက်သွားသည်ကို မသိရပေ။

၇၇။ ဥဒါန်း(ပါဠိလိုက်ဝိယောဂ်) ၇၈။ ဥဒါန်း (ပါဠိလိုက်ဝိယောဂ်)



www.burmeseclassic.com

www.burmeseclassic.com



ထိုနည်းတူစွာ ကာမဂုဏ်နှင့် ကာမဂုဏ်အနှောင်အဖွဲ့မှ လွတ်မြောက်ပြီး နိဗ္ဗာန်ကို ရရှိသော၊တုန်လှုပ် ယိမ်းယိုင်ခြင်း မရှိသည့် ချမ်းသာသုခကို ရရှိသော ပုဂ္ဂိုလ်၏လားရာ သွားရာကိုလည်း မည်သူမျှ မသိရှိနိုင်ပေ။'၇၉

'လေ၏ အဟုန်ဖြင့် လွင့်သော မီးလျှံသည် ချုပ်ပျောက်သွားလေ၏။ ဤအရပ်သို့ သွားရောက်၏။ ထိုအရပ်သို့ ရောက်သွား၏ ဟူ၍ ခေါ်ဝေါ် ပြောဆို၍ မရပေ။ထိုနည်းတူစွာ ရဟန်းသည် ကာမဂုဏ်မှ လွတ်မြောက် သွားပါက တစ်စုံတစ်ခု အမည်နာမ တပ်၍ ခေါ်ဝေါ်သုံးစွဲ၍ မရပေ။နိဗ္ဗာန်သို့ ရောက်ခြင်း၌ နိဗ္ဗာန်သို့ ရောက်၏ မရောက်၏ ဟူ၍ ပြော၍ရသော အထောက်အထား ပမာဏ မရှိပေ။ အားလုံးသော တရားများ ချုပ်ငြိမ်း သွားသည်ဖြစ်၍ ခေါ်ဝေါ်ပြောဆိုစရာအကြောင်း အားလုံးလည်း ချုပ်ငြိမ်း သွားလေ၏။'၈၀

ဗုဒ္ဓသည် နိဗ္ဗာန်ကို အဆုံးစွန်သော သစ္စာတရား အဖြစ်ဖြင့်လည်း ဟောကြားသည်။ နိဗ္ဗာန်သည် အကျင့်တရား အားလုံး၏ တည်ရာမှီရာဖြစ် သည်။နိဗ္ဗာန်၏ တည်ရာမှီရာကိုကား ပြောပြ၍ မရပေ။နိဗ္ဗာန်သည် အဆုံးစွန် သော သစ္စာတရား ဖြစ်သည်။သံယုတ္တနိကာယ်၌ ဗုဒ္ဓက ဤသို့ ပြောထား၏။ 'ရဟန်းတို့ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၏ မှီရာကား စိတ် ဖြစ်၏။ စိတ်၏မှီရာကား ကောင်းသော နှလုံးသွင်းခြင်း ( ယောနိသော မနသိကာရ) ဖြစ်သည်။ကောင်းသော နှလုံးသွင်းခြင်း၏ မှီရာကား လွတ်ငြိမ်းမှု ဖြစ်သည်။ လွတ်ငြိမ်းမှု၏ မှီရာကား နိဗ္ဗာန် ဖြစ်သည်။သို့ရာတွင် နိဗ္ဗာန်၏ မှီရာကား အဘယ်နည်းဟု မေးလျှင်ကား ယင်းမေးခွန်းသည် ဖြေဆို၍ မဖြစ်သည့် မေးခွန်း ဖြစ်ပေသည်။ယင်း ဗြဟ္မစရိယ အကျင့်သည် နိဗ္ဗာန်သို့ ဝင်ရောက် ရေးအတွက် ဖြစ်သည်။နိဗ္ဗာန်၌ ပြည့်စုံမှု ရရှိရေးအတွက် ဖြစ်သည်။ ယင်းတရား အဆုံးအမကို အတန်ငယ် အသွင်ပြောင်းလျက် ဗုဒ္ဓသည် ရာဓ

၇၉။ ဥဒါန်း ၈၀။ သုတ္တနိပါတ် (ဥပသီဝ မာဏဝ ပုစ္ဆာ)

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဤသို့ ဟောကြားခဲ့ဖူးသည် 'ရာဓာ၊ကောင်းသောအမြင်သည် ငြီးငွေ့မှုအတွက် ဖြစ်သည်။ ငြီးငွေ့မှုသည် ရာဂ ကင်းကွာမှုအတွက် ဖြစ်သည်။ရာဂ ကင်းကွာမှုသည် လွတ်ငြိမ်းမှုအတွက် ဖြစ်သည်။ လွတ်ငြိမ်းမှုသည် နိဗ္ဗာန်အတွက် ဖြစ်သည်။ သို့ရာတွင် နိဗ္ဗာန်သည် မည်သည့်အတွက်နည်းဟု သင်မေးလျှင်ကား သင်သည် မေးခွန်း၏ဘောင်ကို ကျော်လွန်သွားပေလိမ့်မည်။ထိုမေးခွန်းကို အဖြေပေး၍ မရပေ။[၈၁] ထိုနည်းအတိုင်းပင် ဝိသာခ ဒါယကာက ဘိက္ခုနီ ဓမ္မဒိန္နာအား 'အရှင်မ၊ နိဗ္ဗာန်၏ ပြိုင်ဘက်ကား အဘယ်နည်း'ဟု မေးသောအခါ ဓမ္မဒိန္နာက ဤသို့ ပြန်ဖြေခဲ့သည်။ 'ဝိသာခ ဒါယကာ၊ သင်သည် အမေးပုစ္ဆာ၏ဘောင်ကို လွန်၍ သွား၏။ အမေးပုစ္ဆာ၏ အပိုင်းအခြားကို ဖမ်းကိုင်ထား၍ မရနိုင်ပေ။ ဝိသာခ ဒါယကာ၊ ဗြဟ္မစရိယသည် နိဗ္ဗာန်သို့ သက်ဝင်၏။နိဗ္ဗာန်လျှင် လားရာရှိ၏။ နိဗ္ဗာန်လျှင် အဆုံးရှိ၏။' ထို့နောက်တွင် ဗုဒ္ဓက ဘိက္ခုနီ ဓမ္မဒိန္နာ၏ ယင်း ဟောပြောချက်ကို ထောက်ခံလျက် မှန်ကန်ကြောင်း အမိန့် ရှိတော်မူလေသည်။[၈၂]

နိဗ္ဗာန်သည် အမှန်တရား ဖြစ်၏။ ပျက်စီးပျောက်ကွယ်သွားခြင်း မရှိသော တရားဖြစ်၏။ ဗုဒ္ဓက ' ပျက်စီးတတ်သော တရားသည် မမှန်သော တရား ဖြစ်၏။ မပျက်စီးတတ်သော တရားသည် နိဗ္ဗာန် ဖြစ်၏'[၈၃] ဟု ပြတ်ပြတ်သားသား ဟောထားတော်မူသည်။နိဗ္ဗာန်သည် ဥစ္ဆေဒဝါဒ မဟုတ်။ တဏှာမီး ပြတ်သွားခြင်း ဖြစ်၏။ ကာမမီး ငြိမ်းသွားခြင်း ဖြစ်၏။ ကာမတဏှာ၊ဘဝတဏှာ လွတ်မြောက်သွားပါက သတ္တဝါသည် တစ်ဖန် ပဋိသန္ဓေ မနေတော့ပေ။အကြောင်းမူကား တဏှာ လုံးဝ ချုပ်ငြိမ်းသွားလျှင် ဥပါဒါန် ချုပ်ငြိမ်းသွား၏။ဥပါဒါန် ချုပ်ငြိမ်းသွားလျှင် ဘဝ ချုပ်ငြိမ်းသွား၏။ ဘဝ ချုပ်ငြိမ်းသွားလျှင် ဇာတိ ချုပ်ငြိမ်းသွား၏။ဇာတိ ချုပ်ငြိမ်းသွားလျှင် အိုခြင်း၊

---

၈၁။ သံယုတ္တနိကာယ် ၈၂။ စူဠဝေဒလ္လသုတ်(မဇ္ဈိမနိကာယ်)

၈၃။ ဓာတု ဝိဘင်္ဂသုတ်(မဇ္ဈိမနိကာယ်)



www.burmeseclassic.com

www.burmeseclassic.com



သေခြင်း၊ စိုးရိမ်ခြင်း၊ ငိုကြွေးခြင်း၊ ဆင်းရဲခြင်း၊ စိတ်မချမ်းမသာဖြစ်ခြင်း၊ ပူပန်ခြင်း၊ ယင်းအားလုံးသည် ချုပ်ငြိမ်းသွား၏။ယင်းသို့အားဖြင့် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ခြင်း ပဋိစ္စသမုပ္ပါဒ်သည် နိဗ္ဗာန်တွင် အဆုံးသတ်သွားလေ၏။

နိဗ္ဗာန်ကို အရှိတရား(ဘာဝ)ဟူ၍ လည်းကောင်း၊မရှိတရား(အဘာဝ) ဟူ၍ လည်းကောင်း ဆိုလျှင် မှန်မည် မဟုတ်ပေ။'ရှိ'နှင့် 'မရှိ'ဟူသော အယူအဆသည် တစ်ခုနှင့်တစ်ခု ဆက်စပ်နေ၏။ဒွန်တွဲနေ၏။ ယင်းဝေါဟာရများသည် တစ်ခုနှင့်တစ်ခု ဆက်စပ်မှု မရှိသည့် ဒွန်တွဲမှု မရှိသည့် အဆုံးစွန်သော သစ္စာတရားဖြစ်သည့် နိဗ္ဗာန်အတွက် အသုံးပြုသင့်သည့် ဝေါဟာရများ မဟုတ်ပေ။ မရှိခြင်းဟူသည့် စကားသည် မရှိသည့် အခြေအနေတစ်ရပ်ကို ဖော်ပြသည့် စကားလုံး မဟုတ်ပေ။ကျန်းမာခြင်း အဓိပ္ပာယ်ထွက်သည့် 'အာရောဂျ' ဟူသော ပါဠိစကားလုံးသည် မရှိခြင်းကို ညွှန်ပြသည့် စကားလုံး ဖြစ်သည်။ ရောဂါအနာ မရှိခြင်းဟု ဆိုလိုသည်။သို့ရာတွင် အာရောဂျ(ကျန်းမာခြင်း)သည် မရှိခြင်း (အဘာဝ) အခြေအနေကို ဖော်ပြသည့် စကားလုံး မဟုတ်ပေ။နိဗ္ဗာန်၏ ပရိယာယ်တူ စကားလုံး တစ်လုံးဖြစ်သော မသေခြင်း အဓိပ္ပာယ်ရှိသည့် 'အမတ'ဟူသော စကားလုံးသည်လည်း မရှိခြင်း မဖြစ်ခြင်း (အဘာဝ)ကို ညွှန်ပြသည့် စကားလုံး ဖြစ်သည်။ သို့ရာတွင် ယင်းစကားလုံးသည် မရှိခြင်း အခြေအနေကို ဖော်ပြသည့် စကားလုံး မဟုတ်ပေ။ နိဗ္ဗာန်ကို 'ဝိမုတ္တိ'ဟုလည်း ခေါ်၏။လွတ်မြောက်မှု အဓိပ္ပာယ်ရ၏။လွတ်မြောက်မှုသည် မရှိတရား (အဘာဝ)ဖြစ်၏ဟု မည်သူမျှ ပြောလိမ့်မည် မဟုတ်။ သို့ရာတွင် လွတ်မြောက်မှုသည်ပင် မရှိမှုသဘော ရှိနေ၏။ လွတ်မြောက်မှုသည် ဆိုးသောအရာ တစ်ခုခုမှ လွတ်ကင်းသွားမှု ဖြစ်၏။ သို့သော် လွတ်မြောက်မှုသည် မရှိတရား မဟုတ်ပေ။ အဘာဝ မဟုတ်ပေ။ ထိုနည်းအတိုင်း နိဗ္ဗာန်၊မုတ္တိ သို့မဟုတ် ဝိမုတ္တိသည် ဆိုးသော အရာအားလုံးမှ



www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်မှု ဖြစ်၏။ လောဘ၊ ဒေါသ၊မောဟတို့မှ လွတ်မြောက်မှု ဖြစ်၏။[၈၄]

နိဗ္ဗာန်၏ ဘာဝ၊ အဘာဝနှင့် ပတ်သက်၍ လယ်တီဆရာတော်က ဤသို့ ရေးသားထားသည်။[၈၅] သခ်တတရားတို့၏ ဖြစ်မှု ရှိမှုကား ဘာဝတည်း။မဖြစ်မှု မရှိမှုကား အဘာဝတည်း။ ၁၅၀၀–ကိလေသာ တရားတို့၏ ဖြစ်မှု ရှိမှုဟူသော ဘာဝပက္ခသည် အကျိုးမဲ့ အကျိုးယုတ် ဒုက္ခနယ်ကြီးဖြစ်၏။ မဖြစ်မှု မရှိမှုဟူသော အဘာဝပက္ခသည် ကျက်သရေမင်္ဂလာ ကြီးလှစွာသော သုခနယ်ကြီး ဖြစ်၏။အဘာဝ ဖြစ်သည့်အတွက် မထေမဲ့မြင် မမှတ်အပ်။ကြီးကျယ်လှစွာသော ဘေးကြီးရန်ကြီး အန္တရာယ်ကြီးတို့၏ လွတ်ကင်းခြင်း အဘာဝမည်သည် ကြီးကျယ်လှစွာသော မင်္ဂလာကြီး ဖြစ်၏။

အဘာဝပင် ဆိုသော်လည်း ကိလေသာ ခန္ဓာတို့၏ မရှိမှုကို ရည်၍ အဘာဝ ဆိုရသည်။ အသခ်တ ပရမတ္ထ အနေအားဖြင့်မူကား ထင်ရှားကေန် ရှိရိုးမှန်သော ဘာဝ ပင်တည်း။ အကယ်၍ ထိုဘာဝသည် မရှိခဲ့သည် ဖြစ်အံ့။လောကသုံးပါး၌ ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊အရိယာဟူ၍ မရှိရာပြီ။ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ မည်သည် ကိလေသာ တင်းလင်း၊ ဇရာဘေး တင်းလင်း၊ အပါယ်ဘေး တင်းလင်း ထက်ကြပ် ပါရှိ၍ နေ၏။ ရရှိ၍နေသော လူ့ချမ်းသာသည် မကြာမီ ကွယ်ပ အဘာဝသို့ ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရလေ၏။

ထို့အတူ ရရှိ၍နေသော နတ်ချမ်းသာသည် မကြာမီ ကွယ်ပ အဘာဝသို့ ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရလေ၏။ ရရှိ၍နေသော ဗြဟ္မာချမ်းသာသည် မကြာမီ ကွယ်ပ အဘာဝသို့ရောက်၍ အပါယ်ငရဲမှာ ဆင်းရဲကြီး ပင်လယ်ဝေနှင့် ခံနေရ၏။ဤသို့လျှင် တေဘုမ္မက

၈၄။ **Walpola Rahula, What the Buddha Taught**

၈၅။ လယ်တီဆရာတော်, နိဗ္ဗာန ဒီပနီ



www.burmeseclassic.com

www.burmeseclassic.com



သုခသည် ဘာဝ သုခဟု ဆိုရသော်လည်း အနိစ္စဓမ္မဖြစ်၍ ခဏခြင်း ခဏခြင်း ကွယ်ပသော အဘာဝ ပြဋ္ဌာန်းလျက် မျက်လှည့်သည်ပြသော ဝတ္ထုကဲ့သို့သာ ဖြစ်၏။

သန္တိဘာဝ တစ်ပါးသည်သာလျှင် နိစ္စ ထာဝရဖြစ်သော အဘာဝ မှန် ဖြစ်၏။သန္တိဘာဝသည် ဘယ်အခါ ဖောက်ပြန်၍ ချုပ်ငြိမ်းမှု ကွယ်ပသော အဘာဝသို့ ရောက်ပြန်သဖြင့် ကိလေသဒုက္ခ ဖြစ်ပေါ်၍ လာပြန်ပြီ၊ ခန္ဓာဒုက္ခ ဖြစ်ပေါ်၍ လာပြန်ပြီဟု မရှိပြီ။

နိဗ္ဗာန်၏အစား သစ္စာတရားဟူသော စကားလုံးကို အသုံးပြုသည့်နေရာလည်း ရှိ၏။'သစ္စာတရားနှင့် သစ္စာတရားသို့ ရောက်စေတတ်သည့် လမ်းစဉ်ကို ငါ ဟောကြားမည်'ဟု ဗုဒ္ဓက ဟောကြားထား၏။ ဤ၌ သစ္စာတရားသည် နိဗ္ဗာန်ကို ဆိုလို၏။

ပရမတ္ထသစ္စာ ဟူသည်မှာ မည်သည့်အရာနည်း။ဗုဒ္ဓဝါဒ၏ အလိုအရ ပရမတ္ထသစ္စာကား ဤသို့ဖြစ်၏။ကမ္ဘာလောက၌ မည်သည့်အရာမျှ ထီးထီးတည်နေသည် မရှိ။ အရာဝတ္ထု အားလုံးသည် အညမည ဆက်စပ်နေ၏။ အကြောင်းနှင့် မကင်း။ အနိစ္စ ဖြစ်၏။ အဇ္ဈတ္တိက သန္တာန်၌ ဖြစ်စေ၊ ဗဟိဒ္ဓသန္တာန်၌ ဖြစ်စေ မဖောက်ပြန် မပြောင်းလဲသည့် ထာဝရ တည်တံ့နေသည့် ထီးထီး တည်နေသည့် အတ္တကဲ့သို့သော အရာဟူ၍ မရှိ။ဤကား ပရမတ္ထသစ္စာ ဖြစ်၏။ သစ္စာတရားကို နားလည်သဘောပေါက်ခြင်းသည် အရာဝတ္ထုအားလုံးကို မှောဟကင်းစွာ အဝိဇ္ဇာကင်းစွာ ယထာဘူတကျကျ မြင်ခြင်းသည် တဏှာကုန်ခန်းခြင်း ဖြစ်လေ၏။ (တဏှာက္ခယ)။ ဒုက္ခ၏ ချုပ်ငြိမ်းခြင်း ဖြစ်၏။ယင်းသည်ပင် နိဗ္ဗာန် ဖြစ်၏။[၈၆]

နိဗ္ဗာန်သည် တဏှာ ကုန်ခန်းခြင်း၏ အကျိုးတရားဖြစ်၏ဟု ယူဆလျှင် မှန်မည် မဟုတ်ပေ။နိဗ္ဗာန်သည် တစ်စုံတစ်ခုသော အရာဝတ္ထု၏ အကျိုး

၈၆။ **Walpola Rahula, What the Buddha Taught**



www.burmeseclassic.com

www.burmeseclassic.com



တရား မဟုတ်ပေ။ အကယ်၍ အကျိုးတရား ဖြစ်ပါက အကြောင်း တစ်စုံ တစ်ရာကြောင့် ဖြစ်ပေါ်လာသည့် အကျိုးအာနိသင်တစ်ခု ဖြစ်နေပေလိမ့်မည်။သင်္ခတ တရား ဖြစ်နေပေလိမ့်မည်။အကြောင်းရှိသည့်တရား ဖြစ်နေပေလိမ့်မည်။ နိဗ္ဗာန်သည် အကြောင်းလည်း မဟုတ်။ အကျိုးလည်း မဟုတ်၊ နိဗ္ဗာန်သည် ဈာန် သို့မဟုတ် သမာဓိကဲ့သို့ ဖန်တီးယူရသည့် အရာမျိုး မဟုတ်။ သင် ပြုလုပ်နိုင်သည့်အရာမှာ နိဗ္ဗာန်ကို မြင်ရုံ နားလည်ရုံသာ ဖြစ်၏။နိဗ္ဗာန်ကို သိရှိမှု မျက်မှောက်ပြုမှုသို့ ပို့သည့်လမ်းစဉ် ရှိ၏။သို့ရာတွင် နိဗ္ဗာန်သည် ယင်းလမ်းစဉ်၏ အကျိုးတရား မဟုတ်။သင်သည် လမ်းအတိုင်း သွားပါက တောင်ပေါ်သို့ ရောက်နိုင်၏။ သို့ရာတွင် တောင်သည် လမ်း၏ အကျိုးအာနိသင် မဟုတ်။ သင်သည် အလင်းရောင်ကို တွေ့မြင်နိုင်၏။ သို့ရာတွင် အလင်းရောင်သည် သင့်မျက်စိ အမြင်၏ အကျိုးအာနိသင် မဟုတ်။ [၈၇]

နိဗ္ဗာန်ရပြီးနောက် ဘာရှိသေးသနည်းဟု အချို့က မေးကြ၏။ယင်း မေးခွန်းမျိုး ပေါ်လာစရာ အကြောင်းမရှိ။ အကြောင်းမှုကား နိဗ္ဗာန်သည် အဆုံးစွန်သော သစ္စာတရား ဖြစ်သောကြောင့်တည်း။ အဆုံးစွန်သော တရား ဖြစ်သောကြောင့် နိဗ္ဗာန်၏နောက် ဘာမျှ မရှိနိုင်တော့ပေ။ အကယ်၍ နိဗ္ဗာန်၏နောက်တွင် တစ်ခုခု ရှိသေးသည်ဆိုလျှင် ယင်းတစ်ခုခုက အဆုံးစွန်သော သစ္စာတရား ဖြစ်နေပေလိမ့်မည်။ နိဗ္ဗာန်က သစ္စာတရား ဖြစ်လိမ့်မည် မဟုတ်ပေ။ [၈၈]

နိဗ္ဗာန်နှင့် ပတ်သက်၍ အမြင်မှားနေသည့် အချက်တစ်ချက်လည်း ရှိသေးသည်။ 'ဗုဒ္ဓသည် ကွယ်လွန်ပြီးနောက် နိဗ္ဗာန် သို့မဟုတ် ပရိနိဗ္ဗာန်သို့ ဝင်စံသွားပြီ' ဟူသော အသုံးအနှုန်းကြောင့် နိဗ္ဗာန်နှင့်ပတ်သက်၍ တွေးတော

၈၇။ Walpola Rahula, What the Buddha Taught

၈၈။ Walpola Rahula, What the Buddha Taught



www.burmeseclassic.com

www.burmeseclassic.com



မှန်းဆချက်များ ပေါ်ပေါက်လာပေ၏။ 'ဗုဒ္ဓသည် နိဗ္ဗာန် သို့မဟုတ် ပရိနိဗ္ဗာန် ဝင်စံသွားပြီ'ဟူသော စကားကို ကြားလိုက်ရသည့် ခဏ၌ နိဗ္ဗာန်ကို မိမိတို့ အသိထဲတွင် ရှိနေသော တည်ရှိမှု ရှိနေသည့် နေရာဒေသ သို့မဟုတ် အခြေအနေမျိုးအဖြစ် တွေးတောကြ၏။ 'ကွယ်လွန်ပြီးနောက် နိဗ္ဗာန်သို့ ဝင်ရောက်သွား၏'ဟူ၍ ပိဋကတ်၌ အသုံးမရှိချေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုသည့် ဘုရားရဟန္တာတို့ ကွယ်လွန်ခြင်းကို ညွှန်ပြသည့် 'ပရိနိဗ္ဗုတော'ဟူသော စကားလုံးကား ရှိ၏။သို့ရာတွင် ယင်းစကားလုံးမှာ 'နိဗ္ဗာန်သို့ ဝင်ရောက်သွားပြီ'ဟု မဆိုလိုပေ။ 'ပရိနိဗ္ဗုတ'ဟူသော စကားလုံးမှာ လုံးဝ ကွယ်လွန်သွားပြီ သို့မဟုတ် လုံးဝ ချုပ်ငြိမ်းသွားပြီး ဟုသာ ဆိုလိုရင်း ဖြစ်၏။ အကြောင်းမူကား ဘုရားရဟန္တာတို့သည် ကွယ်လွန်ပြီးနောက် တစ်ဖန် ပြန်လည် မွေးဖွားရမှု မရှိတော့သောကြောင့် ဖြစ်လေ၏။[၄၉]

အခြား မေးခွန်းတစ်ရပ်လည်း ရှိသေး၏။ ဘုရား ရဟန္တာတို့သည် ကွယ်လွန်ပြီးနောက် သို့မဟုတ် ပရိနိဗ္ဗာန်ပြုပြီးနောက် ဘာဖြစ်ကြသေးသနည်း။ ယင်း မေးခွန်းမှာမူ မဖြေအပ်သည့် (အဗျာကတ)မေးခွန်းမျိုး ဖြစ်လာ၏။ဝစ္ဆပရိဗိုက်အား ဗုဒ္ဓက ဤသို့ မိန့်တော်မူ၏။ 'မွေးဖွားခြင်း၊ မမွေးဖွားခြင်း ကဲ့သို့သော စကားလုံးများမှာ ရဟန္တာပုဂ္ဂိုလ်နှင့် မဆိုင်တော့ပေ။ အကြောင်းမူကား မွေးဖွားခြင်း၊ မမွေးဖွားခြင်းကဲ့သို့သော စကားလုံးများနှင့် ဆက်သွယ်နေသည့် ရုပ်၊ဝေဒနာ၊သညာ၊ သင်္ခါရ၊ ဝိညာဉ်တို့သည် လုံးဝ အမြစ်ပြတ်သွားကြပြီဖြစ်၍ ရဟန္တာပုဂ္ဂိုလ် ကွယ်လွန်သွားပြီးနောက် ဘယ်တော့မှ တစ်ဖန် ပြန်ဖြစ်မလာတော့ပေ။'[၅၀]

ပရိနိဗ္ဗာန်ပြုသွားသည့် ရဟန္တာကို ထင်းမရှိသဖြင့် ငြိမ်းသွားသည့် မီးနှင့်လည်းကောင်း၊ ဆီနှင့်မီးစာ ကုန်သဖြင့် ငြိမ်းသွားသည့် ဆီမီးနှင့်

---

၄၉။ Walpola Rahula, What the Buddha Taught

၅၀။ Walpola Rahula, What the Buddha Taught



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း ဥပမာ ပေးကြ၏။ ဤသို့ ရှင်းရှင်းလင်းလင်း သိရှိနားလည်ဖို့ လို၏။ ငြိမ်းသွားသည့် မီး သို့မဟုတ် ဆီမီးနှင့် အနှိုင်းခံရသည့် အရာမှာ နိဗ္ဗာန် မဟုတ်ပေ။ နိဗ္ဗာန်ကို မျက်မှောက်ပြုသွားသည့် ခန္ဓာငါးပါး အစုအဝေး ဖြစ်သော ပုဂ္ဂိုလ်သာ ဖြစ်ပေ၏။ ၆၁

ထေရဝါဒ အစဉ်အလာအရ နိဗ္ဗာန်သည် သဉပါဒိသေသ နိဗ္ဗာန်နှင့် အနုပါဒိသေသ နိဗ္ဗာန်ဟူ၍ နှစ်မျိုးနှစ်စား ရှိ၏။လောဘ အစရှိသော ကိလေသာ ဆယ်ပါး ချုပ်ငြိမ်းသွားခြင်းကို သဉပါဒိသေသ နိဗ္ဗာန်ဟု ခေါ်သည်။ဗုဒ္ဓ၏တရား ဓမ္မသည် 'ဧဟိ ပဿိက ဓမ္မ' ဖြစ်သည့်အတိုင်း နိဗ္ဗာန် သည်လည်း 'ဧဟိ ပဿိက ဓမ္မ' ဖြစ်လေ၏။မျက်မှောက်ဘဝ၌ပင် လက်တွေ့ သိရသော တရားဓမ္မ ဖြစ်သည်ဟု ဆိုလိုသည်။ သဉပါဒိသေသ နိဗ္ဗာန် သည် မျက်မှောက်ဘဝ၏ နိဗ္ဗာန် ဖြစ်လေသည်။ အနုပါဒိသေသ နိဗ္ဗာန်သည် တမလွန်ဘဝ၏ နိဗ္ဗာန် ဖြစ်လေ၏။ သဉပါဒိသေသ နိဗ္ဗာန်ကို နိဗ္ဗာန်ဟု လည်းကောင်း၊အနုပါဒိသေသ နိဗ္ဗာန်ကို ပရိနိဗ္ဗာန်ဟု လည်းကောင်း ခေါ်ဆိုနိုင်၏။သဉပါဒိသေသ နိဗ္ဗာန်သည် မျက်မှောက်ဘဝနှင့် ဆက်စပ် နေသည်။အနုပါဒိသေသ နိဗ္ဗာန်သည် တမလွန်ဘဝနှင့် ဆက်စပ်နေသည်။ သဉပါဒိသေသ နိဗ္ဗာန်ကို ရရှိရေးအတွက် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ရဟန္တာ ဟူ၍ အဆင့်လေးဆင့် ရှိလေသည်။အနုပါဒိသေသ နိဗ္ဗာန်ကို ကား ဆီးမီးရောင် ငြိမ်းသွားခြင်းနှင့် နှိုင်းခိုင်း ဥပမာပေးနိုင်၏။ရတနသုတ် ၌လည်း ဤသို့ ဆိုထား၏။'အဟောင်းဖြစ်သည့် (ကံ)သည် ကုန်ဆုံးသွားပြီး အသစ် ထပ်မံ မဖြစ်တော့။ ပဋိသန္ဓေ တစ်ဖန် ပြန်နေရမှု၌ စိတ်ငြီးငွေ့ သွား၏။ ပဋိသန္ဓေ တစ်ဖန် နေရခြင်း မျိုးစေ့တို့သည် အားလုံး ပျက်စီး ပျောက်ကွယ် သွားကြ၏။ မည်သည့် အာသာဆန္ဒမျှ မကျန်တော့ပေ။ ယင်း ပညာရှင်တို့သည် ဆီမီးကဲ့သို့ ငြိမ်းသွားကြလေကုန်၏။' ဤသို့ လောဘ၊

၆၁။ Walpola Rahula, What the Buddha Taught



www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၊ မောဟ ငြိမ်းသွားခြင်းကို ဆီမီးငြိမ်းသွားခြင်းနှင့် ဥပမာ ပေးထားသည်။ လောဘ၊ ဒေါသ၊ မောဟ ငြိမ်းသွားသည်ဖြစ်၍ နောင်တစ်ဘဝတွင် ပဋိသန္ဓေ နေဖို့ရန်အတွက် အကြောင်း မရှိတော့။ အနုပါဒိသေသ နိဗ္ဗာန်သည် ထုတ်ဖော်ပြောပြ၍ မဖြစ်သည့် အခြေအနေ ဖြစ်သည်။ ပင်လယ် သမုဒ္ဒရာကဲ့သို့ နက်ရှိုင်းလှသည်။ထောက်၍ မရ။ ယင်းသဘောကို ဘိက္ခုနီခေမာသည် ကောသလဘုရင်အား ပြောပြဖူးသည်။အာနန္ဒာသည်လည်း တစ်ခါက ယမကာ ရဟန်း၏ ဗုဒ္ဓသည် ပရိနိဗ္ဗာန်စံပြီးနောက် မရှိတော့ ဟူသော အယူမှားကို ဖယ်ရှားခဲ့ဖူးသည်။ ဗုဒ္ဓ ကိုယ်တော်တိုင်ကလည်း ယင်းအချက်များမှာ ထုတ်ဖော်ပြောပြ၍ မဖြစ်သည့် အချက်များ ဖြစ်ကြောင်း၊ မသိအပ်သည့် အရာများဖြစ်ကြောင်း မိန့်တော်မူဖူးသည်။ [၆၂] စကားဖြင့် ထုတ်ဖော်ပြောပြ၍ မရသည့် နိဗ္ဗာန်၏ သဘောကို ပိဋကထဲ၌ အကြိမ်များစွာ ထုတ်ဖော်ပြောပြထားလေသည်။

နိဗ္ဗာန်အကြောင်းပြောလျှင် 'မိလိန္ဒပဉှာ' နှင့် 'ဝိသုဒ္ဓိမဂ်' တို့၌ ပါရှိသည့် အချက်များကို ခြွင်းချန်ထားခဲ့၍ ရမည် မဟုတ်ပေ။မိလိန္ဒပဉှာ၌ နိဗ္ဗာန်နှင့် စပ်လျဉ်း၍ အကျယ်တဝင့် ဆွေးနွေးထားပေသည်။ ချုပ်ငြိမ်းသွားခြင်းသည် နိဗ္ဗာန်ဖြစ်၏ဟု ပြတ်ပြတ်သားသား ဆိုထားသည်။ ကမ္ဘာလောကရှိ အသိဉာဏ်ပညာမဲ့သည့် ပုဂ္ဂိုလ်များသည် ကာမဂုဏ်အာရုံတို့ကို ခံစားကြသည်ဖြစ်၍ ဒုက္ခအမျိုးမျိုးကို တွေ့ကြုံကြရ၏။အသိပညာနှင့် ပြည့်စုံသည့် သူတော်စင်များကမူ ကာမဂုဏ် အာရုံတို့ကို ရှောင်ကြသည်ဖြစ်၍ သူတို့၏ တဏှာသည် ချုပ်ငြိမ်းသွားကြသည်။ တဏှာ ချုပ်ငြိမ်းသွားသည်ဖြစ်၍ ဥပါဒါန်နှင့် ဘဝ ချုပ်ငြိမ်းသွားသည်။ဘဝ ချုပ်ငြိမ်းခြင်းကြောင့် ဇာတိ ချုပ်ငြိမ်းသွားသည်။ ဇာတိ ချုပ်ငြိမ်းသည်နှင့် တစ်ပြိုင်နက် ဒုက္ခဟူသမျှ ရပ်သွားလေသည်။ယင်းသို့အားဖြင့် တဏှာ အစရှိသည့် ငါလေ

၆၂။အဗျာကတဒွါရမသုတ်



www.burmeseclassic.com

www.burmeseclassic.com



သာများ ချုပ်ငြိမ်းသွားခြင်းသည်ပင် နိဗ္ဗာန် ဖြစ်လေသည်။ရှင်နာဂသိန်၏ အလိုအရ နိဗ္ဗာန်၏နောက်တွင် ပုဂ္ဂိုလ်သဘောသည် အချင်းခပ်သိမ်း ပျောက်ပျက် သွားလေတော့သည်။တောက်နေသော မီးကို ငြိမ်းသွားသည် နှင့် တစ်ပြိုင်နက် မမြင် ရတော့သကဲ့သို့ ထိုနည်းအတိုင်း နိဗ္ဗာန် ရရှိပြီးသည့် နောက်၌ကား ထိုပုဂ္ဂိုလ်ကို မမြင်ရတော့ပေ။ အကြောင်းမူကား ထိုသူ၏ ပုဂ္ဂလ သဘောကို ဆက်လက်ဖြစ်စေရန်အတွက် ဘာမျှ မကျန်တော့သည့် အတွက်ကြောင့် ဖြစ်၏။

ကမ္ဘာလောက၌ ဖြစ်ပေါ်လာသည့် အရာဝတ္ထုများ၏ ထူးခြားချက် မှာ အချို့မှာ ကံကြောင့် ဖြစ်ပေါ်လာပြီး အချို့မှာ အကြောင်းတရားကြောင့် လည်းကောင်း၊ ဥတုကြောင့် လည်းကောင်း ဖြစ်ပေါ်လာကြခြင်း ဖြစ်လေ၏။ နိဗ္ဗာန်ကား ထိုကဲ့သို့ ကံကြောင့်လည်းကောင်း၊အကြောင်းတရားကြောင့် လည်းကောင်း၊ ဥတုကြောင့် လည်းကောင်း ဖြစ်ပေါ်လာသည့်အရာ မဟုတ် ပေ။နိဗ္ဗာန်သည် အကြောင်းတရား ကင်းသော၊ ကာလသုံးပါးကို လွန်သော၊ ဣန္ဒြေတို့မှ အပ ဖြစ်သော ပြောပြ၍ မရစကောင်းသည့် အရာ ဖြစ်သည်။ ယင်းကို စင်ကြယ်မြင့်မြတ်သော အသိဉာဏ်ဖြင့်သာ သိမြင်နိုင်ပေ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုရန် နည်းလမ်းရှိ၏။သို့ရာတွင် နိဗ္ဗာန်ကို ဖြစ်ပေါ် စေရန်အတွက် မည်သည့်နည်းလမ်းမျှ မရှိပေ။ မည်သည့်ပုဂ္ဂိုလ်မဆို မိမိ၏ သဘာဝစွမ်းအားဖြင့် ဟိမဝန္တာတောင်ကို တက်နိုင်၏။သို့ရာတွင် ဘယ် လောက် ကြိုးကြိုးစားစား ဟိမဝန္တာတောင်ကို တစ်နေရာမှ တစ်နေရာသို့ ရွှေ့ပြောင်းခြင်းငှာ မစွမ်းနိုင်ပေ။မည်သည့် ပုဂ္ဂိုလ်မဆို လှေသင်္ဘောစီးလျက် ပင်လယ်သမုဒ္ဒရာ၏ ဤမှာဖက်ကမ်းမှ ဟိုမှာဖက်ကမ်းသို့ ကူးသွားနိုင်သည်။ သို့ရာတွင် ဘယ်လောက် ကြိုးစားအားထုတ်စေကာမူ ဟိုမှာ ဖက်ကမ်းကို ဤမှာဖက်ကမ်းသို့ ရောက်အောင် မယူဆောင်နိုင်ပေ။နိဗ္ဗာန်၏ အခြေအနေ သည်လည်း ထိုနည်းအတိုင်းပင် ဖြစ်လေသည်။ နိဗ္ဗာန်ကို မျက်မှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြနိုင်သည့် နည်းလမ်းကို ပြောပြနိုင်၏။သို့ရာတွင် နိဗ္ဗာန်ကို ဖြစ်စေတတ်သည့် အကြောင်းတရားကိုမူ မည်သူမျှ ပြောမပြနိုင်ပေ။အကြောင်းမှာ နိဗ္ဗာန်သည် ဒြပ်ကင်းသောကြောင့် ဖြစ်၏။နိဗ္ဗာန် ဖြစ်ပေါ်လာမှုနှင့် ပတ်သက်၍ ပြဿနာဖြစ်စရာ မရှိပေ။ အကြောင်းမှုကား နိဗ္ဗာန်သည် အတိတ်၊ ပစ္စုပ္ပန်၊အနာဂတ် ဟူသည့် ကာလသုံးပါးမှ အပ ဖြစ်သောကြောင့်တည်း။ မမြင်ရသော်လည်း၊ ဣန္ဒြေ သို့မဟုတ် ဒွါရအားဖြင့် မသိရှိရသော်လည်း နိဗ္ဗာန်၌ စွမ်းရည်သတ္တိမှုကား ရှိ၏။ အရဟတ္တမဂ် အရဟတ္တဖိုလ် အဆင့်ကို ရရှိသည့် ရဟန်းသည် စင်ကြယ် မြင့်မြတ်သော စိတ်ဖြင့် နိဗ္ဗာန်ကို တွေ့မြင် သိရှိနိုင်၏။

နိဗ္ဗာန်တည်ရာအရပ် ရှိမရှိနှင့် ပတ်သက်၍လည်း မိလိန္ဒပဉှာ၌ ဖော်ပြထားသည်။နိဗ္ဗာန် တည်ရာအရပ် မရှိသော်လည်း နိဗ္ဗာန်သည် ရှိ၏။ နိဗ္ဗာန်ကို မျက်မှောက်ပြုသည်ဟူသော စကားသည်လည်း မှန်၏။ ဥပမာအားဖြင့် မီးပွတ်သောသူသည် သစ်သားနှစ်ခုကို ပွတ်သည်ရှိသော် မီးကို ရ၏။ထိုမီး၏ တည်ရှိနေနှင့်သော တည်ရာအရပ် ဟူ၍ မရှိ။ထို့အတူ တည်ရာအရပ် မရှိသော်လည်း နိဗ္ဗာန်သည် ရှိ၏။ဝိပဿနာတရားကို အားထုတ်သော သူတို့သည် နိဗ္ဗာန်ကို မျက်မှောက်ပြုရသည်။

ရှင်နာဂသိန်သည် နိဗ္ဗာန်၏ အခြေအနေနှင့် စပ်လျဉ်း၍လည်း အကျယ်တဝင့် တင်ပြထားသည်။ မိလိန္ဒမင်းကြီးသည် နိဗ္ဗာန်၌ ဒုက္ခ အနည်းနှင့်အများ ရှိ၏ ဟု ထင်မှတ်ယူဆ၏။ အကြောင်းမှုကား နိဗ္ဗာန်ကို ရှာမှီးသူတို့သည် ချုပ်တည်း နှိပ်ကွပ်မှု အမျိုးမျိုးဖြင့် မိမိတို့၏ ကိုယ်နှုတ်နှလုံးကို ညှဉ်းပန်းရသောကြောင့် ဖြစ်၏။လောကနှင့် အဆက်အသွယ်ဖြတ်လျက် ဣန္ဒြေများကို လည်းကောင်း၊ စိတ်အတွင်းမှ ဆန္ဒကိုလည်းကောင်း ဖိနှိပ်သတ် ဖြတ်ပြီးလျှင် ပိတ်ပင်တားဆီး ရလေ၏။ သို့ဖြစ်၍ ကိုယ်ကာယသည် လည်းကောင်း၊ စိတ်သည်လည်းကောင်း ဒုက္ခ တွေ့ရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် နိဗ္ဗာန်သည် ဒုက္ခနှင့် စပ်နေသည်ဟု မိလိန္ဒမင်းကြီး အယူရှိသည်။ ယင်းအချက်နှင့် စပ်လျဉ်း၍ ရှင်နာဂသိန်က ရှင်းလင်းထားသည်။ နိဗ္ဗာန်၌ ဒုက္ခဟူ၍ စိုးစဉ်းမျှ မရှိ။သုခ အတိသာလျှင် ဖြစ်၏။ထိုးနန်းစည်းစိမ်ကို ရရှိရေး၌ ဆင်းရဲဒုက္ခ အမျိုးမျိုးခံရ၏။သို့ရာတွင် ထီးနန်းစည်းစိမ်ကို ရရှိခြင်း ကိုယ်တိုင်ကမူ ဆင်းရဲဒုက္ခ မဟုတ်ပေ။ထိုနည်းတူစွာ နိဗ္ဗာန်ရရှိအောင် အားထုတ်ရာ၌မူ ဆင်းရဲဒုက္ခ ရှိသည် မှန်သော်လည်း နိဗ္ဗာန်ကိုယ်တိုင်၌မူ ဆင်းရဲဒုက္ခဟူ၍ မရှိပေ။ နိဗ္ဗာန်သည် ပင်လယ်သမုဒ္ဒရာကဲ့သို့ အနန္တ ဖြစ်၏။ ကြာပွင့်ကဲ့သို့ ကိလေသာ တည်းဟူသော အညစ်အကြေးများ ကပ်ငြိခြင်း မရှိ။ရေကဲ့သို့ ကိလေသာ အပူမီး ဟူသမျှကို ငြိမ်းအောင် လုပ်၏။ကာမတဏှာ၊ဘဝတဏှာ၊ဝိဘဝတဏှာ တပ်မက်မှုကို ဖယ်ရှားပစ်၏။ အာကာသ ကောင်းကင်ကဲ့သို့ ဆယ်ပါးသော ဂုဏ်အင်္ဂါနှင့် ပြည့်စုံ၏။ ပေါက်ဖွား ဖြစ်ပေါ်လာခြင်းလည်း မရှိ။ဟောင်းနွမ်းသွားခြင်းလည်း မရှိ။ သေခြင်းလည်း မရှိ။ သွားခြင်း လာခြင်းလည်း မရှိ။ မသိအပ် မသိရသည့် အရာ ဖြစ်၏။ စင်ကြယ် သန့်ပြန့်၏။အဆုံး အပိုင်းအခြား မရှိ။ လမ်းကောင်း လမ်းမြတ်ပေါ်တွင် လျှောက်သွားလျက် သင်္ခါရတရား ဟူသမျှကို အနိစ္စ၊ဒုက္ခ၊ အနတ္တဟု ရှုသော မည်သည့်ပုဂ္ဂိုလ်မဆို နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်၏။ မည်သည့်အရပ် မည်သည့်နေရာ၌ နိဗ္ဗာန်ရှိ၏ဟု ညွှန်ပြ၍လည်း မရ၊ အဿဃောသကလည်း ဤသို့ ဆိုထား၏။ 'ငြိမ်းသွားသော ဆီမီးသည် ပထဝီမြေကြီးသို့လည်း ရောက်မသွား။ ကောင်းကင်သို့လည်း ရောက်မသွား။ မည်သည့် အရပ်မျက်နှာသို့မှလည်း ရောက်မသွား။ ဆီကုန်ခန်းသွားသောကြောင့် ငြိမ်းသွားခြင်းသာ ဖြစ်၏။ ထိုနည်းတူစွာ ပညာနှင့်ပြည့်စုံသည့် ပုဂ္ဂိုလ်သည် ပထဝီမြေကြီးသို့လည်း ရောက်မသွား။ ကောင်းကင်သို့လည်း ရောက်မသွား။မည်သည့် အရပ်မျက်နှာသို့မှလည်း ရောက်မသွား။ ကိလေသာ ကုန်ခန်းသွားခြင်းကြောင့် ငြိမ်းချမ်းသွားခြင်းသာ ဖြစ်လေ၏။'[၆၃]

၆၃။ အဿဃောသ, သုန္ဒရာနန္ဒ



www.burmeseclassic.com

ရှင်ဗုဒ္ဓဃောသ၏ နိဗ္ဗာန်အကြောင်း သိကောင်းစရာလည်း စိတ်ဝင်စားစရာ ဖြစ်၏။ရှင်ဗုဒ္ဓဃောသက နိဗ္ဗာန်ကို 'သန္တိလက္ခဏာ' ဟု ဆိုထားသည်။နိဗ္ဗာန်၏ လက္ခဏာသည် ငြိမ်းချမ်းခြင်းဖြစ်၏ဟု ဆိုလိုသည်။ နိဗ္ဗာန်သည် ယုန်ချိုကဲ့သို့ မရှိသည့်အရာ မဟုတ်[၉၄] ဟုလည်း ဆိုထားသည်။ နိဗ္ဗာန်သည် ရှိသည့်အရာ ဖြစ်၏။ နည်းလမ်းဉပါယ်အားဖြင့် နိဗ္ဗာန်ကို ရရှိနိုင်၏။နိဗ္ဗာန်နှင့် လျော်ညီသည့် နည်းလမ်း ဉပါယ်ကို အသုံးပြုက နိဗ္ဗာန်ကို ရရှိနိုင်သည်။သို့ဖြစ်၍ နိဗ္ဗာန်သည် မရှိသည့်အရာ မဟုတ်ပေ။အကယ်၍ နိဗ္ဗာန် မရှိပါက အရိယာအဋ္ဌင်္ဂိကမဂ္ဂ၊သီလ၊ သမာဓိ၊ပညာတို့ကို ကျင့်ကြံအားထုတ်ခြင်းသည် အချည်းနှီး အလဟဿ ဖြစ်ရပေလိမ့်မည်။[၉၅] အရိယာမဂ်(ဗုဒ္ဓတရား) အကျိုးရှိရန်၊အဓိပ္ပာယ် ရှိရန်အတွက် နိဗ္ဗာန်သည် အရှိ သဘောတရားဖြစ်ဖို့ လိုအပ်ပေ၏။ပရမတ် သဘောအရ ဒုက္ခချုပ်ငြိမ်းခြင်း တည်းဟူသော အရိယာ သစ္စာတရားသည်ပင်လျှင် နိဗ္ဗာန် မည်ပေ၏။[၉၆] ဤကား ထေရဝါဒ အစဉ်အလာအရ နိဗ္ဗာန်ကို ယူဆပုံ ယူဆနည်းများ ဖြစ်ပေ၏။ မဟာယာန ဗုဒ္ဓဘာသာ၏ နိဗ္ဗာန် အယူအဆမှာမူ ထေရဝါဒ အယူအဆနှင့် မတူပေ။ဤ၌ မဟာယာန ဗုဒ္ဓဘာသာ၏ နိဗ္ဗာန် အယူအဆကို ရေးမပြတော့ပေ။

နိဗ္ဗာန်ဟူသည်မှာ မည်သည့်အရာ ဖြစ်သနည်း။ကျမ်းစာအုပ်ပေါင်း အမြောက်အမြား ရေးသားပြီး ယင်းမေးခွန်းကို ဖြေဆိုကြ၏။သို့ရာတွင် ယင်းအဖြေများမှာ မေးခွန်းကို ဖြေရှင်းသည်ထက် ပို၍ ရှုပ်ထွေးသွားအောင် ပြုလုပ်ကြသည်က များ၏။ယင်းမေးခွန်းနှင့် ပတ်သက်၍ သဘာဝ အကျဆုံး ယုတ္တိအရှိဆုံး အဖြေမှာ ယင်းမေးခွန်းကို စကားလုံးဖြင့် ဘဝင်ကျသွားလောက်အောင် အတိအကျ အပြည့်အဝ ဖြေဆို၍မရ ဟူသောအဖြေ ဖြစ်လေသည်။အကြောင်းမူကား လူ့စကားလုံးများသည် အဆုံးစွန်သော သစ္စာ

၉၄။နဝေ္တ္တာ နိဗ္ဗာနံ သသ ဝိသာဏ မိဝ(ဝိသုဒ္ဓိမဂ်)
၉၅။ဝိသုဒ္ဓိမဂ် ၉၆။ဝိသုဒ္ဓိမဂ်

www.burmeseclassic.com



တရားဖြစ်သည့် နိဗ္ဗာန်၏ သဘာဝအမှန်ကို ထုတ်ပြရန်အတွက် လုံလောက်ခြင်း၊ကြွယ်ဝခြင်း မရှိသောကြောင့်တည်း။ လူတို့သည် မိမိတို့၏ ဒွါရ၊ မိမိတို့၏ စိတ်ဖြင့် တွေ့ကြုံသိရှိသည့် အရာဝတ္ထုများနှင့် အတွေးအကြံများကို ထုတ်ဖော်ပြောပြရန် စကားလုံးများကို ဖန်တီးကြသည်။ အသုံးပြုကြသည်။ နိဗ္ဗာန်ကို တွေ့ကြုံသိရှိသည့် လောကုတ္တရာ အသိကား ထိုကဲ့သို့သော အတွေ့အကြုံမျိုး မဟုတ်ပေ။ထို့ကြောင့် အတွေ့အကြုံကို ထုတ်ဖော်ပြောပြရန် အတွက် စကားလုံး မရှိခြင်း ဖြစ်လေသည်။ဥပမာအားဖြင့် ငါး၌ ကုန်းမြေ၏ သဘာဝကို ပြောပြရန် စကာလုံး မရှိသကဲ့သို့တည်း။မိကျောင်းက သူ့မိတ်ဆွေ ငါးအား သူ ကုန်းပေါ်က လျှောက်ပြီး ရေကန်ကို ပြန်လာခဲ့သည် ဆိုသည့်အကြောင်းကို ပြောပြ၏။'သင် ကုန်းပေါ်မှာ ရေကူးခဲ့သလား'ဟု ငါးက မေး၏။ကုန်းပေါ်မှာ ရေကူး၍ မရဘဲ လမ်းလျှောက်၍သာ ရကြောင်း၊ ကုန်းမြေမှာ မာသောအရာ ဖြစ်ကြောင်းကို ကြိုးစား၍ မိကျောင်းက ရှင်းလင်းပြောပြ၏။သို့ရာတွင် ငါးက 'သင်ပြောသလို မဖြစ်နိုင်ပါဘူး၊ ကုန်းမြေဟာ ရေကန်လို ရေပဲ ဖြစ်မှာပဲ၊ကုန်းမြေမှာ ရေငုပ်လို့ ရေကူးလို့ ရမှာပဲ' ဟု ဇွတ်အတင်း ပြောနေ၏။ထို ဥပမာအတိုင်း ဖြစ်လေသည်။[၅၇]

လောက၌ နေ၊လ၊နက္ခတ်တာရာတို့၏ ရှိမှု မရှိမှုနှင့် ပတ်သက်၍ ပြောဆိုခြင်းသည် သူကန်းတို့၏ အရာမဟုတ်။သူကန်းတို့ မမြင်သည့်အတွက် နေ၊လ၊ နက္ခတ်တာရာတို့ကို မရှိဟု မယူဆအပ်။နေ၏ သဏ္ဌာန်ကား ဤသို့တည်း။လ၏ သဏ္ဌာန်ကား ဤသို့တည်း။နေ၏ အရောင်အဝါကား ဤသို့တည်း။လ၏ အရောင်အဝါကား ဤသို့တည်းဟု သူကန်းတို့ ပြောဆိုကြသော်လည်း ထိုစကားသည် ရယ်ဖွယ်သာ ဖြစ်၏။ထို့အတူ ခန္ဓာ၊အာယတန၊ဓာတ်၊ပဋိစ္စသမုပ္ပါဒ်တို့၌ ဉာဏ်အမြင်မရှိသော ပုထုဇဉ်သည် ဗာလပုထုဇဉ် ဖြစ်၏။နိဗ္ဗာန်သည် ဗာလ ပုထုဇဉ်တို့၏ အရာမဟုတ်။[၅၈]

[၅၇]။ **Walpola Rahula, What the Buddha Taught**

[၅၈]။ လယ်တီဆရာတော်၊နိဗ္ဗာနဒီပနီ



www.burmeseclassic.com

www.burmeseclassic.com



နိဗ္ဗာန်သည် 'အတက္ကာဝစရ' ဖြစ်၏။တွေးခေါ်ကြံဆ၍ သိရသည့် အရာ မဟုတ်။သို့ရာတွင် နိဗ္ဗာန်နှင့်ပတ်သက်၍ ဆွေးနွေးကြသည့်၊ ငြင်းခုန်ကြသည့်၊ ထင်မြင်ချက်ပေးကြသည့် အသံများမှာမူ ဆူညံနေသည်။ သူငယ်တန်း၌ ကျောင်းတက်နေသည့် သူငယ်သည် အိန်စတိုင်း၏ ***'ရီလေး တစ်ဗစ်တီ သီယိုရီ'*** ခေါ်သည့် သာပေက္ခ ဝါဒကို သိရှိနားလည်ရန် အလုပ်ရှုပ်နေစရာ မလို။မိမိ၏စာကို လုံ့လ ဝီရိယဖြင့် ကြိုးစားအားထုတ်ပါက တစ်နေ့သောအခါကျလျှင် သိရှိနားလည် လာပေလိမ့်မည်။နိဗ္ဗာန်သည် ပညာနှင့်ပြည့်စုံသူ အနေဖြင့် မိမိကိုယ်တွင် သိရှိနားလည် သဘောပေါက်ရမည့်အရာ ဖြစ်သည်။(ပစ္စတ္တံ ဝေဒိတဗ္ဗော ဝိညူဟိ)အရိယ အဋ္ဌင်္ဂိက လမ်းစဉ်အတိုင်း လုံ့လ ဥဿာဟဖြင့် ကျင့်ကြံသွားပါက တစ်နေ့တွင် မျက်မှောက်ပြုနိုင်ပေလိမ့်မည်။[၆၆] ဤသို့ ပညာရှင်များက ရေးသားထားကြသည်။

---

၆၆။ Walpola Rahula, What the Buddha Taught

www.burmeseclassic.com

www.burmeseclassic.com

# နိဗ္ဗာန်

[ ဗုဒ္ဓဘာသာ စိတ်ပညာဝတ္ထု ]

ပေါလ်ကေရပ်

## စကားချီး

သကျသာကီနွယ်တို့၏ မဟာသမဏ ဖြစ်တော်မူသော ရှင်တော်ဗုဒ္ဓသည် အတိုင်းတိုင်း အပြည်ပြည်တွင် ဒေသစာရီ ကြွချီနေချိန်ဖြစ်သည်။ ဂင်္ဂါမြစ်ဝှမ်းတစ်လျှောက်၌ ဗုဒ္ဓ၏ ဂုဏ်သတင်းသည် ပျံ့နှံ့ ကျော်ကြားနေလေ၏။လူတိုင်းလူတိုင်းသည် မိမိတို့၏ မိတ်ဆွေ သင်္ဂဟ တစ်ဦးဦးကို တွေ့ရသည့်အခါ ဝမ်းပန်းတသာ ဤသို့သော နှုတ်ဆက်စကားကို ပြောကြားနေလေ၏။

'ရောင်းရင်း၊သတင်းကောင်းကို ကြားပြီးပြီလော၊လူ နတ် ဗြဟ္မာတို့၏ ဆရာအရှင် ဖြစ်သည့် ရှင်တော်ဗုဒ္ဓသည် လူသိရှင်ကြား ပွင့်ထွန်းတော်မူလာပြီး ကျုပ်တို့ ပြည်သူလူထု၏ အကြားတွင် ဒေသစာရီ ကြွချီနေတော်မူသည်။ကျုပ် သူ့ကို ဖူးတွေ့ခဲ့ရပြီး သူ ဟောကြားသည့် ဓမ္မကို ကိုးကွယ်ဆည်းကပ်လာခဲ့ပြီ။အသင်လည်း သူ့ထံသွားပြီး သူ့ဘုန်းဂုဏ်ကို ကိုယ်တိုင်ကိုယ်ကျ ကြည့်စမ်းလော့။သူ၏ မျက်နှာတော်ဝန်းသည် တက်သစ်စ နေကဲ့သို့ ကျက်သရေ ရှိလှပေသည်။သူ၏ ကိုယ်ကာယသည် ဂူအတွင်းမှ ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာသည့် ခြသေ့်ပျိုပမာ သန်မာ ထွားကျိုင်းလှပေသည်။တရား ဒေသနာကို ဟောကြားရန် နှုတ်ခမ်းတော်ကို ဟလိုက်သည့်အခါ စကားလုံးများသည် သူ၏ နှုတ်တော်မှ ဂီတသံကဲ့သို့ ထွက်ပေါ်လာကြသည်။ သူ့ တရားတော်ကို နာကြားသူတိုင်းသည် သူ့ကို ကြည်ညိုမြတ်နိုး သွားကြသည်။ မဂဓနှင့် ကောသလတိုင်းမှ ဘုရင်များသည် လည်းကောင်း အခြား တိုင်းနိုင်ငံများမှ ဘုရင်ကေရာဇ်များသည် လည်းကောင်း သူ၏ တရားဓမ္မကို ကြားနာရသည် ဖြစ်၍ သူ့ကို ကြည်ညိုသွားကြပြီးလျှင် သူ၏ တပည့်တကာ ဖြစ်သွားကြလေပြီ။ ရှင်တော် ဗုဒ္ဓသည် ကမ္ဘာလောက၏ အရှုပ်အထွေးများကို ဖြေရှင်းပေးတော်မူသည်။ ဘဝ ပြဿနာများကိုလည်း သိရှိ နားလည်တော်မူသည်။ ဘဝဆိုသည်မှာ ဒုက္ခသာ ဖြစ်၏ ဟု ဟောကြားတော်မူသည်။သို့သော်လည်း သူသည် ဒုက္ခ၏ ဇာစ်မြစ်နှင့် ဒုက္ခမှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းနည်းလမ်းကိုလည်း သိရှိနားလည်တော်မူသည်။လွတ်မြောက်ငြိမ်းချမ်းမှုတည်းဟူသော နိဗ္ဗာန်ကို မြင့်မြတ်မှန်ကန်သည့် လမ်းမအတိုင်း လျှောက်သွားခြင်းအားဖြင့် ရရှိနိုင်၏ ဟုလည်း မိမိ၏ တပည့်များအား ဟောကြားတော်မူသည်။'

www.burmeseclassic.com

www.burmeseclassic.com

## လယ်သမား ဗြာဟ္မဏလုလင်

အဝန္တိတိုင်း ကုဒုရဃာရ[၁] နိဂုမ်းအနီးရှိ လယ်ကွင်းထဲ၌ သုဒတ္တအမည်ရှိ ထွားကျိုင်းသည့် ဗြာဟ္မဏ လုလင်တစ်ဦးသည် မြေရှင်သုဘူတိအပိုင် လယ်မြေထဲတွင် လယ်ထွန်နေလေ၏။ ထိုလယ်မြေကို ပိုင်သည့် လယ်ပိုင်ရှင် သုဘူတိကို ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်ခြင်းကြောင့် လည်းကောင်း၊ ကျေးရွာမှုခင်းများကို တရားစီရင်ရန်နှင့် တရားခံများကို အပြစ်ဒဏ်ပေးရန်အတွက် ဘုရင်မင်းကြီး ခန့်ထားသည့် ကျေးရွာ တရားသူကြီးတစ်ဦး ဖြစ်ခြင်းကြောင့် လည်းကောင်း ကျေးရွာလူထုက မဟာသုဘူတိဟု ခေါ်ကြလေသည်။

သုဒတ္တသည် လယ်ထွန်ရင်း တေးတကြော်ကြော် အော်ဆိုပြီး အပျော်ကြီး ပျော်နေလေသည်။ ယင်းသို့ အူမြူးနေရခြင်းအတွက် လုံလောက်သော အကြောင်းကလည်း ရှိနေသည်။ ကျေးရွာမှူး မဟာသုဘူတိသည် သူ့ကို သားမက်အဖြစ် ရွေးချယ်ထားပြီး ဖြစ်လေသည်။ ရိုးရာဓလေ့အရ သုဒတ္တလုလင်သည် သတို့သမီးအား မြေစိုင်ခဲ လေးခဲကို ပေးလေသည်။ ပထမ မြေစိုင်ခဲ၌ မျိုးစေ့များ ပါ၏။ ဒုတိယ မြေစိုင်ခဲမှာ နွားတင်းကုပ်ထဲက ဖြစ်၏။ တတိယမြေစိုင်ခဲ၌ ယဇ်ပလ္လင်မှ ဖုန်မှုန့်များ ပါ၏။ စတုတ္ထ မြေစိုင်ခဲမှာမူ သုသာန်မှ ယူလာခဲ့သည့် မြေကြီးဖြစ်၏။ သတို့သမီးသည် သုသာန်မှ

၁။ ကုဒုရဃာရသည် ဗုဒ္ဓဃောသနှင့် အခြားကျမ်းဆရာများ၏ ကျမ်းများ၌ ပေါ်ပြူပါရှိ၏။ မဟာဝဂ္ဂ၌ ကုရရဃရဟု အသံထွက်ထား၏။ အဝန္တီသည် ယခုခေတ် ဝိန္ဓယာတောင်၏ မြောက်ဘက်နှင့် ဂင်္ဂါမြစ် အလယ်လမ်းကြောင်း၏ အနောက်တောင်ဘက်ရှိ မလဝတိုင်း ဖြစ်၏။

www.burmeseclassic.com



ယူလာခဲ့သည့် မြေကြီးကို လက်နှင့် ထိရုံပင် မထိပေ။ ထိုမြေကြီးကား အတိတ်ဆိုး နိမိတ်ဆိုး၏ အမှတ်လက္ခဏာ ဖြစ်သည်။သတို့သမီး ရွေးချယ်လိုက်သည့် မြေစိုင်ခဲကား ယဇ်ပလ္လင်က ဖုန်မှုန့်များပါသည့် မြေစိုင်ခဲ ဖြစ်လေသည်။အဓိပ္ပာယ်ကား သတို့သမီး၏ သားသမီးများသည် ထင်ရှားကျော်ကြားသော ရဟန်း သမဏများ၊ ကိုယ်ကျိုးစွန့်လွှတ်သူများ ဖြစ်လိမ့်မည်ဟူသော အတိတ်နိမိတ် ဖြစ်လေ၏။ယင်းအချက်သည် အလိုလားအပ်ဆုံးသော၊ အမြင့်မြတ်ဆုံးသော ကံကောင်းထောက်မ,ချက် ဖြစ်၏ဟု သုဒတ္တက ထင်မှတ်ယူဆလေသည်။ဆန်စပါး အထွက်များခြင်းနှင့် ကျွဲနွားကောင်ရေတိုးပွားများပြားလာခြင်းသည် ကြီးမားသော ကံအကျိုးပေး ဖြစ်ပါ၏။ သို့ရာတွင် ယင်းလောကီပစ္စည်း အားလုံးသည် ဘာသာတရား၏ အမွေအနှစ်နှင့် နှိုင်းစာလိုက်ပါက ဘာမျှ တန်ဖိုးမရှိ။ယင်းသို့ တွေးတောဆင်ခြင်မိသည်ဖြစ်၍ သုဒတ္တသည် တေးတကြော်ကြော် အော်ဆိုနေခြင်း ဖြစ်သည်။ အပျော်ကြီး ပျော်နေခြင်း ဖြစ်သည်။ချို့မြသော သောမ သေရည် ယစ်မူးနေသည့် သိကြားမင်းကဲ့သို့ပင် များးစွာ ပီတိဖြစ်နေလေသည်။

ရုတ်တရက် ထွန်တံသည် ယုန်ဝပ်နေသည့် ကျင်းတစ်ခုကို သွားထိလေ၏။ ယုန်သအုပ်မသည် ထွက်ပြေးရန် ထခုန်လိုက်လေ၏။သို့ရာတွင် သူ၏ မွေးကင်းစ ယုန်ကလေးများကို ထိတ်ထိတ်ပျာပျာဖြင့် ပြန်ကြည့်လေ့သည်။သုဒတ္တသည် နွားမောင်းသည့် နှင်တံကို မြှောက်ပြီးလျှင် ယုန်နောက်သို့ သတ်ရန် အတင်း လိုက်လေသည်။

လမ်းတွင် ဖြတ်လျှောက်လာသော ပုဂ္ဂိုလ်တစ်ဦး၏ အသံကသာ လှမ်းမတားလိုက်လျှင် သုဒတ္တသည် သူ့ရည်ရွယ်ချက်ကို ပြည့်ဝ အောင်မြင်အောင် လုပ်လိုက်မည်မှာ ဧကန်ဖြစ်သည်။ထိုခရီးသွားက လှမ်းအော်လိုက်လေ၏။'နေပါဦး မိတ်ဆွေ၊ ဒီသနားစရာ သတ္တဝါကလေးမှာ ဘာများ အပြစ်ရှိလို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



သုဒတ္တက ခြေလှမ်းကိုတန့်လျက် ပြန်ပြောလေသည်။ 'ကျွန်ုပ်သခင်ရဲ့ လယ်ထဲမှာ နေတာမှတစ်ပါး ဒီယုန်မှာ တခြား အပြစ် မရှိပါဘူး'

ခရီးသွား၏ အသွင်အပြင်မှာ တည်ငြိမ် ဣန္ဒြေ ရလှပေသည်။သူသည် လွတ်မြောက် ငြိမ်းချမ်းမှုအတွက် လူ့ဘောင်ကို စွန့်ခွာသွားသည့် ရဟန်း သမဏတစ်ဦး ဖြစ်ကြောင်းကို သူ၏ ဦးပြည်းကတုံးက ညွှန်ပြနေပေသည်။သူကား တခြားသူ မဟုတ်။ရှင်တော်ဗုဒ္ဓ၏ တပည့် အနုရုဒ္ဓါပင် ဖြစ်လေသည်။လယ်သမားလုလင်၏ ပွင့်လင်းပုံနှင့် အမူအရာ ရည်မွန်ပုံကို တွေ့ရသည်ဖြစ်၍ ရဟန်းသည် လယ်သမားလုလင်အား နှုတ်ဆက်ပြီးလျှင် လုလင်၏ အပြစ်ကို ခွင့်လွှတ်သည့်ပုံဖြင့် မေးလိုက်လေ၏။

'သင် ယုန်သားကို စားချင်တယ် ထင်တယ်'

လုလင်က ပြန်လည် ပြောကြား၏။

'မဟုတ်ပါဘူး၊အခုလို သားပေါက်တဲ့ ရာသီမျိုးမှာ သူတို့အသားကို စားလို့ အရသာ မရှိဘူး၊ကျွန်ုပ် ဒီယုန်ကို အပျော်သက်သက် လိုက်သတ်တာပါ၊ ယုန်တွေဟာ အင်မတန် အပြေးမြန်တယ် မဟုတ်လား၊သူတို့ကို မီအောင် လိုက်နိုင်တဲ့ လူရယ်လို့ သိပ်မရှိလှဘူး'

အနုရုဒ္ဓါက ဆက်ပြောလေ၏။

'မိတ်ဆွေ လုလင်၊သင့်ကိုယ်ကို သင် မိဘတစ်ဦး အနေထားပြီး စဉ်းစား ကြည့်စမ်းပါ၊ကြောက်မက် ထိတ်လန့်ဖွယ် ဘီလူးကြီးတစ်ကောင်က သင့်လက်ထဲက သင့်ကလေးတွေကို လုယူပြီး အခု သင် ဒီယုန်ကလေးကို လုပ်သလို သတ်မယ်တကဲကဲ လုပ်နေတယ် ဆိုပါစို့၊သင် ဘယ်လို နေမလဲ'

သုဒတ္တ အားတက်သရော ပြန်ပြောလေ၏။

'ကျွန်ုပ် အဲဒီဘီလူးကြီးကို ခံချမှာပေါ့၊ကျွန်ုပ် အသက်ကို ရန်မူချင်ရန်မူပေစေ၊ ကျွန်ုပ် သူ့ကို ခံချမှာပဲ'

ရဟန်းက ပြန်လည်ချေပ၏။



www.burmeseclassic.com

www.burmeseclassic.com



'သင်ဟာ တကယ်သတ္တိကောင်းတဲ့ လုလင်တစ်ယောက်ပါပဲ၊ ဒါပေမယ့် စဉ်းစားကြည့်စမ်းပါ၊အဲဒီ ဘီလူးကြီးက သင် တစ်ယောက်တည်းကို ချန်ထားပြီး သင့်မိဘ၊သင့် သားမယား၊ သင့် ဆွေမျိုးသားချင်းတွေကို အကုန်လုံး သတ်ပစ်ပြီးတော့ သင် ဗျာပါဒ များနေတာကို လှောင်ပြောင်ကျီစားနေမယ်ဆိုရင် သင် ဘယ်လိုနေမလဲ'

လုလင်သည် မျက်နှာ ပျက်သွားလေသည်။သူသည် မည်သည့်အချိန်ကမှ ယင်းကဲ့သို့သော စဉ်းစားဆင်ခြင်မှုမျိုးဖြင့် မိမိ၏ စိတ်နှလုံးကို ဒုက္ခမပေးခဲ့ဘူးပေ။ မိမိထက် အင်အားနည်းသည့် သတ္တဝါတို့ကို မည်သည့်အခါမျှ ဂရုမထားခဲ့ဘူးပေ။ ပျော်ရန် ပါးရန်ဟူသော အကြောင်းတစ်ခုတည်းနှင့် သူတစ်ပါးအား ဒုက္ခပေးဖို့ရန် ဝန်လေးသူလည်း မဟုတ်ပေ။သူသည် စိတ်ကောင်း နှလုံးကောင်း ရှိသူဖြစ်သည်။ အကြံကြီးသူ ဖြစ်သည်။ ရဲဝံ့စွန့်စားစိတ်ရှိသူဖြစ်သည်။သို့ရာတွင် သူ့တွင် တစ်ခု ချို့တဲ့နေသည်။

အနုရုဒ္ဓါသည် တစ်ကိုယ်တည်း စဉ်းစားကြည့်၏။'ဤလုလင်သည် စိတ်ရင်း ဇေတနာရင်း ကောင်းသော်လည်း ဆရာကောင်း သမားကောင်း ချို့တဲ့နေသည်။ယခုကဲ့သို့ ပေါက်လွှတ်ပဲစား နေသွားလျှင် အကွပ်အထိန်း မရှိသည့် သူ၏ စွမ်းရည်သည် ကြီးစွာသော အန္တရာယ်ကို ဖြစ်စေနိုင်သည်။ သူသည် အခြေခံအရလည်း မှန်ကန်သော၊အဆုံးအမ ဉပဒေသအနေနှင့်လည်း နေရောင်ခြည်ကဲ့သို့ ဝင်းလက်တောက်ပသော၊ လက်တွေ့ အကောင်အထည် ဖော်ရာတွင်လည်း အဆင့် မြင့်မားလှသော၊သဒ္ဒနှင့် အတ္ထ နှစ်ရပ်လုံးတွင် အံ့ချီးဖွယ်ဖြစ်သော ဗုဒ္ဓ၏ တရား ဓမ္မကို သိရှိနားလည်ပါမူကား ကောင်းလေစွ။ ယင်းသို့သာ သိရှိပါမူကား အချည်းနှီး အလဟဿ ဖြစ်သွားဖွယ်ရာရှိသော သူ၏ စွမ်းရည်သတ္တိသည် ကြီးကျယ်မြင့်မြတ်သည့် အရာများကို ပြုလုပ်ဆောင်ရွက်နိုင်လာပေလိမ့်မည် တကား'

ယင်းသို့ စဉ်းစားဆင်ခြင်လျက် ရဟန်းသည် သုဒတ္တအား ပြောကြား



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေ၏။ 'တိရစ္ဆာန်တွေ အပေါ်မှာ ဘယ်လို သဘောထားရမယ်ဆိုတဲ့ ဗုဒ္ဓရဲ့ ဟောပြချက်များကို သင် မသိဘူးလော။ ရှင်တော်ဗုဒ္ဓက–

'–တစ်ကမ္ဘာလုံးကို မေတ္တာဖြင့် လွှမ်းထားပါ။သိမ်မွေ့သော၊ ကြမ်းတမ်းသော မည်သည့်သတ္တဝါမဆို သူတို့အား အန္တရာယ်ဖြစ်စေမည့် မည်သည့် အမှတ်လက္ခဏာမျိုးမှ မမြင်မတွေ့ကြရပါစေနှင့်။ငြိမ်းချမ်းမှု နည်းလမ်းများကိုသာ ကြားသိပါစေ'၂

လို့ ဟောပြထားတယ်။

'ဒီယုန်ကလေးဟာ ကမ္ဘာပေါ်မှာရှိတဲ့ တခြား သတ္တဝါအားလုံးလိုပဲ စိတ်ရှိတယ်၊သင် သိသလို သင် ခံစားတတ်သလို သူလည်း သိတတ် ခံစားတတ်တယ်၊ သူဟာ သင့်လိုပဲ ဒုက္ခနဲ့လည်း ကင်းရမှာ မဟုတ်ဘူး၊ ဇရာနဲ့လည်း ကင်းရမှာ မဟုတ်ဘူး၊မရဏနဲ့လဲ ကင်းရမှာ မဟုတ်ဘူး၊သင်ဟာ တစ်သျှောက်လုံး သန်စွမ်း ကျန်းမာနေတာ မဟုတ်ဘူး၊လွန်ခဲ့တဲ့ နှစ်များစွာက သင်ဟာ သေးသိမ်ချည့်နဲ့ပြီး အားကိုးရာမဲ့ ဖြစ်နေတဲ့ ကလေးသူငယ်မျှသာ ဖြစ်ခဲ့တယ်၊သင့်မိခင်ရဲ့ မွေးမြူ ယုယမှုနဲ့ သင့်ဖခင်ရဲ့ ကြည့်ရှုစောင့်ရှောက်မှုကို သင် မခံခဲ့ရရင် သင် အခုလို အသက်ရှင်လာမှာ မဟုတ်ဘူး၊သင်ဟာ ပစ္စုပ္ပန်ကိုသာ တွေးတယ်၊မိမိရဲ့အတိတ်ကို မေ့ထားတယ်၊မိမိ အနာဂတ်ကို လှမ်းမျှော် မကြည့်ဘူး၊သင်ဟာ မိမိရဲ့ နို့စို့အရွယ်ကို ပြန်ပြီး သတိမရတော့ဘူး၊မိမိရဲ့ အမိဝမ်းတိုက်တွင်းမှာ စိတ်ချလက်ချ နေခဲ့ရတာကိုလည်း မသိတော့ဘူး၊အဲဒီနည်းအတိုင်း သင်ဟာ မိမိရဲ့ ယခင့်ယခင် ဘဝတွေကိုလည်း မမှတ်မိတော့ဘူး၊အဲဒီ ဘဝတွေကို ဖြတ်သန်း ကျော်လွန်လာခဲ့ပြီးမှသာ သင့်စရိုက်ဟာ အခု အခြေအနေအထိ တဖြည်းဖြည်း တစ်စတစ်စ တိုးတက်ကြီးပွားလာခဲ့ရခြင်း ဖြစ်တယ်'

လုလင်က ပြန်ပြော၏။

---

၂။ ဗုဒ္ဓဝင္ကတွင် ကြည့်ပါ



www.burmeseclassic.com

www.burmeseclassic.com



'လေးစားအပ်တဲ့ အရှင်၊သင့်ဟာ ဆရာကောင်း သမားကောင်း တစ်ဦး ဖြစ်တယ်၊ကျွန်ုပ် သင့်ဆီက သင်ကြား ဆည်းပူးချင်ပါတယ်'

ရဟန်းက ဆက်ပြောလေ၏။

'ငါတို့ရဲ့ ဆရာအရှင်ဖြစ်တဲ့ ရှင်တော်ဗုဒ္ဓတောင်မှ ဘဝရဲ့ အဆင့်တွေကို တစ်ဆင့်ပြီး တစ်ဆင့် ဖြတ်ကျော်လာခဲ့ရတယ်၊ဗုဒ္ဓဟာ မှန်ကန်တဲ့ အတွေးဖြင့် လည်းကောင်း၊ကိုယ့်ကိုယ်ကို ထိန်းချုပ် ကွပ်ကဲခြင်းဖြင့် လည်းကောင်း၊ကိုယ်ချင်းစာနာ ငဲ့ညှာထောက်ထားတဲ့ အပြုအမူဖြင့် လည်းကောင်း၊ မိမိရဲ့ စိတ်နှလုံးကို ပြုပြင်ပြောင်းလဲလာခဲ့တဲ့အတွက် ဘဝအဆင့်ဆင့်မှာ တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်ပြီး ဗုဒ္ဓ အဖြစ်ကို ရရှိလာခဲ့တယ်၊အတိတ်ဘဝတွေတုန်းက ဗုဒ္ဓအလောင်းဟာ သေးသိမ်အားပျော့တဲ့ ဘဝမှာ ပငြိသန္ဓေနေခဲ့ရတယ်၊ငါးဘဝနဲ့ ပင်လယ်သမုဒ္ဒရာထဲမှာ ကူးခဲ့ရတယ်၊ငှက်ဘဝနဲ့ သစ်ကိုင်းတွေပေါ်မှာ နေခဲ့ရတယ်၊မိမိရဲ့ အပြုအမူ အားလျော်စွာ သူဟာ ဘဝတစ်ခုမှ အခြားဘဝတစ်ခုကို ကူးပြောင်းလာခဲ့ရတယ်၊တစ်ခါတုန်းကလည်း ဗုဒ္ဓအလောင်းဟာ ကြောင့်ကြ မကင်းရတဲ့ ယုန်ဘဝနဲ့ ယာတောထဲမှာ အစာရှာစားသောက်ပြီး နေခဲ့ရဖူးတယ်လို့ ကြားရတယ်။ အဲဒီအကြောင်းကို သင်မကြားဖူးဘူးလား'

လုလင်က ပြန်လည် ပြောကြားလေ၏။

'ဟင့်အင်း၊တစ်ခါမှ မကြားဖူးဘူး။ကျွန်ုပ်ကို အဲဒီ အတ္ထုပ္ပတ္တိ ပြောမပြ နိုင်ဘူးလား'

www.burmeseclassic.com

www.burmeseclassic.com

## ယုန် ပုံပြင် ၃

အနုရုဒ္ဓါက အမိန့်ရှိလေသည်။

'ကျွန်ုပ် ကြားဖူးသလို ပြောပြပါမည်။ ဗုဒ္ဓအလောင်းသည် တစ်ရံရော အခါက ဆန်စပါးများစွာ ဖြစ်ထွန်းသော တိုင်းပြည်တစ်ပြည်ရှိ ယာတောထဲ၌ ယုန်ဘဝနှင့် နေရလေ၏။ ယုန်သတ္တဝါများသည် အဆမတန် တိုးပွားများ လာလေရာ အစာရေစာ ခေါင်းပါးလာပြီး တိုင်းပြည်တွင် အငတ်ဘေး ဆိုက် ရောက်လာလေ၏။

'ထိုအခါ ယုန်ဘဝနှင့် နေရသော ဗုဒ္ဓအလောင်းသည် ဤသို့ စဉ်းစား မိလေ၏။ ကပ်ဆိုးကြီး ဆိုက်လာပြီ။ ဆန်ရေစပါး ငတ်မွတ် ခေါင်းပါးနေ သည်။ လူတို့သည် ဒေါသအမျက် ချောင်းချောင်းထွက်ပြီးလျှင် ဤတိုင်းပြည် တွင် ရှိနေကြသည့် ယုန်သတ္တဝါ အားလုံးကို ချေမှုန်းသုတ်သင် ပစ်ကြလိမ့် မည်။ ငါလည်း သေဘေးက လွတ်လိမ့်မည် မဟုတ်ပေ။ ငါ၏ ဤဘဝ အချည်းနှီး အလဟဿ ဖြစ်မသွားစေရန် ငါသည် မှန်မြတ်သည့် အလုပ် တစ်ခုကို မလုပ်နိုင်ပြီလော။ ငါသည် အင်အားချည့်နဲ့သော သတ္တဝါတစ် ကောင် ဖြစ်သည်။ သမ္ဗောဓိဉာဏ် ရရှိရေးအတွက် နည်းများမဆို တစ်ခုခုကို မစွမ်းဆောင်ပါက ငါ၏ဘဝသည် အချည်းနှီး အလဟဿသာ ဖြစ်ပေလိမ့် မည်။ အကြောင်းမူကား သမ္ဗောဓိဉာဏ်ကို ရရှိမှသာလျှင် မသေရာဖြစ်သည့် နိဗ္ဗာန်ကို ရရှိမည် ဖြစ်သောကြောင့်တည်း။ ငါ နိဗ္ဗာန်ကိုရအောင် အားထုတ်

---

၃။ သိဒ်ပါတ ဇာတကမှ



www.burmeseclassic.com

www.burmeseclassic.com



မည်။ဤကမ္ဘာလောက၌ ပါရမီနှင့် သစ္စာတရား၏ အကျိုးကျေးဇူး စသည့် အရာများ ရှိသည်။ဗုဒ္ဓအဖြစ်ကို ရရှိရန်မှာ မဖြစ်နိုင်သည့်အရာ မဟုတ်ပေ။ ကောင်းသော အကြံ၊ကောင်းသော အလုပ်ဖြင့် ဗုဒ္ဓအဖြစ်ကို ရရှိကြသည့် ပုဂ္ဂိုလ်များသည် အခြားပုဂ္ဂိုလ်တို့အား လွတ်မြောက်ငြိမ်းချမ်းမှု လမ်းကို ပြကြ၏ ။ဗုဒ္ဓ၏ စိတ်နှလုံးသည် သစ္စာတရား၊ကရုဏာတရား၊ မေတ္တာတရား များ ပြည့်နှက်လျက် ရှိပေသည်။ သက်ရှိသတ္တဝါ အားလုံးအား ညီတူညီမျှပင် မေတ္တာ ကရုဏာ ထားတော်မူသည်။ ငါလည်း သူတို့၏ အတုကို ယူမည်။ သူတို့နှင့် တူနိုင်သမျှတူအောင် ကျင့်မည်။ သစ္စာတရားသည် တစ်ခုတည်းသာ ရှိသည်။ထာဝရ တည်တံ့သော၊မှန်ကန်သော ယုံကြည်မှုသာ ဖြစ်သည်။ ထို့ကြောင့် ငါသည် ဗုဒ္ဓတို့၏ထုံးကို နှလုံးမူ၍ ငါ၏ ယုံကြည်ချက်ကို လက်ကိုင် ပြု၍ ကုသိုလ်ကို တိုးပွားစေမည့်၊ ဒုက္ခကို နည်းပါးစေမည့် မှန်သော အလုပ်ကို ပြုလုပ်မှ တော်ပေလိမ့်မည်။

'လွတ်မြောက်ငြိမ်းချမ်းမှု လမ်းကြောင်းကို တွေးတောစဉ်းစားပြီးလျှင် ဗုဒ္ဓအလောင်းသည် သူ၏သွေးချင်းသားချင်း ယုန်များအား ဆိုက်ရောက် လာမည့် ဘေးအန္တရာယ် အကြောင်းကို ညွှန်ပြရန်၊ငြိုးခြိုးခြင်း၏ အကျိုး ကျေးဇူးကို ပြောပြရန် သန္နိဋ္ဌာန် ချလိုက်လေသည်။

'ထို့နောက် ဗုဒ္ဓအလောင်းသည် သူ၏သွေးချင်းသားချင်း ယုန်များ ထံသို့ ချဉ်းကပ်ပြီးလျှင် နည်းပေးလမ်းပြ ပြုလုပ်လေ၏ ။သို့ရာတွင် ယုန်များ သည် ဗုဒ္ဓအလောင်း၏ စကားကို မနာယူကြပေ။ သူတို့က ပြောလေ၏ ။"ဗုဒ္ဓ အလောင်းယုန်၊ သင်သာ သွားပြီး မွန်မြတ်တဲ့ အလုပ်ကို လုပ်ပါလား။သင် သာ သွားပြီး သစ္စာတရားအတွက် မိမိအသက်ကို စွန့်လိုက်ပါလား။ အခု ထက်မြင့်ပြီး အခုထက် ကောင်းမွန်တဲ့ ဘဝမှာ ပြန်လည်မွေးဖွားလာရအောင် သေပစ်လိုက်ပါလား။ သင့် တရားစကားတွေနဲ့ ကျွန်ုပ်တို့ကိုတော့ လာပြီး အနှောင့်အယှက် ပေးမနေပါနဲ့။ ကျွန်ုပ်တို့ဟာ ဘဝကို ချစ်တယ်။ကျွန်ုပ်တို့



www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတဲ့၊တကယ်အမှန်ဖြစ်တဲ့ ချမ်းသာသုခကို အကျိုးသက်ရောက်မှု မရေရာတဲ့ သစ္စာတရား ဖြန့်ဖြူးမှုထက် မြတ်နိုးတယ်။ယာတော လယ်တောတွေထဲမှာ ကျွန်ုပ်တို့ စားဖို့ ပြောင်း၊ဂျုံ၊ စပါး၊အလျှံပယ် ရှိနေတယ်။ ကျွန်ုပ်တို့အတွက် သင် ပူပန်ကြောင့်ကြနေစရာ မလိုပါဘူး။လူတိုင်း လူတိုင်း ကိုယ့်အတွက်တော့ ကိုယ်နားလည်ကြတာပဲ"

'ထိုအချိန်အတွင်း ဗြာဟ္မဏတစ်ဦးသည် နိဗ္ဗာန်ကို မျက်မှောက်ပြုရေးအတွက် တရားဘာဝနာကို ပွားများအားထုတ်ရန် တောတွင်းသို့ ရောက်လာလေ၏။ ထိုဗြာဟ္မဏသည် ခိုက်ခိုက်တုန်အောင် ချမ်းနေလေ၏။ ဝမ်းတွင်းမှလည်း ဆာလောင်မွတ်သိပ် နေလေ၏။သို့ဖြစ်၍ သူသည် မီးအစဲတွင် အချမ်းသက်သာအောင် မီးဖိုလိုက်လေသည်။လက်ချောင်းများ နွေးသွားအောင် မီးဖိုတွင် လှုံပြီးလျှင် ညည်းညူလိုက်မိသည်။"ငါတော့ အစာပြတ်တာနဲ့ တရားဘာဝနာကို အပြီး မသတ်ခင် သေရတော့မှာပဲ"

'ဗုဒ္ဓအလောင်းသည် အဖိုးတန် ပုဂ္ဂိုလ်တစ်ဦး အကျပ်အတည်း တွေ့နေသည်ကို တွေ့ရသည်ဖြစ်၍ စဉ်းစားဆင်ခြင်မိလေ၏။"ဒီဗြာဟ္မဏ မသေစေရဘူး၊သူ့အသိပညာဟာ အမိုက်မှောင်ထဲမှာ ယောင်တိ ယောင်နဖြစ်နေကြတဲ့ အခြားလူများအတွက် မီးရှူးတန်ဆောင် ဖြစ်စေရမယ်။ ငါ့ကိုယ်ကို သူ့အစာ အာဟာရအတွက် ပေးလှူလိုက်မယ်" ယင်းသို့ စဉ်းစားဆင်ခြင်လျက် ဗုဒ္ဓအလောင်းသည် မီးပုံထဲ ခုန်ချပြီး သူ့ကိုယ်ကို ဗြာဟ္မဏစားဖို့ အသားအဖြစ် ပေးလှူလိုက်လေ၏။ဗြာဟ္မဏလည်း အစာပြတ်ပြီး အငတ်ဘာဝနှင့် သေဆုံးရမည့် ဘေးမှ ကင်းလွတ်သွားလေတော့၏။

'ထို့နောက် မကြာခင်တိုင်းပြည်ရှိ လူများသည်အငတ်ဘေးကြီး ဆိုက်ရောက်လာသည် ဖြစ်၍ လူစုလူဝေးနှင့် အမဲသတ်ဖို့ရန် စီမံစိုင်းပြင်းကြလေ၏။ ယုန်များကို ပိုက်ဖြင့် ထောင်ထားသည့် နေရာထဲသို့ မောင်းသွင်းကြလေ၏။ တစ်နေ့တည်းမှာပင် တစ်သိန်းမက များပြားလှသည့် ယုန်များ



www.burmeseclassic.com

www.burmeseclassic.com



သည် တောလိုက် မုဆိုးတို့၏ လက်ချက်ဖြင့် အသက် သေဆုံးသွားကြလေ
သည်။'

www.burmeseclassic.com

www.burmeseclassic.com

## နိဗ္ဗာန်ဟူသည်

ယုန်အကြောင်းကို ပြောပြီးသောအခါ အနုရုဒ္ဓါက သုဒတ္တအား ဆက်ပြောလေ၏။

'အသက်ရှင်ခြင်းရဲ့ အဓိပ္ပာယ်ဟာ အသက်သေခြင်းပင် ဖြစ်တယ်။ အသက်ရှိတဲ့ မည်သည့်သတ္တဝါမဆို သေခြင်းက မလွတ်ကင်းနိုင်ဘူး၊ ပေါင်းစပ်ထားတဲ့ တရားဟူသမျှဟာ တစ်ဖန်ပြန်ပြီး ပျက်စီးပြိုကွဲ သွားရလိမ့်မယ်။ မည်သည့် အရာဝတ္ထုမျှ ပြိုကွဲပျက်စီးခြင်းက မလွတ်ကင်းနိုင်ဘူး။ဒါပေမယ့် ကောင်းတဲ့ အပြုအမူများဟာ ထာဝရ တည်တံ့နေတယ်။အဲဒါ ဗုဒ္ဓ အဘိဓမ္မာရဲ့ အကျဉ်းချုပ်ဖြစ်တယ်။ သေခြင်းအား သေခြင်းရဲ့ အပိုင်ပစ္စည်း ထိုးအပ်ရဲတဲ့ လူဟာ အသက်ရှင်နေရပြီး နောက်ဆုံးပိတ်မှာ နိဗ္ဗာန်တည်းဟူသော ကျက်သရေ မင်္ဂလာနှင့် ပြည့်စုံတဲ့ အဆင့်ကို ရရှိပေလိမ့်မယ်'

'နိဗ္ဗာန်ဆိုတာ ဘယ်လိုအရာ ဖြစ်ပါသလဲ' လုလင်က မေးလေ၏။

အနုရုဒ္ဓါက ဗုဒ္ဓ ညွှန်ကြားပြောပြသည့် စကားများကို ကိုးကားလျက် ပြန်လည် ပြောကြားလေသည်။

'တဏှာမီး ကင်းငြိမ်းသွားတဲ့အခါ နိဗ္ဗာန်ကို ရရှိနိုင်ပေတယ်'

'ဒေါသနဲ့ မောဟ မီးလျှံများ ချုပ်ငြိမ်းသွားတဲ့အခါ နိဗ္ဗာန်ကို ရရှိနိုင်ပေတယ်'



www.burmeseclassic.com

www.burmeseclassic.com



'မာနထောင်လွှားခြင်း၊ယုံလွယ်ခြင်းနှင့် အခြားသော အပြစ်တို့ကြောင့် ပေါ်ပေါက်လာတဲ့ စိတ်ဒုက္ခများ ကင်းငြိမ်း ပပျောက်သွားတဲ့အခါ နိဗ္ဗာန်ကို ရရှိနိုင်ပေတယ်'

လုလင်၏မျက်နှာသည် အနုရုဒ္ဓါ၏ တရားကို နှစ်သက်ကျေနပ်ခြင်း မရှိသေးသည့် အမူအရာကို ဖော်ပြနေသည်။သို့ဖြစ်၍ မထေရ်က ဆက်ပြော၏။

'သက္ကာယစွဲ ရှိနေတဲ့ လူမှန်သမျှ မည်သူမှ နိဗ္ဗာန်ရဲ့ အရသာကို သိရှိ နားလည်နိုင်မှာ မဟုတ်ဘူး။အရာဝတ္ထု ဟူသမျှဟာ အနိစ္စသာ ဖြစ်တယ်။ သင်္ခါရတရား မှန်သမျှဟာ ဖြစ်ပြီး တစ်ဖန် ပျက်စီးခြင်းသို့ ရောက်ရလိမ့်မယ်။ မျက်မြင် တွေ့ရှိနေရတဲ့ အရာမှန်သမျှမှာ နိစ္စဖြစ်တဲ့ အရာရယ်လို့ ဘာမှ မရှိဘူး။အထည်ကိုယ်ဒြပ်ရှိတဲ့ အရာဝတ္ထု ဟူသရွေ့ကို ပြုလုပ်ဖန်တီးသူ မှာ ယင်းအရာဝတ္ထုများရဲ့ အကြောင်းတရားများသာ ဖြစ်တယ်။သင်္ခါရတရား တစ်ခုစီ တစ်ခုစီဟာ လူ့သမိုင်းကို အဆုံးအဖြတ်ပေးတဲ့ အကြောင်းအားလျော်စွာ တစ်စတစ်စ တိုးတက်ဖြစ်ပေါ်လာခြင်းဆိုတဲ့ သဘာဝ လမ်းကြောင်းအရ ဖြစ်ပေါ်လာခြင်း ဖြစ်တယ်။ပုဂ္ဂိုလ် သတ္တဝါရဲ့ အင်္ဂါအစိတ်အပိုင်း မှန်သမျှဟာ အစဉ်ထာဝရ ပြောင်းလဲနေတယ်။ နိစ္စထာဝရ တည်နေတဲ့ အတ္တဟူ၍၊ထာဝရ အသက်ရှင်နေတဲ့ ပုဂ္ဂိုလ် သတ္တဝါဟူ၍၊ မိမိ၏ မူလအခြေအနေနှင့် အစဉ်ထာဝရ တူနေတဲ့ ဘဝဟူ၍ မှတ်ယူရတဲ့ အရာရယ်လို့ ဘာမှ မရှိဘူး။ သို့ဖြစ်တဲ့အတွက် မိမိရဲ့ မူလအခြေအနေနှင့် အစဉ် ထာဝရ တူနေတဲ့၊နိစ္စရူပဖြစ်တဲ့၊လုံးဝ သေကြေပျက်စီးသွားခြင်း မရှိတဲ့ အရာဝတ္ထုဟာ အထည် ကိုယ်ဒြပ်ရှိတဲ့ ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဟူ၍ ထောက်ပြလို့ရတဲ့ ရုပ်ခန္ဓာ တစ်ခုခုဟူ၍၊ သီးခြားဘဝတစ်ခု မဟုတ်ဟူ၍၊ အတ္တတစ်ခုခု မဟုတ်ဟူ၍ မှတ်ရလိမ့်မယ်။သို့သော်လည်း အဲဒီအရာဝတ္ထုဟာ တည်ရှိနေတယ်။ မသေတဲ့၊ မပျက်စီး မပြောင်းလဲတဲ့၊ နိစ္စရူပဖြစ်တဲ့ အရာဟာ အနန္တရှိနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



အရာတစ်ခု ဖြစ်တယ်။အဲဒီ အမှန်ရှိနေတဲ့ အရာဟာ လောကမှာ အင်မတန် အရေးကြီးတယ်။ အင်မတန်မှ အဓိပ္ပာယ်ရှိတယ်။သို့သော်လည်း အဲဒီ အမှန်ရှိနေတဲ့ အရာဟာ အထည် ကိုယ်ဒြပ်ရှိတဲ့ ရုပ်တရားတော့ မဟုတ်ဘူး။အဲဒီ အရာဟာ ဘာလဲ။ ပြောင်းလဲ ပျက်စီးခြင်း မရှိတဲ့။နိစ္စရူပဖြစ်တဲ့ အဲဒီ မသေခြင်းဟာ ဗောဓိဉာဏ်ဖြစ်တယ်။အစဉ်ထာဝရ တစ်မျိုးတည်း တစ်ဆင်တည်း အဖြစ် တည်တံ့ခိုင်မြဲနေတဲ့ အမှန်တရားများ၏ ညီညွတ် ပေါင်းစည်းနေမှု ဖြစ်တယ်။ပညာရှိများ စောဒကတက်ကြတဲ့အခါ အခြေခံပြုလုပ်ရတဲ့ အမှန်တရားများဟာ ထူးခြားတဲ့ အရာဝတ္ထုများလည်း မဟုတ်ဘူး။ထီးထီး ဖြစ်နေတဲ့ အချက်အလက်များလည်း မဟုတ်ဘူး။အထည်ဒြပ်ရှိတဲ့ သတ္တဝါ တစ်ဦးဦးလည်း မဟုတ်ဘူး။အတ္တ တစ်ခုခုလည်း မဟုတ်ဘူး။နတ်သိကြားလည်း မဟုတ်ဘူး။တိရစ္ဆာန်လည်း မဟုတ်ဘူး။အကယ်၍ သုညဆိုတာ အထည်ဒြပ်ရှိတဲ့ အရာဝတ္ထုတစ်ခုခု သို့မဟုတ် ထူးခြားတဲ့ အတ္တတစ်ခုခု မရှိခြင်းလို့ အဓိပ္ပာယ် ကောက်တယ်ဆိုရင် အဲဒီအမှန်တရားဟာ သုညသာ ဖြစ်တယ်။ သို့သော်လည်း အဲဒီ အမှန်တရားများရဲ့ သုညသဘောဟာ မရှိခြင်း မဟုတ်ဘူး။ အကယ်၍ မသေခြင်း၊မပျက်စီး မပြောင်းလဲခြင်း၊ထာဝရ တည်တံ့နေခြင်းများ ထင်ရှား မရှိဘူးဆိုလျှင် ကမ္ဘာလောကရဲ့ ဒုက္ခမှ လွတ်မြောက်ခြင်း ဆိုတာ ရှိတော့မှာ မဟုတ်ဘူး။ အကယ်၍ ဗောဓိဉာဏ်ဟာ အမှတ်မှားခြင်း တစ်ခုမျှသာ ဖြစ်တယ်ဆိုရင် သစ္စာလေးပါးကို သိမြင်ခြင်း ဆိုတာလည်း ရှိတော့မှာ မဟုတ်ဘူး၊နိဗ္ဗာန်ကိုလည်း ရရှိနိုင်တော့မှာ မဟုတ်ဘူး။ လွတ်မြောက်ငြိမ်းချမ်းမှု လမ်းကြောင်းကို ညွှန်ပြဖို့ရန်အတွက် ဗုဒ္ဓလည်း ပွင့်တော်မူလာမှာ မဟုတ်ဘူး။ သို့သော်လည်း အခြေအနေမှန်က ဗုဒ္ဓ ပွင့်တော်မူလာတယ်။ ဗုဒ္ဓဟာ နိစ္စ ထာဝရဖြစ်တဲ့ အတ္တကို ယုံကြည်ခြင်းရဲ့ အခြေအမြစ် ကင်းမဲ့ပုံကို သိမြင် နားလည်တော်မူတယ်။ ဆင်းရဲဒုက္ခ ဟူသရွေ့ဟာ သက္ကာယစွဲ အတ္တစွဲပေါ်မှာ အခြေတည်နေတယ် ဆိုတဲ့အကြောင်းကို တွေ့မြင်



www.burmeseclassic.com

www.burmeseclassic.com



သိရှိတော်မူတယ်။လွတ်မြောက် ငြိမ်းချမ်းမှု လမ်းကြောင်းကို ညွှန်ပြတော်မူတယ်။ အလင်းရောင်ကို ရိုးသားစွာ ရှာဖွေနေကြတဲ့ လူအားလုံးကို မဂ္ဂင်ရှစ်ပါးတည်းဟူသော မှန်ကန်တဲ့ လမ်းကြောင်းပေါ်က ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ မသေရာဖြစ်တဲ့ နိဗ္ဗာန်သို့ ပို့ဆောင်တော်မူတယ်'

သုဒတ္တက ပြောလေ၏။

'ရိုသေလေးစားအပ်တဲ့ အရှင်၊သင် အခု ပြောပြတဲ့ တရားဒေသနာကို ဟောကြားတဲ့ သကျမုနိဟာ ကြီးကျယ်မြင့်မြတ်တဲ့ ဆရာအရှင် ဖြစ်ပုံရတယ်။ ဒါပေမယ့် ဒီကဒုရဃာရမှာတော့ သူဟာ အလေးအမြတ် အပြုခံရမှာ မဟုတ်ဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်ုပ်တို့တစ်တွေ အားလုံးဟာ အယူသီး ဗြာဟ္မဏတွေ ဖြစ်ကြတယ်။ ကျွန်ုပ်တို့ဆီမှာ ဗုဒ္ဓရဲ့ တပည့်တပန်းရယ်လို့ တစ်ယောက်မှ မရှိဘူး။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်။အဲဒါကို ကျွန်ုပ် ထိန်ချန်မထားပါဘူး။ပြောပြပါမယ်။ကျွန်ုပ်တို့ရဲ့ ရွာမှာ သကျမုနိရဲ့ အကြောင်းကို ချီးမွမ်းပြောဆိုနေတဲ့ လူတစ်ယောက်တော့ ရှိတယ်၊ အဲဒီလူက တခြားတော့ မဟုတ်ဘူး။ဘုရင် ဗိမ္ဗိသာရရဲ့ အဆွေ ခင်ပွန်းဖြစ်တဲ့ မဟာသုဘူတိ ဖြစ်တယ်။ သူက ကျေးရွာ ဇနပုဒ်ရဲ့ခေါင်းဆောင် တရားသူကြီးလည်း ဖြစ်တယ်။ တကယ်လို့ သင် ရွာထဲသွားရင် သူတို့ဆီကို ဆက်ဆက်သွားပါ။ သူက သင့်ကို ကောင်းကောင်း ကြိုဆိုဧည့်ခံပါလိမ့်မယ်။သုဘူတိဟာ ဗုဒ္ဓရဲ့တရားကို ယုံကြည်မြတ်နိုးတဲ့ ဗုဒ္ဓရဲ့ တပည့်တပန်း တစ်ဦးတော့ မဟုတ်ဘူး။ ဗုဒ္ဓကို ပုဂ္ဂိုလ်အရ ခင်မင် သံယောဇဉ်ရှိနေတဲ့ ဗုဒ္ဓရဲ့ မိတ်ဆွေတစ်ဦးသာ ဖြစ်တယ်။ ဘုရင့်နန်းတော်မှာ သူ ဂေါတမနဲ့ ဆုံဖူးတယ်။သူက ပြောတယ်။ တကယ်လို့ ဗြဟ္မာဟာ လူ့လောကကို ဆင်းသက်လာတယ်ဆိုရင် ဂေါတမလို နေမှာပဲ၊ဗြဟ္မာဟာ သကျမုနိ ဂေါတမထက်ပိုပြီး ကျက်သရေ မရှိနိုင်ဘူး။ မတင့်တယ်နိုင်ဘူးတဲ့။ သင် ကျေးရွာ ဇနပုဒ် ခေါင်းဆောင် သုဘူတိကို တွေ့လို့ ရှိရင် ရောဓရဲ့ သားဖြစ်တဲ့ သုဒတ္တဆိုတဲ့ ကျွန်ုပ်ရဲ့



www.burmeseclassic.com

www.burmeseclassic.com



နာမည် ထုတ်ပြောပြီး နှုတ်ဆက်ပါ။သူက နက်ဖြန်ခါ ကျင်းပမယ့် သူ့သမီးရဲ့ လက်ထပ်မင်္ဂလာပွဲကို တက်ရောက်ဖို့ သင့်ကို ပင့်ဖိတ်လိမ့်မယ်။ ကဲ ဒါဖြင့် မဟာသုဘူတိရဲ့အိမ်ကိုပဲ ကြွပေတော့။ မဟာသုဘူတိရဲ့ အိမ်မှာ ကျွန်ုပ် သင့်ကို တွေ့မယ်။ သူ့သမီးနဲ့ လက်ထပ်ထိမ်းမြားမယ့် လူဟာတခြား မဟုတ်ဘူး ။ကျွန်ုပ်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

## ဆွမ်းခံကြွခြင်း

အနုရုဒ္ဓါသည် ကုဒုရဃာရ အနီးရှိ ချောက်ကမ်းပါးပေါ်၌ တည်ရှိနေသည့် ဗြာဟ္မဏ ကျေးရွာသို့ ဝင်ရောက်သွားသောအခါ ခဏရပ်တန့်ပြီး စဉ်းစားလေ၏။ ဘယ်လို လုပ်ရပါလိမ့်။ မဟာသုဘူတိဆီကိုပဲ သွားမည်လော၊ သို့မဟုတ် ရဟန်းသာမဏတို့၏ စည်းကမ်းအရ အိမ်ပေါက်စေ့ပဲ သွားမည်လော။ထိုနောက် ဆုံးဖြတ်ချက် ချလိုက်သည်။ 'ဝိနည်းစည်းကမ်းကို မလိုက်နာ၍ မဖြစ်။ မဟာသုဘူတိ၏ အိမ်ကို မသွားတော့။ အိမ်ပေါက်စေ့ပဲ သွားတော့မည်။'

တည်ငြိမ်သော ကာယိန္ဒြေဖြင့် စက္ခုန္ဒြေချပြီးလျှင် လက်ဝဲဘက်လက်ဖြင့် သပိတ်ကို ကိုင်လျက် ရဟန်းသမဏ အနုရုဒ္ဓါသည် ပထမဆုံးတွေ့ရသည့် အိမ်၏ရှေ့၌ ဆွမ်းအတွက် ဖွဲထက်သန်စွာဖြင့် ရပ်စောင့်နေလေ၏။တခါးဝတွင် မည်သူ တစ်ဦးတစ်ယောက်မျှ ပေါ်မလာသောအခါ သေးသွယ်သော ရုပ်သဏ္ဍာန်ရှိသည့် မထေရ်အရှင်သည် ရှေ့သို့ ဆက်သွားလေသည်။အိမ်ပေါင်း များစွာတို့က မထေရ်အား တစ်စုံတစ်ရာ ပေးလှူဖို့ရန် ငြင်းဆန်ကြပြီး မချေမငံ ပြောလွှတ်ကြလေသည်။ ဆွမ်း တစ်ဇွန်း တစ်ယောက်မ ပေးလှူသည့် လူများကလည်း သူ့ကို 'မိစ္ဆဒိဋ္ဌိ'ဟု လှမ်းခေါ်လိုက်ကြသည်။ သို့ရာတွင် မထေရ်သည်ကား လောဘ ဒေါသ ကင်းငြိမ်းသူဖြစ်၍ ဆွမ်းအလှူရှင်တို့အား ဆုတောင်းမေတ္တာသာလျှင် ပေးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်နပ်စာ ဝလောက်အောင် ဆွမ်းရရှိသောအခါ မထေရ်သည် တောအုပ်အတွင်း စိမ်းလန်းသော သစ်ပင်များ၏အောက်၌ ဆွမ်းဘုဉ်းပေးရန် ပြန်လှည့်လာလေသည်။

ရွာဇနပုဒ်ကို ဖြတ်သွားသောအခါ ကျေးရွာခန်းမဆောင်၏ တံခါးဝ၌ ဂုဏ်သရေရှိ ဗြာဟ္မဏတစ်ဦး ရပ်နေသည်ကို တွေ့ရလေသည်။ထိုဗြာဟ္မဏသည် မထေရ်အား တစ်ချက်လှမ်းကြည့်လျက် ခေတ္တ ရပ်တန့်စေပြီးလျှင် မေးလိုက်လေသည်။

'အသင်၊ ဂေါတမ ဗုဒ္ဓရဲ့ တပည့်လား'

'ဟုတ်တယ်၊ကျွန်ုပ် ဂေါတမဗုဒ္ဓရဲ့ တပည့်ဖြစ်တယ်၊ကျွန်ုပ်နာမည် အနုရုဒ္ဓါလို့ ခေါ်တယ်' ရဟန်း သမဏက ပြန်လည် ပြောကြားလိုက်၏။

ဗြာဟ္မဏက ပြောလေ၏။

'ဟုတ်ပြီ၊ ဟုတ်ပြီ၊ ကျွန်ုပ် သင့်ကို သိတယ်။ဘုရင့်နန်းတော်မှာ ကျွန်ုပ် ဂေါတမဗုဒ္ဓကို တွေ့စဉ်က ဂေါတမဗုဒ္ဓက အနုရုဒ္ဓါဟာ တထာဂတရဲ့ တရား ဒေသနာကို ထိုးထွင်းသိမြင်သူ ပညာရှင်တစ်ဦး ဖြစ်တယ်လို့ ချီးကျူး မိန့်မြွက် သွားတာကို ကြားရဖူးတယ်။သင်ဟာ အကယ်စင်စစ် အနုရုဒ္ဓါ ဖြစ်တယ်ဆိုရင် ကျွန်ုပ်ရဲ့အိမ်မှာ သင့်ကို ဧည့်ခံကြိုဆိုချင်ပါတယ်။ လေးစား အပ်တဲ့ ရဟန်းသမဏ၊ ကျွန်ုပ်အိမ်ကို ကြွရောက်ပြီး ဆွမ်းဘုဉ်းပေးစေချင် ပါတယ်။နက်ဖြန်ခါ ကျင်းပ ပြုလုပ်မယ့် ကျွန်ုပ်သမီးရဲ့ လက်ထပ်မင်္ဂလာပွဲကို ကြွရောက်ချီးမြှင့်မယ် ဆိုလျှင်လည်း ကျွန်ုပ် ဝမ်းမြောက်ဝမ်းသာ များစွာ ဖြစ်ရဖို့ ရှိပါတယ်'

'ကုဒုရဃာရ ကျေးရွာဇနပုဒ်ရဲ့ အမှူးအချုပ် ဗြာဟ္မဏ၊ကျွန်ုပ်ကို တောအုပ် အတွင်းမှာ သွားပြီး ဆွမ်းစားခွင့် ပြုပါ။နက်ဖြန်ခါကျတော့ ကျွန်ုပ် သင့်သမီးရဲ့ လက်ထပ်မင်္ဂလာပွဲကို လာခဲ့မယ်'

သူဘူတိက ပြန်လည်ပြောကြား၏။



www.burmeseclassic.com

www.burmeseclassic.com



'ဒါဖြင့် ကောင်းပါပြီ၊ ဘယ်အချိန်မဆို သင် ကြွလာမယ်ဆိုရင် သင့်ကို ကြိုဆိုညှော်ခံဖို့ရန် အသင့်ပါပဲ'

www.burmeseclassic.com

www.burmeseclassic.com

# လက်ထပ်မင်္ဂလာပွဲ

သုဘဒ္ဒတိ၏ အိမ်ကို ပန်းကုံးများ၊တံခွန် ကုက္ကားများဖြင့် တန်ဆာ ဆင်ထားသည်။ ခြံဝင်းအတွင်း၌ မင်္ဂလာမဏ္ဍပ်ကို ဝါးဖြင့် ဆောက်လုပ်ထားသည်။ ကုဒ္ဒရဃာရ ကျေးရွာသားတို့သည် တံခါးဝ၌ လက်ထပ်မင်္ဂလာ စီတန်းလှည့်လည်ပွဲကို ကြည့်ရှုရန် ငံ့လင့်နေကြသည်။

သတို့သား သုဒတ္တသည် မင်္ဂလာအဝတ်အစားများကို ဝတ်စားဆင်ယင်လျက် သူ၏ သူငယ်ချင်းများနှင့်အတူ ရောက်လာပြီးလျှင် သတို့သမီး၏ ဖခင်ထံသို့ ရိုသေကျိုးနွံစွာ ချဉ်းကပ်သွားလေသည်။ရွာ၏ အမှူးအချုပ်ဖြစ်သော လူ့ဂုဏ်ထံ ဗြာဟ္မဏသည် လုလင်အား ချစ်ကြည်စွာ ကြိုဆိုပြီးလျှင် သတို့သမီး၏ ဖခင်နှင့် သူ၏တစ်ဦးတည်းသောသား ကစ္စာယနတို့၏ ရှေ့မှောက်ရှိ မိသားစု ယဇ်ပလ္လင်ရှိရာသို့ ခေါ်ဆောင်သွားသည်။သတို့သမီး၏ ဖခင်သည် သတို့သားအား ပျားရည် အဖျော်ယမကာကို ပေးလေသည်။မိမိ၏ သမီးအားလည်း အဖိုးထိုက် အဖိုးတန် မကိုဋ်တန်ဆာ လည်ဆွဲတန်ဆာနှင့် တကွ မင်္ဂလာဝတ်ရုံကို ပေးအပ်လေသည်။

သတို့သမီး ဖခင်က သတို့သားအား ဤသို့ ပြောလေသည်။

'ဗြာဟ္မဏ မိဘရဲ့ သားစစ် သားမှန်ဖြစ်တဲ့၊ အမျိုးအနွယ်စစ်တဲ့ဗြာဟ္မဏ လုလင်တစ်ယောက်ကို မိမိသမီးရဲ့ ကြင်ဖက်အဖြစ် ရွေးချယ်ပြီး ဗြာဟ္မဏသ



www.burmeseclassic.com

www.burmeseclassic.com



ထုံးတမ်းအရ လက်ထပ် ထိမ်းမြားပေးခြင်းမှာ ဗြာဟ္မဏဖခင်တစ်ဦးရဲ့ တာဝန်ဝတ္တရားဖြစ်တယ်။သုဒတ္တ၊ သင်ဟာ သတို့သမီးနဲ့ ထိုက်တန်တဲ့ အတွက် ငါ သင့်ကို သတို့သားအဖြစ် ရွေးချယ်လိုက်တယ်။သင်ဟာ ဗြာဟ္မဏအမျိုးဇာတ် ဖြစ်တယ်။သင့်အရိုး၊ သင့်ဒူး၊ သင့်လည်တိုင်၊ သင့်ပခုံးများဟာ တောင့်တင်း သန်မာတယ်။ သင့်ဦးခေါင်းက ဆံပင်များဟာ ကြိုးတိုးကျဲတဲ ဖြစ်မနေဘူး၊သင့် ဟန်အမူအရာဟာ တည်ငြိမ် ဣန္ဒြေရတယ်။သင့်အသံဟာ ကြည်လင်ပြတ်သားတယ်။ သင်ဟာ ဝေဒကျမ်းဂန်ကို ကောင်းစွာ သင်ကြား တတ်မြောက်ထားတယ်။အကျင့်စာရိတ္တ ကောင်းမွန်တယ်။ သင့်မိဘများဟာ ရပ်ရွာမှာ ဂုဏ်သရေရှိ ပုဂ္ဂိုလ်များ ဖြစ်တယ်။သင်ဟာ လင်ယောကျ်ားကောင်း တစ်ယောက်ရဲ့ တာဝန်ဝတ္တရားအားလုံးကို ဆောင်ရွက်လိမ့်မယ်လို့ ငါ ယုံကြည်စိတ်ချတယ်။ ငါ့သမီးဟာ သင့် တရားဝင်မယား ဖြစ်ရတော့မယ်။ ရွှေဘုံပေါ်မှာ စံရ စံရ၊တဲအိုပျက်မှာ နေရ နေရ၊ သင့်ကို သစ္စာရှိရှိ ပေါင်းသင်း နေလိမ့်မယ်။သင်တို့က မွေးဖွားတဲ့ သားသမီးများနဲ့ မြေးမြစ်များဟာလည်း နှစ်ဖက်သော မိဘ အဆက်အနွယ်များရဲ့ သားသမီး မြေးမြစ်များ ပီသကြ ပါစေ။ သတို့သမီးဟာ လက်ထပ်မင်္ဂလာဝတ်ရုံ ဝတ်ဆင်ပြီး အဆင်သင့် ဖြစ်နေပါပြီ။ သူ့ကို သိမ်းပိုက်ပြီးတော့ မောင်မယ် လက်တွဲပြီး ဘဝရဲ့ တာဝန်ဝတ္တရားများကို ဆောင်ရွက်ပါလေ'

တိုင်းပြည်၏ ဓလေ့ထုံးတမ်းအရ ပူဇော်ပသမှုများကို စနစ်တကျ ပြုလုပ်လေ၏။ ကျေးရွာ၏ အကြီးမြင့်ဆုံး ကျောင်းထိုင်ဘုန်းကြီးက မန္တာန်ကို ရွတ်ဖတ် သရဇ္ဈာယ်နေစဉ် သတို့သမီး၏ ဖခင်က မင်္ဂလာရေစက်ကို သွန်း လောင်းပေးလေသည်။ သတို့သားသည် သတို့သမီး၏လက်ကို ဆွဲယူလိုက် လေသည်။ သတို့သမီးသည် မြဲမြံ ခိုင်ခံ့သည့် ကျောက်တုံးပေါ် လှမ်းတက် လိုက်လေသည်။ထိုနောက် မောင်မယ်နှစ်ဦးတို့သည် ယဇ်ပလ္လင်ကို ခြေလှမ်း ခုနစ်လှမ်းဖြင့် လှည့်ပတ်လေသည်။ အဓိပ္ပာယ်ကား ထိုအချိန်မှ အစပြု၍



www.burmeseclassic.com

www.burmeseclassic.com



သူ့တို့သည် အတူလက်တွဲ၍ ဘဝတစ်လျှောက်လုံး ကြင်ဖော်ကြင်ဖက်အဖြစ်နှင့် ဆိုးဆိုးကောင်းကောင်း တွေကြုံရသမျှ ကံအကျိုးပေးတို့ကို ရင်ဆိုင်သွားမည် ဟူ၍ ဖြစ်သည်။

ထို့နောက် မောင်မယ်နှစ်ဦးသည် သတို့သမီး၏မောင် လူပျိုရံကစ္စာယနနှင့် အပျိုရံများ၊ဧည့်သည်ပရိတ်သတ်များရံလျက် သတို့သမီး၏အနာဂတ်အိမ်ဂေဟာဖြစ်သည့် သတို့သား၏အိမ်သို့ သွားကြလေသည်။ ဘုန်းကြီးတစ်ပါးက ယဇ်မီးလောင်ကျွမ်းနေသည့် ယဇ်ပလ္လင်မှ မီးကို သံဒယ်တွင် ထည့်ယူလျက် မင်္ဂလာယာဉ်နောက်မှ လိုက်ပါသွားလေသည်။

လက်ထပ်မင်္ဂလာ စီတန်းလှည့်လည်သူတို့ လမ်းပေါ် ဖြတ်သွားသည့်အခါ လူအပေါင်းတို့က သတို့သမီးကို ဩဘာပေးကြပြီးလျှင် သတို့သမီးအပေါ် ဆန်များကြဲဖြန့်ပြီး ဆုတောင်းမေတ္တာ ပို့ကြလေ၏။သုဒတ္တ၏ အိမ်၌ သတို့သားသည် သတို့သမီးအား အိမ်ပေါ်သို့ ခေါ်ဆောင်သွား၏။ မင်္ဂလာယဇ်ပလ္လင်မှ ဆောင်ကြဉ်းလာသည့် မီးဖြင့် မီးဖိုအသစ်တွင် မီးညှိလိုက်လေသည်။ထုံးတမ်းစဉ်လာအရ ပသမှုများပြုလုပ်နေစဉ်အတွင်း မောင်မယ်နှစ်ဦးတို့သည် စင်ကြယ်မြင့်မြတ်သော မီးနတ်၏ ပတ်ပတ်လည်တွင် သုံးကြိမ် လှည့်ပတ်လေသည်။ထိုနောက် သူတို့သည် ရှေ့တွင် ဖြန့်ခင်းထားသည့် အနီရောင် နွားသရေပေါ်၌ ထိုင်လိုက်ကြလေသည်။ ဤတွင် ဆွေမျိုးထဲက ကလေးငယ်တစ်ဦးကို သတို့သမီး၏ ပေါင်ပေါ် တင်လိုက်လေသည်။ ထိုအခိုက် သတို့သား၏ ကွယ်လွန်သူဖခင်၏ အစ်ကိုအရင်းဖြစ်သူ ဘုန်းကြီးအိုတစ်ပါးက သတို့သမီးအား ဆုတောင်းမေတ္တာ ဆိုလေ၏။

'အိမ်၏ မီးဖိုတွင် စင်ကြယ်မြင့်မြတ်သော မီးတောက်မီးလျှံများဖြင့်တောက်လောင်နေသည့် မီးနတ်သည် သင့်အား စောင့်ရှောက်ပါစေသား။ သင်၏ သားသမီးများသည် ကြွယ်ဝချမ်းသာ ကြပါစေသား။အို လုံမငယ်၊ သင်သည် ကျန်းမာသန်စွမ်းသည့် သားသမီးများ၏မိခင် ဖြစ်ပါစေသား။



www.burmeseclassic.com

www.burmeseclassic.com



သင်သည် အင်အားတောင့်တင်းသည့် သားများ၏ ရွှင်ပြုံးနေသော မျက်နှာများကို မြင်တွေ့ရပါစေသား'

ထိုနောက် သတို့သားသည် သတို့သမီးအား မုယောဆန်လှော် တစ်ဆုပ်ပေးပြီးလျှင် 'မီးနတ်သည် တစ်ဦးနှင့်တစ်ဦး ချစ်ကြည်လေးစားသော ကျွန်ုပ်တို့ ဇနီးမောင်နှံ နှစ်ဦး အပေါ်တွင် စေတနာ မေတ္တာ ထားပါစေသား'ဟု ဆုတောင်းလိုက်၏။[၅]

---

၅။ အိန္ဒိယ၏ လက်ထပ်မင်္ဂလာ အခမ်းအနား အကြောင်းကို ဝင်တာနစ်၏ **Das attindische Hochzeitrituell nach dem Apastambiya- Grihye Sutra** ၌ ရေးသားဖော်ပြထားသည်။ ဗြာဟ္မဏတို့၏ ထုံးတမ်းစဉ်လာ အပြုအမူနှင့် ပတ်သက်၍ မနုဓမ္မသတ်တွင် ကြည့်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## ရှင်လန်းချမ်းမြေ့မှု

လက်ထပ်မင်္ဂလာ အခမ်းအနား ပြီးဆုံးသွားသောအခါ သုဘူတိသည် ကြွရောက်လာကြသည့် ဧည့်ပရိသတ်တို့အား ထမင်းစားပွဲဖြင့် ဧည့်ခံလေသည်။ ဧည့်ပရိသတ် အတွင်း၌ ပညာရှင် အနုရုဒ္ဓါကို တွေ့ရသည် ဖြစ်၍ သုဘူတိသည် သူနှင့်အတူ ယှဉ်ထိုင်ရန် ဖိတ်ခေါ်လေသည်။ ဧည့်ပရိသတ်တို့သည် ပျော်ရွှင်စွာ စားဖွယ် သောက်ဖွယ်များကို စားသောက်သုံးဆောင်ကြလေသည်။ညချမ်းဆည်းဆာသည် အေးလာသည်။လမင်းသည် မှုန်မွှားဖျော့တော့သော ရောင်ခြည်ဖြင့် ပေါ်ထွက်လာသည်။ထိုအခါ အဖော်တစ်သိုက်သည် ပညောင်ပင်ကြီး၏အောက်၌ ထိုင်ပြီးလျှင် နတ်ဒေဝတာတို့၏ စောင်မပံ့နှင့် သူတို့တိုင်းပြည်၏ ခမ်းနားကြီးကျယ်ပုံကို စကားစပ်ပြီး ပြောဆိုနေကြလေ၏။တရားသူကြီး သုဘူတိသည် အနုရုဒ္ဓါအား ဦးတည် ပြောဆိုလိုက်လေသည်။

'လေးစားအပ်တဲ့ အနုရုဒ္ဓါ၊သကျသာကီဝင်တို့ရဲ့ သူတော်စင်ဖြစ်တဲ့၊ လူအပေါင်းတို့က ဗုဒ္ဓလို့ ခေါ်ကြတဲ့၊ဂေါတမ ဘုရားရှင်ကို ကျွန်ုပ် လေးစားမြတ်နိုးပါတယ်။ဒါပေမယ့် သူ ဟောကြားတဲ့ တရားဒေသနာဟာ ကျွန်ုပ်တို့ တစ်တွေနဲ့တော့ မဟပ်မိဘူး ထင်တယ်။သူ့ တရားဒေသနာက ဘဝရဲ့ အဆိုးတွေ နှိပ်စက် လွှမ်းမိုးခြင်းခံရတဲ့ ပုဂ္ဂိုလ်တွေအတွက်သာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



သူ့တရားဒေသနာဟာ ကြောင့်ကြနေတဲ့၊မကျန်းမမာဖြစ်နေတဲ့၊ဆင်းရဲနေတဲ့ ပုဂ္ဂိုလ်တွေကိုသာ ခိုလှုံမှု၊ သက်သာမှု ပေးတယ်။ရွှင်လန်းချမ်းမြေ့နေတဲ့၊ အရှိန်အဝါ အာဏာရှိနေတဲ့၊ ကျန်းမာနေတဲ့ ပုဂ္ဂိုလ်တွေအတွက်တော့ သူ့ တရားဒေသနာဟာ အောင်မြင်မှု မရရှိပါဘူး။သူ့တရား ဒေသနာဟာ တိုက်ပွဲမှာ အနာဒဏ်ရာ ရသွားတဲ့ လူတွေအတွက်တော့ လိမ်းဆေးသဖွယ် ဖြစ်ချင်ဖြစ်ပါလိမ့်မယ်။ဒါပေမယ့် အနိုင်ရရှိသွားတဲ့ ပုဂ္ဂိုလ်တွေ အတွက်တော့ အရသာ မတွေ့ဘူး။အဆိပ်ပမာသာ ဖြစ်နေတယ်'

အနုရုဒ္ဓါက ပြန်လည် ပြောကြား၏။

'ဗုဒ္ဓရဲ့ တရားဒေသနာဟာ ဘဝရဲ့အဆိုးတွေ ဖိစီးနှိပ်စက်ခြင်းခံနေရတဲ့ ပုဂ္ဂိုလ်တွေအတွက်ဆိုတာ မှန်ပါတယ်။ဗုဒ္ဓရဲ့ တရားဒေသနာဟာ ကြောင့်ကြ ပူပန်နေတဲ့ လူတွေကို ခိုလှုံမှု ပေးပါတယ်။ကြောင့်ကြ ပူပန်နေတဲ့ လူတွေဟာ ဗုဒ္ဓရဲ့ တရားဒေသနာက ရွှင်လန်းချမ်းမြေ့မှု၊အင်အားပြည့်ဝမှု ရရှိနိုင်ပါတယ်။ ရွှင်လန်းချမ်းမြေ့နေတဲ့၊အရှိန်အဝါ အာဏာရှိနေတဲ့၊ကျန်းမာသန်စွမ်းနေတဲ့၊ လူတွေအဖို့မှာ နှစ်သိမ့်အားပေးမှု မလိုပါဘူး။ ကူညီရိုင်းပင်းမှု မလိုပါဘူး။ဆေး မလိုပါဘူး။သို့သော်လည်း ဘယ်လိုပုဂ္ဂိုလ် ဘယ်လိုလူတွေဟာ ရွှင်လန်းချမ်းမြေ့နေတဲ့၊အနာရောဂါ ကင်းနေတဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ပါသလဲ။သင်တို့အထဲက စိတ်ဆင်းရဲခြင်း၊နာမကျန်းဖြစ်ခြင်း၊ အိုမင်းခြင်း၊ သေဆုံးခြင်းများနှင့် ကင်းလွတ်သူရယ်လို့ တစ်ယောက်တလေ ရှိပါသလား။ အဲဒီလို ရှိတယ်ဆိုရင်တော့ အဲဒီပုဂ္ဂိုလ်ဟာ တကယ် အနိုင်ရရှိနေသူရယ်လို့ ခေါ်နိုင်ပါတယ်။အဲဒီ ပုဂ္ဂိုလ်တွေအတွက် လွတ်မြောက် ငြိမ်းချမ်းမှုဆိုတာ လိုမယ် မဟုတ်ပါဘူး။

'အခု ကျွန်ုပ် ကျွန်ုပ်ရဲ့ ဘေးပတ်ဝန်းကျင်မှာ အကြီးအကျယ် ရွှင်လန်း ချမ်းမြေ့နေတာကို တွေ့ရတယ်။ သို့သော်လဲ သင်တို့ရဲ့ ရွှင်လန်းချမ်းမြေ့မှုဟာ တကယ့်တကယ် အခြေအမြစ်ရှိတဲ့ ရွှင်လန်းချမ်းမြေ့မှု



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်ပါရဲ့လား။ သင်တို့ရဲ့ စိတ်နှလုံးများဟာ ဆင်းရဲဒုက္ခရောက်နေတဲ့ အခါမှာ၊သေဘေးနဲ့ ရင်ဆိုင်နေရတဲ့အခါ တည်ငြိမ်ကြွေ ရရဲ့လား။ သေခြင်း ကင်းတဲ့ နိဗ္ဗာန်သို့၊လောကီအာရုံ ကာမဂုဏ်တို့မှ အပဖြစ်သော သက္ကာယစွဲ၊ အတ္တစွဲမှ လွတ်မြောက်သော စိတ်၏အခြေအနေသို့ ရောက်ရှိတဲ့ ပုဂ္ဂိုလ်မှသာ တကယ့်တကယ် စစ်မှန်တဲ့ ရွှင်လန်းချမ်းမြေ့မှုကို ရရှိသူ ဖြစ်တယ်။ လောကီ ချမ်းသာကြွယ်ဝမှုကြောင့် ရွှင်လန်းချမ်းမြေ့မှု ဖြစ်ခြင်းဟာ အင်မတန် အန္တရာယ်ကြီးလှတဲ့ အခြေအနေ ဖြစ်တယ်။ ဘာကြောင့်လဲဆိုရင် အရာဝတ္ထု ဟူသမျှဟာ မတည်မမြဲ ပြောင်းလဲတတ်တဲ့သဘော ရှိတဲ့အတွက်ကြောင့် ဖြစ်တယ်။အနိစ္စဖြစ်တဲ့ အရာဝတ္ထုတွေကို အာရုံဖြတ်ထားတဲ့ ပုဂ္ဂိုလ်မှသာ တကယ့်တကယ် ရွှင်လန်းချမ်းမြေ့မှုရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ တရားဓမ္မ အပေါ် မှာ၊ ဗုဒ္ဓရဲ့ တရားဓမ္မအပေါ်မှာ အခြေခံတဲ့ ရွှင်လန်းချမ်းမြေ့မှုမှတစ်ပါး အခြား စစ်မှန်တဲ့ ရွှင်လန်းချမ်းမြေ့မှုရယ်လို့ ဘယ်မှာမှ မရှိဘူး။

'ဗုဒ္ဓဟာ သူတို့ကိုယ်သူတို့ ရွှင်လန်းချမ်းမြေ့သူများ ဖြစ်ကြတယ်လို့ ထင်မှတ်နေကြတဲ့ လူများကို ဘဝရဲ့ဘေးအန္တရာယ်နဲ့ ဘဝရဲ့ကျော့ကွင်းကို မြင်နိုင်အောင် မျက်စိ ဖွင့်ပေးတော်မူတယ်။ ငါးစာကို ဟပ်မိတဲ့အခါ ငါး ဟာ ငါ ရွှင်လန်းချမ်းမြေ့မှုရှိသူ တစ်ဦးပါကလားလို့ ယုံကြည်ယူဆတယ်။ သို့သော်လဲ ထက်မြက်စူးရှတဲ့ ငါးမျှားချိတ် အာခံတွင်းမှာ စူးဝင်သွားတာနဲ့ တစ်ပြိုင်နက် ဝေဒနာကို ခံစားရတယ်။

'မိမိရဲ့ ပုဂ္ဂလိက ရွှင်လန်းချမ်းမြေ့မှုနဲ့ ပတ်သက်ပြီး ကြောင့်ကြမှုဖြစ် နေရတဲ့ ပုဂ္ဂိုလ်ဟာ အခါခပ်သိမ်း ကျီးလန့်စာ စားသလို ဖြစ်နေရလိမ့်မယ်။ အဲဒီပုဂ္ဂိုလ်ဟာ မိမိရဲ့အဖော်ပုဂ္ဂိုလ်များရဲ့ ဆင်းရဲဒုက္ခကို မသိကျိုးကျွန် ပြုနေနိုင်ပေမယ့် အလားတူ နိဂုံးချုပ်ဟာ ငါတို့အားလုံးကို စောင့်နေပါလား ဆိုတဲ့ အချက်ကိုတော့ မျက်နှာလွှဲနေလို့ မရဘူး။ သေခြင်းရဲ့ အပိုင်ပစ္စည်းကို သေခြင်းအား ပုံအပ်တဲ့ပုဂ္ဂိုလ်ဟာ ရွှင်လန်းချမ်းမြေ့မှုရှိတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီပုဂ္ဂိုလ်ဟာ သေခြင်းကို အနိုင်ရတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။ သူ့ကြမ္မာက ဘယ်လိုပဲဖြစ်ဖြစ် သူဟာ တည်ငြိမ်ဣန္ဒြေ ရနေမှာပဲ။သူဟာ သက္ကာယစွဲ၊ အတ္တစွဲကို စွန့်လွှတ်ထားသူဖြစ်တယ်။ နိစ္စရူပဖြစ်တဲ့ မသေရာစခန်းကို ဝင်ရောက်သွားသူ ဖြစ်တယ်။ နိဗ္ဗာန်ကို ရရှိသွားတဲ့ ပုဂ္ဂိုလ်ဖြစ်တယ်'

သုဒတ္တက သတို့သမီးကို ကြည့်ပြီး ပြောလိုက်လေ၏။

'ကျွန်ုပ်ကတော့ ဂေါတမဗုဒ္ဓရဲ့ တရားဒေသနာကို ဘယ်တော့မှ လက်မခံဘူး။ဘာဖြစ်လို့လဲဆိုရင် သတို့သားတစ်ယောက်ဟာ နိဗ္ဗာန်ကို ရရှိရေးအတွက် မိမိရဲ့ သတို့သမီးကို မစွန့်အပ် မစွန့်ထိုက်တဲ့ အတွက်ကြောင့်ဖြစ်တယ်'

အနုရုဒ္ဓါသည် သုဒတ္တ၏စကားကို အမှတ်မထင် ကြားလိုက်ရသည်ဖြစ်၍ ဆက်လက်ပြောပြန်လေသည်။

'ကျွန်ုပ်ရဲ့ မိတ်ဆွေလုလင်က ယနေ့အသစ်စက်စက် သစ္စာထားပြီးတဲ့ သတို့သမီးဆီက သူ့ကို ဗုဒ္ဓရဲ့တရားဒေသနာက လုယူသွားလိမ့်မယ်လို့ စိုးရိမ်နေဟန် တူတယ်။အဲဒီလိုမဟုတ်ပါဘူး။ဗုဒ္ဓဟာ သူ့မယားနဲ့ သားကို စွန့်ပြီး တောထွက်သွားခဲ့တယ်။အဲဒါ ဘာကြောင့်လဲ ဆိုရင် အဝိဇ္ဇာဖုံးလွှမ်းပြီး ကမ္ဘာလောကဟာ အမိုက်မှောင်ထဲမှာ ကျရောက်နေတဲ့ အတွက်ကြောင့် ဖြစ်တယ်။သေခြင်းကင်းတဲ့ နိဗ္ဗာန်သို့ ရောက်ရှိပြီး ဖြစ်တဲ့အတွက် ဗုဒ္ဓဟာ အခုတော့ အခြားပုဂ္ဂိုလ်များကို လမ်းညွှန်ပြဖို့ဆိုတဲ့ တစ်ခုတည်းသော ရည်ရွယ်ချက်ကိုသာ ဆုပ်ကိုင်ထားတယ်။သူ့နည်းအတိုင်း လူ့ဘောင်ကို စွန့်ခွာလာခဲ့တဲ့၊သူ့တပည့်တပန်းဖြစ်တဲ့ ကျွန်ုပ်တို့ဟာလည်းပဲ ရဟန်းဘဝနဲ့ပဲ အရိုးထုတ်သွားကြမှာပဲ။အဲဒီလို လုပ်တာဟာ မိမိအကျိုးအတွက် မဟုတ်ဘူး။ဘာဖြစ်လို့လဲဆိုရင် ကျွန်ုပ်တို့ဟာ အတ္တစွဲ၊သက္ကာယစွဲ ဟူသမျှကို ပယ်ရှင်းပြီး ဖြစ်တဲ့အတွက် ဖြစ်တယ်။အမှန်စင်စစ်က မိမိ အကျိုးအတွက် မဟုတ်ဘူး။ ကမ္ဘာလောကရဲ့ လွတ်မြောက်ငြိမ်းချမ်းမှု အတွက်သာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ကျွန်ုပ်တို့ရဲ့ဝါဒဟာ 'အနတ္တဝါဒ'ဆိုတဲ့ စကားလုံးထဲမှာပဲ ပေါ်လွင်ထင်ရှားနေပါတယ်'

'ကျွန်ုပ်တို့ရဲ့ ဝါဒဟာ လွတ်လွတ်လပ်လပ်ဖြစ်တဲ့ ဘဝနဲ့ အဆက်အသွယ် ဖြတ်ခြင်း မဟုတ်ဘူး။ အတ္တကို လုံးလုံး စွန့်လွှတ်ထားခြင်းသာ ဖြစ်တယ်။ ကမ္ဘာလောကနဲ့ လုံးဝ အဆက်အသွယ် ဖြတ်ထားသော်လည်း စိတ်နှလုံးထဲမှာ လောဘ အငွေ့အသက် ရှိနေသေးလျှင် ဤဘဝရဲ့ ရှင်လန်းချမ်းသာမှုအတွက် သော်လည်းကောင်း၊နောင်တမလွန် ဘဝရဲ့ ရှင်လန်းချမ်းသာမှုအတွက် သော်လည်းကောင်း တောင့်တမျှော်မှန်း နေသေးလျှင် အဲဒီ ရသေ့ရဟန်းဟာ လွတ်လပ်တဲ့ပုဂ္ဂိုလ် မဟုတ်ဘူး။ရိုးရိုး အိမ်ထောင်ရှင်တစ်ဦးပင် ဖြစ်စေကာမူ လောဘကို စွန့်ပယ်ထားတဲ့ ပုဂ္ဂိုလ်ဖြစ်လျှင် အဲဒီပုဂ္ဂိုလ်ဟာ နိဗ္ဗာန်တည်းဟူသော အသီးအပွင့်ကို ဖြစ်ထွန်းစေမယ့် ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံတဲ့ စိတ်နှလုံးရဲ့ အခြေအနေကို ရရှိနိုင်ပေတယ်။

'ရဟန်းဘဝကို မျှော်မှန်းတဲ့ ပုဂ္ဂိုလ်ဟာ လောကီအာရုံ ခံမင်စရာဟူသရွေ့ကို ကျော်ခိုင်းပြီး အစွမ်းရှိသရွေ့ ဉာဏ်အလင်းရောင်ရအောင် ကြိုးစား အားထုတ်သင့်တယ်။သို့သော်လည်း အိမ်မှာ ဆောင်ရွက်စရာတာဝန်ရှိတဲ့ ပုဂ္ဂိုလ်ဟာ မိမိရဲ့ တာဝန်ဝတ္တရားများကို မျက်နှာ မလွှဲသင့်ပေဘူး။ ဗုဒ္ဓကလည်း ဟောပြထားတယ်။

'မိဘနှင့် သားမယားကို ပြုစုလုပ်ကျွေးပါ၊
ယင်းကဲ့သို့ လုပ်ကျွေးခြင်းနှင့် အပြစ်ကင်းသော အလုပ်ကို နှစ်သက်မြတ်နိုးခြင်းသည် အမှန်စင်စစ်အားဖြင့် မြင့်မြတ်သော မင်္ဂလာ မည်၏။

'ကိုယ်ချင်းစာနာမှုကို ပြုကျင့်ပါ။
ဆွေမျိုးမိတ်သင်္ဂဟများကို ထောက်ပံ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ယင်းကဲ့သို့ ပြုလုပ်ခြင်းနှင့် အပြစ်ကင်းသည့် နေနည်းဖြင့်
နေခြင်းသည် အမှန်စင်စစ်အားဖြင့်
မြင့်မြတ်သော မင်္ဂလာမည်၏။

'ကိုယ့်ကိုယ်ကို ချုပ်တည်းခြင်း၊ပညာနှင့် ပြည့်စုံခြင်း၊
သစ္စာလေးပါးကို သိမြင်ခြင်း၊
ယင်းကဲ့သို့ ပြုခြင်းနှင့် နိဗ္ဗာန်ကို ရရှိခြင်းသည်
အမှန်စင်စစ်အားဖြင့်
မြင့်မြတ်သော မင်္ဂလာမည်၏။'[၆]

---

၆။ မဟာ မင်္ဂလသုတ်မှ

www.burmeseclassic.com

www.burmeseclassic.com

## အခြေအတင်

သုဒတ္တ မမျိုးသိပ် မအောင့်အည်းနိုင်သည့် အခြေအနေသို့ ရောက်နေသည်ကို တွေ့ရသည်ဖြစ်၍ အနုရုဒ္ဓါသည် စကားပြော ရပ်လိုက်ပြီးလျှင် လုလင်အား မျှော်လင့်သောအကြည့်ဖြင့် ကြည့်နေ၏။သုဒတ္တက မတ်တပ်ရပ်လိုက်ပြီးလျှင် ပြောလိုက်လေသည်။

'အတ္တကို လုံးလုံးစွန့်လွှတ်ခြင်း ဟုတ်လား။ဂေါတမ ဟောကြားတဲ့ လွတ်မြောက်မှုဆိုတာ အဲဒါလား။ကျွန်ုပ်ရဲ့အဖေက သူ့ကို "မိစ္ဆာဒိဋ္ဌိ၊ ဘာသာမဲ့"လို့ ခေါ်တယ်။အဲဒီလိုခေါ်တာ မမှားဘူး။ဘာကြောင့်လဲဆိုလျှင် ဂေါတမရဲ့ လွတ်မြောက်မှုက ဖျက်ဆီးခြင်းသာ ဖြစ်တယ်၊လူ့ရဲ့အတ္တကို ဖျက်ဆီးခြင်းသာ ဖြစ်တယ်။ ဂေါတမဟာ မြင့်မြတ်တဲ့ သျှတ္တရ ကျမ်းဂန်များရဲ့ ခိုင်မာတဲ့ အဆိုအမိန့်ကို ငြင်းပယ်တယ်။လောကကို ဖန်ဆင်းတဲ့ ထာဝရဘုရားကိုလည်း မယုံကြည်ဘူး။ အတ္တ မရှိဘူးလို့လဲ ယူဆတယ်။ ဂေါတမဟာ ဘယ်လောက် ဘာသာမဲ့ တရားမဲ့ ဖြစ်သလဲဆိုရင် ယဇ်ပူဇော်ပသမှုတွေကို တရားနဲ့ မညီဘူးဆိုပြီး ပြက်ရယ်ပြုတယ်။ ကျွန်ုပ်တို့ ယဉ်ကျေးမှုရဲ့ အခြေခံဖြစ်တဲ့ မြင့်မြတ်တဲ့ ဇာတ်စနစ် ဇာတ်ထုံးစံကိုလည်း ဖျက်လိုဖျက်ဆီး လုပ်တယ်။ သူ့ဘာသာတရားဟာ ဘာသာတရားအားလုံးကို ဆန့်ကျင်တဲ့ ဘာသာတရား ဖြစ်တယ်။သူ့ဘာသာတရားဟာ ကောင်းကင်ဘုံနဲ့ စပ်တဲ့ ဘာသာတရား မဟုတ်ဘူး။လူ့သားနဲ့စပ်တဲ့ ဘာသာတရား ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုရင် ဝေဒရဲ့ ကောင်းကင်ဘုံနဲ့ စပ်တဲ့ သဘောတရားကို ငြင်းဆန်ပြီး ဉာဏ်အလင်းရောင်သာလျှင် ဘဝရဲ့ လမ်းမကို ထွန်းလင်းစေဖို့ရန်အတွက် လုံလောက်တဲ့အရာ ဖြစ်တယ်လို့ ဟောကြားတယ်'

အနုရုဒ္ဓါသည် သုဒတ္တ၏ စိတ်အားထက်သန်သည့် ပြန်လှန်ချေပချက်များကို နားထောင်နေပြီးလျှင် သူ၏မျက်နှာ၌ ပေါ်လွင်နေသည့် တက်ကြွနေသော အသွေးအရောင်ကိုကြည့်၍ စဉ်းစားဆင်ခြင်မိလေ၏။

'ဤသူငယ်သည် ဘယ်လောက်တင့်တယ်လှပသည့် သူငယ်ဖြစ်သနည်း။သူ့ဖခင်၏ ဘာသာတရားအတွက် ဘယ်လောက် စိတ်အား တက်ကြွနေသနည်း'

ထို့နောက် ပြောလိုက်လေ၏။

'ဗုဒ္ဓဟာ ဗြာဟ္မဏ အယူဝါဒကို မဆန့်ကျင်ပါဘူး။သူဟောတဲ့ တရားဒေသနာကို သဘောပေါက်တဲ့လူဆိုရင် ဗုဒ္ဓဟာ ပြုပြင်ရေးသမားတစ်ဦး ဖြစ်တယ်ဆိုတဲ့ အကြောင်းကို နားလည်ပါလိမ့်မယ်။ဗုဒ္ဓဟာ ဘာသာတရားကို ဘယ်လို အဆင့်အတန်းမြင့်မြင့် အဓိပ္ပာယ်ကောက်ရတယ် ဆိုတာကို ကျွန်ုပ်တို့ကို ပြောပြထားပါတယ်'

သုဒတ္တက ပြောပြန်၏။'အတ္တရဲ့ တည်ရှိမှုကို ငြင်းပယ်တာဟာ ဘာသာတရား ဟူသမျှကို ဖျက်ဆီးချေမှုန်းပစ်တာနဲ့ ဘာမှ မထူးဘူး'[7]

အနုရုဒ္ဓါက မေးလေ၏။'အတ္တဆိုတာ ဘာကို ဆိုလိုတာလဲ လုလင်'

ဝေဒ ဒသနကို ကောင်းစွာ သင်ကြားတတ်မြောက်ထားသည့် သုဒတ္တက ပြန်လည်ဖြေကြား၏။'ကျွန်ုပ် ဆိုလိုတဲ့ အတ္တက ပျက်စီးခြင်း မရှိတဲ့၊ ထာဝရ တည်တံ့နေတဲ့ အတ္တဖြစ်တယ်။အဲဒီ အတ္တကပဲ ကျွန်ုပ်ရဲ့

---

၇။ သုဒတ္တ၏ ဝေဖန်ချက်သည် ရှေးယခင်က ဗုဒ္ဓ၏ ဆန့်ကျင်ဘက်များက ဗုဒ္ဓဝါဒအား ဝေဖန်သည့် ဝေဖန်ချက်၏ အကျဉ်းချုပ် ဖြစ်သည်။ ယင်းအချက်ကိုပင် ယခုခေတ် ယခု အချိန်အထိ ထပ်တလဲလဲ ဝေဖန်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အတွေးအခေါ်များကို ဦးဆောင်တယ်။ 'ငါ'လို့ ခေါ်တဲ့အရာဟာ အဲဒီအတ္တသာ ဖြစ်တယ်'

အနုရုဒ္ဓါက ပြောလိုက်လေ၏။

'အတ္တဆိုတာ ဘယ်ဟာလဲ လုလင်။'ငါ'လို့ ခေါ်တဲ့အရာဟာ ဘယ်ဟာလဲ လုလင်။ကျွန်ုပ်မှာရော၊သင်လုလင်မှာရော၊အခု ဒီမှာနေတဲ့ လူတွေအားလုံးမှာရော'ငါ'လိုခေါ်တဲအရာတစ်ခုရှိတယ်ဆိုတာ ပြဿနာ ဖြစ်စရာ မလိုပါဘူး။ သို့သော်လည်း ကျွန်ုပ်တို့ 'ငါ'လို့ ပြောတဲ့အခါမှာ အဲဒီ 'ငါ'ဟာ စကားအားဖြင့် ထုတ်ဖော် ပြောပြတဲ့ ပြောနည်းပြောပုံ တစ်ခု သာ ဖြစ်တယ်။ ကျွန်ုပ်တို့ စိတ်နှလုံးထဲမှာ ရှိနေတဲ့ တခြားစကားလုံး တွေ၊အကြံအစည်တွေ အားလုံးကို ထုတ်ဖော်ပြောပြတဲ့ နည်းအတိုင်းပဲ ဖြစ်တယ်။'ငါ'လို့ခေါ်တဲ့ စကားလုံးတွေဟာ ဘဝတစ်လျှောက်လုံးမှာ တစ်သဘောတည်း ရှိနေသွားမယ်ဆိုတာ မှန်ပါတယ်။သို့သော်လဲ 'ငါ'ဆိုတဲ့ စကားလုံးရဲ့ အဓိပ္ပာယ် အနှစ်သာရကတော့ ပြောင်းလဲနေလိမ့်မယ်။ အဲဒီ 'ငါ' ဆိုတာဟာ ကလေးအရွယ်မှာ သိတတ်တဲ့အချိန်က စပြီး ဖြစ်ပေါ်လာ တယ်။အဲဒီ'ငါ'က ပထမဦးဆုံး သူငယ်ဆိုတာကို ညွှန်ပြတယ်။ အဲဒီနောက် လုလင်ဆိုတာကို ညွှန်ပြတယ်။ အဲဒီနောက် လူကြီးဆိုတာကို ညွှန်ပြတယ်။ နောက်ဆုံးပိတ်ကျတော့ သူငယ်ပြန်နေတဲ့ အဘိုးအို ဆိုတာကို ညွှန်ပြတယ်။ စကားလုံး တစ်မျိုးတည်း တစ်သဘောတည်း ရှိချင် ရှိသွား ပေမယ့် စကားလုံး ရဲ့ အဓိပ္ပာယ် အနှစ်သာရကတော့ ပြောင်းလဲနေတယ်။ အဲဒါကြောင့် 'ငါ'လို့ ခေါ်တဲ့ အဲဒီအရာ တစ်ခုခုဟာ အစဉ်ထာဝရလည်း တည်တံ့မနေဘူး။ ပျက်စီး ပြောင်းလဲခြင်း မရှိတဲ့ အရာလည်း မဟုတ်ဘူး။ကောင်းကင်ဘုံနဲ့ ပတ်သက်တဲ့ အရာလည်း မဟုတ်ဘူး။ယောဂ ဒဿနက အမည်ပေးထားတဲ့ 'ပရမတ္တမ' ဆိုတာလည်း မဟုတ်ဘူး။အဲဒီ 'ငါ'ဟာ စကားအဖြစ်နဲ့ ထုတ်ဖော်ပြောပြ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



တဲ့ လူရဲ့ အသိ၊အတွေး၊အကြံ တို့နှင့်တကွ ဖြစ်တဲ့ ပုဂ္ဂလ သဘော တစ်ခုလုံးကို ညွှန်ပြတဲ့ စကားလုံးမျှသာ ဖြစ်တယ်'

ဗြာဟ္မဏ လုလင် ပြော်ပြန်လေ၏။

'ဂေါတမ ဗုဒ္ဓဟာ အတ္တရဲ့ တည်ရှိမှုကို ငြင်းပယ်တဲ့ ဘာသာမဲ့၊ တရားမဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။ဒါပေမယ့် နောင်တမလွန်ဘဝမှာ ပြန်လည်မွေးဖွားရေး မှုနဲ့ ပျက်စီးပျောက်ကွယ်သွားခြင်း မရှိဘဲ ထာဝရ တည်တဲ့နေမှု အကြောင်းကိုတော့ ပြောပြနေတယ်။အဲဒါဟာ တော်တော် ရှေ့နောက်မညီတဲ့ အရာဖြစ်တယ်'

BURMESE CLASSIC

ရဟန်း သမဏ ပြောလေ၏။

'စကားလုံးနဲ့ ပတ်သက်ပြီးတော့ အငြင်းအခုံ မလုပ်ကြတာ ကောင်းလိမ့်မယ် မိတ်ဆွေ သုဒတ္တ။အယူအဆ ဝါဒကိုသာ အမှန်အတိုင်း သိရှိနားလည်အောင် ကြိုးစားစေချင်တယ်။သင်တို့ပြောတဲ့ ထာဝရ တည်တဲ့နေတယ်ဆိုတဲ့ အတ္တကို ဗုဒ္ဓက အမှားလို့ မြင်တယ်။မောဟလို့ မြင်တယ်။ အိပ်မက်လို့ မြင်တယ်။အဲဒီအတ္တကို စွဲလမ်းမှုဟာ ဒီဘဝ ဒီကမ္ဘာလောက အတွက်ရော၊နောင်ဘဝ ကောင်းကင်ဘုံအတွက်ရော ရှင်လန်းချမ်းမြေ့မှုကို လိုလားတောင့်တခြင်း ဖြစ်တဲ့ ငါစွဲ သက္ကာယစွဲကို ဖြစ်ပေါ် စေတတ်တယ်။ သို့သော်လည်း အဲဒီ အမှတ်မှားနေတဲ့ အတ္တသဘောဟာ သင့် အဘိမ္မော့ရဲ့ အမှားအယွင်းတစ်ခု ဖြစ်ပေမယ့် သင်ရဲ့ ပုဂ္ဂလ သဘောကတော့ တကယ်ရှိနေတဲ့ အရာတစ်ခု ဖြစ်တယ်။စရိုက်၊အတွေးအခေါ်၊ အပြုအမူကို ပိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရယ်လို့ မရှိဘူး။ အမှန်စင်စစ်က စရိုက်၊ အတွေးအခေါ်၊အယူအဆ၊ အပြုအမူများ ကိုယ်တိုင်ကပဲ ပုဂ္ဂိုလ် ဖြစ်တယ်။ သုဒတ္တ၊သင့်အတွေးအခေါ်ကို ကြံစည်တွေးခေါ်တဲ့၊သင့်စရိုက်ကို ပုံသွင်းတဲ့ အတ္တ တစ်စုံတစ်ရာရယ်လို့ သင့်မှာ မရှိဘူး။သင့် အတွေးအခေါ်များ ကိုယ်တိုင်က ကြံစည်တွေးခေါ်ခြင်း ဖြစ်တယ်။သင့်စရိုက် ကိုယ်တိုင်ဟာ သင့်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ရဲ့ သဘာဝဖြစ်တယ်။ သင်ရဲ့ စရိုက်၊ သင်ရဲ့ အတွေးအခေါ်၊ သင်ရဲ့ ကိုယ့်စိတ်ကိုယ် ထိန်းခြင်းများဟာ သင်ကိုယ်တိုင်သာ ဖြစ်တယ်။ သင့်မှာ အကြံအတွေးရှိတာ မဟုတ်ဘူး။ ယင်ကိုယ်တိုင်က အကြံအတွေး ဖြစ်တယ်'

သုဒတ္တက မေးလိုက်လေ၏။

'ဒါဖြင့် ကျွန်ုပ်ရဲ့ အဲဒီအကြံအတွေးများရဲ့အရှင်သခင်က ဘယ်သူဖြစ်မလဲ။ ဒီနေရာမှာတော့ သင်ရဟန်းသမဏရဲ့ အယူအဆဟာ ချို့တဲ့နေတယ်။ မိမိ အကြံအတွေးရဲ့ အရှင်သခင်ဟာ မိမိရဲ့ အတ္တသာ ဖြစ်တယ်လို့ သိမြင်သဘောပေါက်တဲ့ ပုဂ္ဂိုလ်သာ တကယ်အမှန် သိမြင်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်'

အနုရုဒ္ဓါက ဆက်ပြောလေ၏။

'အတ္တဟာ သင့်ကိုယ်နဲ့ သင့်စိတ်ကို ပိုင်တဲ့ အရှင်သခင် မဟုတ်ဘူး။ သင့်စရိုက် သင့်လှုပ်ရှားမှုကို လမ်းညွှန်နေတဲ့ အရှင်သခင် မဟုတ်ဘူး။ အင်အား အရှိဆုံးဖြစ်တဲ့ သင်ရဲ့လှုပ်ရှားမှု စိတ်ဓာတ်သာ သင့်ကို စိုးမိုးနေတဲ့ အရှင်သခင်ဖြစ်တယ်။ တကယ်လို့ သင့်နှလုံးထဲမှာ စိတ်ရိုင်းစိတ်ဆိုးတွေ တိုးပွားနေလျှင် သင်ဟာ မုန်တိုင်းနဲ့ ပင်လယ်လှိုင်းရဲ့လက်ထဲ ရောက်သွားတဲ့ လှေတစ်စင်းအတိုင်း ဖြစ်သွားလိမ့်မယ်။ သို့သော်လည်း ဉာဏ်အလင်းရောင် ရရှိဖို့ရန်အတွက် မျှော်မှန်း တမ်းတတဲ့စိတ် သင့်မှာ ရှိတယ်ဆိုရင်တော့ အဲဒီစိတ်က သင့်ကို မောဟတွေ အဝိဇ္ဇာတွေ ကင်းရှင်းတဲ့၊ငြိမ်သက်နေတဲ့ ရေကန်လို စိတ်နှလုံး တည်ငြိမ်အေးချမ်းမှုရှိတဲ့ နိဗ္ဗာန်သောင်ကမ်းသို့ ရောက်အောင် ပဲ့ကိုင် ပေးသွားလိမ့်မယ်။ အပြုအမူများကို ပြုမှု လုပ်ကိုင်ကြတယ်။ အဲဒီ အပြုအမူများကို ပြုမှု လုပ်ကိုင်ခြင်းများဟာ ပျောက်ကွယ်သွားကြတယ်။သို့သော်လည်း အဲဒီ အပြုအမူများကြောင့် ပြီးမြောက် ဖြစ်ပေါ်လာတဲ့ အရာများကတော့ တည်တံ့နေတယ်။ စာကိုရေးတဲ့ လူတစ်ယောက်ဟာ စာရေးတဲ့အလုပ်ကို ရပ်လိုက်သော်လည်း စာများ ကျန်ရှိနေသကဲ့သို့ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။အပြုအမူများမှာရှိတဲ့ တည်မြဲမှုကို စဉ်းစားလိုက်လျှင် ကျွန်ုပ်တို့ရဲ့ အနာဂတ်ဘဝကို လိမ်လိမ်မာမာ ပုံသွင်းခြင်းထက် ပိုပြီး ကောင်းမွန်တဲ့အရာ တခြားဘယ်မှာ ရှိနိုင်ဦးမလဲ။ မေတ္တာ ကရုဏာထားမှု၊စိတ်ထား သန့်ရှင်း စင်ကြယ်မှု၊ တည်ငြိမ်သော တွေးခေါ်မှု ရတနာများကို သိုမှီးသိမ်းဆည်း ထားပါ။ မြင့်မြတ်သော အတွေးအခေါ်များ၊ ကောင်းမြတ်သော အပြုအမူ များနဲ့ နေတဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်ကာယက သေဆုံးသွားစေကာမူ အစဉ်ထာဝရ အသက်ရှင် နေလိမ့်မယ်။အဲဒီပုဂ္ဂိုလ်မျိုးဟာ အဆင့်အတန်း သာလွန်မြင့်မား တဲ့ ဘဝမှာ တစ်ဖန် မွေးဖွားလာရပြီး နောက်ဆုံးပိတ်ကျတော့ နိဗ္ဗာန်ကို ရရှိလိမ့်မယ်။ အတ္တသဘောရဲ့ ဘဝပြောင်းလဲခြင်းဆိုတာ မရှိဘူး။ သို့သော် လည်း ပြုလုပ်လိုက်တဲ့ အပြုအမူ အားလျော်စွာဖြစ်တဲ့ စိတ်နေစိတ်ထားရဲ့ နောက်တစ်ဘဝမှာ ပြန်လည် ဖြစ်ပေါ်လာခြင်း ဆိုတာကတော့ ရှိတယ်။

'ကုသိုလ်ကောင်းမှုကို အားသွန်ခွန်စိုက် ပြုလုပ်ရမယ်လို့ ဗုဒ္ဓက ဟောပြထားတယ်။ လောဘ၊ ဒေါသ၊မောဟ၊ မာနတို့ကြောင့် စိတ်အလို လိုက်ပြီး ပြုလုပ်တဲ့ မကောင်းမှုတို့ကိုတော့ အမြစ်အရင်းက နေပြီး နုတ်ပယ် ပစ်သင့်တယ်'

အတ္တဝါဒ အပေါ်၌ ယုံကြည်စွဲမြဲနေသော သုဒတ္တ၏ ယုံကြည်ချက် သည် ယိမ်းယိုင် လှုပ်ရှားသွားခြင်း မရှိသေးပေ။သူ၏ ယင်းယုံကြည်ချက် သည် ယခင်ကထက် ပို၍ ခိုင်မာနေသည်။အကြောင်းမူကား သူ၏ ဘာသာ တရား တစ်ခုလုံးသည် ထိုအတ္တဝါဒ အပေါ်၌သာ မှီငြမ်းပြုနေသောကြောင့် ဖြစ်၏။ သူက ပြောလိုက်လေသည်။

'ကျွန်ုပ်ရဲ့ အတ္တမရှိဘဲ ကျွန်ုပ်ရဲ့ အပြုအမူများ ဘယ်မှာ ရှိနိုင်ပါမလဲ။ ကျွန်ုပ်ဟာ အာရုံခံစားသူ မဟုတ်လျှင် အာရုံခံစားမှုဆိုတာ ဘယ်မှာ ရှိနိုင် ပါမလဲ'

အနုရုဒ္ဓါ၏ တည်ကြည်လေးနက်သော မျက်နှာထားသည် နဂိုအ ထက်ပင် ပို၍ တည်ကြည်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အာရုံကို ခံစား စံစားလိုတဲ့ အာသာနဲ့ အတ္တဆိုတဲ့ အတွေးအခေါ် ဟူသမျှကို ပယ်စွန့်ပြီး မိမိရဲ့ အပြုအမူအရ နေသွားပါ။ မိမိရဲ့ အပြုအမူများ သာလျှင် ဘဝရဲ့ တကယ့်တကယ် အမှန်ရှိတဲ့ အရာများ ဖြစ်တယ်။ သတ္တဝါ မှန်သမျှဟာ ယခင်အတိတ်ဘဝက ပြုလုပ်ခဲ့တဲ့ အပြုအမူများ အတိုင်းသာ ယခုဘဝမှာ ဖြစ်ပေါ်လာကြခြင်း ဖြစ်တယ်။ စိတ်နေစိတ်ထားများဟာ ကျွန်ုပ်တို့ရဲ့ အစွဲတွင်က ဘဝရဲ့ အမှန်တကယ် ရှိနေတဲ့ အရာများ ဖြစ်တယ်။ အဲဒီအရာများဟာ ပုဂ္ဂိုလ်တစ်ခုကနေပြီး အခြားပုဂ္ဂိုလ်တစ်ခုဆီသို့ ရွှေ့ ပြောင်းသွားနိုင်တယ်။ ပုဂ္ဂိုလ်သတ္တဝါများဟာ သေသွားကြတယ်။ သို့သော် လည်း သူတို့ရဲ့ စိတ်နေစိတ်ထားဟာ သူတို့ရဲ့ အပြုအမူ အားလျော်စွာ နောင် ဘဝမှာ တစ်ဖန် ပြန်ဖြစ်လာလိမ့်မယ်။ အပြုအမူများဟာ တဖြည်းဖြည်း တစ်စတစ်စအားဖြင့် စိတ်နေစိတ်ထားကို ပုံသွင်းပေးတယ်။ အဲဒီ စိတ်နေ စိတ်ထားက ကျွန်ုပ်တို့ရဲ့ ပုဂ္ဂလသဘောကို ဖန်တီး တည်ဆောက်တယ်။ ပုဂ္ဂိုလ်ဟု လည်းကောင်း၊ အာရုံခံစား စံစားသူဟု လည်းကောင်း၊ အတ္တဟု လည်းကောင်း သင် ခေါ်တဲ့ အဲဒီ ပုဂ္ဂလသဘောဟာ သင့်စိတ်နေစိတ်ထားရဲ့ အစုအပေါင်း ဖြစ်တယ်။ အတိတ်က အပြုအမူများဟာ ပုဂ္ဂိုလ်သတ္တဝါတိုင်းရဲ့ ယခုပစ္စုပ္ပန်ဘဝရဲ့ စရိုက်မှာ ထင်ဟပ်နေတယ်။ အဲဒီ နည်းအရ အတိတ်ဟာ ပစ္စုပ္ပန်ကို မွေးဖွားတယ်။ ပစ္စုပ္ပန်ဟာ အနာဂတ်ရဲ့ အမိဝမ်းတွင်း ဖြစ် တယ်။အဲဒါ ကမ္မတရားရဲ့ နိယာမ သဘောတရား ဖြစ်တယ်။အပြုအမူ တရားရဲ့ နိယာမ သဘောတရား ဖြစ်တယ်။အကြောင်းနှင့်အကျိုးရဲ့ နိယာမ သဘောတရား ဖြစ်တယ်'

'သင်ဟာ ဝိညာဉ်ရဲ့ပေါင်းစည်းမှုကို ဖြိုခွဲပစ်တယ်' ကစ္စာယနက ဝင်စွက်လိုက်လေ၏။

အနုရုဒ္ဓါက စကား ပြန်ကောက်လေသည်။

'အမှန်ပြောရလျှင် လူရဲ့ အစွဲတွင်က သဘာဝရဲ့ စိတ်ပိုင်းဆိုင်ရာသာ



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ ခက်ခဲနက်နဲပုံကို ကျွန်ုပ် ပြောပြခြင်း ဖြစ်တယ်။ သင့်မှာ အတ္တဆိုတဲ့ မောဟတရား ရှိနေသေးသရွေ့ သင်ဟာ နိဗ္ဗာန်ကို ဘယ်တော့မှ ရောက်နိုင်မယ် မဟုတ်ပေဘူး'

ရဟန်းသမဏ၏ တရားစကားများသည် လေးနက်လှပေသည်။ သို့ရာတွင် သူ၏ တရားနာပရိသတ်သည် နားလည်သဘောပေါက်ခြင်း မရှိသေးပေ။ ကိုယ့် အယူအဆကို စွဲမြဲနေတုန်းပင် ရှိသည်။ ကစ္စာယနသည် တစ်ကိုယ်တည်း ညည်းလိုက်လေ၏။

'ဂေါတမရဲ့ တရားဟာ အမှန်တရား မဖြစ်နိုင်ဘူး။တကယ်လို့ အမှန်တရား ဖြစ်တယ်ဆိုရင်လဲ စိတ်ပျက်ဝမ်းနည်းဖွယ်ကောင်းတဲ့ အမှန်တရားပဲ ဖြစ်လိမ့်မယ်။ ကျွန်ုပ်တော့ ရင်းနှီးခင်မင်မှုရှိနေတဲ့ ကျွန်ုပ်ဖခင်ရဲ့ ဘာသာတရားကိုပဲ ယုံကြည်မြတ်နိုးနေမှာပဲ'

ရဟန်းသမဏက ပြောလိုက်လေ၏။

'ရင်းနှီးခင်မင်မှုထက် မှန်ကန်မှုကို ဦးစားပေးရမယ်။ မှန်ကန်မှုဟာ အကောင်းဆုံးအရာဖြစ်တဲ့ အတွက်ကြောင့် ဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com

## ကထဥပနိသျှဒ် ၁၂ ၀

သုဒ္ဓသည် ဘာသာမဲ့ တရားမဲ့ ဆရာအရှင်တစ်ဦး၏ အယူဝါဒနှင့် ပတ်သက်၍ ပြန်လည်ချေပ ပြောဆိုလိုက်ရသဖြင့် အတော်ပင် ကျေနပ်အားရသွားလေသည်။ သူသည် အနုရုဒ္ဓါနှင့်အငြင်းအခုံ လုပ်လိုက်ရသည့် အကြောင်းကို ယောက္ခမဖြစ်သူ သုဘူတိနှင့် ယောက်ဖဖြစ်သူ ကစ္စာယနတို့ကသာ အလျဉ်းသင့်သလို စကားစပ် မပြောကြလျှင် မေ့မေ့ပျောက်ပျောက် ရှိသွားမည်မှာ အမှန်ဖြစ်သည်။ သုဘူတိနှင့် ကစ္စာယနတို့ကား ဗုဒ္ဓ၏ ဘာသာရေးဆိုင်ရာ တော်လှန်ပြောင်းလဲမှုများနှင့် ပတ်သက်၍ ဆက်လက်ဆွေးနွေးနေကြလေ၏။ အမျိုးဇာတ် ခွဲခြားမှုသည် ဇာတ်နိမ့်များအတွက် အခံရခက်သော အရာဖြစ်၏ ဟူ၍ကား သူတို့ သဘောပေါက်ကြသည်။ သို့ရာတွင် သူတို့သည် ဤသို့လည်း အယူရှိကြ၏။သူတို့၏ အမျိုးဇာတ် အမျိုးအနွယ်ကို မထိခိုက် မနစ်နာစေဘဲနှင့် ဇာတ်ထုံးစံ ဇာတ်စနစ်ကို လျှော့ပစ်ဖို့ရန် မဖြစ်နိုင်ပေ။ ဇာတ်ထုံးစံ ဇာတ်စနစ်သည် ဘုရားသခင်၏ စနစ်တစ်ခုဖြစ်ကြောင်းမှာမူ ပြဿနာဖြစ်စရာ မရှိပေ။ သို့ရာတွင် ဆင်းရဲဒုက္ခ ရောက်နေ

---

၁။ 'ဆေကရက်ဘွစ် အော့ဖ်သိအိစ်တ်'၌ အက်ဖ်အမ်မူလာ ဘာသာပြန်ထားသော ကထဥပနိသျှဒ်ကို လည်းကောင်း၊ 'ဆက်စေ့ ဥပနိသျှဒ်'၌ ဒူဆင် ဘာသာပြန်ထားသော ကထဥပနိသျှဒ်ကို လည်းကောင်း ဖတ်ရှုရန် တိုက်တွန်းပါသည်။ ထိုမှတစ်ပါး အခြားဘာသာပြန်များထဲကမူ ဆာအီဒွင်အာနိုးနှင့် ရှားလ့်ဂျွန့်စတန်တို့၏ ဘာသာပြန်များသည် ဖတ်ရှုထိုက်သည့် ဘာသာပြန်များ ဖြစ်ကြသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com



သည့် ပုဂ္ဂိုလ် သတ္တဝါ မှန်သမျှအား မေတ္တာကရုဏာ ထားသင့်သည်မှာလည်း အမှန်ဖြစ်သည်။ ယင်း ပုဂ္ဂိုလ် သတ္တဝါများထံက ဓာတ်နိမ့် ၊ဓာတ်ညံ့များကို ထုတ်ဖယ် မပစ်သင့်ပေ။ ပူဇော်ပသမှုကို မပြုလုပ်ဘဲ နေခြင်းအားဖြင့် နတ်ဒေဝတာများ အမျက်ပွားအောင်လည်း မပြုလုပ်သင့်ပေ။ နတ်ဒေဝတာများသည် သူတို့၏ ယဇ်ပလ္လင်၌ ပသပူဇော်သော ပူဇော်ဖွယ်များကို အမှန်တကယ် လိုလားနေကြသည် မဟုတ်လော။

ယင်းပြဿနာများသည် သုဘူတိနှင့် ကစ္စာယနတို့၏ စိတ်နှလုံးကို အလုပ်ပေးနေကြလေသည်။သူတို့နှစ်ဦးသည် စူးစူးစမ်းစမ်း ပြုလုပ်ကြသည့်အခါ သံသယ ဝင်လာကြလေသည်။သို့ရာတွင် ဗြာဟ္မဏကောင်း ဗြာဟ္မဏ အစစ် အဖြစ်နှင့် ရှိနေကြတုန်းပင် ဖြစ်လေသည်။

တစ်နေ့သ၌ ကုဒုရဃာရ ကျေးရွာသူကြီးဖြစ်သော သုဘူတိသည် ရွှင်လန်းသော မျက်နှာဖြင့် သူ့သားအနီးသို့ လာပြီး ပြောလေ၏။

ကထတို့သည် ယဇုဝေဒ(ယဇ်ပူဇော်နည်းများကို ပြသသည့်ကျမ်း)၌ ပါသည့် အယူဝါဒ ဖြစ်သည်။ကထဥပနိသျှဒ်သည် မီးယဇ်ပူဇော်မှုကို အခြေခံပြီး ကဗျာဆန်ဆန်ရေးသားသည့် တရားစကား ဖြစ်သည်။ကထ အယူဝါဒသည် ကရှမီရ်၌ ယဇုခေတ်အထိပင် ခေတ်စားနေတုန်း ဖြစ်သည်။

(ဝေဘာ၏ အိန္ဒိယစာပေသမိုင်း)

ဥပနိသျှဒ်တို့သည် ရှေးဟောင်း အိန္ဒိယဒဿနိက စာပေ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ယင်းတို့သည် ဗြာဟ္မဏဝါဒမှ ဗုဒ္ဓဝါဒသို့ အကူးအပြောင်းကို ဖော်ပြနေပေသည်။ ကထဥပနိသျှဒ်တို့ကား ယင်းတို့အနက် အကောင်းဆုံး ဖြစ်ဟန်ရှိသည်။

ဥပနိသျှဒ်တို့၌ ဖော်ပြပါရှိသော အတ္တပြဿနာ ဖြေရှင်းရေးသည် ဝေဒန္တဒဿန၏ အတ္တပြဿနာ ဖြေရှင်းရေး ဖြစ်သည်၊လက်မထက်လည်း မကြီးသော၊သို့မဟုတ် မုန်ညင်းစေ့လောက် သေးငယ်သော သီးခြားတည်ရှိနေသည့် အတ္တကို ယုံကြည်သည့်အယူ ဖြစ်သည်။အရာဝတ္ထုအားလုံးသည် ပြောင်းလဲနေသော်လည်း အတ္တကမူ ပြောင်းလဲပျက်စီးခြင်း မရှိ။ယင်းသို့ အယူရှိသည်။ဗုဒ္ဓသည် အတ္တ၏ တည်ရှိမှုကို ငြင်းပယ်၏။သို့ဖြစ်၍ ဗုဒ္ဓသည် အတ္တမရှိဟု ဟောတော်မူသည်ဟု အပြစ်တင်ကြသည်။

ကျွန်ုပ်တို့၏ ဝတ္ထုတွင် ဖော်ပြထားသည့် ပုံစံနှင့် အလားတူ ပုံစံမျိုးဖြင့်ပင် ကထဥပနိသျှဒ်သည် အစပြုလာခဲ့ခြင်း ဖြစ်ပေလိမ့်မည်။ ကထဥပနိသျှဒ်၌ ပါရှိသည့် ဇာတကသည် ရှေးဟောင်း မီးယဇ်ပူဇော်မှုကို ရည်ညွှန်းထားသည်။တစ်ပြိုင်နက်တည်းမှာပင် အခြား ဥပနိသျှဒ်များကဲ့သို့ပင် ဗုဒ္ဓဘာသာ၏ ဩဇာ လွှမ်းမိုးမှုကိုလည်း ပြသည်။သို့ရာတွင် အဘိဓမ္မာပိုင်းဆိုင်ရာ အနှစ်သာရကမူ ဗြာဟ္မဏ အယူအဆပင် ဖြစ်လေ၏။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



'ငါ့သား ကစ္စာယန၊ငါတော့ ပြဿနာရဲ့ အဖြေကို ရှာလို့တွေ့ပြီ။ ကထ ဂိုဏ်းဂဏရဲ့နည်းလမ်းအတိုင်း နိစ္စကေတ မီးယဇ်ကို ပူဇော်မလို့ လုပ်နေတုန်းမှာ ပြဿနာရဲ့ အဖြေကို ရှာတွေ့တာပဲ။ယဇုဝေဒကို ဖတ်ရွတ်နေစဉ်မှာ အခက်အခဲ ဟူသရွေ့ကို သိရှိနားလည်ပြီး သံသယဟူသမျှ၊ ပြဿနာဟူသမျှ ရှင်းလင်းသွားတယ်။ ငါတို့ရဲ့ ခြံဥယျာဉ်ထဲမှာရှိတဲ့ ပေပင်ကြီးက ပေရွက်တွေကို ခူးပြီးတော့ စာရေးလို့ရအောင် အရောင်ချွတ်ပြီး သားနှစ်ဖက်ကို ဖြတ်ပေးစမ်းပါ။ငါ့ အတွေးအခေါ် အယူအဆကို မေ့ပျောက်မသွားခင် ရေးမှတ်ထားချင်တဲ့ဆန္ဒ ငါ့မှာ ရှိနေတယ်'

ကစ္စာယနက ထက်သန်သော မျှော်လင့်ချက်ဖြင့် မေးလိုက်လေ၏။

'ဖခင် ဖြေရှင်းလို့ ရသွားတဲ့ ပြဿနာရဲ့ အဖြေကို အကျဉ်းအားဖြင့် မသိရဘူးလား'

ဗြာဟ္မဏ အမျိုးအချုပ်က ပြောလေ၏။

'နားထောင်၊ငါ ပြောပြမယ်၊သေခြင်းဟာ နက်နဲတဲ့ ဘဝပြဿနာများရဲ့ ကြီးမားလှတဲ့ ဆရာဖြစ်တယ်။မသေခြင်းကို သိရှိနားလည်လိုတဲ့ ပုဂ္ဂိုလ်ဟာ သေခြင်းရဲ့ အိမ်ဂေဟာထဲ ဝင်ရောက်ပြီး သေခြင်းဆီက ဘဝရဲ့ လျှို့ဝှက်ချက်ကို သိရှိနားလည်အောင် လုပ်ရလိမ့်မယ်။ ကလေးသူငယ်တစ်ဦးတစ်ယောက်ဟာ ဤကမ္ဘာလောကမှာ မွေးဖွားလာတာ မဟုတ်ဘူး။သေခြင်းကို ဆက်သဖို့ရန်အတွက် ရာထား သတ်မှတ်လိုက်ခြင်းသာဖြစ်တယ်။ဒါပေမယ့် သေခြင်းဟာ ဗြဟ္မာလည်း မဟုတ်ဘူး။ အုပ်ချုပ်သူ အရှင်သခင်လည်း မဟုတ်ဘူး။သေခြင်းဟာ ပြိုကွဲပျက်စီးသွားခြင်းကို နိမိတ်ဖတ်ပေမယ့် ဝိညာဉ်ကိုတော့ ဖျက်ဆီးမပစ်နိုင်ဘူး။သေခြင်းကို ထိတ်လန့် ကြောက်ရွံ့တဲ့ ပုဂ္ဂိုလ်ဟာ ဆုလာဘ်သုံးမျိုးကို မရရှိနိုင်ဘူး။ သေခြင်းဟာ သူ့အိမ်ကို ဝင်ရောက်လာတဲ့ ပုဂ္ဂိုလ်များကို ပြန်ခွင့်၊နောက်တစ်ဖန် ပြန်လည်မွေးဖွားခွင့် ပေးတယ်။လူတွေရဲ့ အပြုအမူများ ပျက်စီး



www.burmeseclassic.com

www.burmeseclassic.com



ပျောက်ကွယ်သွားခြင်း မဖြစ်အောင်လဲ ပြုလုပ်တယ်။နောက်တစ်ခုက ဖွဲ့သတ္တိနှင့် ပြည့်စုံတဲ့ စူးစမ်းသူများကိုလည်း ဘဝရဲ့ လျှို့ဝှက်နက်နဲတဲ့ အချက်ကို ပြောပြတယ်'

ကစ္စာယနက ပြောလေ၏။

'ဖခင်ရဲ့ အတွေးအခေါ် အယူအဆတွေဟာ နက်နဲတာ မှန်ပါတယ်။ ဒါပေမယ့် အရေးအကြီးဆုံးအချက်က သေခြင်းက သင်ပြတဲ့ သင်ခန်းစာဆိုတာ ဘာလဲဆိုတဲ့ အချက် မဟုတ်လား'

သုဘူတိက အတန်ငယ် စဉ်းစားဆင်ခြင်ပြီးလျှင် ပြောလိုက်လေသည်။

'ဗုဒ္ဓရဲ့ တရားဒေသနာများဟာ ငါ့ စိတ်နှလုံးထဲမှာ နက်ရှိုင်းစွာ စွဲဝင် နေကြတယ်။ ဒါပေမယ့် ငါတို့ရဲ့ မြင့်မြတ်တဲ့ ဘာသာတရားရဲ့ အယူဝါဒများဟာ အခြေအမြစ် မရှိဘူးဆိုတဲ့ အချက်ကိုတော့ ငါ သဘော မပေါက်သေးဘူး။ မြင့်မြတ်ကြီးကျယ်တဲ့ မီးယဇ်ပူဇော်မှုဟာ ဘာမှ အကျိုးကျေးဇူး မရှိဘဲ အပိုသက်သက်သာ ဖြစ်တယ်ဆိုတာ တကယ် ဟုတ်ပါ့မလား။ တကယ်လို့ အဲဒီအတိုင်းသာ ဟုတ်တယ်ဆိုရင် ငါတို့ရဲ့ ရသေ့မုနိတွေဟာ ဗုဒ္ဓပြောတဲ့အတိုင်း မျက်မမြင်များရဲ့ မျက်မမြင်ခေါင်းဆောင်များ တကယ် ဖြစ်ဖို့ရာသာ ရှိတယ်။ယဇ်ပူဇော်မှုများဟာ မိမိစိတ်နှလုံးရဲ့ အလိုဆန္ဒကို အောင်နိုင်မှု မရှိတဲ့ ပုဂ္ဂိုလ်အတွက်သာ၊ မိမိကိုယ်ကို ပြောင်းလဲလွယ်တဲ့ အရာနဲ့ ချည်နှောင်ထားတဲ့ အနှောင်အဖွဲ့ကို ဖြတ်တောက်ခြင်း မပြုတဲ့ ပုဂ္ဂိုလ်အတွက်သာ အကျိုးဖြစ်ထွန်းမှု မရှိခြင်း ဖြစ်ပေလိမ့်မယ်'

အတန်ငယ် ရပ်နားပြီးနောက် သုဘူတိက ဆက်ပြောလေ၏။

'ထာဝရ တည်တံ့နေတဲ့ မသေသော အတ္တဆိုတဲ့ အယူအဆဟာ ယုံတမ်းသက်သက် ဘယ်တော့မှ မဖြစ်နိုင်ဘူး။ ငါ အခု သဘောပေါက်ပြီး အတ္တဆိုတာ အရာဝတ္ထုအားလုံးအတွင်းမှာ ရှိနေတဲ့ မပြုလုပ် မဖန်တီးအပ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုတည်းသော အရှင်သခင် ဖြစ်တယ်။ ဒါပေမယ့် မျက်စိနဲ့လည်း ကြည့်လို့ မမြင်ဘူး။စကားနဲ့လည်း ပြောလို့ မရဘူး။စိတ်နဲ့လည်း သိလို့ မရဘူး။ အတ္တကို နှလုံးနဲ့ ကြံဆ ကြည့်ရမယ်။ အတ္တဟာ 'ဥုံ'လို့ ရွတ်ဆိုတဲ့ နေရာမှာ အကျဉ်းချုပ်အားဖြင့် ပေါ်နေတယ်။ အတ္တဟာ မွေးလဲ မမွေးတဲ့၊ သေလဲ မသေတဲ့ ထာဝရ တည်ရှိနေတဲ့အရာ ဖြစ်တယ်'

ကစ္စာယနက မေးလိုက်ပြန်၏။

'ဒီလိုဆိုရင် ဖခင်ရဲ့ အယူအဆက ဗြာဟ္မဏဝါဒ အသစ်အဆန်းလို့ ဆိုပေမယ့် ဗြာဟ္မဏဝါဒ အဟောင်းကို ထောက်ခံတာပဲ မဟုတ်လား'

သုဘူတိက ပြောလေ၏။

'မှန်တယ် ကစ္စာယန။ ဒါပေမယ့် ငါ့အယူအဆက တို့မိတ်ဆွေ အနုရုဒ္ဓါရဲ့ အကြံပေးချက်အရ အတော်အတန် ပြုပြင်ပြောင်းလဲထားတဲ့ အယူအဆ ဖြစ်တယ်။ ကောင်းတဲ့အရာက တခြား ဖြစ်ပြီး သည်းခြေကြိုက် အရာက တခြားဖြစ်တယ်ဆိုတာ ငါ သဘောကျနေတယ်။ ကောင်းတဲ့ အရာကို ယူပြီး သည်းခြေကြိုက်အရာကို စွန့်ပယ်ပစ်သင့်တယ်လို့ ငါ ယူဆ တယ်။ ဗုဒ္ဓက သူ့တပည့်များအား ညွှန်ပြတဲ့ ပေါင်းစည်းထားတဲ့ သင်္ခါရ တရားဟူသမျှဟာ မချွတ် ပျက်စီးရမယ်ဆိုတဲ့ အမှန်တရားကို ငါ မငြင်း ပယ်နိုင်ဘူး။ဒါပေမယ့် ငါ့ စိတ်နှလုံးထဲမှာ စွဲနေတဲ့ အချက်တစ်ခု ရှိတယ်။ အဲဒါ ဘာလဲဆိုလျှင် သေခြင်းတရားက ဖျက်စီး မပစ်နိုင်တဲ့ အရာတစ်ခု ရှိတယ်ဆိုတဲ့ အချက်ပဲ။ အဲဒီတရားဟာ တခြားမဟုတ်ဘူး၊ ငါတို့ရဲ့ ရသေ့ မုနိတွေ နာမည်ပေးသွားတဲ့ 'အတ္တ'ပဲ။အဲဒီ'အတ္တ'ဟာ ဘာလဲဆိုတာကို ငါ သိလိုစိတ် ပြင်းပြနေတယ်။။ဘာဖြစ်လို့လဲဆိုလျှင် အတ္တကို သိတဲ့ ပုဂ္ဂိုလ်မှသာ ဝိညာဉ်ရဲ့ ငြိမ်းချမ်းမှုကို တွေ့မြင် သိရှိနိုင်တဲ့ အတွက်ကြောင့် ဖြစ်တယ်။အနုရုဒ္ဓါဟာ ငါ့ကို အတ္တရဲ့ပြဿနာ ရှင်းလင်းပြောပြချင် ပြော ပြပေစေ။ဒါပေမယ်လို့ ငါပိုင်လို့ ခေါ်နိုင်တဲ့ အရာရယ်လို့ တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ ပြောစေလို့တော့ မဖြစ်ဘူး။ ဘဝဆိုတာ အနှစ်သာရ မရှိဘူးလို့ ပြောစေလို့တော့ မဖြစ်ဘူး။ထာဝရ တည်တံ့နေတဲ့ အရာရယ်လို့ မရှိဘူးလို့ ပြောစေလို့တော့ မဖြစ်ဘူး'

***

မိုးဥတုအတွင်း၌ သုဘူတိကို သူ၏အိမ် ဝရန်တာအကွယ်၌ စာရေးနေသည်ကို တွေ့ရလေသည်။ မိုးသားတိမ်လိပ်အတွင်းမှ နေထွက်လာပြီး အာကာသ ကောင်းကင်ပြင်၌ ပကတိ ပင်ကိုအလှ တစ်ဖန် ဖြစ်ပေါ်လာသည့်အခါ သုဘူတိ၏ စာသည် အပြီးသတ် သွားလေသည်။ ယင်းကျမ်းစာကို သူက 'ကထ ဥပနိသျှဒ်'ဟု အမည်နာမ တပ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အပြုအမူ၏ မပျက်စီး မသေပျောက်ခြင်း

ရာသီဥတု ပြန်လည် ကြည်လင်လာသော အခါသမယ ဖြစ်လေသည်။ဗုဒ္ဓ၏ တပည့်ရဟန်းများသည် လွတ်မြောက်ငြိမ်းချမ်းမှု တရားဓမ္မကို ဟောကြားရန် တိုင်းပြည်အနှံ့အပြားသို့ ခရီး ဖြန့်ချိကြလေ၏။ အနုရုဒ္ဓါသည်လည်း ကုဒုရ ဃာရရွာ ဇနပုဒ်သို့ တစ်ဖန် ရောက်လာပြန်လေသည်။ ထိုအခိုက် သုဘူတိ သည် သူ့အိမ်ရှေ့ရှိ အင်ကြင်းပင်အောက်၌ သူ ရေးပြုထားသည့် ကျမ်းစာကို ဖတ်ရှုပြီး ပြန်လည်စိစစ်နေလေ၏။ ဧည့်သည်နှင့် အိမ်ရှင်တို့သည် နှုတ်ခွန်း ဆက်သ ကြလေသည်။ သုဘူတိက သူ၏ ကျမ်းစာမူကို အနုရုဒ္ဓါအား ပြလေသည်။ အနုရုဒ္ဓါသည် သုဘူတိ၏ ကျမ်းစာကို တွေ့သည်နှင့် တစ်ပြိုင် နက် ကြီးမားသည့် နောင်တမလွန်ဘဝ ပြဿနာအကြောင်းကို သုဘူတိနှင့် စတင် ဆွေးနွေးလေတော့သည်။

သုဘူတိသည် အနုရုဒ္ဓါအား သူ၏ ကထဥပနိသျှဒ်ကို ဖတ်ပြလေ သည်။ ရဟန်းသမဏသည် ကထဥပနိသျှဒ်၏ စာပေဟန် လှပပုံနှင့် အတွေးအခေါ် နက်နဲပုံကို သဘောကျသွားလေသည်။သို့ရာတွင် ဦးခေါင်းကို ယမ်းခါပြီး ပြောလိုက်လေ၏။

'ပျက်စီး သေပျောက်ခြင်း မရှိတဲ့ အရာဝတ္ထု ရှိတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



မှန်ပါတယ်။ သို့သော်လည်း ပျက်စီးသေပျောက်ခြင်း မရှိတဲ့အရာဟာ အတ္တ မဟုတ်ဘူး။ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ဘူး။ငါလဲ မဟုတ်ဘူး။အရာဝတ္ထု ဟူသမျှ ဟာ၊ ပုဂ္ဂိုလ်သတ္တဝါ ဟူသမျှဟာ၊ အထည်ဒြပ်ရှိတဲ့အရာ ဟူသမျှဟာ ဖွဲ့စည်း စုပေါင်းထားတဲ့ အရာများ ဖြစ်ကြတယ်။သင်္ခါရတရားများ ဖြစ်ကြတယ်။ သင်္ခါရတရား အားလုံးဟာ မလွဲမသွေ သေပျောက် ပျက်စီးခြင်းနဲ့ ရင်ဆိုင် ရတယ်။ ပျက်စီးသေပျောက်ခြင်း မရှိတဲ့ အရာဟာ သင်တွက်သလို အငယ် တကာထက် ငယ်တဲ့အရာလည်း မဟုတ်ဘူး။ အကြီးတကာထက် ကြီးတဲ့ အရာလည်း မဟုတ်ဘူး။ ပျက်စီးသေပျောက်ခြင်း မရှိတဲ့ အရာဟာ ငယ် လည်း မငယ်ဘူး။ ကြီးလည်း မကြီးဘူး။ အထည်ကိုယ်ဒြပ်မရှိတဲ့ ပုံသဏ္ဌာန် မဲ့အရာ ဖြစ်တယ်။ ထာဝရ တည်တံ့နေတဲ့ နိစ္စဖြစ်တဲ့ တကယ်အမှန်ရှိတဲ့ အရာမှာ တည်နေတယ်။ အဲဒီအရာက ဘဝကို ကြိုးကိုင်နေတယ်။ ပျက်စီး သေပျောက်ခြင်း မရှိတဲ့ အရာဟာ ထာဝရ တည်တံ့နေတဲ့ နိယာမ သဘော တရား ဖြစ်တယ်။အဲဒီသဘောတရားကို သိမြင်ခြင်းဟာ ဉာဏ်အလင်းရောင် ကို ရရှိခြင်းပင် ဖြစ်တယ်။အမြင့်ဆုံးဖြစ်တဲ့ တကယ်အမှန်ရှိတဲ့ အရာများ ကတော့ မြင့်မြတ်တဲ့ သစ္စာတရားလေးပါး ဖြစ်တယ်။ ဒုက္ခသစ္စာ၊ ဒုက္ခရဲ့ အကြောင်းဖြစ်တဲ့ သမုဒယ သစ္စာ၊ ဒုက္ခက လွတ်မြောက်ခြင်းဖြစ်တဲ့ နိရောဓ သစ္စာ၊ ဒုက္ခက လွတ်မြောက်အောင် လမ်းညွှန်ပြတဲ့ မှန်ကန်တဲ့ လမ်းစဉ် ရှစ်မျိုးဖြစ်တဲ့ မဂ္ဂသစ္စာရယ်လို့ သစ္စာတရား လေးပါးရှိတယ်'

သုဘူတိက ပြောလေ၏။

'ထာဝရ တည်တံ့နေတဲ့ အရာဟာ ရုပ်ဝတ္ထုတစ်ခုခု မဖြစ်နိုင်ဘူး ဆိုတာ၊ သင်္ခါရတရား တစ်ခုခု မဖြစ်နိုင်ဘူးဆိုတာ ကျွန်ုပ် သဘောပေါက် ပါတယ်။ထာဝရ တည်တံ့နေတဲ့ အရာဟာ ရုပ်သဘောတရား မဟုတ်ဘူး။ နာမ်သဘောတရားသာ ဖြစ်တယ်။အတ္တဆိုတာ ကိုယ်ကာယလည်း မဟုတ် ဘူး။ဒွါရများလည်း မဟုတ်ဘူး။ စိတ်လည်း မဟုတ်ဘူး။အသိဉာဏ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။အတ္တဆိုတာ အိပ်ပျော်နေတဲ့ အခါမှာ ဖြစ်ဖြစ်၊နိုးနေတဲ့ အခါမှာ ဖြစ်ဖြစ် လူ့အနေနဲ့ အရာဝတ္ထုအားလုံးကို သိနိုင်တဲ့ သိလို့ရတဲ့ အရာဖြစ်တယ်။ 'ငါ' ဆိုတဲ့ အသိဟာ အရပ်ထက်ဝန်းကျင်မှာ ပျံ့နှံ့နေတဲ့ ကြီးမားတဲ့အတ္တ ဖြစ်တယ်။အဲဒီ အတ္တဟာ ကိုယ်ကာယထဲမှာ ရှိနေတဲ့ ပုံသဏ္ဍာန်မဲ့ အရာဝတ္ထု ဖြစ်တယ်။ မီးပွတ်တုတ်ချောင်း နှစ်ခုထဲမှာ ကိန်းအောင်းနေတဲ့ မီးအတိုင်းပဲ'

အနုရုဒ္ဓါသည် သုဘူတိ၏ စကားကို အာရုံစိုက်၍ နားထောင်နေပြီး နောက် မဆိုင်းမတွပင် ပြန်ပြောလိုက်လေသည်။

'မီးဟာ မီးပွတ်တုတ်ချောင်း နှစ်ခုထဲမှာ ကိန်းအောင်းနေတာ မဟုတ်ဘူး။ မီးပွတ်တုတ်ချောင်း နှစ်ခုဟာ သစ်သားမျှသာ ဖြစ်တယ်။ သစ်သားမှတစ်ပါး တခြား ဘာတစ်ခုမှ မဟုတ်ဘူး။ဘယ်တုတ်ချောင်းမှာမှ မီး ကိန်းအောင်းမနေဘူး။သင် ပွတ်လိုက်တဲ့ အတွက်ကြောင့်သာ မီးပေါ် ပေါက်လာတာဖြစ်တယ်။အဲဒီနည်းအတိုင်းပဲစိတ်ဟာအခြေခံအကြောင်းတရား များရဲ့ အကျိုးအာနိသင် အဖြစ်နဲ့ ဖြစ်ပေါ်လာတယ်။အခြေခံအကြောင်း တရားများ ပျောက်ကွယ်သွားတဲ့အခါမှာ အကျိုးအာနိသင်လည်း ပျောက် ကွယ်သွားတယ်။သစ်သား လောင်ကျွမ်းပြီးသွားတဲ့အခါ မီး ဘယ်ဆီကို ရောက်သွားသလဲ။စိတ်ရဲ့အခြေခံအကြောင်းတရားများ ပျောက်ကွယ်သွားတဲ့ အခါ စိတ် ဘယ်မှာ ရှိနေသလဲ'

သုဘူတိက ပြောလေ၏။

'မိတ်ဆွေ၊ အရာဝတ္ထုနဲ့ အရာဝတ္ထုရဲ့ မျက်မြင်အခြေအနေကို လည်း ကောင်း၊မီးနှင့် မီးလျှံကို လည်းကောင်း၊စိတ်နဲ့ စိတ်ရဲ့ ပြင်ပ အသွင်အပြင် ကို လည်းကောင်း၊ ပုဂ္ဂိုလ်နဲ့ ပုဂ္ဂိုလ်ရဲ့ အပိုင်ပစ္စည်းများဖြစ်တဲ့ စွမ်းရည်သတ္တိ သို့မဟုတ် လှုပ်ရှားမှုကို လည်းကောင်း၊လေနဲ့ လေက ဖန်တီးတဲ့ လှုပ်ရှားခြင်း ကို လည်းကောင်း ကျွန်ုပ်တို့ ကွဲကွဲပြားပြားသိအောင် လုပ်ရမယ်'



www.burmeseclassic.com

www.burmeseclassic.com



ညှော်သည် ရဟန်းသမဏာက ချိန်ချိန်ဆဆနှင့် မေးလိုက်လေ၏။

'ကွဲကွဲပြားပြားသိအောင် လုပ်ရမယ် ဟုတ်လား။စင်စစ်အားဖြင့် ကျွန်ုပ်တို့ဟာ တိုက်ခြင်းအလုပ်ကို လုပ်တဲ့ လေရှိတယ်ဆိုတဲ့ အနေမျိုးလို လေတိုက်တယ်လို့ ပြောလေ့ရှိကြတယ်။သို့သော်လည်း ပထမ လေ၊နောက် တိုက်ခြင်း အလုပ်ရယ်လို့ နှစ်မျိုးနှစ်စား မရှိပါဘူး။လေရဲ့ လှုပ်ရှားခြင်း တစ်မျိုးတည်းသာ ရှိတယ်။ အဲဒါကိုပဲ လေလို့ ခေါ်တယ်။သို့မဟုတ် လေ တိုက်ခြင်းလို့ ကျွန်ုပ်တို့ စကားအဖြစ် ပြောကြတယ်။အဲဒီနည်းအတိုင်းပဲ အပြုအမူများကို သတိရတဲ့ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ရယ်လို့ မရှိဘူး။ အမှန်စင်စစ်က အပြုအမူများကို သတိရခြင်း ကိုယ်တိုင်ကိုက ပုဂ္ဂိုလ်ဖြစ် တယ်'

သုဘူတိက ပြောပြန်လေ၏။

'လူတစ်ယောက် သေဆုံးသွားတဲ့အခါ အချို့ပုဂ္ဂိုလ်တွေက 'သူ ရှိနေသေးတယ်' လို့ ပြောကြတယ်။အချို့ပုဂ္ဂိုလ်တွေကတော့ 'သူ မရှိ တော့ဘူး' လို့ ပြောကြတယ်။ဂေါတမ ဗုဒ္ဓကလည်း 'သူ မရှိတော့ဘူး'လို့ ဟောတယ် မှတ်တယ်။ အဖြေ့အတိုင်း အဓိပ္ပာယ်ပြန်လိုက်လျှင် နောင်တမ လွန်ဘဝမှာ ဘာမှ မရှိတော့ဘူးလို့ ဆိုတယ် မဟုတ်လား'

အနုရုဒ္ဓါက ခပ်ပြတ်ပြတ်ပင် ပြန်ပြောလိုက်လေ၏။

'သင် ပြောသလို မဟုတ်ပါဘူး။သင်ရဲ့ တွေဝေနေတဲ့ အခြေအနေ ဟာ လွဲမှားတဲ့ ဆင်ခြေပေါ်မှာ ရပ်တည်နေတယ်။သင်ရဲ့ အဲဒီ အတ္တဟာ အခုနေအခါမှာတောင်မှ မရှိလျှင် သင် ကွယ်ပျောက်သွားတဲ့နောက်ပိုင်းမှာ ဘယ်မှာ ဆက်လက် တည်ရှိနိုင်ပါ့မလဲ။သို့သော်လည်း အခုရှိနေတဲ့ အခုဖြစ် နေတဲ့ သင်ဟာ သင်ရဲ့ ကိုယ်ကာယ တည်ရှိမှု အဆုံးသတ်သွားပြီးတဲ့ နောက် ပိုင်းမှာလဲ ဆက်လက် တည်ရှိနေလိမ့်မယ်။သင့်ရဲ့ ကထဥပနိသျှဒ်ထဲမှာ လူကို အမြစ် အပေါ်ထောင်တက်ပြီး အကိုင်းအခက် အောက်စိုက်လျှနေတဲ့



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်အိုကြီးနဲ့ နှိုင်းယှဉ်ပြသထားတာဟာ မှန်ကန်ပါတယ်။မိမိ အမျိုးအစားရဲ့ ထူးခြားချက်အားလုံးနဲ့ အတူတကွ ပြန်လည် ပေါ်ပေါက်လာတဲ့ သစ်ပင်လို လူဟာလည်းပဲ ပြန်လည်မွေးဖွား လာရတယ်။သူ့ရဲ့ ထူးခြားတဲ့ အပြုအမူ၊ သူ့ရဲ့ ထူးခြားတဲ့ ကံ(ကမ္မ)ဟာ အသစ်ဖြစ်တဲ့ ပုဂ္ဂိုလ်မှာ ပြန်လည် မွေးဖွား ပေါ်ပေါက်လာတယ်။အမိ အဖဖြစ်တဲ့ ပင်မ ပင်စည်ကနေပြီး အသစ်ဖြစ်တဲ့ အစို့အညှောက်ထဲ ရွှေ့ပြောင်းလာတဲ့ အတ္တ သဘောရယ်လို့ သဖန်းပင်မှာ မရှိဘူး။သို့သော်လည်း သဖန်းပင်ရဲ့ ထူးခြားတဲ့ပုံစံ အားလုံးကတော့ ဖွားလာတဲ့ သဖန်းပင် အသစ်တွေမှာ ရှိနေမှာပဲ'

သုဘူတိက ပြောပြန်လေ၏။

'အနိစ္စဖြစ်တဲ့ အတွေးအခေါ်များကို တွေးခေါ်ကြံစည်တဲ့ နိစ္စဖြစ်တဲ့၊ ထာဝရဖြစ်တဲ့ တွေးခေါ်ကြံစည်သူတစ်ဦး ရှိတယ်။အဲဒီ နိစ္စဖြစ်တဲ့၊ ထာဝရဖြစ်တဲ့ တွေးခေါ်ကြံစည်သူဟာ တခြား မဟုတ်ဘူး။အတ္တ ဖြစ်တယ်'

အနုရုဒ္ဓါက ချေပပြန်သည်။

'သင့်စကားကို ရှေ့နောက် ပြင်လိုက်လျှင် ပိုပြီး မှန်ကန်ပေလိမ့်မယ်။ အနိစ္စဖြစ်တဲ့ တွေးခေါ်ကြံစည်သူများ တွေးခေါ်ကြံစည်တဲ့ နိစ္စထာဝရဖြစ်တဲ့ အတွေးအခေါ်များ ရှိတာ မဟုတ်လား။တခြားစကားလုံးနဲ့ ပြောရလျှင် ကျွန်ုပ်တို့ တွေးခေါ်ကြံစည်သူလို့ ခေါ်တဲ့ဟာဟာ အတွေးအခေါ်ကို ကြံစည်တွေးခေါ်ခြင်းသာ ဖြစ်တယ်။မှန်ကန်တဲ့ အတွေးအခေါ်များကို ကြံစည်တွေးခေါ်ခြင်းဟာ နိစ္စ ထာဝရ ဖြစ်တဲ့အရာကို ရရှိခြင်းပင် ဖြစ်တယ်။ မှန်ကန်တဲ့တရားဟာ သေခြင်းကင်းတဲ့ နိစ္စထာဝရ တရားဖြစ်တယ်။ မှန်ကန်တဲ့တရားဟာ နိဗ္ဗာန်ဖြစ်တယ်'

ခေတ္တမျှ စကားမပြောဘဲ ငြိမ်သက် တိတ်ဆိတ် နေကြလေ၏။ အတန်ကြာ သွားသောအခါ ရဟန်းသမဏက ဆက်ပြန်လေသည်။

'သင်ရဲ့ ကထ ဥပနိသျှဒ်ဟာ ပြဿနာကို ဖြေတဲ့ တရားစကား



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တယ်။ နောင်တမလွန်နဲ့ ပတ်သက်ပြီး ဘယ်သို့ ဘယ်ပုံလို့ ရှင်းလင်းပြောပြတဲ့ တရားစကား ဖြစ်တယ်။သို့သော်လည်း အဖြေကို ပေးရမယ့်အစား သင့် ကထဉပနိသျှဒ်ဟာ လေထဲမှာ ခမ်းနားတဲ့ တိုက်အိမ်ကို ဆောက်နေတယ်။ မှန်ကန်တဲ့ အဖြေကတော့ ဗုဒ္ဓရဲ့ တရားဒေသနာထဲမှာသာ ရှိတယ်'

ဗြာဟ္မဏ အမျိုးချုပ်သည် သူ၏ မြင့်မြတ်သော ယုံကြည်ချက်ကို ရဟန်း သမဏက ပစ်ပယ်ထားသည်ဟု သိရသည်ဖြစ်၍ စိတ်မချမ်းမြေ့သံဖြင့် မေးလိုက်လေ၏။

'ကျွန်ုပ်ဆီမှာ နိစ္စ ဓူဝဖြစ်တဲ့၊သေခြင်းကင်းတဲ့ အရာရယ်လို့ ဘာတစ်ခုမှ မရှိဘူးလား'

အနုရုဒ္ဓါက ပြန်လည် ဖြေကြားလေ၏။

'သင့်ထံမှာ သေခြင်းကင်းတဲ့ နိစ္စဓူဝ ဖြစ်တဲ့အရာ ရှိတယ် မရှိဘူးဆိုတာဟာ သင့်အပေါ်မှာ လုံးလုံးတည်တယ်။သင့်မှာ စင်ကြယ်တဲ့၊ မြင့်မြတ်တဲ့ အတွေးအခေါ် ရှိနေလျှင် သင်ဟာ စင်ကြယ်မြင့်မြတ်တဲ့ပုဂ္ဂိုလ်ဖြစ်ပေလိမ့်မယ်။အပြစ်မကင်းတဲ့ အတွေးအခေါ် ရှိနေလျှင်တော့ အပြစ်မကင်းတဲ့ပုဂ္ဂိုလ် ဖြစ်ပေလိမ့်မယ်။သင့်မှာ နိစ္စထာဝရဖြစ်တဲ့ အမှန်တရားရှိနေလျှင် သင်ဟာ နိစ္စထာဝရ တည်မြဲနေတဲ့၊ သေခြင်းကင်းတဲ့ ပုဂ္ဂိုလ်ဖြစ်ပေလိမ့်မယ်။မှန်ကန်တဲ့တရားကို ရရှိခြင်းဟာ နိစ္စ ထာဝရ တည်မြဲခြင်း၊မသေခြင်းပင် ဖြစ်တယ်။မှန်ကန်တဲ့အလုပ်ကို လုပ်ခြင်းဟာ နိဗ္ဗာန်ပင်ဖြစ်တယ်'

သုဘူတိက ဦးခေါင်းညိတ်လိုက်လေ၏။

'ကျွန်ုပ် အမှန်တရားကို ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ် ဖြစ်လိုပါတယ်။ဒါပေမယ့် မိမိပိုင် အမှတ်အသားကိုတော့ ဖျောက်ဖျက် မပစ်သင့်ဘူး'

အနုရုဒ္ဓါက ပြောပြလေသည်။

'ကျွန်ုပ်လည်း အမှန်တရားကို ပိုင်ဆိုင်တဲ့ပုဂ္ဂိုလ် ဖြစ်လိုတယ်။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်လို့လဲဆိုလျှင် ငါစွဲ အတ္တစွဲ ကျွတ်သွားလိုတဲ့အတွက် ဖြစ်တယ်။ လူ့ဘဝမှာ မိမိကိုယ်ထက် သာလွန်မြင့်မားတဲ့ ရည်မှန်းချက်ကို ထားရှိခြင်းဟာ ဘယ်လောက် ကျက်သရေမင်္ဂလာရှိတယ် မှတ်သလဲ'

သုဘူတိသည် သူ့မိတ်ဆွေအား အံ့ဩသော အကြည့်ဖြင့် လှမ်းကြည့်လိုက်လေ၏။

'ကွယ်လွန်သေဆုံးပြီး ကျွန်ုပ်ရဲ့ ကိုယ်ခန္ဓာ ပျက်ပြုန်းသွားတဲ့နောက်မှာ ကျွန်ုပ် ဘာဖြစ်သွားမှာလဲ။ ကျွန်ုပ်ရဲ့ အတ္တ ပျောက်ဆုံးသွားမှာ ကျွန်ုပ် စိုးရိမ်ထိတ်လန့် လှပါတယ်။မိမိပိုင်ဆိုင်တဲ့ အရာလို့ ခေါ်ဝေါ်နိုင်တဲ့ မည်သည့် အရာဝတ္ထုမှ မကျန်ရှိနိုင်တော့ဘူးလား'

အနုရုဒ္ဓါက ပြန်လည်ပြောကြား၏။

'ဗုဒ္ဓဟောပြထားတဲ့ တရားစကားနဲ့ပဲ သင့်အမေးကို အဖြေ ပြန်ပေးပါရစေတော့။ ဗုဒ္ဓက ဟောကြားထားတယ်။

'ဤဘဝကို စွန့်ခွာသွားသူ နောက်သို့ မည်သည့် အရာဝတ္ထုမှ လိုက်ပါမသွားပေ။ မယား၊ သားသမီး၊ ဆွေမျိုးမိတ်သင်္ဂဟ၊ ရွှေငွေ၊ ဆန်ရေစပါး၊ အမျိုးမျိုး အပြားပြားသော ဥစ္စာပစ္စည်းများ၊ အရာဝတ္ထုများကို တစ်ခုမကျန် စွန့်ပစ်ထားခဲ့ရလေ၏။ သို့ရာတွင် ကိုယ်နှုတ်နှလုံး သုံးပါးဖြင့် ပြုလုပ်ခဲ့သည့် အပြုအမူ ဟူသမျှကိုကား မိမိပိုင်ဆိုင်သည့် အရာဟု ခေါ်နိုင်ပါသည်။ ယင်းအပြုအမူများကား မိမိနှင့် ထက်ကြပ်မကွာ လိုက်ပါလာလိမ့်မည်။

'အပြုအမူများသည် အရိပ်ကဲ့သို့ မည်သည့်အခါမျှ ခွဲခွာ မသွားပေ။ မကောင်းသော အပြုအမူများကို မည်သည့် အခါမျှ ကွယ်ဝှက်ဖုံးအုပ်ထား၍ မရနိုင်ပေ။ ကောင်းသော အပြုအမူများ၏ အရှိန်အဝါသည် ဘယ်အခါမဆို ပေါ်လွင်



www.burmeseclassic.com

www.burmeseclassic.com



နေလိမ့်မည်။ သို့ဖြစ်၍ ကောင်းသော အပြုအမူများကို ပြုလုပ်ကြ ရမည်။ဘဝ၏ လယ်ယာမြေကောင်း၌ မျိုးစေ့ကို စိုက်ပျိုးသကဲ့သို့တည်း။ကုသိုလ်ကောင်းမှုသည် ဤဘဝ၌ပင် အကျိုးကျေးဇူး ရရှိနိုင်လေသည်။

'နောင်တမလွန် ဘဝ၌လည်း ကောင်းသော အကျိုးကျေးဇူးကို ပေးလိမ့်မည်'[၉]

ယင်းသို့ ဗုဒ္ဓ၏ တရားစကားကို ကိုးကားလျက် အနုရုဒ္ဓါက ဆက်လက် ပြောပြလေသည်။

'သင်ရဲ့ အပြုအမူများဟာ သင်ပိုင်ဆိုင်တဲ့ အရာဝတ္ထုများ ဖြစ်ကြတယ်။ အစဉ်ထာဝရ သင်ပိုင်ဆိုင်တဲ့ အရာဝတ္ထုများ ဖြစ်နေပေလိမ့်မယ်။ သင်ရဲ့ အတွေးအခေါ် အကြံအစည်များ၊ သင်ရဲ့ စကားများ၊ သင်ရဲ့ အပြုအမူများဟာ အချိန်လွန်သွားပေမယ့် ပျောက်ပျက်မသွားဘူး၊အဲဒီတရားများဟာ အသက်ရှင်နေတဲ့ ကျောက်တုံးများ ဖြစ်ကြတယ်။အဲဒီ ကျောက်တုံးများနဲ့ သင့်ဘဝရဲ့ အနေအထားကို တည်ဆောက် ဖန်တီးထားတယ်။ အဲဒီ အရာများက သင့်ကို လွတ်မြောက်အောင် လုပ်နိုင်တဲ့ စွမ်းအားရယ်လို့ ကောင်းကင်မှာလဲ မရှိဘူး။ မြေပြင်မှာလဲ မရှိဘူး။ရေမှာလဲ မရှိဘူး။ သင်ရဲ့ ဘဝသမိုင်းဟာ သင်ရဲ့ အတ္တဖြစ်တယ်။ သင်ရဲ့ တကယ့် မိမိကိုယ် ဖြစ်တယ်။ သင် သေဆုံးသွားပြီးတဲ့နောက် သင့်ဘဝသမိုင်း ဆက်လက်တည်ရှိသလို သင်ရဲ့ အလားတူ မိမိကိုယ်ဟာလဲ ဆက်လက် တည်ရှိနေလိမ့်မယ်။ ကွယ်လွန် သေဆုံးပြီးတဲ့နောက် ကျွန်ုပ်တို့ဟာ ကျွန်ုပ်တို့ ပြုလုပ်တဲ့ အပြုအမူ အားလျော်စွာ ဆက်လက် နေထိုင်ရလိမ့်မယ်'

---

၉။ သံယုတ္တ နိကာယ်ကို မှီးသည်။

www.burmeseclassic.com

www.burmeseclassic.com

## ကပ်ရောဂါ

ပျိုမျစ်နုနယ်သေးသည့် ဇနီးမောင်နှံ နှစ်ဦးတို့တွင် ကလေးသုံးယောက် ဖွားမြင်လာလေသည်။သုံးယောက်စလုံးမှာ အလားအလာရှိသည့် ယောကျ်ားကလေးများသာ ဖြစ်ကြသည်။ သုဒတ္တ၏ ရည်မှန်းချက်မှာ မျှော်လင့်ထားသည်ထက် တောက်ပြောင်နေလေသည်။ သို့ရာတွင် ခေတ်ကာလ ပြောင်းလဲသွားလေ၏။ ကံကြမ္မာသည် မမျှော်လင့်ဘဲ ဆိုက်ရောက်လာသည်။ မိုးခေါင်ရေရှားဖြစ်လာသည်။ တိုင်းပြည် အဝှမ်းရှိ ရေတွင်း ရေအိုင်များ ခြောက်ခန်းသွားကြလေသည်။ ဒုဗ္ဘိက္ခန္တရကပ်နှင့် ရောဂါန္တရကပ်များ ဖြစ်ပွားလာသည်။ တိုင်းသူပြည်သားများသည် နတ်ဒေဝတာများအား ရှိခိုးပူဇော်ကြသည်။ ဥပုသ် စောင့်ကြသည်။ အာပတ် ဖြေကြသည်။ ဘုန်းကြီးများကလည်း ယဇ်ပူဇော်ကြသည်။ မန္တာန်များ ရွတ်ဖတ် သရဇ္ဈာယ်ကြသည်။ သို့ရာတွင် မိုးက ရွာမလာ၊ ယဇ်ပူဇော်မှုများကို ပို၍ ပြုလုပ်ကြသည်။ယဇ်အတွက် အသတ်ခံရသည့် တိရစ္ဆာန်တို့၏ သွေးအနံ့သည် ကောင်းကင်တစ်ခုလုံးတွင် ညှီနေသည်။သို့ရာတွင် မိုးခေါင်မြဲ ခေါင်နေသည်။ နတ်ဒေဝတာတို့သည် နားပင်းနေကြသည်။ ဘုန်းကြီးများ၏ ဆုတောင်းပတ္ထနာများကို မကြားကြပေ။ အငတ်ဘေးကြီးသည် ဆိုးဝါးသည်ထက် ဆိုးဝါးလာသည်။ ရောဂါဘယများကြောင့် စောစောကထက် အပျက်အစီး အသေအပျောက် များနေကြသည်။

ကျေးရွာခေါင်းဆောင် သုဘူတိသည် ဒုက္ခရောက်နေကြသည့် သူ့လူများ၏ ကံကြမ္မာဆိုးကို ဖယ်ရှားပစ်ရန် တတ်နိုင်သမျှ ကြိုးစားအားထုတ်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။သူသည် ဥစ္စာစနေ ကြွယ်ဝချမ်းသာသူတစ်ဦး ဖြစ်သည်။ သို့ရာတွင် သူ၏ ဥစ္စာစနေသည် ဒုက္ခသည်များအား ကျွေးမွေးပေးကမ်းရန်အတွက် မလောက်မင ဖြစ်နေသည်။

သုဒတ္တသည် ရောဂါဝေဒနာ ကပ်ရောက်နေသူများအား အစွမ်းကုန် ပြုစုလေသည်။ သူ၏ ဖခင်သည် ယဇ်ပူဇော်ရန်အတွက် မြင့်မြတ်စင်ကြယ်သော သစ်ပင်များကို စုဆောင်းရသည့် ကျေးရွာဘုန်းကြီး ဖြစ်လေသည်။ သူ့ဖခင် ဘုန်းကြီးထံမှ သစ်ပင်အမျိုးမျိုးတို့၏ တန်ခိုးအာနိသင်အကြောင်းကို ကြားသိထားသည်ဖြစ်၍ သုဒတ္တသည် ရောဂါဝေဒနာသည်များအား တိုက်ရန် ဆေးကြိတ်လေသည်။သူ၏ယောက္ခမ သုဘူတိနှင့် ယောက်ဖ ကစ္စာယနတို့က သူ့အလုပ်ကို ကူညီလုပ်ပေး ကြလေသည်။

နောက်ဆုံး ရောဂါကပ်ကြီး အားပျော့စ ပြုလာသောအခါ ကျေးရွာခေါင်းဆောင် သုဘူတိကိုယ်တိုင် ကောက်ဖျားလေတော့၏။ အစ ပထမ၌မူ နေ့မအား ညမအား ပြုစုစောင့်ရှောက်ရသောကြောင့် လည်းကောင်း၊ စိတ်လက် မချမ်းသာသောကြောင့် လည်းကောင်း ပင်ပန်းနွမ်းလျခြင်း ဖြစ်လိမ့်မည်ဟု ထင်ရသော်လည်း မကြာခင်ပင် ရောဂါ ဝင်ရောက်လာခြင်းဖြစ်ကြောင်း ထင်ရှားသိသာ လာလေ၏။ထို့နောက် သူ၏ အခြေအနေမှာ တဖြည်းဖြည်း စိုးရိမ်ရသည့် အဆင့်သို့ ရောက်လာလေ၏။သူ့ ဆွေမျိုးဉာတိများသည် သူ့အိပ်ရာဘေးတွင် စုရုံးရောက်ရှိနေပြီးလျှင် ပူဆွေးသောက ဖြစ်နေကြလေသည်။

သုဘူတိသည် လူတိုင်း လူတိုင်းအား စေတနာ မေတ္တာထားသည်။ သို့ဖြစ်၍ သုဘူတိ၏ စေတနာ မေတ္တာနှင့် မကင်းသူများက သုဘူတိ မရှိပါက သူတို့အတွက် အသက်ရှင်ရေး မလွယ်ဟု နှလုံးပိုက်ထားကြသည်။

သုဘူတိ ကိုယ်တိုင်ကမူ စိတ်နှလုံး တည်ငြိမ်လှသည်။ကိုယ့်ကိုယ်ကို ထိန်းထားနိုင်သည်။မိမိ၏ သားသမီးများ မြေးများအား ဆုမွန်ပေးပြီးလျှင် အားပေးစကား ပြောကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပူဆွေးသောက ဖြစ်မနေကြနှင့်။ ဒီကိုယ်ခန္ဓာ ဆုံးသွားတဲ့အတွက် ဘာမှ အရှုံး မရှိနိုင်တော့ဘူး။ဒီကိုယ်ခန္ဓာဟာ ဇရာနဲ့ ဗျာဒိရဲ့ဒဏ် ခံရတဲ့ အတွက် အဝတ်အထည် တစ်ခုလို ဖွတ်ဖွတ်ကြေနေပြီ။ ငါ လုပ်ပြသွားတဲ့ စံနမူနာအတိုင်း သင်တို့ သစ္စာရှိရှိနှင့် လိုက်လုပ်ကြမယ်ဆိုရင် သေခြင်း တရားဟာ ငါတို့ကို တကွဲတပြားစီ ဖြစ်အောင် ဘယ်တော့မှ လုပ်နိုင်မှာ မဟုတ်ပေဘူး'

ညနေချမ်းအချိန် ရောက်လာသောအခါ သုဘူတိသည် သမီးနှင့်မြေး များကို တခြားလွှတ်လိုက်ပြီးလျှင် သူ့အနီးတွင် ကစ္စာယနနှင့် သုဒတ္တ နှစ်ဦးကိုသာလျှင် နေစေ၏။အခိုက်အတန့်အားဖြင့် ဝေဒနာ ခံစားရမှု အနည်းငယ် သက်သာသွားသောအခါ သုဘူတိက ပြောလေသည်။

'ငါ ခံစားတွေ့ကြုံရတဲ့ ဒုက္ခဝေဒနာဟာ ငါ့မျက်စိကို ဖွင့်ပေးတယ်၊ ဗုဒ္ဓဟောပြတဲ့ မြင့်မြတ်တဲ့ သစ္စာလေးပါးတရားကို ငါ သိနားလည်ပြီ။ငါ့ဘဝ ကုန်ဆုံးတော့မယ်။ဒါပေမယ့် ငါ စိတ်မဆင်းရဲဘူး။ ဘာကြောင့်လဲဆိုလျှင် သေခြင်း သဘောတရားဟာ သူ့ ကြောက်မက်ထိတ်လန့်ဖွယ်တွေကို စွန့် လွှတ်ထားတဲ့ အတွက်ကြောင့် ဖြစ်တယ်။ဘယ်နေရာမှာဖြစ်ဖြစ် ငါ ပြန်လည် မွေးဖွားလျှင် ငါဟာ မြင့်မြတ်စင်ကြယ်တဲ့ ပန်းတိုင်ဖြစ်တဲ့ နိဗ္ဗာန်နဲ့ နီးကပ်တဲ့ မြင့်မားတဲ့အဆင့်ကို ရောက်ရှိသွားမယ်ဆိုတာ ငါ ယုံကြည်စိတ်ချတယ်'

သုဒတ္တက ပြောလေ၏။

'ကျိန်းသေပါတယ် ဖခင်။ ရှည်လျားတဲ့ဘဝကို ကုသိုလ်ကောင်းမှု ပြုရင်း ကုန်ဆုံးပြီးတဲ့နောက်မှာ သင် ဖခင်ဟာ မြင့်မြတ်တဲ့ ဆုလာဘ်နဲ့ ထိုက်တန်တဲ့ပုဂ္ဂိုလ် ဖြစ်နေပါပြီ။အဲဒီဆုလာဘ်ဟာ တခြား မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ ကောင်းကင်ဘုံပင် ဖြစ်ပါတယ်'

အားတင်ပြီးလျှင် သုဘူတိ ပြောပြန်လေသည်။

'ပြုလုပ်ဆောင်ရွက်စရာ တာဝန်ဝတ္တရားတွေ ရှိနေတဲ့အချိန်မှာ ဆုလာဘ်အကြောင်းကို မပြောပါနှင့်။အခု ငါ့လားရာဘဝမှာ ငြိမ်းချမ်းမှု



www.burmeseclassic.com

www.burmeseclassic.com



ရရှိလိမ့်မယ်ဆိုတာ ငါ ယုံကြည်စိတ်ချတယ်။ဒါပေမယ့် လူသားကို ချစ်ခင်တဲ့ ငါ့မေတ္တာစိတ်အတွက် နေရာရှိမှာ မဟုတ်ဘူး။ ဆင်းရဲဒုက္ခရောက်နေတဲ့ ပုဂ္ဂိုလ်တွေကို ငဲ့ညှာထောက်ထားတဲ့ ငါ့စေတနာအတွက် နေရာရှိမှာ မဟုတ်ဘူး၊ငါရဲ့ အမှန်တရားကို ရှာမှီးတဲ့ စိတ်အတွက် နေရာရှိမှာ မဟုတ်ဘူး။ ဒီကမ္ဘာလောကမှာ ဒုက္ခ ခံစားနေရတာတွေ ရှိနေသမျှ ကာလပတ်လုံး ငါ ဘယ်တော့မှ ကောင်းကင်ဘုံကို ရောက်လိုတဲ့ဆန္ဒ မရှိဘူး။အနိမ့်ဆုံး အနက်ဆုံး ငရဲဘုံမှာ ငါ ပြန်လည်မွေးဖွားလိုတယ်။အဲဒီနေရာမျိုးမှာ ဆင်းရဲဒုက္ခ ခံစားရမှု ပိုပြီး ကြီးမားတယ်။ လွတ်မြောက်ငြိမ်းချမ်းမှု ပိုပြီး လိုတယ်။ အဲဒီနေရာမျိုးဟာ အမှောင်ထဲမှာ ရောက်နေတဲ့ ပုဂ္ဂိုလ်များကို အလင်းရောင် ရအောင် ပြုလုပ်ရန်အတွက်၊ ဆုံးရှုံးသွားတဲ့ အရာကို ပြန်လည်ရရှိအောင် ပြုလုပ်ရန်အတွက်၊ လမ်းမှားသွားတဲ့ လူများကို လမ်းညွှန်ပြဖို့ရန်အတွက် အကောင်းဆုံးနေရာ ဖြစ်တယ်'

ယင်းသို့ ပြောပြရင်း သုဘူတိသည် အမောဆို့သွားလေ၏။ထို့နောက် မပီမသသော အသံဖြင့် လဲလျောင်းကိုးကွယ်မှုအတွက် ရွတ်ဆိုသော ဗုဒ္ဓဘာသာဝင်တို့၏ ဆိုရိုးစကားကို ရွတ်ဆိုနေလေသည်။

'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ<br>ဓမ္မံ သရဏံ ဂစ္ဆာမိ<br>သံဃံ သရဏံ ဂစ္ဆာမိ'

သူ့ယုံကြည်ချက်ကို ယင်းကဲ့သို့ ထုတ်ဖော်ပြောပြပြီးလျှင် သူ၏ မျက်လုံးများသည် မြင့်မြတ်သော စိတ်ဓာတ်အားကို ဖော်ပြသည့်အနေဖြင့် ဝင်းခနဲ တစ်ချက် လက်သွားပြီး တဖြည်းဖြည်း မှုန်မွှားရီဝေ သွားလေ၏။ထိုနောက် သူသည် ငြိမ်သက်စွာ ချုပ်ငြိမ်းသွားလေသည်။

မြင့်မြတ်သော ငြိမ်သက်တိတ်ဆိတ်ခြင်းသည် အခန်းထဲတွင် လွှမ်းမိုးသွားလေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ထိုနေ့ ညနေချမ်းအချိန်၌ပင် အနုရုဒ္ဓါသည် ကုဒ္ဒရဃာရ ဇနပုဒ်သို့ ရောက်လာလေ၏။သုဘူတိ၏ အိမ်သို့ ဝင်ရောက်လာသောအခါ သူ၏ မိတ်ဆွေ ကျေးရွာမှူး ကွယ်လွန်သွားပြီဖြစ်ကြောင်း သိရှိရလေ၏။ အနုရုဒ္ဓါသည် ကစ္စာယနနှင့် သုဒတ္တတို့အား နှုတ်ဆက်ပြီးလျှင် တိတ်ဆိတ်ငြိမ်သက်စွာ ထိုင်လိုက်လေ၏။

နေဝင် သွားလေပြီ။ကစ္စာယနသည် မီးညှိထွန်းလိုက်လေ၏။မည်သူ တစ်ဦးတစ်ယောက်ကမျှ စကား မဟကြပေ။

ည၌အချိန် ရောက်လာသောအခါ အနုရုဒ္ဓါသည် ဓမ္မဂီတကို ကျူးရင့် သီဆိုလေသည်။

'အခိုက်အတန့်သာ တည်တံ့သည့် အရာဝတ္ထုများသည် ပျက်စီး သေဆုံးကြကုန်၏။လူတို့၏ ဘဝသည် ယောက်ယက်ခတ်နေ၏။
သို့ရာတွင် ငြိမ်းချမ်းမှုသည် သေခြင်း၏ တံခါးဝ၌ တည်ရှိနေပြီး အားလုံးသော ယှဉ်ပြိုင်မှုများကို စခန်းသိမ်းစေ၏။
'လူ့ဘဝသည် များစွာသော ချောင်းမြောင်းတို့ကို ကျော်ဖြတ်ရသည့် အကြားအပြတ် ဖြစ်၏။သို့ရာတွင် မည်သည့် အခါမျှ ဆုံးရှုံး ပျောက်ပျက်သွားခြင်း မရှိသည့်အရာကို ဆင်ခြင်စဉ်းစားပါလော့။
'မြစ်အားလုံးသည် စီးဆင်းနေကြသည်။
အဝေး၌ရှိသည့် ပင်လယ်ထဲသို့ မုချ ရောက်ကြရမည်။
ကျွန်ုပ်တို့ စိုက်ပျိုးသည့် မျိုးစေ့များသည်လည်း အသီးအနှံအဖြစ် မှည့်ဝင်းလာပေလိမ့်မည်။'[၁၀]

---

၁၀။ 'အနိစ္စဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော၊ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ' စသော ဂါထာတို့ကို မှီးသည်။

www.burmeseclassic.com

www.burmeseclassic.com

## စာမူ ကူးယူခြင်း

ရာဇဂြိုလ်သို့ အနုရုဒ္ဓါ ကြွသွားသောအခါ ကစ္စာယနသည် [၁၁] အနုရုဒ္ဓါနှင့် အတူ လိုက်ပါသွားလေ၏။ဗုဒ္ဓကို ဖူးမြင်ပြီး ဗုဒ္ဓဟောကြားသည့် တရား ဒေသနာကို ကြားနာရသည့်အခါ ကစ္စာယနသည် ရဟန်းဘောင်သို့ ဝင်ရောက်သွားလေသည်။ကစ္စာယနသည် ပညာကြွယ်ဝသူ ဖြစ်ခြင်းကြောင့် ရဟန်း သံဃာများ၏ အတွင်း၌ ထင်ပေါ်ကျော်ကြား သွားလေသည်။မိမိ၏ ဇာတိရပ်ရွာသို့ ပြန်ကြွ လာသည့်အခါ ကစ္စာယနသည် ကုဒုရဃာရ ဇနပုဒ် အနီးရှိ တောတောင်သျှိမြောင်အတွင်းသို့ သွားပြီး တရားဘာဝနာ အား ထုတ်နေလေသည်။ကုဒုရဃာရ ကျေးရွာသူ ရွာသားများက သူ့ကို မဟာ ကစ္စာယနဟု ခေါ်ကြလေသည်။ ရွာသူရွာသားတို့သည် ဗြာဟ္မဏများ ဖြစ်ကြ သည့်အတွက် သူ့ကို ‘ ဘာသာမဲ့၊တရားမဲ့၊ မိစ္ဆာဒိဋ္ဌိ’ အဖြစ် ထင်မှတ်ယူဆ ကြသော်လည်း လေးစားမြတ်နိုးမှုကိုမူ ပြုကြလေသည်။

ရွာသူရွာသားတို့က ဆိုကြသည်။

‘ကစ္စာယနသည် ဗြာဟ္မဏတို့၏ သျှတ္တရကျမ်းဂန်နှင့် ဗုဒ္ဓ၏ ပိဋကတ်ကျမ်းဂန် နှစ်မျိုးစလုံးကို ထုံးလိုချေ ရေလိုနှောက်သည့် ဗုဒ္ဓ၏ သာဝကကြီးတစ်ဦး ဖြစ်ပေသည်။ပညာနှင့်သီလအရာတွင် အမြင့်ဆုံးအဆင့် ကို သူ ရောက်ရှိနေပြီဖြစ်ကြောင်း ကျွန်ုပ်တို့ သိရှိကြသည်’

သုဒတ္တသည် သူ့ဖခင်များ ကိုးကွယ်ဆည်းကပ်လာသည့် ဘာသာ

---
၁၁။ မဟာ ကစ္စယနအကြောင်း မဟာဝါဒ် ပါ၏။



www.burmeseclassic.com

www.burmeseclassic.com



တရားကို ယုံကြည်ကိုးစားခြင်း မရှိတော့ပေ။သို့ရာတွင် ဗုဒ္ဓဘာသာဝင်တို့၏ တရားသစ် အယူသစ်ကိုလည်း လက်မခံပေ။တစ်နေ့သောအခါ၌ သူ့ယောက်ဖနှင့် ရှာရိုးတစ်လျှောက် လျှောက်လာစဉ်၌ သူက ဆိုလေ၏။

'ဖခင်တစ်ယောက် သို့မဟုတ် ကျွန်ုပ်တို့ ချစ်မြတ်နိုးတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဆုံးရှုံးသွားရတာ ဝမ်းနည်းစရာ မကောင်းပေဘူးလား။ သောကဒဏ်ချက်ကို ဖယ်ရှားပြီး တကယ့်တကယ် နှစ်သိမ့်ကျေနပ်မှုကို ပေးစွမ်းနိုင်တဲ့ တရားဒေသနာရယ်လို့ မရှိတာ အမှန်ပင် ဖြစ်ပေတယ်'

ကစ္စာယနက ပြန်လည်ဖြေကြား၏။

'ညီမောင် သုဒတ္တ၊ မိမိကိုယ်ကို ဒုက္ခခံစားရမှုက လွတ်မြောက်စေလိုတဲ့ ရည်ရွယ်ချက် ရှိနေသေးသမျှ ကာလပတ်လုံး ညီမောင်က လွတ်လပ်တဲ့လူ မဟုတ်သေးဘူး။ ဆင်းရဲဒုက္ခ ခံစားရမှု သူ့ဖာသာသူ ရောက်လာချင်ရောက်လာပါစေ။ သက်ရှိသတ္တဝါတိုင်း ညီတူညာတူ တွေ့ကြုံဆုံစည်းရမယ့် သဘာဝ နိယာမက ကင်းလွတ်ခွင့်ရအောင် မကြိုးစားချင်ပါနှင့်'

သုဒတ္တက ထိုစကားကို လက်မခံပေ။ ပြန်လှန်ချေပ လေ၏။

'ဒါပေမယ့် သေသူများရဲ့ ကြောက်မက် ထိတ်လန့်ဖွယ်ကောင်းတဲ့ ကံကြမ္မာကို စဉ်းစားကြည့်စမ်းပါ။သူတို့ရဲ့ ဘဝတစ်ခုလုံးဟာ ဘာတစ်ခုမှ မကျန်တော့သလို ပျောက်ပျက်သွားရတယ်။အဲဒါ ဘယ်လောက် ထိတ်လန့်ကြောက်ရွံ့ဖွယ် ကောင်းသလဲ'

ကစ္စာယနက ရှင်းပြလေ၏။

'အဲဒီနေရာမှာတော့ ညီမောင် မှားတယ်။သေခြင်းဟာ ပြိုကွဲပျက်စီးသွားခြင်း မှန်တယ်။ ဒါပေမယ့် လူ့ရဲ့ဘဝဟာ ဘာတစ်ခုမှ မကျန်တော့သလို ပျောက်ပျက်သွားတာ မဟုတ်ဘူး။ဘာကြောင့်လဲဆိုရင် သူ့ရဲ့အပြုအမူ ဟူသမျှဟာ မိမိရဲ့ အလားတူ တူညီမှုမျိုးနဲ့ ဆက်လက် ဖြစ်မြဲ ဖြစ်နေတဲ့အတွက်ကြောင့် ဖြစ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



သုဒတ္တသည် မဲ့ပြုံး ပြုံးပြီးလျှင် သူ့ယောက်ဖအား ပြန်လည် ပြောကြားလိုက်လေသည်။

'အဲဒါကတော့ စကားအဖြစ် ပြောတာထက် ပိုပြီး တခြား ဘာမှ မဟုတ်နိုင်ဘူး။ သေသူဟာ ဆက်လက်ရှင်နေတယ်၊ ရှိနေတယ်ဆိုရင် ကျွန်ုပ်တို့၏ ဖခင်ကြီး ဘယ်မှာ ရှိနေတယ်ဆိုတာ ကျွန်ုပ်ကို တဆိတ် ပြောပြစမ်းပါ'

ကစ္စာဲယနက ပြန်လည် ဖြေကြား၏။

' သူ ကျွန်ုပ်တို့နဲ့အတူ ဒီမှာ ရှိနေတယ် မဟုတ်လား'

တစ်အောင့် ရပ်နားပြီးနောက် ဆက်ပြန်လေသည်။

' ကျမ်းစာများနဲ့အတူ ရှိနေသလိုပဲ လူတွေနဲ့လဲ အတူရှိနေတယ်။ ညီမောင်ဟာ ပေရွက်တွေပေါ်မှာ မကောင်းတဲ့ အရာများကို ဖြစ်စေ၊ သို့မဟုတ် ကောင်းတဲ့ မြင့်မြတ်တဲ့ အတွေ့အကြုံများကို ဖြစ်စေ ရေးသားနိုင်တယ်။ ကျမ်းစာဟာ ပေရွက်တွေနဲ့ လုပ်ထားတာ မဟုတ်ဘူး။ အတွေးအကြံများနဲ့သာ လုပ်ထားတာ ဖြစ်တယ်။ ပေရွက်များကတော့ စာရေးစာချီအတွက် ပစ္စည်းကိရိယာ သက်သက်မျှသာ ဖြစ်တယ်။ကျမ်းစာအဖြစ်ကို မရောက်တဲ့ ပေရွက်ပေါင်း ထောင်သောင်းများစွာ ပေပင်ပေါ်မှာ ရှိနေကြတယ်။ ကျွန်ုပ်တို့ရဲ့ လေးစားမြတ်နိုးအပ်တဲ့ ဖခင်ကြီး သုဘူတိဟာ သေခြင်းတရားနဲ့ ပတ်သက်တဲ့ ပြဿနာကို စဉ်းစားတွေးခေါ်ရင်း ကထဉပနိသျှဒ်ကို ရေးသားပြုစုခဲ့တယ်။ အဲဒီ ကထဉပနိသျှဒ်ဟာ ကျွန်ုပ် ကြားဖူး ဖတ်ဖူးသမျှထဲမှာ တန်ဖိုးအတော်ရှိတဲ့ အရာဖြစ်တယ်လို့ ကျွန်ုပ် ထင်တယ်။ ဖခင်ကြီး သုဘူတိဟာ အဲဒီကျမ်းစာကို ကျွန်ုပ်တို့ ဉယျာဉ်ထဲမှာ ရှိတဲ့ ပေပင်ကြီးက ပေရွက်တွေပေါ်မှာ ရေးသားခြင်း ဖြစ်တယ်။ ပေရွက်များကို အရောင်ချွတ်ပြီး ရေးဖို့ စီစဉ်ပြီးတဲ့အခါ ဖခင်ကြီးဟာ ပေရွက်တွေပေါ်မှာ ဉပနိသျှဒ် စကားလုံးများကို ရေးချလိုက်တယ်။ သူကွယ်လွန်သွားတဲ့ အခါကျတော့ ဖခင်ကြီးဟာ အဲဒီဉပနိသျှဒ် စာမူကို အဖိုးအတန်ဆုံး အမွေအနှစ်အဖြစ်နဲ့ ကျွန်ုပ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပေးအပ်ထားခဲ့တယ်။ ဘာ့ကြောင့် အဖိုးအတန်ဆုံး အမွေအနှစ် ဖြစ်သလဲ ဆိုလျှင် အဲဒီ ဥပနိသျှဒ်စာမူဟာ လောကီပစ္စည်းဥစ္စာ ရတနာမျိုး မဟုတ်ဘဲ ဖခင်ကြီးရဲ့ သေဆုံးပျောက်ကွယ်သွားခြင်း မရှိတဲ့ ဝိညာဉ်ကိန်းနေတဲ့ အတွေးအခေါ်ရဲ့ အမှတ်အသားတစ်ခု ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။အစ ပထမကတော့ အဲဒီ ဥပနိသျှဒ် စာမူကို ကျွန်ုပ် အမြတ်တနိုး ထားခဲ့တယ်။ ဘာကြောင့်လဲဆိုလျှင် ဖခင်ကြီးရဲ့လက်ရာ နမူနာအမှတ်အသားအဖြစ် တန်ဖိုးထားတဲ့ အတွက်ကြောင့် ဖြစ်တယ်။ဒါပေမယ့် အခုတော့ ဖခင်ကြီးရဲ့ အတွေးအခေါ်များကို ပိုပြီး တန်ဖိုးထားလာစေချင်တဲ့ ဆန္ဒရှိတယ်။ မိုးခေါင် ရေရှားဖြစ်တဲ့ အချိန်တုန်းက ပေစာတွေဟာ ခြကိုက်ခံရတယ်။ပေစာတွေ ဟာ အခု အစိတ်စိတ် အမြွှာမြွှာ ဖြစ်ကုန်ကြပြီ။ ဥပနိသျှဒ်တစ်ခုလုံး ကျွန်ုပ် အာဂုံ ရတယ်။ ဒါပေမယ့် ကျွန်ုပ် ကွယ်လွန်သေဆုံး သွားတဲ့အခါ ကျမ်းစာ ထဲမှာ ဖော်ပြတဲ့ အတွေးအခေါ်တွေ ပျောက်ပျက် ဆုံးရှုံးသွားမှာ စိုးတဲ့အတွက် ကျွန်ုပ် ဆွေးမြည့်နေတဲ့ စာမူဟောင်းထဲက ဥပနိသျှဒ်စာကို တစ်ပုဒ်စီ တစ်ပုဒ် စီ အတိအကျ ကူးယူနေတယ်။လက်ရေးစာမူသစ်ကို ကျွန်ုပ် တခြား စာရေး စာချီများကို ငှားရမ်းမယ်။ အဲဒီနည်းနဲ့ ကထဥပနိသျှဒ်ဟာ ထိန်းသိမ်းမှု ရှိသွားပြီး တခြား တိုင်းပြည်နိုင်ငံတွေကိုလည်း ပြန့်ပွားသွားမယ်။ တခြား လူမျိုးဆက်တွေ အထိလည်း ပြန့်ပွားသွားမယ်။လက်ရေးစာမူဟောင်းဟာ ဖတ်လို့ မရတော့ဘူး။အချို့အဝက်မှာ ကြေမွပြီး မြူမှုန်ဘဝ ရောက်သွားကြပြီ။ ဒါပေမယ့် အတွေးအခေါ်များကတော့ ပျောက်ပျက် သေဆုံးသွားမှာ မဟုတ် ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ရေးစာမူ အသစ်ထဲမှာ ပြန်လည်ပါရှိနေ တဲ့ အတွက်ကြောင့် ဖြစ်တယ်။အဲဒီနည်းအတိုင်းပဲ ကျွန်ုပ်တို့ရဲ့ မျှော်မှန်းချက်၊ ကျွန်ုပ်တို့ရဲ့ အတွေးအခေါ်၊ကျွန်ုပ်တို့ရဲ့ စိတ်နေစိတ်ထားများဟာလည်း ထိန်းသိမ်းမှု ရှိသွားပေလိမ့်မယ်။ ယခုမျက်မှောက် ဆွေးမျိုးဆက်ရဲ့ စရိုက်ဟာ ကျွန်ုပ်တို့ရဲ့ အပြုအမူ၊ကျွန်ုပ်တို့ရဲ့ အပြောအဆို၊ ကျွန်ုပ်တို့ရဲ့ စိတ်နေစိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



တို့ကြောင့် နောင်လာမယ့် ဆွေမျိုးဆက်မှာလည်း ပေါ်နေမှာပဲ။ သေဆုံးသွားတဲ့အခါ ကျွန်ုပ်တို့ ပျောက်ကွယ်သွားပေမယ့် ကျွန်ုပ်တို့ရဲ့ အပြုအမူများအားလျော်စွာ ကျွန်ုပ်တို့ ဆက်လက်နေရဦးမှာပဲ။ ဖွဲ့စည်းပေါင်းစပ်ထားတဲ့ သင်္ခါရ တရားမှန်သမျှ တစ်ဖန် ပျောက်ကွယ် ပြိုကွဲသွားမှာ အမှန်ဖြစ်တယ်။ ပေစာရွက်များဟာ ယိုယွင်း ပျက်စီးသွားကြတယ်။ဒါပေမယ့် ကထဥပနိသျှဒ်ကတော့ တည်မြဲနေမှာပဲ'

သုဒတ္တက ပြောလေ၏။

'ကျမ်းစာ စာမူရော၊ ကျမ်းစာမူထဲမှာ ရှိနေတဲ့ အတွေးအခေါ်ရော နှစ်မျိုးစလုံး တည်မြဲသွားနိုင်ရင်၊ ထိန်းသိမ်းမှု ရှိသွားနိုင်ရင် ပိုပြီး မကောင်းပေဘူးလား'

ကစ္စာယနက ပြန်ပြောလေ၏။

'ညီမောင့် သဘောထားကို လက်ခံလိုက်ဖို့ ကျွန်ုပ်အနေနဲ့ မလွယ်တော့ဘူး။ဥပနိသျှဒ်ထဲမှာ ပဲ့တင်ထပ်နေတဲ့ အနုရုဒ္ဓါရဲ့ လှပကောင်းမွန်တဲ့ စကားလုံးတွေကို ညီမောင် သတိမရဘူးလား။ အနုရုဒ္ဓါက ပြောတယ်၊ "နှစ်သက်မြတ်နိုးတဲ့ အရာကို မရွေးရဘူး။မှန်ကန်တဲ့အရာကို ရွေးရမယ်။ ဘာကြောင့်လဲဆိုရင် မှန်ကန်တဲ့အရာသာ ကောင်းမွန်မြင့်မြတ်တဲ့ အတွက်ကြောင့် ဖြစ်တယ်"တဲ့။ အဲဒီအချိန်တုန်းကတော့ ကျွန်ုပ် နှစ်သက်မြတ်နိုးတဲ့အရာကို ရွေးခဲ့တယ်။ ဒါပေမယ့် ဘဝက ကျွန်ုပ်ကို မှန်ကန်တဲ့ သင်ခန်းစာ သင်ကြားပြသခဲ့တယ်။အခု ကျွန်ုပ် မှန်ကန်တဲ့အရာကို ရွေးလိုက်ပြီ။ မှန်ကန်တဲ့အရာဟာ ကျွန်ုပ်အဖို့ နှစ်သက်မြတ်နိုးတဲ့အရာ ဖြစ်ပြီ'

'တကယ်ပဲလား၊ နောင်တော် ကစ္စာယန' သုဒတ္တက အံ့ဩသည့် အမူအရာဖြင့် မေးလိုက်လေ၏။

ကစ္စာယနက ပြန်လည် ဖြေကြားလေသည်။

'တကယ်ပါပဲ ညီမောင်။ သေခြင်းဟာ ဘဝမှာ လိုအပ်တဲ့ အရာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမျှသာ မဟုတ်ဘူး။ မွေးဖွားခြင်းရဲ့ မလွဲမရှောင်သာတဲ့ အကျိုးတရား ဖြစ်တဲ့အတွက် အကျိုးဖြစ်ထွန်းဖွယ် အဖြစ်ဆုံး အစီအစဉ်တစ်ခုလည်း ဖြစ်တယ်။ အိပ်ပျော်ခြင်းရဲ့ ကြောက်မက်ထိတ်လန့်ဖွယ်ထက် ပိုပြီး သေခြင်း ရဲ့ ကြောက်မက်ထိတ်လန့်ဖွယ်ကို ပြောပြစရာအကြောင်း မရှိပါဘူး။ သေခြင်းဟာ အမှန်တကယ် အလှအပ ရှိတယ်။ ဘဝကို ခင်မင်တွယ်တာ စေတဲ့အရာဟာ သေခြင်းရဲ့ အလှအပသာ ဖြစ်တယ်။ သေခြင်းမရှိတဲ့ ဘဝ ဟာ ဘယ်လို ဖြစ်သွားမယ်ဆိုတာ စဉ်းစားဆင်ခြင် ကြည့်စမ်းပါ။အပျော် အမဲလိုက်ကစားခြင်း တစ်မျိုးတည်းကို ထပ်တလဲလဲ စိတ်မပါတပါ ကစား နေခြင်းမျိုးထက် ပိုပြီး ဘာမှ မဟုတ်ဘူးဆိုတာ တွေ့ရလိမ့်မယ်။ အချိန် ကာလကို တန်ဖိုးရှိအောင် လုပ်တဲ့အရာဟာလဲ သေခြင်းသာ ဖြစ်တယ်။ သေခြင်းဟာ ကျွန်ုပ်တို့ကို စဉ်းစားတွေးခေါ်စေတယ်။ ဘာသာတရားကို လိုအပ်စေတယ်။ ကျွန်ုပ်တို့အား ဘဝကို အတင်းအကျပ် တန်ဖိုးထားစေ တဲ့အရာမှာ သေခြင်းသာ ဖြစ်တယ်။ တကယ်လို့ သေခြင်းမရှိရင် သူရဲကောင်း များလည်း ရှိမှာ မဟုတ်ဘူး။သူတော်စင်များလည်း ရှိမှာ မဟုတ်ဘူး။ ဗုဒ္ဓ များလည်း ရှိမှာ မဟုတ်ဘူး။ဒါကြောင့် သေခြင်းဆိုတာ မလွဲမရှောင်သာ တဲ့အရာ ဖြစ်ပေတယ်။ ဒါပေမယ့် သေခြင်းဟာ အနိဋ္ဌာရုံ မဟုတ်ဘူး။ လူအ၊လူဗာလတွေဟာ သေခြင်းကို တွေးကြည့်ရုံမျှနှင့် ကျောချမ်းကြတယ်။ လူလိမ္မာ လူပညာရှိတွေကတော့ သေခြင်းကို မကြောက်ကြဘူး။ ဘာဖြစ်လို့ လဲဆိုရင် သေခြင်းဟာ ကျွန်ုပ်တို့ရဲ့ဆရာ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်။ ကျွန်ုပ်တို့ရဲ့ အကျိုးဆောင် ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်'

www.burmeseclassic.com

www.burmeseclassic.com

## သုဘူတိ လုလင်

သုဒတ္တ၏ သားသုံးယောက်တို့သည် အရွယ်ရောက်လာကြ၏။သူတို့၏ အဘိုးထံမှ အမွေအဖြစ် ရရှိသည့် လယ်မြေကို ထွန်ယက် လုပ်ကိုင်နေကြ၏။ သားများ၏ အကူအညီကို ရရှိသည်ဖြစ်၍ သုဒတ္တသည် အားလပ်ခွင့် ရရှိလာလေ၏။သို့ဖြစ်၍ ကစ္စာယန နေထိုင်သည့် ဆိတ်ငြိမ်ရာ တောတောင် လျှိုမြောင်အတွင်းသို့ မကြာခဏ သွားပြီးလျှင် တရားဘာဝနာ သင်ကြားလေ့လာခြင်း၊ ပွားများအားထုတ်ခြင်းတို့ကို ပြုလုပ်နေလေသည်။ အသက် လေးဆယ်မျှသာ ရှိသေးသော်လည်း သူ၏ ဆံပင်များမှာ ဖြူဖွေးနေလေပြီ။ သူသည် အရွယ်အိုသော်လည်း ထူးခြားသည့်အားမာန်နှင့် ကျန်းမာရေး ပြည့်စုံနေသည့် အဘိုးအိုတစ်ဦးသဏ္ဌာန် ပေါက်နေလေသည်။ကျေးရွာ ဇနပုဒ် အတွင်းရှိ လူများသည် မိမိတို့၏ မိသားစုထဲက တစ်ဦးဦး နာမကျန်းဖြစ်ခဲ့သော် သူ့ကို ခေါ်ကြလေသည်။သူကလည်း ရွာသူရွာသားများ ဒုက္ခရောက်နေပါက အကြံဉာဏ်ပေးခြင်းအားဖြင့် လည်းကောင်း၊ ကိုယ်ထိလက်ရောက် လုပ်ကိုင်ဆောင်ရွက်ပေးခြင်းအားဖြင့် လည်းကောင်း အမြဲမပြတ် အကူအညီ ပေးလေ၏။

ထိုအတောအတွင်း သတင်းတစ်ရပ် ရောက်လာလေသည်။ထို သတင်းကား ဘုရင်ဗိမ္ဗိသာရ ကံတော်ကုန်ပြီး သားတော် အဇာတသတ်မင်း နန်းတက်သည်ဆိုသည့် သတင်း ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဇာတသတ် ဘုရင်သည် သူ့တိုင်းပြည် နိုင်ငံအတွင်းရှိ မြို့များ၊ ရွာများသို့ လည်းကောင်း၊သူ့အာဏာစက် အောက်တွင်ရှိသည့် အိမ်နီးချင်းနိုင်ငံများသို့ လည်းကောင်း သံအမတ်များကို စေလွှတ်ပြီးလျှင် ပြည်သူလူထု အနေဖြင့် သူ့ ကျေးဇူးသစ္စာတော်ကို စောင့်သိရိုသေမှု ရှိ မရှိ စုံစမ်းစေခိုင်းလေ၏။

အဇာတသတ်ဘုရင်၏ သံအမတ်တစ်ဦးသည် ကုဒ္ဒရဃာရ ဇနပုဒ်သို့လည်း ရောက်လာလေ၏။သံအမတ်နှင့်အတူ အတိုင်ပင်ခံများနှင့် ကိုယ်ရံတော် စစ်သည်တော်တစ်ဦးလည်း လိုက်ပါလာလေ၏။ကုဒ္ဒရဃာရ ဇနပုဒ်သို့ ရောက်ရှိလာသောအခါ သူတို့သည် မဟာသုဘူတိ ကွယ်လွန်သွားပြီးသည့်အချိန်မှ အစပြု၍ ကုဒ္ဒရဃာရ ကျေးရွာဇနပုဒ်တွင် ကျေးရွာမှူး မရှိကြောင်း ကြားသိရလေသည်။ ထိုအခါ ဘုရင်မင်းကြီး၏ သံအမတ်သည် ကျေးရွာလူထုကို စည်းဝေးစေပြီးလျှင် မဟာသုဘူတိ နေရာတွင် ကျေးရွာတရားသူကြီးသစ် အဖြစ်ဖြင့် ဘုရင့်အမှုတော် ထမ်းရွက်နိုင်မည့် ပုဂ္ဂိုလ်တစ်ဦးကို ရွေးကောက်တင်မြှောက်ရန် တောင်းပန် တိုက်တွန်းလေသည်။ ကစ္စာယနသည် လောကီလူ့ဘောင်မှ ခွာရှောင်ပြီး တောဝနာအတွင်း၌ တရားဘာဝနာဖြင့် မွေ့လျော်နေသည်။သုဒတ္တမှာလည်း အရွယ် အတော်ထောင်နေပြီ ဖြစ်လေ၏။ယင်းအဖြစ်ကို တွေ့မြင်ရသည်ဖြစ်၍ သံတမန်သည် အဘိုး၏နာမည်ကိုယူ၍ သုဘူတိဟု အမည်မှည့်ထားသည့် သုဒတ္တ၏ အကြီးဆုံးသားအား ကျေးရွာမှူးသစ် အဖြစ် ရွေးကောက်တင်မြှောက်ရန် အဆိုပြုလိုက်လေသည်။ကျေးရွာလူထုသည် သုဘူတိအား ယောကျာ်းကောင်း ဂုဏ်အင်္ဂါနှင့် ညီညွှတ်သည်ကို တွေ့ရသည်ဖြစ်၍ ဝမ်းသာအားရ ဟစ်အော်ဩဘာ ပေးကြလေ၏။ 'သုဘူတိ လုလင်ကို ဘုရင်မင်းကြီးက မဟာသုဘူတိရဲ့ ရာထူးကို ခန့်အပ်တော်မူပါ'



www.burmeseclassic.com

www.burmeseclassic.com



စည်းဝေးသဘင်၌ ရှိနေကြသည့် အချို့ အဘိုးအိုများမှာ ကျေးရွာမှူးကို ကျေနပ်အားရကြသည်ဖြစ်၍ ပြောဆိုကြလေ၏။

'တကယ်လို့ မဟာသုဘူတိဟာ လုလင်ဘဝနဲ့ ကိုယ်ထင်ရှား တစ်ဖန် ပြန်ပေါ်လာတယ်ဆိုရင် ဒီလုလင်နဲ့ ဘာမှ ခြားမှာ မဟုတ်ဘူး။ ဘုရင်ဗိမ္ဗိသာရက မဟာသုဘူတိကို ကျေးရွာမှူး ခန့်စဉ်အခါတုန်းက မဟာသုဘူတိဟာ ဒီလုလင်နဲ့ တစ်ပုံတည်း ဖြစ်ခဲ့တယ်'

www.burmeseclassic.com

www.burmeseclassic.com

## ရှင်တော်ဗုဒ္ဓ

တစ်နေ့သ၌ သူစိမ်းတစ်ယောက်သည် ကုဒုရဃာရ ဇနပုဒ်သို့ ရောက်လာလေ၏။ လမ်းပေါ်တွင် သုဒတ္တကို တွေ့သောအခါ သူစိမ်းသည် ရာဇဂြိုဟ် သွားသည့်လမ်းကို မေးလေ၏။ဗြာဟ္မဏ အဘိုးအိုသည် ရာဇဂြိုဟ် နေပြည်တော်သို့ သွားသည့်လမ်းကို ညွှန်ပြပြီးလျှင် ပြောလေသည်။

'ကျွန်ုပ်ကိုယ်တိုင် ရာဇဂြိုဟ်ကို သွားချင်တဲ့ စိတ်ဆန္ဒ ရှိနေတယ်။ ဘာကြောင့်လဲဆိုရင် ရာဇဂြိုဟ်မှာ လူနတ်ဗြဟ္မာ သတ္တဝါတွေရဲ့ ဆရာအရှင် ဖြစ်တဲ့ ရှင်တော်ဗုဒ္ဓ သတင်းသုံးနေတဲ့ အတွက်ကြောင့် ဖြစ်တယ်။ ရှင်တော်ဗုဒ္ဓရဲ့ တရားကို ကျွန်ုပ် ယုံကြည်မြတ်နိုးနေတယ်'

သူစိမ်းက ပြောလေ၏။

'ဒါဖြင့်ရင် ကျွန်ုပ်နှင့်အတူ လိုက်ခဲ့ပါလား။ကျွန်ုပ်ဟာ လောင်းကစားသမားတစ်ယောက် ဖြစ်တယ်။ ကျွန်ုပ်နာမည်က စန္ဒရလို့ ခေါ်တယ်။ ရှင်တော်ဗုဒ္ဓရဲ့ ဉာဏ်ပညာတော် အကြောင်းကို ကြားသိရတဲ့အတွက် ရာဇဂြိုဟ်သွားပြီး ရှင်တော်ဗုဒ္ဓ ညွှန်ကြားဟောပြတဲ့ အဆုံးအမကို ကြားနာမယ်လို့ ကျွန်ုပ် စိတ်ပိုင်းဖြတ်ထားပါတယ်'

သုဒတ္တသည် သူ့အပေါင်းအသင်းများနှင့် ခွဲခွာပြီးလျှင် ရာဇဂြိုဟ်သို့ သွားသော လောင်းကစားသမား စန္ဒရနှင့်အတူ ပါသွားလေ၏။သူ့ယောက္ခမ တစ်ခါက ထုတ်ဖော်ပြောပြသည့် စိတ်ဆန္ဒကို သတိရသည်ဖြစ်၍ သူနှင့်အတူ ကထဥပနိသျှဒ် ပေစာကိုလည်း ယူဆောင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်သို့ အသွားခရီး လမ်းမ၌ စန္ဒရက ပြောလေ၏။

'ရှင်တော်ဗုဒ္ဓရဲ့ ပညာဉာဏ်တော်ဟာ အလွန်တရာမှ နက်နဲလှပေတယ်။ဘဝဆိုတာ ဒုက္ခကို ခံစားခြင်းလို့ ရှင်တော်ဗုဒ္ဓက ဟောကြားတယ်။ ကျွန်ုပ်ရဲ့ အတွေ့အကြုံကလည်း ရှင်တော်ဗုဒ္ဓရဲ့ တရားဒေသနာ မှန်ကန်ကြောင်း သက်သေခံနေတယ်။ ဒုက္ခကိုသာ ကြည့်လေ့ရှိတဲ့ ဒုက္ခဝါဒဟာ အမှန်တကယ်ပဲ ဘဝရဲ့ မှန်ကန်တဲ့ သဘောတရား ဖြစ်တယ်'

'ဒုက္ခဝါဒဆိုတာ မိတ်ဆွေက ဘာကို ဆိုလိုတာလဲ' သုဒတ္တက ဖြတ်မေးလိုက်လေ၏။

' ဒုက္ခဝါဒရဲ့ အဓိပ္ပာယ်က ကမ္ဘာလောကဟာ မကောင်းဘူးလို့ ဆိုလိုပါတယ်' စန္ဒရက အဖြေပြန်ပေးပြီးလျှင် ဆက်ပြောလေ၏။ 'ကမ္ဘာလောကဟာ ပေါက်မဲက နည်းပြီး ဗလာက အဆမတန် များနေတဲ့ ထီနဲ့ ဘာမှ မထူးပါဘူး။ အဲဒီသဘော ဘယ်လောက် မှန်ကန်တယ်ဆိုတာ ကျွန်ုပ်တို့ မဆိုင်းမတွပင် သိမြင်နိုင်ပါတယ်။ပေါက်မဲအားလုံး သေချာပေါက်ပေါက်စေလိုတဲ့အတွက် ထီလက်မှတ် အားလုံးကို ဝယ်ယူတဲ့ သူဌေးဟာ အရှုံး အဖတ်တင်သူသာ ဧကန်စင်စစ် ဖြစ်ရပေလိမ့်မယ်။ အဲဒီသူဌေးကို ဥပမာထားပြီး ကြည့်ရင် ဘဝဆိုတာ ဘာမှ တွယ်တာတပ်မက်စရာ မကောင်းဘူး။တစ်လျှောက်လုံး ဒေဝါလီပဲ ခံနေရတယ်။ ဘဝဆိုတာ အရင်းမကျေတဲ့ ကုန်ကူးမှုနှင့် တစ်သဘောတည်းပင် ဖြစ်ပါတယ်'

ဗြာဟ္မဏ အဘိုးအိုက ပြောလေ၏။

'မိတ်ဆွေ၊ မိတ်ဆွေဟာ တကယ် ဝါရင့်နေတဲ့ အတွေ့အကြုံများနေတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်တယ်ဆိုတာ ကျုပ်သိတယ်။မိတ်ဆွေဟာ လောင်းကစားသမားတစ်ဦး ဖြစ်တဲ့အတွက် မိတ်ဆွေရဲ့ ရှိသမျှ ပစ္စည်းကို လှည့်ဖျားပြီးယူတဲ့၊ မိတ်ဆွေထက် လိမ်နည်းညာနည်းသာတဲ့ တခြား လောင်းကစားသမားတစ်ဦးကို မတွေ့မချင်းတော့ မိတ်ဆွေ ဒူးနံ့နေလိမ့်မယ်လို့ ကျုပ် တွက်တယ်။ ဟုတ်တယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



လောင်းကစားသမားက ပြန်ဖြေလေ၏။

'ဟုတ်လိုက်တာ။ ကျွန်ုပ်ရဲ့အဖြစ်က အဲဒီအတိုင်းပါပဲ။အခု ကျွန်ုပ် ရှင်တော်ဗုဒ္ဓဆီကို သွားမလို့ပဲ။ ရှင်တော်ဗုဒ္ဓဟာ ဘဝဆိုတာ အရှုံးနဲ့ အပြီးသတ်လိုက်ရတဲ့ လောင်းကစားတစ်ပွဲနဲ့ ဘာမှ မခြားဘူးဆိုတဲ့ အမှန်တရားကို သိမြင်တဲ့ပုဂ္ဂိုလ် ဖြစ်တယ်။အဲဒီ လောင်းကစားမှာ လောင်ကြေးများဟာ ပျာလောင်ခတ်နေတဲ့ ပုဂ္ဂိုလ်အတွက် မျှားထားတဲ့ ငါးစာမျှသာ ဖြစ်တယ်။ လောင်းကစား အပါးမဝသေးတဲ့ လူကို တွေ့တဲ့အခါတိုင်း အစမှာ ကျွန်ုပ် သူ့ကို မက်လုံးရှိလာအောင် အမြဲတမ်း အနိုင်ပေးလေ့ရှိတယ်။ဘဝ လောင်းကစားပွဲမှာလည်း ကျွန်ုပ်ဟာ ခဏပန်းတော့ အနိုင် ရရှိပါတယ်။ဒါပေမယ့် ကျွန်ုပ် အခု သိရတာကတော့ အစပိုင်းပွဲတွေမှာ အနိုင်ရတဲ့ ပုဂ္ဂိုလ်တွေဟာ အပြီးသတ်တဲ့ အခါကျတော့ အစပိုင်းပွဲတွေမှာ အရှုံးနဲ့ ရင်ဆိုင်ရတဲ့အတွက် စိုးရိမ်ထိတ်လန့်နေတဲ့ ပုဂ္ဂိုလ်တွေထက် အရှုံးများကြတယ်။ ဘဝဟာ ကျွန်ုပ်တို့ အသုံးပြုတဲ့ ပရိယာယ်မျိုးကို အသုံးပြုတယ်။ ကျွန်ုပ် ထောင်ထားတယ်လို့ ထင်ရတဲ့ ကျော့ကွင်းထဲမှာ ကျွန်ုပ် မိနေတယ်'

အရွယ်ကြောင့် လည်းကောင်း၊ကြောင့်ကြဗျာပါဒကြောင့် လည်းကောင်း ညွတ်ကိုင်းနေသည့် ဗြာဟ္မဏ အဘိုးအိုကို ကြည့်ပြီးလျှင် လောင်းကစားသမားက ဆက်ပြောပြန်လေသည်။

'ဦးကြီးရဲ့ ဖြူနေတဲ့ မုတ်ဆိတ်ကျင်စွယ်နဲ့ မျက်နှာပေါ်မှာ ပေါ်နေတဲ့ အရေတွန့်ကြောင်းတွေက ဦးကြီးလည်းပဲ ဘဝရဲ့ပျားသကာကို ခါးတမာအဖြစ် တွေ့မြင်သိရှိပြီးပြီ ဆိုတဲ့အကြောင်း ဖော်ပြနေကြပါတယ်။ ဦးကြီးဟာ ကျွန်ုပ်ထက် မသေးတဲ့ ဒုက္ခဝါဒီသမားတစ်ဦး ဖြစ်တယ်လို့ ကျွန်ုပ် ထင်ပါတယ်'

ဗြာဟ္မဏအဘိုးအို၏ မျက်လုံး၌ နေရောင်ခြည်တစ်ချက် လက်သွားလေ၏။ သူ၏ ဟန်ပန်အမူအရာသည် ဘုရင်တစ်ပါး၏ ဟန်ပန်အမူအရာကဲ့သို့ တည်ငြိမ်ကျန်ခဲ့ ရလာလေ၏။သူက ပြန်ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မိတ်ဆွေ ထင်သလို မဟုတ်ပါဘူး။ကျုပ် မိတ်ဆွေ အတွေ့အကြုံမျိုး မရှိပါဘူး။ လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာ ကျုပ် လုလင်ငယ်သွေး ဘဝတုန်းက ကျုပ်ဟာ ဘဝရဲ့ ပျားသကာကို အရသာ ခံခဲ့တယ်။ကွင်းပြင်တွေထဲမှာ ကစားဖော် ကစားဖက်တွေနဲ့ ကစားခဲ့တယ်။ ကျုပ် ချစ်ခဲ့တယ်။ အချစ် ခံခဲ့တယ်။ ဒါပေမယ့် ကျုပ် စင်ကြယ် သန့်ရှင်းတဲ့ နှလုံးသားနဲ့သာ ချစ်ခဲ့တယ်။ကျုပ် အရသာ ခံခဲ့တယ်။ ပျားသကာထဲမှာ ခါးတမာ မရှိခဲ့ဘူး။ဘဝရဲ့ ဆင်းရဲဒုက္ခတွေကို တွေ့မြင်ရတဲ့ အခါကျတော့ ကျုပ် အတွေ့အကြုံ ရှိလာတယ်။ ကမ္ဘာလောကဟာ စိတ်ဆင်းရဲစရာတွေ အပြည့် ဖြစ်နေတယ်။ ဘဝရဲ့ အဆုံးဟာ သေခြင်းပင် ဖြစ်တယ်။အဲဒီ အချိန်ကစပြီး ကျုပ် စိတ်မချမ်းမသာ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ကမ္ဘာလောကထဲမှာ ပေါ်ထွန်းလာပြီး ကျုပ်တို့ကို ဆင်းရဲဒုက္ခက လွတ်မြောက်အောင် ညွှန်ကြားဟောပြတဲ့ ဗုဒ္ဓအကြောင်းကို တွေးလိုက်တဲ့အခါမှာ ကျုပ် ဝမ်းသာအားရ ဖြစ်တယ်။နိဗ္ဗာန်မှာ မိမိရဲ့ ဝိညာဉ် လျောင်းစက်နားနေတဲ့ ပုဂ္ဂိုလ်အဖို့မှာ ဘဝရဲ့ခါးတမာဟာ ပျားသကာသာ ဖြစ်တယ်ဆိုတဲ့ အကြောင်းကို ကျုပ် အခု သိပြီ'

'တကယ်လို့ ဘဝဟာ ခါးတမာအတိ ပြီးနေတယ်ဆိုရင် ဆင်းရဲဒုက္ခက ဘယ်လိုလုပ် လွတ်မြောက်နိုင်ပါ့မလဲ'

စန္ဒရက မေးလိုက်လေ၏။

သုဒတ္တက ပြန်လည် ဖြေကြားသည်။

'စိတ်ဆင်းရဲခြင်းက ကျုပ်တို့ မလွတ်ကင်းနိုင်တာ မှန်ပါတယ်။ ဒါပေမယ့် ကျုပ်တို့မှာ မကောင်းမှုကို ရှောင်ရှားနိုင်တယ်။မကောင်းမှုကို ရှောင်ရှားခြင်းအားဖြင့်သာ ကျုပ်တို့ နိဗ္ဗာန်ကို ရောက်ရှိနိုင်ပေတယ်'

ခရီးသည်နှစ်ယောက်သည် ရာဇဂြိုလ်ရှိ ကျောင်းအရပ်သို့ ရောက်ရှိသွားသောအခါ ရှင်တော်ဗုဒ္ဓရှိရာသို့ လက်အုပ်ချီလျက် ချဉ်းကပ်သွားကြလေ၏။ ထိုနောက် လျှောက်ထားလိုက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'အို ရှင်တော်ဗုဒ္ဓ၊တပည့်တော်တို့ကို အရှင်ဘုရား၏ တပည့် သာဝက အဖြစ် လက်ခံတော်မူပါ။တပည့်တော်တို့အား အရှင်ဘုရား၏ တရားဒေသနာကို နာကြားခွင့် ပြုတော်မူပါ။ တပည့်တော်တို့ကို ဗုဒ္ဓ၊ ဓမ္မ၊ သံဃ ရတနာ မြတ်သုံးပါးကို ဆည်းကပ်ကိုးကွယ်ခွင့် ပြုတော်မူပါ'

လူတို့၏ စိတ်အကြံကို သိရှိ အကဲခတ်နိုင်တော်မူသော ဗုဒ္ဓသည် လောင်းကစားသမား စန္ဒရအား အမိန့်ရှိတော် မူလိုက်လေ၏။

'အို စန္ဒရ၊သင်သည် တထာဂတ၏ တရားဓမ္မကို သိရှိနားလည်ပါ၏လော'

စန္ဒရက ပြန်လည် လျှောက်ထား၏။

'တပည့်တော် သိရှိနားလည်ပါ၏ အရှင်ဘုရား။ ဘဝဆိုသည်မှာ ဆင်းရဲဒုက္ခသာ ဖြစ်၏ဟု ရှင်တော်ဗုဒ္ဓက ဟောကြားထားပါသည်'

ဗုဒ္ဓက မိန့်တော်မူပြန်၏။

'ဘဝဟူသည် ဆင်းရဲဒုက္ခဖြစ်၏ ဆိုသည်မှာ မှန်ပေသည်။ သို့သော် တထာဂတသည် လွတ်မြောက်ရေးလမ်းကြောင်းကို ညွှန်ပြရန်အတွက် ကမ္ဘာလောကမှာ ပေါ်ထွန်းလာခြင်း ဖြစ်သည်။ တထာဂတ၏ ရည်ရွယ်ချက်မှာ လူအပေါင်းတို့အား ဆင်းရဲဒုက္ခမှ မည်သို့မည်ပုံ လွတ်မြောက်အောင် လုပ်ရမည် ဆိုသည်ကို ညွှန်ကြားဟောပြရန် ဖြစ်သည်။ အကယ်၍ အသင်သည် မကောင်းမှုမှ လွတ်မြောက်ဖို့ရန်အတွက် စိတ်ဆန္ဒ ထက်သန်နေသည်ဆိုလျှင် ဖွဲသန်သန်နှင့် လမ်းကောင်း လမ်းမြတ်ထဲကို ဝင်ရောက်လာပါလော့။ အတ္တစွဲ၊သက္ကာယစွဲကို စွန့်လွှတ်လိုက်ပါလော့။ ကိုယ့်ကိုယ်ကို ထိန်းချုပ် ကွပ်ကဲပါလော့။ မိမိ၏ လွတ်မြောက်ရေးအတွက် သတိ ဝီရိယဖြင့် ကြိုးစားအားထုတ်ပါလော့'

လောင်းကစားသမားက လျှောက်ထားပြန်၏။

'ရှင်တော် ဗုဒ္ဓထံသို့ တပည့်တော် ရောက်လာခြင်းမှာ ငြိမ်းချမ်းမှုကို ရှာမှီးရန်အတွက် ဖြစ်ပါသည်။ အလုပ် လုပ်ရန်အတွက် မဟုတ်ပါ'



www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓက မိန့်တော်မူ၏။

"မလျှော့သော ဇွဲဖြင့် အလုပ်လုပ်မှသာ ငြိမ်းချမ်းမှုကို တွေ့ရှိနိုင်ပေသည်။ အတ္တကို စွန့်ပယ်မှသာ သေခြင်းကို အနိုင်ရရှိနိုင်ပေသည်။ လုံ့လဉဿာဟနှင့် ကြိုးပမ်းအားထုတ်မှသာ ထာဝရမြဲသည့် ချမ်းသာသုခကို ရရှိနိုင်ပေသည်။အသင်သည် ကမ္ဘာလောကကို အဆိုးဟု ထင်မှတ်ယူဆထားသည်။ အဘယ်ကြောင့် ယင်းကဲ့သို့ ထင်မှတ်ယူဆသနည်းဆိုလျှင် လိမ်လည်လှည့်ဖြားသည့် ပုဂ္ဂိုလ်သည် အဆုံးတစ်နေ့ကျလျှင် သူ၏ မကောင်းသည့် စိတ်ထားကပင် သူ့ကို ပျက်စီးဆုံးရှုံး စေလိမ့်မည် ဖြစ်သော ကြောင့်တည်း။သင် ရှာဖွေနေသည့် ချမ်းမြေ့မှုသည် မကောင်းမှု၏ ဆိုးသော အကျိုး ပူးတွဲ မပါရှိသည့် မကောင်းမှု၏ ခံစားစရာ အာရုံများသာ ဖြစ်သည်။ စည်းစနစ် တိတိကျကျ မရှိခဲ့သော၊ ငယ်ရွယ်စဉ်က ဥစ္စာစနေ မရရှိခဲ့သော လူများသည် အတိတ်ကို ပြန်ပြီး တမ်းတ ညည်းတွားနေတတ်သည်။ အဆိုးရှိသည်မှာ မှန်သည်။သို့သော်လည်း သင် ရှီးမယ်ဖွဲ့နေသည့် အဆိုးမှာ ကမ္မနိယာမ သဘောတရား၏ တရားစီရင်မှုမှတစ်ပါး အခြား မဟုတ်ပေ။ လူသည် မိမိ စိုက်ပျိုးထားသည့် အရာကို မိမိ ရိတ်သိမ်းရမည်သာ ဖြစ်ပေ၏"

ထိုနောက် ဗုဒ္ဓသည် ဗြာဟ္မဏ အဘိုးအိုဘက်သို့ လှည့်ပြီးလျှင် ဗြာဟ္မဏအဘိုးအို၏ ကောင်းမွန်မြင့်မြတ်သည့် စရိုက်ကို အကဲခတ်မိလျက် မိန့်တော်မူပြန်လေ၏။

'အို ဗြာဟ္မဏ၊သင်သည် တထာဂတ၏ တရားကို သင့်အဖော်ထက်ပိုပြီး သိရှိနားလည်သည်။သူတစ်ပါး၏ ဆင်းရဲဒုက္ခကို မိမိ၏ဆင်းရဲဒုက္ခကဲ့သို့ သဘောထားသောသူသည် အတ္တစွဲ အမှားကို အလျင်အမြန် သိရှိနားလည်ပေသည်။ထိုသူသည် ရေထဲမှာ ပေါက်နေသော်လည်း ပွင့်ချပ် ပွင့်လွှာများ ရေစိုစွတ်ခြင်း မရှိသည့် ကြာပွင့်နှင့် တူပေသည်။ဤကမ္ဘာလောက၏ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



များသည် ထိုသူ့ကို ဖြားယောင်း သွေးဆောင်ခြင်းငှာ မစွမ်းနိုင်ပေ။ထိုသူသည် ဝမ်းနည်းပူဆွေးစရာ အကြောင်း ရှိလိမ့်မည် မဟုတ်ပေ'

ညှိသည် ဗြာဟ္မဏာ၏ စိတ်ကောင်း စေတနာရှိသည့်အသွင်အပြင်ကို ရင်းနှီးခင်မင်သော မျက်လုံးတော်ဖြင့် အကဲခတ်လျက် ဗုဒ္ဓက ဆက်လက်မိန့်တော်မူ၏။

'သင်သည် မှန်ကန်သည့် လမ်းကောင်း လမ်းမြတ်ပေါ်မှာ လျှောက်သွားနေသည်။သင်သည် မိမိအလုပ်၏ သန့်ရှင်းစင်ကြယ်မှုကို ကျေနပ်အားရနေသည်။ အကယ်၍ သင်သည် ကိုယ်ကာယ၏ အနာဒဏ်ကို ကုသပုံ ကုသနည်း သိရှိနားလည်သကဲ့သို့ နှလုံးသား၏ အနာကို ကုစားလိုသည့် စိတ်ဆန္ဒရှိလျှင် မေတ္တာ ကရုဏာထားခြင်း မျိုးစေ့မှ သီးပွင့်လာသည့် အသီးအပွင့်ကို လူအပေါင်းတို့ သိမြင်အောင် လုပ်ပါလေ။မှန်ကန်သော စိတ်သဘောထား၏ အကျိုးပေးကို သိရှိသွားလျှင် လူအပေါင်းတို့သည် မကြာမီ လမ်းကောင်းလမ်းမြတ်ထဲ ဝင်လာပြီး တည်ငြိမ်အေးချမ်းသည့် အဆင့်သို့ ရောက်ရှိသွားပေလိမ့်မည်။ထိုအဆင့်၌ သူတို့သည် အာရုံခံစားမှု၊စိတ်ညစ်မှုတို့ အပေါ်သို့ ရောက်ရှိနေပေလိမ့်မည်။ဒေါသနှင့် လောဘတို့၏ အပေါ်သို့ ရောက်ရှိနေပေလိမ့်မည်။မကောင်းမှု အကုသိုလ်နှင့် သံယောဇဉ် အနှောင်အဖွဲ့တို့၏ အပေါ်သို့ ရောက်ရှိနေပေလိမ့်မည်။သင် ကိုယ့်ရပ်ကိုယ့်ရွာ ကိုယ့်အိမ်ကို ပြန်သွားလေလော့။ဆင်းရဲဒုက္ခဒဏ် ခံနေရသည့် မိမိ၏ မိတ်ဆွေသင်္ဂဟများအား အပြစ်မကင်းသည့် လိုချင်တပ်မက်မှု လောဘတရားမှ ကင်းလွတ်နေသည့်စိတ် ရှိသူသည် ဘဝ၏ ဆင်းရဲဒုက္ခများကို ကျော်လွှန်သွားနိုင်သည် ဆိုသည့် အကြောင်းကို ညွှန်ကြား ပြောပြလေလော့။ နေရာအနှံ့အပြားမှာ အပြောအဆိုအားဖြင့် လည်းကောင်း၊အပြုအမူအားဖြင့် လည်းကောင်း တရားမှုကို ဖြန့်ဖြူးပါလော့။ကိုယ်ထိလက်ရောက် ကူညီစောင်မခြင်း



www.burmeseclassic.com

www.burmeseclassic.com



အားဖြင့် လည်းကောင်း၊ညွှန်ကြားဆုံးမခြင်းအားဖြင့် လည်းကောင်း မေတ္တာစေတနာ ထားပြီး သူတစ်ပါးတို့အား အကျိုးပြုပါလော့။သောကဗျာပါဒ ဖြစ်နေသည့် ပုဂ္ဂိုလ်များ၏ အကြားတွင် ရှင်လန်းချမ်းမြေ့စွာ နေထိုင်လော့။ လောဘလွှမ်းနေသည့် ပုဂ္ဂိုလ်များ၏ အကြားတွင် လောဘကင်းစွာ နေထိုင်လော့။ဒေါသလွှမ်းနေသည့် ပုဂ္ဂိုလ်များ၏ အကြားတွင် ဒေါသကင်းစွာ နေထိုင်လော့။ မြင့်မြတ်သော ဘဝ၏ အကျိုးထူးတရားကို မျက်ဝါးထင်ထင် တွေ့မြင်ရသည့် ပုဂ္ဂိုလ်များသည် လွတ်မြောက်မှု လမ်းမပေါ်တွင် သင့်နောက်သို့ လိုက်ကြပေလိမ့် လတ္တံ့'

စန္ဒရသည် ဗုဒ္ဓ၏ တရားစကားကို ကျေနပ်အားရစွာဖြင့် နားထောင်နေပြီးလျှင် ထုတ်ဖော် ပြောပြလိုက်လေသည်။

'သုဒတ္တသည် ကျေနပ်အားရဖွယ် ကောင်းပေစွ။ကျွန်ုပ်သည် ဗုဒ္ဓ၏ တရားဓမ္မကို သိရှိနားလည်ပြီး ကျင့်ကြံအားထုတ်နိုင်သည့် အခြေအနေသို့ ရောက်ရှိပါပြီ'

ဗုဒ္ဓက မိန့်တော်မူပြန်၏။

'မဟာသမုဒ္ဒရာသည် ဆား အရသာဖြစ်သည့် တစ်ခုတည်းသော အရသာသာလျှင် ရှိသကဲ့သို့ တထာဂတ၏ တရားဒေသနာသည်လည်း လွတ်မြောက်ငြိမ်းချမ်းမှု အရသာဖြစ်သည့် တစ်ခုတည်းသော အရသာသာလျှင် ရှိပေသည်'

လောင်းကစားသမားသည် မျက်စိ ပွင့်သွားလေသည်။သူ၏ ဒုက္ခဝါဒသည်လည်း ဗုဒ္ဓ၏ တရားဒေသနာတည်းဟူသော နေရောင်ခြည်အောက်တွင် အရည်ပျော်သွားလေသည်။

'အို ရှင်တော်ဗုဒ္ဓ၊မြင့်မြတ် မှန်ကန်သည့်လမ်းမှ သွားရသည့် မြင့်မြတ်သော ဘဝကို တပည့်တော် လိုလားတောင့်တပါ၏ အရှင်ဘုရား'

ဗုဒ္ဓက မိန့်တော်မူ၏။



www.burmeseclassic.com

www.burmeseclassic.com



'ပင်လယ်ခရီးသည်များသည် မိမိတို့ သွားလိုသည့် ဆိပ်ကမ်းသို့ အရောက်သွားရန် စိတ်ပိုင်းဖြတ်ထားကြသကဲ့သို့ လူတိုင်း လူတိုင်းသည် ဉာဏ်အလင်းရောင်၏ အကျိုးတရားကို တွေ့ရှိကြရန် ရှေ့သို့ တိုးသွားနေကြသည်။ ဉာဏ်အလင်းရောင် တစ်ခုတည်းသာလျှင် နိဗ္ဗာန်သို့ သွားသည့် မြင့်မြတ်မှန်ကန်သည့်လမ်းကို ညွှန်ပြနိုင်ပေသည်'

လောင်းကစားသမားသည် လက်အုပ်ချီပြီးလျှင် ဗုဒ္ဓအား ကြားလျှောက်လေ၏။

'တပည့်တော်၏ ခရီးသွားဖော် ခရီးသွားဖက်အား တပည့်တော်ကို သူ့အိမ် ခေါ်ဆောင်သွားဖို့ တိုက်တွန်းတော်မူပါ ဘုရား။သူ့အိမ်မှာ တပည့်တော် သူ့ထံမှ သင်ကြားနာယူပြီး ဉာဏ်အလင်းရောင်၏ အကျိုးတရားကို ရယူနိုင်အောင် သူ့ကို ပြုစုနေလိုသည့် စိတ်ဆန္ဒ ရှိပါသည်'

ဗုဒ္ဓက ပြန်လည် မိန့်ကြားတော်မူ၏။

'ဗြာဟ္မဏ သုဒတ္တ၊ သဘောကျသလို စီမံပေစေ'

သုဒတ္တဗြာဟ္မဏသည် သူ၏လုပ်ငန်းတွင် ကူဖော်လောင်ဖက် အဖြစ်နှင့် စန္ဒရအား လက်ခံလိုသည့် စိတ်ဆန္ဒကို ထုတ်ဖော်ပြောပြပြီးလျှင် ဆက်၍ ပြောလေ၏။

'ပညာရှင် အနုရုဒ္ဓါက ကျွန်ုပ်ကို ဓမ္မ၏လမ်းစဉ်ကို ဟောပြဖူးတယ်။ ဘယ်လို ဟောပြဖူးသလဲဆိုရင် မကောင်းမှုများကို ကောင်းမှုနှင့် ဖုံးအုပ်ထားပါ။ မေ့လျော့ပေါ့တန်စွာ နေပြီးနောက် သတိသမ္မာဇဉ် ဝင်လာသည့် ပုဂ္ဂိုလ်သည် မိုးသား တိမ်လိပ်ကြားက လွတ်ကင်း ထွက်ပေါ်လာသည့် လမင်းကဲ့သို့ ကမ္ဘာလောကကို ထွန်းလင်းတောက်ပ စေလိမ့်မည် တဲ့'

တရားနာနေကြသည့် ပုဂ္ဂိုလ်အားလုံး လွတ်မြောက်ငြိမ်းချမ်းမှု တရားစကားကို လက်ခံ နှစ်သက်ကြကြောင်း တွေ့မြင်သိရှိရသည် ဖြစ်၍ ဗုဒ္ဓသည် ၎င်းတို့အား တရားဒေသနာတော်ဖြင့် နှစ်သိမ့်ကျေနပ်စေပြီးလျှင် တရားဒေသနာတော်ကို ဤသို့ နိဂုံးချုပ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဤကား နိဗ္ဗာန်တည်းဟူသော ရည်မှန်းချက် ပန်းတိုင်သို့ သင်တို့ ရောက်ရှိခြင်း၏ အမှတ်လက္ခဏာ ဖြစ်သည်။မည်သည့်ကိစ္စ၊ မည်သည့် အကြောင်းအရာကမျှ သင်တို့၏ စိတ်ဓာတ်ကို အနှောင့်အယှက် ပေးနိုင်လိမ့်မည် မဟုတ်တော့ပေ။ အကြောင်းမူ ကမ္ဘာလောက မငြိမ်မသက် ဖြစ်နေစေကာမူ သင်တို့၏ စိတ်နှလုံးမူကား ငြိမ်သက်နေသည့် ရေကန်အတိုင်း ဖြစ်နေပေလိမ့်မည်။ ငါစွဲ အတ္တစွဲ ဟူသမျှသည် ပျောက်ကွယ်သွားကြပြီ။ ငါစွဲ အတ္တစွဲ ဟူသမျှသည် အသီးအပွင့် မဖြစ်ထွန်းနိုင်တော့သည့် သစ်ကိုင်းခြောက်ဘဝသို့ ရောက်သွားကြပြီ။သို့သော်လည်း သင်တို့၏မေတ္တာ ကရုဏာသည် ဆင်းရဲဒုက္ခ ခံနေရသည့် သတ္တဝါ အားလုံးထံသို့ ရောက်သွားသည်။ သင်တို့သည် ကုသိုလ်ကောင်းမှုပြုရာ၌ မောပန်းခြင်း မရှိကြတော့ပေ။ သင်တို့၏ နှလုံးသည် မြင့်မားလာသည်။ မြင့်မြတ်သည့် ဘဝသို့ အထိ မြင့်မား တိုးတက်လာသည်။ အကြောင်းမူကား တထာဂတ ညွှန်ပြဆုံးမသော တရား အဆုံးအမများ၏ လှုံ့ဆော်အားပေးမှုကို ခံရသောကြောင့် ဖြစ်သည်။ သင်တို့၏ စိတ်သည် ကြည်လင်ပြတ်သားလာသည်။အကြောင်းမူကား ဘဝအနေဖြင့် မချွတ်ရှာမှီးရမည့် တစ်ခုတည်းသော ရည်မှန်းချက်ပန်းတိုင် ဖြစ်သည့် နိဗ္ဗာန်ကို တွေ့မြင်ပြီး ဘဝ၏ အလျား အနံ ထုကို ဂဃနဏ သိရှိနေပြီ ဖြစ်သောကြောင့်တည်း'

www.burmeseclassic.com

www.burmeseclassic.com



ဒေါသ၊မောဟတို့ကို စာဂ၊မေတ္တာ၊ ပညာအဖြစ် ပြောင်းလဲပစ်ရမည်ဟု ဗုဒ္ဓဝါဒ၏ သင်ကြားဟောကြားချက် အထင်အရှား ရှိပေသည်။ အမှန်စင်စစ် လောဘစိတ်၊ဒေါသစိတ်၊ မောဟစိတ်တို့ကို ချိုးနှိမ်မပစ်ဘဲနှင့်လည်း လောကီ နိဗ္ဗာန် သို့မဟုတ် သာယာကောင်းမွန်သည့် လူနေမှုစနစ်သစ်တစ်ခု တည် ဆောက်ဖို့ရန်မှာ ဖြစ်နိုင်လိမ့်မည် မဟုတ်ပေ။

မဇ္ဈိမနိကာယ်၊ သီဟနာဒသုတ်၌လည်း ကံ၏ အကျိုးတရားကို ဗုဒ္ဓက ဤသို့ ဟောပြထားပေသည်။‘သာရိပုတ္တရာ၊လားရာဂတိ ငါးပါးရှိ၏။ အဘယ် ငါးပါးတို့နည်း။ ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ လူ့ဘုံ၊နတ်ဘုံတို့ တည်း။ ငရဲဘုံကိုလည်းကောင်း၊ငရဲဘုံသို့ ရောက်ကြောင်းလမ်းကို လည်း ကောင်း၊သေပြီးသည့်နောက်၌ ငရဲဘုံသို့ရောက်ကြောင်း အကျင့်ကို လည်းကောင်း ငါသိ၏။ သာရိပုတ္တရာ၊ ဤလောက၌ ဤမည်သော ပုဂ္ဂိုလ် သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်နောက် ငရဲဘုံသို့ရောက်မည့် အကျင့်ကို ကျင့်၏ဟု ပုဂ္ဂိုလ် တစ်စုံတစ်ဦး၏ စိတ်ကို ငါသည် မိမိ၏ စိတ်ဖြင့် ပိုင်းခြား၍ သိ၏။နောင်သောအခါ၌ ထိုပုဂ္ဂိုလ်ကိုပင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည့်နောက်၌ ငရဲသို့ ကျရောက်၍ ဆင်းရဲလှသည့် ဝေဒနာကို ခံစားနေရသည်ကို ငါသည် စင်ကြယ်သော၊ လူတို့၏ မျက်စိထက် သာလွန်သော၊ နတ်မျက်စိနှင့် တူသော ‘ဒိဗ္ဗစက္ခု’ဉာဏ်ဖြင့် မြင်ရ၏။ ဥပမာအားဖြင့် မီးကျီးတွင်းတစ်ခု ရှိ၏။လူတစ်ယောက်သည် ပင်ပန်းနွမ်း နယ်ပြီးလျှင် ထိုမီးကျီးတွင်းသို့ လာရာလမ်းကို တန်းတန်းမတ်မတ် လာနေ ၏။ မျက်စိအမြင်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးက ထိုသူ့ကို တွေ့ရ၍ ဤသူသည် မီးကျီးတွင်းသို့ လာသည့် လမ်းအတိုင်း လာနေ၏ဟု ပြော၏။ ထိုနောက်တွင် ထိုသူ မီးကျီးတွင်းထဲ ကျသွားပြီး ဆင်းရဲလှစွာသော ဝေဒနာကို ခံစားနေ ရသည်ကို မြင်ရ၏။ ထိုဥပမာအတိုင်း ဖြစ်၏။ သာရိပုတ္တရာ၊ ဤလောက၌ ဤမည်သော ပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်နောက်၌





ဤမည်သော ပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည့်နောက်၌ လူ့ဘုံသို့ ရောက်မည့် အကျင့်ကိုကျင့်၏ဟု ပုဂ္ဂိုလ် တစ်စုံတစ်ယောက်၏ စိတ်ကို ငါသည် မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ သိ၏။နောင်သောအခါ ထိုပုဂ္ဂိုလ် ကိုပင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည့်နောက်၌ လူ့ဘုံသို့ရောက်၍ စိတ် ချမ်းချမ်းသာသာ ဖြစ်နေသည်ကို ငါသည် စင်ကြယ်သော၊လူတို့၏ မျက်စိ ထက် သာလွန်သော နတ်မျက်စိနှင့် တူသော ‘ဒိဗ္ဗစက္ခု’ ဉာဏ်ဖြင့် မြင်ရ၏။ ဥပမာအားဖြင့် မြေညီ၌ ပေါက်နေသော အရွက်စိပ်သဖြင့် အရိပ်ကောင်းသော သစ်ပင်တစ်ပင် ရှိ၏။လူတစ်ယောက်သည် ပင်ပန်းနွမ်းနယ်ပြီး ထိုသစ်ပင် ရှိရာသို့ လာသည့်လမ်းအတိုင်း လာနေ၏။မျက်စိအမြင်ရှိသည့် ပုဂ္ဂိုလ်တစ်ဦး က ထိုသူ့ကို တွေ့ရ၍ ဤသူသည် ထိုသစ်ပင်ရှိရာသို့ လာသည့် လမ်းအတိုင်း လာနေ၏ဟု ပြော၏။ထိုနောက်တွင် ထိုသူ ထိုသစ်ပင်အောက်၌ စိတ်ချမ်း ချမ်းသာသာ ဖြစ်နေသည်ကို မြင်ရ၏။ ထိုဥပမာအတိုင်း ဖြစ်၏။ သာရိ ပုတ္တရာ၊ဤလောက၌ ဤမည်သောပုဂ္ဂိုလ်သည် ခန္ဓာကိုယ် ပျက်စီး၍ သေပြီး သည့်နောက် နတ်ဘုံသို့ ရောက်မည့်အကျင့်ကို ကျင့်၏ဟု ပုဂ္ဂိုလ် တစ်စုံ တစ်ဦး၏စိတ်ကို ငါသည် မိမိ၏စိတ်ဖြင့် ပိုင်းခြား၍ သိ၏။နောင်သောအခါ ထိုပုဂ္ဂိုလ်ကိုပင် ကိုယ်ခန္ဓာ ပျက်စီး၍ သေပြီးသည့်နောက်၌ နတ်ဘုံသို့ ရောက် ၍ အလွန်တရာ စိတ်ချမ်းသာနေသည်ကို ငါသည် စင်ကြယ်သော၊လူတို့၏ မျက်စိထက်သာလွန်သော နတ်မျက်စိနှင့်တူသော ‘ဒိဗ္ဗစက္ခု’ ဉာဏ်ဖြင့် မြင်ရ၏။ ဥပမာအားဖြင့် ခံစားစံစားစရာ အပြည့်ရှိသည့် ပြာသာဒ်တစ်ဆောင် ရှိ၏။ လူတစ်ယောက်သည် ပင်ပန်းနွမ်းနယ်ပြီး ထိုပြာသာဒ်သို့ လာသည့် လမ်းအတိုင်း လာ၏။ မျက်စိအမြင်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးက ထိုသူ့ကို တွေ့ရ ၍ ဤသူသည် ဤပြာသာဒ် ရှိရာသို့ လာသည့် လမ်းအတိုင်း လာနေ၏ဟု ပြော၏။ ထိုနောက်တွင် ထိုသူ ထိုပြာသာဒ်၌ အလွန်တရာ စိတ်ချမ်းသာ နေသည်ကို မြင်ရ၏။ ထိုဥပမာအတိုင်း ဖြစ်၏။’



www.burmeseclassic.com

www.burmeseclassic.com



မဇ္ဈိမနိကာယ် မဟာကမ္မဝိဘင်္ဂသုတ်၌ အချို့ယောဂီများသည် ဒိဗ္ဗစက္ခုဉာဏ်ကို ရရှိထားကြလင့်ကစား မပြည့်စုံသည့် အချက်အလက်တို့ကို အခြေခံကြသောကြောင့် ကံ၏ သဘောတရားကို ငြင်းပယ်ကြပုံ၊ ကံနှင့် ပတ်သက်၍ မမှန်မကန် ယူဆပုံတို့ကို ဗုဒ္ဓက ဟောပြထားပေသည်။ ဤလောက၌ ယောဂီပုဂ္ဂိုလ် အချို့သည် မိမိ၏ ကြိုးပမ်းအားထုတ်မှုကြောင့် စိတ်တည်ငြိမ်မှုကို ရရှိ၏။ စိတ်တည်ငြိမ်မှုကို ရရှိသည့်အခါ သူသည် မိမိ၏ ကြည်လင်သော၊လူတို့၏ မျက်စိထက် သာလွန်သော၊ နတ်မျက်စိနှင့်တူသော ဒိဗ္ဗစက္ခုဖြင့် ဤဘဝ၌ မကောင်းသော အကျင့်ကို ကျင့်ပြီး ကိုယ်ခန္ဓာပျက်စီး၍ သေဆုံးပြီးသည့်နောက်၌ ကောင်းရာ သုဂတိသို့ လားသောလူကို တွေ့ရ၏။သို့ဖြစ်၍ ထိုယောဂီသည် ဤသို့ မှတ်ချက်ချ၏။'ဤဘဝ၌ မကောင်းသော အကျင့်ကို ကျင့်သည် ဖြစ်စေ၊ မကျင့်သည် ဖြစ်စေ လူတိုင်း လူတိုင်းသည် သေဆုံးပြီးသည့်နောက်၌ ကောင်းရာသုဂတိသို့ လား၏။' မကောင်းသော အပြုအမူဟူ၍လည်း မရှိ၊ မကောင်းသော အကျင့်၏ အကျိုးတရား ဟူ၍လည်း အနာဂတ်ကာလ၌ မရှိ ဟူသော ယင်းယောဂီ၏ ယူဆချက်ကို ငါ (ဗုဒ္ဓ) လက်မခံပေ။ ယင်းယောဂီပုဂ္ဂိုလ်သည် ဤဘဝ၌ မကောင်းသောအကျင့်ကို ကျင့်ပြီး ကွယ်လွန်သေဆုံးသွားပြီးနောက် ကောင်းရာသုဂတိသို့ ရောက်သွားသည့် လူကို တွေ့မြင်ရ၏ဟူသည့် အချက်ကိုမူ ငါ လက်ခံသည်။သို့ရာတွင် မည်သူမဆို ကောင်းသောအကျင့်ကို ကျင့်သည် ဖြစ်စေ၊ မကျင့်သည်ဖြစ်စေ ကွယ်လွန် သေဆုံးသွားသည့်အခါ ကောင်းရာ သုဂတိသို့ ရောက်၏ ဟူသော သူ၏ယူဆချက်ကိုမူ ငါ လက်မခံ။ကံ၏ အကျိုးပေးမှုနှင့် ပတ်သက်သော တထာဂတ၏ အမြင်မှာ တစ်နည်းတစ်ဖုံ ဖြစ်လေသည်။အကယ်၍ ဤဘဝ၌ မကောင်းသောအကျင့်ကို ကျင့်သည့် လူသည် ကွယ်လွန်သေဆုံးသွားသည့်အခါ ကောင်းရာသုဂတိသို့ ရောက်လျှင် ထိုသူသည် အတိတ်ဘဝ တစ်ချိန်ချိန်က ယင်းစိတ်ချမ်းမြေ့ဖွယ် အလေ့



www.burmeseclassic.com

www.burmeseclassic.com



အကြွံကို ဖြစ်စေသည့် ကောင်းသော အပြုအမူကိုလည်း ပြုခဲ့သည် ဖြစ်မည်။ သို့မဟုတ် သေခါနီးကာလ၌ လမ်းများကို ဖယ်ရှားပြီး လမ်းမှန်ကို လက်ခံသည်လည်း ဖြစ်ပေမည်။

ဗုဒ္ဓ၏ အလိုတော်အရ ထိုယောဂီသည် အချက်အလက် အပြည့်အစုံကို ခြုံပြီး ယေဘုယျ သဘောကို မကြည့်ဘဲ အချက်အလက် တစ်ခုစ နှစ်ခုစကိုသာ ကြည့်သောကြောင့် ယင်းကဲ့သို့ အမြင်မှားသွားရခြင်း ဖြစ်လေ၏။ ကံအကျိုးပေးပုံသည် လွယ်လွယ်ရှင်းရှင်း မဟုတ်သဖြင့် အပြည့်အဝ သိမြင်နားလည်ဖို့ရန်မှာ ဗုဒ္ဓမှတစ်ပါး အခြားပုဂ္ဂိုလ်များအတွက် မလွယ်ကူပေ။(ကမ္မဝိပါကော အစိန္တေယျော)။ကမ္မာလောက (လောက ဝိသယ) အကြောင်းနှင့် ပတ်သက်၍လည်း ဗုဒ္ဓသာလျှင် နက္ခတ်ကြယ်တာရာစုနှင့် ကျယ်ပြန့်သော စကြဝဠာကို သိမြင်နိုင်စွမ်း ရှိ၏။ ဒိဗ္ဗစက္ခုအရာ၌ တေဒဂ်ရသော အနုရုဒ္ဓါသည်ပင် နက္ခတ်ကြယ်တာရာ တစ်ခုကိုသာ သိမြင်နိုင်စွမ်း ရှိ၏ဟု သိရပေ၏။

ကမ္မနိယာမ (ကံ၏ စည်းမျဉ်းဥပဒေ)၏ သဘောသည် သဘာဝရှိသော ဟေတုနိယာမ (အကြောင်းတရားနှင့် ပတ်သက်သည့် စည်းမျဉ်းဥပဒေ)၏ သာဓက တစ်ရပ်ပင် ဖြစ်လေသည်။ယင်းဟေတုနိယာမ၌ အကျင့်စာရိတ္တပိုင်းဆိုင်ရာ အပြုအမူများနှင့် လည်းကောင်း၊ ယင်းတို့၏ အကျိုးတရားများနှင့် လည်းကောင်း ပတ်သက်သည့် ဥတုနိယာမ၊[၄] ဗီဇနိယာမ၊[၅] စိတ္တနိယာမ၊[၆] ကမ္မနိယာမတို့သည် လည်းကောင်း၊ နာမ်လောကနှင့် ပတ်သက်သည့် ဥပဒေစည်းမျဉ်းဖြစ်သော ဓမ္မနိယာမတို့သည် လည်းကောင်း ရှိကြ၏။သို့ရာတွင် ဗုဒ္ဓဝါဒ၏ အလိုအရ သဘာဝ၌ရှိသော အဖြစ်အပျက်တို့၏ အသွင်အပြင်သည် ကျိန်းသေသည့်အရာလည်း မဟုတ်ပေ။ ကျိန်းမသေသည့် အရာလည်း မဟုတ်ပေ။ကေန်လည်း မဟုတ်ပေ။ အနေအထိုန်

၄။Physical Laws ၅။ Biological Laws ၆။ Psychological Laws



www.burmeseclassic.com

www.burmeseclassic.com



လည်း မဟုတ်ပေ။ နိယတိလည်း မဟုတ်ပေ။ [၇] အနိယတိလည်း မဟုတ်ပေ။ [၈] သို့ဖြစ်၍ ဟေတုနိယာမတို့သည် ဖြစ်နိုင်သည့် အလားအလာရှိသည့် အရာသာ ဖြစ်ကုန်၏။ ကျိန်းသေသည့်အရာ မဟုတ်ပေ။ ကေန် မဟုတ်ပေ။

ထိုကြောင့် ကမ္မနိယာမသည် မချွတ်ဖြစ်သည့် အကျိုးတရားထက် ကွင်းဆက်သဘောကို ပို၍ ညွှန်ပြလေ၏။ တစ်ခုနှင့်တစ်ခု ကွင်းဆက်နေသည်များကို စူဠကမ္မ ဝိဘင်္ဂသုတ်၌ အများအပြား ဖော်ပြထား၏။ ယေဘုယျသဘောကား ဤသို့ဖြစ်၏။ ကောင်းသောအပြုအမူသည် ကောင်းသောအကျိုးကို ပေးလိမ့်မည်။ မကောင်းသောအပြုအမူသည် မကောင်းသောအကျိုးကို ပေးလိမ့်မည်။ လူသားတို့၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကောင်းကျိုးချမ်းသာကို ဖန်တီးရန်မှာလည်း ကောင်းသောအပြုအမူကို ပြုလုပ်မှ ဖြစ်မည်။ သို့ဖြစ်၍ ပုဂ္ဂိုလ်တစ်ယောက်သည် အခြားပုဂ္ဂိုလ်များကို ထိခိုက်နစ်နာစေပြီး မိမိ၏ ရွှင်လန်းချမ်းမြေ့မှုကို ရယူဖို့ရန် မဖြစ်နိုင်ပေ။

ကွင်းဆက်များကား ဤသို့ ဖြစ်၏။အခြား သက်ရှိသတ္တဝါများကို အန္တရာယ်ပြုသူများသည် အနာရောဂါ ရပေလိမ့်မည်။ အခြား သက်ရှိသတ္တဝါများကို မေတ္တာထားသူများသည် ကျန်းမာပေလိမ့်မည်။ဒေါသကြီးသူ၊ တစ်ပါးသူအား ဆဲရေးတိုင်းထွာသူများသည် အရုပ်ဆိုးပေလိမ့်မည်။ထိုသို့ မပြုလုပ်သူများသည် ရုပ်လှပေလိမ့်မည်။ သူတစ်ပါး၏ ဂုဏ်သိက္ခာကို မနာလို ဝန်တိုသူတို့သည် ဂုဏ်သိက္ခာမဲ့ ဖြစ်ရပေလိမ့်မည်။ ယင်းသို့ မပြုလုပ်သူများကား ဂုဏ်သိက္ခာ ရှိပေလိမ့်မည်။

ကံကို ဤသို့လည်း အမျိုးအစား ခွဲခြားကြသေးသည်။ကံ၏ အလုပ်သဘောနှင့် ပတ်သက်ပြီး (၁)ဇနက ကံ၊(၂)ဥပထမ္ဘက ကံ၊ (၃)ဥပပီဠက ကံ၊ (၄)ဥပဃာတက ကံ၊သို့မဟုတ် ဥပစ္ဆေဒကကံ ဟူ၍ လေးမျိုးခွဲကြ၏။ (၁) ဇနကကံသည် ဖြစ်ပေါ်စေတတ်သည့် ကံဖြစ်သည်။ပဋိသန္ဓေ နေသည့်အခါ

၇။ Deterministic  ၈။ Indeterministic



www.burmeseclassic.com

www.burmeseclassic.com



ဒွိ ဖြစ်စေ၊အသက်ရှင်နေသည့် ဘဝတွင်းဒွိဖြစ်စေ ခန္ဓာငါးပါးကို ဖြစ်စေတတ်သည့် ကံဖြစ်သည်။(၂)ဥပထမ္ဘကကံသည် အထောက်အပံ့ပြုသည့် ကံဖြစ်သည်။ကံ၏ အကျိုးကို မဖြစ်ပေါ်စေဘဲ ဖြစ်ပေါ်ပြီးသား ကံ၏ အကျိုးကို အထောက်အပံ့ ပြုရုံသာ ပြုသည့် ကံဖြစ်သည်။ (၃)ဥပပီဠကကံသည် ကံ၏အကျိုးကို ဖိနှိပ်ထားသည့် တားဆီးသည့် ကံဖြစ်သည်။ (၄) ဥပဃာတကံ၊ သို့မဟုတ် ဥပစ္ဆေဒက ကံသည် အားနည်းသည့်၊ကံ၏အရှိန်အဝါကို ဖျက်ဆီးပစ်ပြီး မိမိ၏အကျိုးကို ဖြစ်ပေါ်စေသည့် ကံဖြစ်သည်။ အကျိုးပေးပုံ ပေးနည်း(ပါကဒါနပရိယာယ)အရလည်း ကံသည် (၁)ဂရုက ကံ၊ (၂) အာစိဏ္ဏက ကံ၊ (၃)အာသန္နကံ၊(၄) ကဋတ္တာကံ ဟူ၍ လေးမျိုး ကွဲပြားခြားနားသည်။ (၁)ဂရုက ကံသည် ကြီးလေးသောကံ ဖြစ်သည်။(၂) အာစိဏ္ဏက ကံသည် အလေ့အကျင့်ဖြစ်သော ကံဖြစ်သည်။ ယင်းဂရုက ကံနှင့် အာစိဏ္ဏက ကံသည် ပေါ်သော ကံထက် စောစွာ အကျိုးပေး၏။(၃) အာသန္နကံသည် နီးကပ်သော ကံဖြစ်သည်။ မရဏာ သန္နကံဟုလည်း ခေါ်သည်။ မသေမီကလေး ကပ်၍ ပေါ်လာသည့် ကုသိုလ်စေတနာ သို့မဟုတ် အကုသိုလ်စေတနာ ဖြစ်သည်။ယခင်က ပြုလုပ်သည့် ကုသိုလ် အကုသိုလ် ကံ၏ ရောင်ပြန်ဟပ်မှုလည်း ဖြစ်နိုင်သော၊သို့မဟုတ် ယင်း၏အမှတ်အသား (ကမ္မနိမိတ်)လည်း ဖြစ်နိုင်သော၊ သို့မဟုတ် ယင်း၏ အနာဂတ်ဘဝအတွက် အမှတ်အသား (ဂတိနိမိတ်)လည်း ဖြစ်နိုင်သော ထိုကုသိုလ် သို့မဟုတ် အကုသိုလ် စေတနာသည် ဇာတိကို ဖြစ်ပေါ်စေလေ၏။(၅) ကဋတ္တာကံသည် ကြွင်းကျန်သည့်ကံ ဖြစ်သည်။မသေမီ ခဏ၌ အထက်ပါ ကံသုံးမျိုး မရှိပါက ကဋတ္တာကံက ဇာတိကို ဖြစ်ပေါ်စေလိမ့်မည်။

ကံ အကျိုးပေးသည့် အချိန်ကာလ (ပါကကာလ) နှင့် ပတ်သက်၍လည်း ကံသည်(၁)ဒိဋ္ဌဓမ္မဝေဒနိယကံ၊(၂) ဥပပဇ္ဇဝေဒနိယကံ၊ (၃)အပရာပရိယဝေဒ နိယကံ၊ (၄)အဟောသိကံ ဟူ၍ လေးပါး ပြားသေး၏။(၁)



www.burmeseclassic.com

www.burmeseclassic.com



ဒိဋ္ဌဓမ္မ ဝေဒနီယကံသည် မျက်မှောက်ဘဝ၌ အကျိုးပေးသောကံ ဖြစ်သည်။ (၂) ဥပပဇ္ဇဝေဒနီယကံသည် နောက်ဘဝ၌ အကျိုးပေးသောကံ ဖြစ်သည်။ (၃)အပရာ ပရိယ ဝေဒနီယကံသည် နောက်နောင်ဘဝ တစ်ချိန်ချိန်၌ အကျိုးပေးသော ကံ ဖြစ်သည်။(၄) အကျိုးပေးရန် အခွင့်အလမ်း မပေါ်သည့်အခါ၌ ဖြစ်စေ၊ အလွန်တရာ အားပျော့သည့်အခါ၌ ဖြစ်စေ ကံသည် အကျိုးမပေး ပေ။ ယင်းကံကို အကျိုးမပေးသည့်ကံ သို့မဟုတ် အဟောသိကံ ဟူ၍ ခေါ်သည်။

ဗုဒ္ဓဘာသာ ကမ္မဝါဒနှင့် အခြားဗုဒ္ဓဘာသာ မဟုတ်သည့် ကမ္မဝါဒ တို့၏ ကွဲပြားခြားနားပုံကိုလည်း သိရှိနားလည်ထားဖို့ လိုပေ၏။ ဗုဒ္ဓဘာသာ ကမ္မဝါဒသည် ဂျိန်းဘာသာ ကမ္မဝါဒနှင့် မတူပေ။ ဂျိန်းဘာသာ၏အလိုအရ လူသည် မိမိ ပြုလုပ်ခဲ့သည့် မကောင်းသော အတိတ်ကံ၏ အကျိုးဟူသမျှကို မခံစားရသေးဘဲနှင့် စိတ်ပိုင်းဆိုင်ရာ တိုးတက်မှုကို မပြုလုပ်နိုင်ပေ။ ကိုယ်ကို ညှဉ်းပန်းသည့် အကျင့်တရားများကို ကျင့်ကြံခြင်းအားဖြင့် ယင်းပြဿနာ ပြေနိုင်သည်ဟု ဂျိန်းဘာသာဝင်တို့က အယူရှိ၏။ ကိုယ်ကို ညှဉ်းပန်းသည့် အတ္တကိလမထ အကျင့်ကို ကျင့်ကြံခြင်းသည် အတိတ်ကံ၏ အကျိုးကို ဖယ်ရှား ဖျောက်ဖျက်ရေး၌ အကူအညီ အထောက်အပံ့ပေးသည်ဟု ဂျိန်း ဘာသာဝင်တို့ ယုံကြည်ကြ၏။၎င်းတို့အလိုအရ အကျင့်စာရိတ္တဆိုင်ရာ အပြုအမူ၏ တန်ဖိုးသည် စိတ်ထက် ကိုယ်ကာယဆိုင်ရာ ထုတ်ဖော်ပြသမှု ပေါ်၌ ပို၍ အခြေတည်နေပေ၏။ ဗုဒ္ဓဘာသာကား ထိုကဲ့သို့ မဟုတ်ပေ။

ဗုဒ္ဓဘာသာ ကမ္မဝါဒသည် အာဇီဝက ကမ္မဝါဒနှင့်လည်း မတူပေ။ ယခု မျက်မှောက်အပြုအမူ ဟူသမျှနှင့် တွေ့ကြုံ ခံစားရမှု ဟူသမျှကို အတိတ်ကံကသာ အတိအကျ သတ်မှတ်ဆုံးဖြတ်သည်ဟု အာဇီဝက ကမ္မ ဝါဒက အဆိုရှိလေသည်။ ဗုဒ္ဓဘာသာ၏ အလိုအရ ကံသည် အနေကန် သို့မဟုတ် အနိယတိ မဟုတ်သော်လည်း ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏

www.burmeseclassic.com



သုခ ဒုက္ခ သဘာဝကို သတ်မှတ် ဆုံးဖြတ်ရာ၌မူ အခြေခံအကြောင်းများစွာ ရှိသည့်အနက်က တစ်ခုသာလျှင် ဖြစ်ပေ၏။ ယင်းအခြေခံအကြောင်းတရားများထဲတွင် ဗုဒ္ဓဘာသာက အသိအမှတ် ပြုထားသည့် ဗီဇနိယာမ သို့မဟုတ် မျိုးရိုးဗီဇ အစိတ်အပိုင်း တစ်ခုဖြစ်သော ကိုယ်ကာယ၏ ခန္ဓာပိုင်းဆိုင်ရာ အခြေအနေလည်း ပါဝင်၏။အခြား အကြောင်းတရားများကား ရုပ်ပိုင်းဆိုင်ရာ လောကရှိ အပြောင်းအလဲ (ဥတုပရိဏာမ)၊လူမှုရေးဆိုင်ရာ အပြောင်းအလဲ (ဝိသမပရိဟာရ)၊လူ၏လှုပ်ရှားမှု (ဩပက္ကမိက)၊ ထို့ပြင် ကံတို့ဖြစ်ကြ၏။

သဠာယတန သံယုတ်၌လည်း သုခနှင့်ဒုက္ခ ခံစားမှုဟူသမျှသည် ရှေးအတိတ်ကံကြောင့် ဖြစ်၏ဟု ထင်မှတ်ယူဆခြင်းမှာ မှား၏ဟု ဟောကြားထားလေသည်။

ယင်းသို့အားဖြင့် လူ၏ သုခ ဒုက္ခ တွေ့ကြုံခံစားမှုကို ဖြစ်ပေါ်စေရာ၌ အကြောင်းများစွာ ရှိသည့်အတွက် သုခနှင့်ဒုက္ခမှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ အပြုအမူ သက်သက်ကြောင့်သာ ဖြစ်သည်(သယံ ကတံ သုခံ ဒုက္ခံ)ဟု ဆိုလျှင် လည်းကောင်း၊ သို့မဟုတ် ဘုရားသခင်ကဲ့သို့သော အပြင်အပ ကိုယ်စားလှယ်တော် တစ်ဦးဦး၏ လက်ချက်ကြောင့် ဖြစ်သည်(ပရံကတံ) ဟု ဆိုလျှင်လည်းကောင်း၊သို့မဟုတ် ယင်းနှစ်ဦးတို့၏ ပူးပေါင်းလုပ်ဆောင်မှုကြောင့် ဖြစ်သည်(သယံ ကတံစ ပရံ ကတံစ)ဟု ဆိုလျှင် လည်းကောင်း၊ သို့မဟုတ် အမှတ်မထင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်(အဓိစ္စ သမုပ္ပန္န)ဟု ဆိုလျှင်လည်းကောင်း မှန်မည် မဟုတ်ပေ။ သုခနှင့် ဒုက္ခတို့သည် အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ (ပဋိစ္စ သမုပ္ပန္န)၊ လူသည် မိမိကိုယ်ကို သိသော အသိပညာဖြင့် လည်းကောင်း၊သဘာဝကို သိသော အသိပညာဖြင့် လည်းကောင်း ယင်း သုခနှင့် ဒုက္ခတို့ကို နားလည်နိုင်သည်၊ ချုပ်ကိုင်နိုင်သည်။ အနိုင်ယူနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကံတရား၏ ကွင်းဆက်သဘော ကြောင်းကျိုးဆက်စပ်မှု သဘောသည် တရားသေ၊ သို့မဟုတ် ဧကန်၊သို့မဟုတ် နိယတိ မဟုတ်သောကြောင့်လည်းကောင်း၊ ကံသည် သုခနှင့်ဒုက္ခ တွေ့ကြုံခံစားမှုကို ဖြစ်ပေါ်စေတတ်သည့် အကြောင်းတရားများအနက် အကြောင်းတစ်ခုသာ ဖြစ်သောကြောင့်လည်းကောင်း၊ အတိတ်ကံသည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပစ္စုပ္ပန်အပြုအမူအရ ချုပ်ငြိမ်းမှု၊ ပြုပြင်ပြောင်းလဲမှု ဖြစ်နိုင်သောကြောင့် လည်းကောင်း၊ ဗုဒ္ဓဘာသာ ကမ္မဝါဒသည် ကံကို ပုံချသည့် ဝါဒ၊ ကံကို ရိုးမယ်ဖွဲ့သည့် ဝါဒ၊ ကံကို အားကိုးသည့် ဝါဒ၊ ဘာမဆို ကံကိုသာ လက်ညှိုးထိုးပြချင်သည့် ဝါဒ၊ တရားသေ ဝါဒ၊ဧကန်ဝါဒ၊နိယတိ ဝါဒ မဟုတ်ကြောင်း ရှင်းလင်းပြောပြဖို့ လိုမည် မဟုတ်တော့ပေ။ဗုဒ္ဓဘာသာသည် သဘာဝနှင့် ပတ်သက်သော ဧကန်ဝါဒ[၉](သဘာဝဝါဒ) ကိုလည်းကောင်း၊ ထာဝရဘုရားနှင့် ပတ်သက်သော ဧကန်ဝါဒ[၁၀] (ဣဿရကာရဏ ဝါဒ)ကို လည်းကောင်း၊ ကံတရားနှင့် ပတ်သက်သော ဧကန်ဝါဒ[၁၁](ပုဗ္ဗကမ္မဝါဒ) ကို လည်းကောင်း၊ ယင်းတို့၏ အစုအပေါင်းကို လည်းကောင်း ယင်းသို့အားဖြင့် ဧကန်ဝါဒ သို့မဟုတ် နိယတိဝါဒ၏ အသွင်အပြင် အားလုံးကို ဆန့်ကျင်လေသည်။

ဗုဒ္ဓဝါဒအရ လူ၏ အခြေအနေကို ဖန်တီးသည့် အရာများမှာ မိမိ၏ ဗီဇ နိယာမ၊ မိမိ၏ ရုပ်ပိုင်းဆိုင်ရာ နာမ်ပိုင်းဆိုင်ရာ လူမှုရေးပတ်ဝန်းကျင် အခြေအနေများ၊ မိမိ၏ စိတ္တနိယာမ၊ မိမိ၏ကံတို့ ဖြစ်ကြ၏။ သို့ရာတွင် ယင်းအရာ တစ်ခုစီ တစ်ခုစီသည် လည်းကောင်း၊ အားလုံးသည် လည်းကောင်း လူကို ချုပ်ကိုင် မထားပေ။ လူ၌ ကိုယ်ပိုင် စိတ်ဆန္ဒ (အတ္တကာရ) ရှိသည်။ ကိုယ်ပိုင် လုံ့လဥဿဟ(ပုရိသကာရ) ရှိသည်။ ယင်းကို အသုံးပြုလျက် လူသည် မိမိ၏သဘာဝကို လည်းကောင်း၊ မိမိ၏ ပတ်ဝန်းကျင်ကို

၉။ **Natural Determinism**

၁၀။ **Theistic Determinism**

၁၁။ **Karmic Determinism**



www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း၊ မိမိနှင့် အခြားပုဂ္ဂိုလ်များ၏ ကောင်းကျိုးအတွက် ပြုပြင်ပြောင်းလဲနိုင်ပေ၏။ ယင်းအဓိပ္ပာယ်အရ လူသည် မိမိကံကြမ္မာ၏ ဆရာဖြစ်ပေသည်။(အတ္တာဟိ အတ္တနော နာထော)။

ဗီဇနိယာမကို ကမ္မနိယာမနှင့် ရောထွေး မသွားစေသင့်ပေ။ ဗုဒ္ဓဘာသာသည် ဗီဇနိယာမနှင့် ကမ္မနိယာမ နှစ်မျိုးလုံးကို လက်ခံ၏။ သို့ဖြစ်၍ ကံအကြောင်းနှင့် ဗီဇအကြောင်းနှစ်ခု တိုက်ဆိုင်သွားသည့် အခါလည်း ရှိပေ၏။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် သူ့မိဘထံမှ မျိုးရိုးဗီဇ ပါလာသည့် အတွက်ကြောင့် လည်းကောင်း၊ ကံ အကြောင်းတရားကြောင့် လည်းကောင်း ထူးခြားသည့် အသွင်လက္ခဏာ တစ်မျိုး ရှိနေတတ်ပေ၏။

အချို့က ကံကို အကျိုးတရားဟု မှတ်ထင်ကြ၏။ကံဟူသော ဝေါဟာရကို အကျိုးအဖြစ် အသုံးပြုကြ၏။ဗုဒ္ဓဘာသာ ဝေါဟာရအရ ကံသည် အကျိုးမဟုတ်ပေ။ ကံ၏ အကျိုးကိုမူ'ကမ္မ ဖလ'သို့မဟုတ် 'ကမ္မ ဝိပါက'ဟု ခေါ်လေသည်။

ကမ္မဝါဒကို အကျင့်စာရိတ္တနှင့် ပတ်သက်သော တရား အဆုံးအဖြတ် သို့မဟုတ် 'ဆုနှင့်အပြစ်ဒဏ်'ဟူသော အယူအဆနှင့်လည်း ရောထွေးမသွားစေရန် သတိပြုသင့်သည်။ယင်းအယူအဆမှာမူ တရားသူကြီး အရာ၌တည်သော၊ တရားဥပဒေကို ပြုသော၊ အမှားနှင့်အမှန်ကို အဆုံးအဖြတ်ပေးသော၊ ဘုရားသခင် အယူဝါဒမှ ပေါ်ပေါက်လာခြင်း ဖြစ်လေသည်။ 'တရားအဆုံးအဖြတ်' ဟူသော စကားလုံးမှာ ပရိယာယ် များလှသည်။ အန္တရာယ် ဖြစ်တတ်သည်။ ယင်းစကားလုံးကို အခြေခံလျက် လူသားအတွက် အကောင်းထက် အဆိုးကိုသာ ပြုလုပ်ခဲ့ကြလေသည်။ ကမ္မဝါဒမှာမူ အကြောင်းအကျိုးဝါဒ ဖြစ်သည်။ ပြုမူခြင်းနှင့် တန်ပြန်ပြုမူခြင်းဝါဒ ဖြစ်သည်။ သဘာဝနိယာမ ဝါဒ ဖြစ်သည်။ယင်းဝါဒသည် တရားအဆုံးအဖြတ် သို့မဟုတ် 'ဆုနှင့်ပြစ်ဒဏ်'ဟူသော အယူအဆနှင့် မည်သို့မျှ ပတ်သက်ဆက်သွယ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



မရှိပေ။ ကောင်းသော အပြုအမူသည် ကောင်းသော အကျိုး ဖြစ်ပေါ်စေသည်ဆိုလျှင်၊ မကောင်းသော အပြုအမူသည် မကောင်းသော အကျိုးကို ဖြစ်ပေါ်စေသည်ဆိုလျှင် ယင်းသို့ဖြစ်ခြင်းမှာ တရားအဆုံးအဖြတ် မဟုတ်ပေ။ တရားသူကြီးအရာ၌ ထိုင်နေသော ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စွမ်းအား တစ်ခုခုက ပေးသည့်ဆု သို့မဟုတ် အပြစ်ဒဏ် မဟုတ်ပေ။သူ့သဘာဝအရ၊ သူ့နိယာမအရ၊ သူ့စည်းမျဉ်းဥပဒေအရ ဖြစ်ပေါ်လာခြင်းသာ ဖြစ်လေသည်။[၁၂]

မည်သို့ပင်ဖြစ်စေ ဗုဒ္ဓတရား၏ အနှစ်သာရမှာမူ သံသရာ၌ ကောင်းကျိုးကို ရရှိခံစားရန် ကောင်းသော အပြုအမူ၊ ကောင်းသော ကံကို ဆက်လက်ပြုလုပ်ရန် မဟုတ်ပေ။ကံ၏ အရှိန်အဟုန်၊ကံ၏ အကျိုးပေးခြင်းကို ကုန်ခန်းချုပ်ငြိမ်းသွားအောင် (ကမ္မက္ခယ)ပြုလုပ်ရန် ဖြစ်ပေ၏။ ထို့ကြောင့် သက္ကာယဒိဋ္ဌိနှင့် ဝိစိကိစ္ဆာကို ပယ်ခွာပြီး စိတ်ပိုင်းဆိုင်ရာ တိုးတက်မှု၏ ပထမအဆင့်ဖြစ်သည့် သောတာပန်အဆင့်ကို ရအောင် ကြိုးစားအားထုတ်သင့်၏။ သောတာပန်အဆင့်သို့ ရောက်ရှိသည့် ပုဂ္ဂိုလ်သည် လူ၏ အဆင့်ထက် နိမ့်ကျသောအဆင့်သို့ ကျရောက်စရာအကြောင်း မရှိတော့ပေ။(အဝိနိပါတဓမ္မ)။ ယင်းလမ်းစဉ်သည် ကံ၏ အရှိန်အဟုန်၊ ကံ၏အကျိုးပေး ကုန်ခန်းချုပ်ငြိမ်းရာသို့ သွားသည့်လမ်းစဉ် ဖြစ်လေ၏။

---

၁၂။ Walpola Rahula. What the Buddha Taught

www.burmeseclassic.com

www.burmeseclassic.com

# ကံ

## [ ဗုဒ္ဓဘာသာ နီတိပညာ ဝတ္ထု ]

**ဧပါလ်ကောရှ်**

## ဒေဝလ၏ ဆန်လှည်း

ရှေးလွန်လေပြီးသော ဗုဒ္ဓခေတ်အခါက ဇမ္ဗူဒိပ်ကျွန်းသည် ဆန်ရေစပါး ပေါများကြွယ်ဝသော နိုင်ငံ ဖြစ်ခဲ့လေသည်။ ထိုနိုင်ငံ၌ အခြေစိုက်ကြသည့် အရိယ အမျိုးနွယ်ဝင်များမှာ အလွန်တရာ ယဉ်ကျေးသည့် ပုဂ္ဂိုလ်များ ဖြစ်ကြ၏။ ထိုနိုင်ငံရှိ မြို့ကြီးပြကြီးများမှာလည်း စက်မှုလက်မှု၊ ကူးသန်းရောင်းဝယ်မှု၊ ပညာသင်ကြားမှုများ၏ အချက်အချာ ဗဟိုဋ္ဌာနကြီးများ ဖြစ်ခဲ့သည်။

ထိုခေတ် ထိုအခါက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ပဏ္ဍု အမည်ရှိသည့် ဗြာဟ္မဏမျိုးနွယ်ဝင် ကျောက်ကုန်သည် သူဌေးတစ်ဦးသည် ယာဉ်ရထားစီးလျက် ဗာရာဏသီသို့ ရှေးရှုထွက်လာလေ၏။ သူနှင့် အတူ မြင်းထိန်း ကျွန်တစ်ယောက်လည်း လိုက်ပါလာလေသည်။

ကျောက်ကုန်သည်သည် သူသွားလိုသည့် ခရီးသို့ မြန်မြန်ရောက်ရန် စိတ်စောနေပုံရသည်။ လမ်းခရီးတစ်လျှောက်ကလည်း သာယာလန်းဆန်းနေသည်။ မိုးသက်လေပြင်းကလည်း ပတ်ဝန်းကျင်ကို အေးချမ်းအောင် ဖန်တီးထားသည်။ သို့ဖြစ်၍ မြင်းများသည် အသော့နှင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ယာဉ်ရထား စီးလာရင်း လမ်းခရီး၌ ကျောက်ကုန်သည်သည် ရဟန်းသမဏတစ်ဦးကို မီလာလေ၏။ရဟန်းသမဏ၏ ကြည်ညိုဖွယ် အသွင်အပြင်ကို တွေ့မြင်ရသည်ဖြစ်၍ ကျောက်ကုန်သည်က စဉ်းစားလေ၏။

'ဤရဟန်းသမဏသည် မြင်ရသည်မှာ ကြည်ညိုဖွယ်လည်း ရှိသည်။ အကျင့်သိက္ခာလည်း ရှိပုံရသည်။သူတော် သူမြတ်များနှင့် အပေါင်းအဖော်လုပ်လျှင် အကျိုးပေးတတ်သည်။ဇာရာဏသီကို သွားသည့် ခရီးသည်ဖြစ်လျှင် သူ့ကိုပါ ငါ့ယာဉ်ရထားပေါ် ခေါ်တင်သွားမည်'

ရဟန်းသမဏအား အရိုအသေ ပြုလိုက်ပြီးလျှင် ကျောက်ကုန်သည်က သူ မည်သည့်အရပ်သို့ သွားမည်၊ဇာရာဏသီ မည်သည့်ဈေးသည်ရိပ်သာ၌ တည်းခိုမည်ဆိုသည့် အကြောင်းကို ရှင်းလင်းပြောပြလိုက်၏။ နာရဒအမည်ရှိသည့် ထိုရဟန်းသမဏကိုလည်း ဇာရာဏသီသို့သွားမည့် ခရီးသည်ဖြစ်ကြောင်း သိရှိရသည်ဖြစ်၍ ကျောက်ကုန်သည်သည် သူ့ယာဉ်ရထားနှင့် လိုက်ခဲ့ရန် ဖိတ်မန္တက ပြုလိုက်လေသည်။

'သင့် စေတနာအတွက် ကျွန်ုပ် ကျေးဇူးများစွာ တင်ပါတယ်။ ခရီးရှည် လျှောက်လာခဲ့ရတဲ့အတွက် ကျွန်ုပ် ပင်ပန်းနွမ်းနယ်နေပြီ။ ခြေမလှမ်းချင်တော့ဘူး။ ကျွန်ုပ်မှာ ဘာပစ္စည်းမျှ မရှိတဲ့အတွက် သင့်ကို အခကြေးငွေ ပေးနိုင်မှာတော့ မဟုတ်ဘူး။ဒါပေမယ့် တစ်ခုတော့ ရှိတယ်။လူ့နတ် ဗြဟ္မာ သတ္တဝါတွေရဲ့ ဆရာသခင်ဖြစ်တဲ့ ရှင်တော်ဗုဒ္ဓ သကျမုနိထံက ရရှိထားတဲ့ တရားလက်ဆောင်ကိုတော့ သင့်ကို ကျွန်ုပ် ဝေပေးနိုင်ပါတယ်'

သူတို့နှစ်ဦးသည် ယာဉ်ရထားကို စီးလျက် ခရီးဆက်လက်သွားကြသည်။ပဏ္ဍာသည် နာရဒ ရဟန်း မိန့်ကြားသည့် တရားစကားများကို ကျေနပ်အားရစွာဖြင့် နားထောင်လေသည်။ တစ်နာရီခန့်မျှ ခရီးသွားပြီးသောအခါ သူတို့သည် နေရာတစ်ခုသို့ ရောက်သွားကြ၏။ထိုနေရာရှိ လမ်းကား မကြာမီက ရွာချသော မိုးရေကြောင့် ရွှံ့ဗွက်များ ထူနေ၏။ ဆန်အပြည့် တင်လာ



www.burmeseclassic.com

www.burmeseclassic.com



သော လယ်သမားတစ်ဦး၏ လှည်းမှာ ထိုရွံ့ဗွက်များထဲတွင် ကျွံနစ်ပြီး ခရီးဆက်ဖို့ရန် အတော်ပင် ခဲယဉ်းနေလေ၏။ သပ်ပြုတ်သွားသည်ဖြစ်၍ လှည်းဘီးတစ်ခုသည် ကျွတ်ထွက်သွားလေ၏။ လှည်းပိုင်ရှင် ဒေဝလသည် လှည်းအပျက်ကို ဆက်လက်၍ ခရီးသွားနိုင်ရန် ပြင်နေလေ၏။ သူလည်း ဗာရာဏသီသို့ ဆန်ရောင်းချရန် ထွက်လာသည့် ခရီးသည်တစ်ဦးဖြစ်ရာ နောက်တစ်နေ့ နေမထွက်ခင် မြို့သို့ ရောက်နိုင်ရန်အတွက် စိတ်စောနေလေ၏။ အကယ်၍ တစ်ရက်တန်သည် နှစ်ရက်တန်သည် နောက်ကျနေပါက ဆန်ကုန်သည်များ မြို့မှာ ရှိချင်မှလည်း ရှိကြပေတော့မည်။ သို့မဟုတ်ပါကလည်း လိုသရွေ့ ဆန်များကို ဝယ်နှင့်ပြီး ဖြစ်ချင်လည်း ဖြစ်နေပေလိမ့်မည်။

ကျော်ကုန်သည်သည် လယ်သမား၏လှည်း ထိုအတိုင်းရှိနေပါက သူတို့ ခရီးဆက်နိုင်လိမ့်မည် မဟုတ်ကြောင်းကို သိရသည်ဖြစ်၍ ဒေါပွသွားပြီးလျှင် သူ၏ယာဉ်ရထား ဖြတ်သွားနိုင်ရန်အတွက် ကျွန်ဖြစ်သူ မဟာဒူတအား လှည်းကို ဘေးဖယ်ပစ်လိုက်ရန် အမိန့်ပေးလေ၏။ လယ်သမားက လှည်းကို ဘေးဖယ်ဖို့ သဘောမတူပေ။ အကြောင်းမူကား လမ်း၏ဆင်ခြေလျှောမြေနှင့် အလွန် နီးကပ်နေသည်ဖြစ်၍ လှည်းကို ဘေးဖယ်လိုက်ပါက လှည်းပေါ်တွင် တင်လာသည့်ဆန်များ ဖိတ်ကျကုန်နိုင်သောကြောင့် ဖြစ်လေ၏။သို့ရာတွင် ဗြာဟ္မဏက လယ်သမား၏ အကြောင်းပြချက်ကို လက်မခံဘဲ ကျွန်ဖြစ်သူအား ဆန်လှည်းကို ဘေး တွန်းဖယ်ပစ်လိုက်ရန် ထပ် အမိန့်ပေးပြန်လေ၏။သူတစ်ပါးအကျိုးကို ထိခိုက်အောင် လုပ်ရသည်ကို သဘောတွေ့လှသည့် ခွန်အားဗလ အဆမတန်ကောင်းသူ မဟာဒူတသည် ရဟန်းသမဏ ကြားမဝင်မီမှာပင် သခင်၏အမိန့်အတိုင်း ဆောင်ရွက်လိုက်လေ၏။ဆန်များသည် လမ်းဘေးတွင် လွင့်စင်မှောက်ကျ သွားကုန်ကြလေ၏။ လယ်သမား၏ အခြေအနေမှာ ယခင်ကထက် ပိုဆိုးသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျောမွဲလယ်သမားသည် ကြိမ်းမောင်းဆဲဆို လိုက်လေသည်။ သို့ရာတွင် အရပ်အမောင်းထွားကျိုင်းပြီး ဗလကောင်းသူ မဟာဒူတက လက်သီးဆုပ်လျက် ခြိမ်းခြောက်လိုက်သည်ဖြစ်၍ လယ်သမားသည် အဆဲရပ်ပြီး ပါးစပ်က ပွစိပွစိ လုပ်၍သာ ရေရွတ်ကျိန်ဆဲ နေလေတော့၏။

ပဏ္ဍု ရှေ့ခရီးဆက်မည် ပြုသောအခါ ရဟန်းသမဏသည် ယာဉ်ရထားပေါ်မှ ခုန်ဆင်းလျက် ပြောလိုက်၏။

'ဒီနေရာက နေပြီး သင်နဲ့ လမ်းခွဲလိုက်တဲ့အတွက် ခွင့်လွှတ်စေချင်ပါတယ်။ သင့်ရထားပေါ်မှာ စေတနာနဲ့ တစ်နာရီကြာမျှ စီးခွင့်ပေးတဲ့အတွက် သင့်ကို ကျေးဇူးအထူး တင်ပါတယ်။ သင် ကျွန်ုပ်ကို သင့်ရထားပေါ်ခေါ်တင်တဲ့ အချိန်တုန်းက ကျွန်ုပ် ခြေ မသယ်ချင်လောက်အောင် မောဟိုက်နေပါတယ်။ ဒါပေမယ့် အခုတော့ သင့်ကျေးဇူးကြောင့် ကျွန်ုပ် အမောပြေသွားပါပြီ။ ဒီလယ်သမားဟာ တစ်ဘဝတုန်းက သင်ရဲ့ ဘိုးဘေးဘီဘင်ထဲက တစ်ဦးတစ်ယောက် ဖြစ်ခဲ့တယ်ဆိုတာ ကျွန်ုပ် သိရတယ်။သို့အတွက် သူ ဒုက္ခရောက်တုန်း အကူအညီ ပေးတာထက် ကောင်းတဲ့ အခြား သင့်ကျေးဇူးကို ပြန်ဆပ်နည်း မရှိနိုင်ဘူးလို့ ကျွန်ုပ် ယူဆတယ်'

ဗြာဟ္မဏ ကျောက်ကုန်သည်သည် ရဟန်းသမဏအား အံ့အားသင့်သော အမူအရာဖြင့် ကြည့်လိုက်လေ၏။

'ဒီလယ်သမားဟာ တစ်ဘဝတုန်းက ကျွန်ုပ်ရဲ့ ဘိုး ဘေး ဘီဘင် တစ်ဦး ဖြစ်ခဲ့ဖူးတယ်လို့ သင် ပြောတယ် ဟုတ်လား။ ဘယ်နည်းနှင့်မှ မဖြစ်နိုင်ဘူး'

ရဟန်းသမဏက ပြန်ပြောလေ၏။

' သင့်ကံကြမ္မာနဲ့ ဒီလယ်သမားရဲ့ ကံကြမ္မာကို ချည်နှောင်ထားတဲ့ အရေးကြီးတဲ့ ဆက်သွယ်မှုကို သင် နားမလည်ဘူးဆိုတာ ကျွန်ုပ် သိတယ်။ ဒါပေမယ့် တစ်ခါတစ်ရံ အပါးနပ် အဖျတ်လတ်ဆုံး လူတွေဟာ ဝိတ်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



နာမ်ပိုင်းနဲ့ ပတ်သက်လာတဲ့ အခါကျတော့ အကန်း ဖြစ်နေကြတယ်။သင် ကိုယ့်အကျိုးကို ကိုယ် ထိခိုက်နစ်နာအောင် လုပ်နေတာ တွေ့ရတော့ ကျွန်ုပ် စိတ်မကောင်းဘူး။ သင် ကိုယ့်ကိုယ်ကို ကိုယ်ပြန်ပြီး ထိခိုက် အနာတရ ရအောင် လုပ်နေတဲ့ ဒဏ်ရာဒဏ်ချက်က သင့်ကို ကာကွယ်ဖို့ရန် ကျွန်ုပ် ကြိုးစားမယ်'

ကြေးရတတ် ကုန်သည်သည် ခေါင်းမာသူတစ်ဦး ဖြစ်၏။ ရဟန်းသမဏ၏ စကားများသည် စေတနာ ဗလဝဖြင့် ပြောကြားသည့်စကားများ ဖြစ်သော်လည်း ရှုတ်ချချက်များ ဖြစ်သည်ဟု အမိပ္ပာယ်ကောက်ပြီးလျှင် ပဏ္ဍာသည် သူ၏ ကျွန်အား ယာဉ်ရထားကို မောင်းရန် အမိန့်ပေးလိုက်လေ၏။

www.burmeseclassic.com

www.burmeseclassic.com

## ကျောက်ကုန်သည်နှင့် ငွေအိတ်

ရဟန်းသမဏသည် လယ်သမားဒေဝလအား နှုတ်ဆက်လိုက်ပြီးလျှင် လှည်းအပျက် ပြင်ရာ၌ ကူညီလုပ်ကိုင်ပေးပြီး မြေကြီးပေါ် ဖိတ်ကျကုန်သည့် ဆန်များကို လှည်းပေါ် ကူညီတင်ပေးလေ၏။သို့ဖြစ်၍ ဒေဝလ၏ အလုပ်သည် ခဲခဲယဉ်းယဉ်း မရှိတော့ပေ။ဒေဝလ စဉ်းစားကြည့်၏။

'ဤရဟန်းသမဏသည် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ် ဖြစ်ရမည်။ ကိုယ်ထင်ရှား မမြင်ရသည့် နတ်ဒေဝတာများက ငါ့ကို ကူညီစောင်မခြင်း ဖြစ်ပေလိမ့်မည်။ငါ မည်သည့်အတွက်ကြောင့် မာန ထောင်လွှားလှသည့် ဗြာဟ္မဏ၏ အစော်ကားကို လာခံရသည် ဆိုသည်ကို ဤရဟန်းသမဏကို မေးမြန်းစုံစမ်းကြည့်ဦးမည်'

ယင်းသို့ စဉ်းစားလျက် မေးလျှောက်လိုက်လေ၏။

'အရှင်ဘုရား၊ ကျွန်ုပ် တစ်ခါဖူးကမှ အကျိုးယုတ်အောင် မလုပ်ခဲ့ဖူးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မတရားပြုမူခြင်းကို ကျွန်ုပ် အဘယ်ကြောင့် ခံရတယ်ဆိုတာ အရှင်ဘုရား ပြောပြနိုင်ပါမည်လား'

ရဟန်းသမဏက ပြန်လည်မိန့်ကြား၏။

'တကာ၊ မတရားပြုမူခြင်းကို သင် ခံရခြင်း မဟုတ်။ရှေးဘဝ၌ ဒီကျောက်ကုန်သည်ကို သင် ပြုမူဆက်ဆံခဲ့တဲ့ နည်းအတိုင်း ယခုဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



သင် ပြန်ခံရခြင်းသာ ဖြစ်ပေတယ်။သင် စိုက်ပျိုးခဲ့တာကို သင် ရိတ်သိမ်းရခြင်းသာ ဖြစ်တယ်။သင့် ကံကြမ္မာဟာ သင့် အပြုအမူများရဲ့ အသီးအပွင့်သာ ဖြစ်ပေတယ်။သင်ရဲ့ ယခုဘဝဟာ သင့် ရှေးအတိတ်ဘဝရဲ့ ကံသာ ဖြစ်ပေတယ်'

'ကျွန်ုပ်ရဲ့ ကံဆိုတာ မည်သည့်အရာ ဖြစ်ပါသလဲ'

ရဟန်းသမဏက ပြန်လည် မိန့်ကြား၏။

'လူ တစ်ဦးတစ်ယောက်ရဲ့ ကံဆိုတာမှာ အခုဘဝမှာရော၊ရှေးအတိတ် ဘဝတွေကကော ထိုလူ ပြုလုပ်ခဲ့တဲ့ ကောင်းမှု မကောင်းမှု အားလုံးပါဝင်တယ်။ သင်ရဲ့ဘဝဟာ များစွာသော အပြုအမူများရဲ့ အစုအဝေးတစ်ခုဖြစ်တယ်။ အဲဒီ အစုအဝေးဟာ တစ်စတစ်စ တိုးတက်ပြောင်းလဲလာခြင်းဆိုတဲ့ သဘာဝဖြစ်စဉ် အတွင်းမှာ စတင်ဖြစ်ပေါ်လာပြီး လူမျိုးဆက် တစ်ခုကနေ လူမျိုးဆက် တစ်ခုအထိ ပြောင်းလဲလာခဲ့တယ်။ လူတိုင်းလူတိုင်းရဲ့ဘဝတစ်ခုလုံးဟာ ဇီဇပါလာခဲ့တဲ့ အပြုအမူများရဲ့ အစုအပေါင်း တစ်ခုဖြစ်တယ်။အဲဒီ အစုအပေါင်းကို အတွေ့အကြုံသစ်နဲ့ အပြုအမူသစ်တွေက ပြုပြင်ပြောင်းလဲအောင် ပြုလုပ်တယ်။ကျုပ်တို့ရဲ့ 'ကံ'ဟာ ကျုပ်တို့ရဲ့ သဘာဝကိုဖြစ်စေခဲ့တယ်။ကျုပ်တို့ဟာ ကျုပ်တို့ကို စီရင်ဖန်တီးသူများ ဖြစ်ကြတယ်'

ဒေဝလက ပြောပြန်၏။'သင် ပြောပြတာ ဟုတ်နိုင်စရာ ရှိပါတယ်၊ ဒါပေမယ့် ဒီအနိုင်ကျင့်တဲ့ ဗြာဟ္မဏနဲ့ ကျွန်ုပ် ဘယ်လို အဆက်အသွယ်ရှိလို့လဲ'

ရဟန်းသမဏက ပြန်လည် ဖြေကြား၏။

'သင်ဟာ ဒီဗြာဟ္မဏနဲ့ စရိုက် လုံးလုံး တူတယ်။ သင့်ကံကြမ္မာကို ပုံသွင်းလိုက်တဲ့ ကံဟာ သူ့ကံနဲ့ အနည်းငယ်မျှသာ ကွာခြားတယ်။သင့် စိတ်နေစိတ်ထားကို ကျွန်ုပ် အကဲခတ်တာ မမှားဘူးဆိုလျှင် ယခုလဲပဲ အကယ်၍သာ သင့်နေရာ သူရောက်နေပါက၊သင့်မှာ အဲဒီလို အားခွန်ရှိလ

www.burmeseclassic.com



ကောင်းတဲ့ ကျေးကျွန်တစ်ယောက် လက်ကိုင်ရှိနေမယ်ဆိုပါက သင် သူ့ကို သူက သင့်ကို လုပ်တဲ့နည်းအတိုင်း လုပ်လိမ့်မယ်ဆိုတာ ကျုပ် ပြောရဲတယ်'

လယ်သမားက ဝန်ခံ၏။

'မှန်ပါတယ်။ အကယ်၍သာ ကျွန်ုပ်မှာ အင်အားရှိရင် ကျွန်ုပ်ရဲ့ လမ်းကို ပိတ်ဆို့နေတဲ့ အခြား တစ်ဦးတစ်ယောက်ကို ဒီဗြာဟ္မဏက ကျွန်ုပ်ကို လုပ်သလို လုပ်ဖို့ နှောက်တွန့်နေမှာ မဟုတ်ဘူး။ဒါပေမယ့် မိုက်မိုက်မဲမဲ ပြုလုပ်တဲ့ အပြုအမူရဲ့နောက်မှာ ထက်ကြပ်ပါလာတဲ့ အကျိုးဆက်ကို တွေးမိတဲ့အတွက် နောက်ကျရင် ကိုယ့်အချင်းချင်းတွေအပေါ်မှာ ထောက်ထောက်ထားထား ညှာညှာတာတာ ဆက်ဆံတော့မယ်လို့ ကျွန်ုပ် ပိုင်းဖြတ်လိုက်ပါပြီ'

လှည်းပေါ် ဆန်များ တင်ပြီးသွားလေပြီ။ သူတို့နှစ်ဦးသည် အတူတကွ ဗာရာဏသီသို့ ခရီးဆက်ကြလေ၏။ ထိုအခိုက် လှည်းတွင် တပ်ထားသော မြင်းသည် ရုတ်တရက် ခုန်လိုက်လေ၏။ 'မြွေ... မြွေ' လယ်သမားက အော်လိုက်လေသည်။ သို့ရာတွင် ရဟန်းသမဏသည် မြင်းလန့်ခုန်သော အရာကို ကြည့်ပြီး သဲသဲကွဲကွဲ မြင်နိုင်ရန် လှည်းပေါ်မှ ခုန်ချလိုက်သောအခါ ထိုအရာမှာ ရွှေစ အပြည့်ထည့်ထားသည့် ငွေအိတ်တစ်ခုဖြစ်ကြောင်း တွေ့မြင်သိရှိ ရလေ၏။ဤတွင် 'ဒီငွေအိတ်ပိုင်ရှင်ဟာ ကျောက်ကုန်သည်မှ တစ်ပါး အခြားလူ မဖြစ်နိုင်'ဟု ရုတ်ခြည်း သတိပြုမိလေ၏။

နာရဒ ရဟန်းသည် ငွေအိတ်ကို ကောက်ယူလိုက်လေသည်။ ငွေအိတ်ထဲတွင် ငွေစ ရွှေစ အပြည့်ရှိနေသည်ကို တွေ့ရလေသည်။ သို့ဖြစ်၍ လယ်သမားအား စကားဆိုလိုက်၏။

'သင့်အတွက် မာနကြီးလွန်းလှတဲ့ ကျောက်ကုန်သည်ကို သင်ခန်းစာ တစ်ခု ညွှန်ကြားပြောပြဖို့ အချိန်ရောက်လာပြီ။အခုဘဝမှာရော နောင်ဘဝ တွေမှာရော သင့်အတွက် အကျိုးဖြစ်ထွန်းစေမယ့် အရာလည်း ဖြစ်တယ်။ ရန်သူကို ကလဲ့စား ပြန်ချေတဲ့နေရာမှာ စေတနာရှေ့ထားပြီး အကျိုးစီးပွား



www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ပေးတာထက် ကောင်းတဲ့ ကလဲ့စားချေနည်းမျိုး မရှိဘူး။ ကျုပ် ဒီငွေအိတ် သင့်ကို ပေးမယ်။ သင် ဗာရာဏသီရောက်တဲ့အခါ ကျုပ်ညွှန်ပြတဲ့ ညေ့သည်ရိပ်သာကို သွားပါ။ ပြီးတော့ ဗြာဟ္မဏ ပဏ္ဍုကို ရှာပြီး သူ့ကို ဒီငွေအိတ် ပေးလိုက်။သင့်ကို ရိုင်းရိုင်းပျပျ လုပ်ထားမိတဲ့အတွက် သူ တောင်းပန် လိမ့်မယ်။ကျွန်ုပ် ဗွေမယူပါဘူး၊ အလုပ်ကိစ္စဟူသမျှ ပြည့်ဝအောင်မြင်ပါစေ လို့ သင်က သူ့ကို ပြောပါ။ကျုပ် ပြောပြမယ်။ သူ အောင်မြင်လေလေ သင် ကြီးပွားလေလေ ဖြစ်ဖို့ ရှိတယ်။ သင့်ကံကြမ္မာဟာ နေရာတကာမှာ သူ့ကံကြမ္မာပေါ်မှာ မှီနေတယ်။ကျောက်ကုန်သည်က ထွေထွေထူးထူး မေးမြန်းနေရင် သူ့ကို ကျောင်း လွှတ်လိုက်။ကျောင်းမှာ သူ့ကို ညွှန်ကြားပြောပြမယ့် ကျုပ်ရှိနေတာကို သူ တွေ့ရလိမ့်မယ်’

www.burmeseclassic.com

www.burmeseclassic.com

## ဗာရာဏသီ၏ ကူးသန်းရောင်းဝယ်မှု

အသက်ရှင်နေမှုအတွက် လိုအပ်သည့် ကုန်ပစ္စည်းများကို တစ်ဦးတည်းက လက်ဝါးကြီးအုပ်သည့်စနစ်သည် ခေတ်ပေါ်အပြုအမူ မဟုတ်ပေ။ ဓမ္မဟောင်း၌ ဂျိုးဆက် အမည်ရှိသည့် ဟီဘရူး ဆင်းရဲသားလုလင်၏ အကြောင်း ပါရှိသည်။ဂျိုးဆက်သည် အမတ်ကြီးဖြစ်လာပြီးလျှင် ဟီရိုဂလစ်ဖ် ကင်းမဲ့သော၊ ကောက်ကျစ်စဉ်းလဲသော ကုန်သည်ဉာဏ်ဖြင့် အငတ်ဘေး တွေ့နေကြသည့် ပြည်သူတို့အား သူတို့၏ အားလုံးသော ပစ္စည်းဥစ္စာ၊ သူတို့၏ အခွင့်အရေး၊ ထိုမျှသာမက သူတို့၏ အသက်ကိုပင် အတင်းအဓမ္မ ဖာရော့အား ရောင်းချရန်အတွက် ဂျုံဈေးကို လက်ဝါးကြီးအုပ်ရာ၌ အောင်မြင်မှု ရရှိခဲ့လေသည်။ ထို့ပြင် ကျွန်ုပ်တို့သည် ဇာတ်နိပါတ်ထဲမှ ဇာတ်ကြောင်း တစ်ခုကိုလည်း ဖတ်ရသည်။ ဗာရာဏသီ၏ အမည်ဟောင်းဖြစ်သည့် ကာသိ၌ နန်းတွင်းဘဏ္ဍာစိုးတစ်ဦးသည် မြင်းကုန်သည်တစ်ဦး မြင်းငါးရာနှင့် ရောက်ရှိလာသည့်နေ့၌ မြို့တော်အတွင်းရှိ မြင်းဈေးကို လက်ဝါးကြီးအုပ်ထား လိုက်သဖြင့် သူ့ဘဝတွင် ပထမဆုံးအကြိမ် အောင်မြင်မှု ရရှိသွားခဲ့ လေသည်။

ကျောက်ကုန်သည် ပဏ္ဏ၊ ဗာရာဏသီ ဆိုက်ရောက်ချိန်၌ ဆန်ဈေး ကစားလိုသော ကုန်သည်တစ်ဦးသည် ဆန်အားလုံးကို လက်ဝါးကြီးအုပ် ဝယ်ယူထားလိုက်လေ၏။ ပဏ္ဏ၏ ကုန်ကူးဖော်ကူးဖက်ဖြစ်သည့် သူဌေး



www.burmeseclassic.com

www.burmeseclassic.com



မလ္လိကသည် အကြီးအကျယ် ဒုက္ခတွေ့နေလေသည်။ ကျောက်ကုန်သည် ပဏ္ဍုနှင့် တွေ့သည့်အခါ မလ္လိက က ပြောလေ၏။

'ကျုပ်တော့ ကံဆိုးမိုးမှောင် ကျနေပြီ။ ဘုရင့်စားတော်ပွဲအတွက် မျိုး အကောင်းဆုံး ဆန်တစ်လှည်းစာ ဝယ်လို့ မရလျှင် ကျုပ် မိတ်ဆွေနဲ့ ဘာမှ လုပ်နိုင်တော့မှာ မဟုတ်ဘူး။ဒီဗာရာဏသီမှာ ကျုပ်နဲ့ ပြိုင်ဘက် ကုန်သည်တစ်ဦး ရှိတယ်။ အဲဒီလူက နက်ဖြန်နံနက် ဆန်ပေးသွင်းဖို့ ဘုရင့် ဘဏ္ဍာစိုးနဲ့ ကျုပ် သဘောတူ စာချုပ်ထားတဲ့ အကြောင်းကို သိရတဲ့အတွက် ကျုပ် ပျက်စီးရာ ပျက်စီးကြောင်းကို လုပ်မယ်ဆိုပြီး ဗာရာဏသီမှာရှိတဲ့ ဆန်တွေကို အကုန် သိမ်းဝယ်ထားလိုက်တယ်။ ဘုရင့်ဘဏ္ဍာစိုးဟာ သူ့ဆီက တန်စိုးလက်ဆောင် ရထားတယ် ထင်တယ်။ ဆန်ပေးသွင်းဖို့ သဘောတူ စာချုပ်ထားတာကို ပြန်ရုပ်သိမ်းမပေးဘူး။ တကယ်လို့ ဘုရားသာ မ မရင် ကျုပ် နက်ဖြန်ခါ လှလှကြီး ဒုက္ခတွေ့ရတော့မယ်'

သူ့ပြိုင်ဘက်က သူ့ကို အကျပ်ကိုင်ထားသဖြင့် အပူကြီး ပူနေရပုံကို မလ္လိက က ညည်းညူပြောပြနေခိုက် ပဏ္ဍုသည် သူ့ငွေအိတ် ပျောက်နေကြောင်း သတိပြုမိလေ၏။ သူ့ရထားထဲတွင် ရှာကြည့်သော်လည်း မတွေ့သည်ဖြစ်၍ သူ့ကျွန် မဟာဒူတအပေါ်တွင် မယုံသင်္ကာ ဖြစ်လာလေသည်။ မင်းချင်းယောကျ်ားများအား မဟာဒူတ သူ့ငွေအိတ်ကို ခိုးယူထားကြောင်း တိုင်တန်းလိုက်လေ၏။ မင်းချင်းယောကျ်ားများက မဟာဒူတကို ဖမ်းဆီး ချုပ်နှောင်ပြီး ခိုးမှုပေါ်အောင် နှိပ်စက်ညှဉ်းပန်း ကြလေ၏။

မဟာဒူတသည် မခံမရပ်နိုင်အောင် နာကျင်သဖြင့် ဟစ်အော်ပြောဆိုလေ၏။

'ကျုပ်မှာ အပြစ် မရှိပါဘူး။ကျုပ် သွားပါရစေ။ကျုပ် ဒီလို ညှဉ်းဆဲတာကို မခံပါရစေနဲ့။ကျုပ်မှာ ဒီကိစ္စအတွက်နဲ့တော့ အပြစ် လုံးဝ မရှိပါဘူး။ တခြားအပြစ်နဲ့ အခု ခံရတာပါ။ဟိုလယ်သမားကို ကျုပ်အပြစ် ခွင့်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



အောင် တောင်းပန်နိုင်ပါတယ်။ကျုပ်ရဲ့ သခင်အတွက် ကျုပ် သူ့ကို အကြောင်းမဲ့ စော်ကားမော်ကား လုပ်ခဲ့ပါတယ်။အခု အညှဉ်းဆဲ အနှိပ်စက် ခံနေရတာဟာ ကျုပ် လယ်သမားအပေါ် ရက်စက်ခဲ့တဲ့ အပြစ်အတွက် အပြစ်ဒဏ်ပေးခြင်း ခံရတာလို့ ကျုပ် ယုံကြည်တယ်'

မင်းမှုထမ်းက မဟာဒူတ၏ကျောကို ကြိမ်နှင့် ရိုက်နေတုန်းမှာပင် လယ်သမားသည် ညှော်ရိပ်သာသို့ ရောက်လာပြီး ကျောက်ကုန်သည်အား ငွေအိတ်ကို ပေးလိုက်လေ၏။အားလုံး အံ့အားသင့်သွားကြသည်။ မင်းချင်း ယောကျ်ားသည် ကျွန် မဟာဒူတအား လွှတ်လိုက်လေ၏။သို့ရာတွင် မဟာ ဒူတသည် သူ့သခင်ကို စိတ်နာလျက် တိတ်တဆိတ် ထွက်ပြေးပြီး တောင်ခြေ တွင် ပုန်းအောင်းနေသည့် ဓားပြဂိုဏ်း တစ်ဂိုဏ်းနှင့် သွားပေါင်းလိုက်လေ၏။ သူ့အင်အားနှင့် သူ့သတ္တိကို ကြည့်ပြီး ဓားပြများက သူ့ကို ဓားပြခေါင်း ဆောင်အဖြစ် ခန့်ထားလိုက်ကြလေ၏။

မလ္လိကသည် ဘုရင့်ပွဲတော်အတွက် သင့်လျော်သည့် ဆန်မျိုးကောင်း ရောင်းချဖို့ရန် လယ်သမားထံ၌ ရှိသည် သတင်းကြား၍ ဈေးသုံးဆ တိုးပေး လျက် လယ်သမား၏ဆန်ကို ရတ်ခြည်း တစ်လှည်းလုံး ပုတ်ပြတ် ဝယ်ယူ လိုက်လေ၏။ ထိုဆန်ဈေးမှာ လယ်သမားအနေနှင့် တစ်ခါမျှ မရဘူးသည့် ဈေးမျိုးဖြစ်သည်။ မိမိ၏ငွေအိတ် ပြန်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ် နေသည့် ပဏ္ဍုသည် ငွေအိတ်ကောက်ရသူ လယ်သမားလူရိုးအား ဆုချီးမြှင့် လျက် ရဟန်းသမဏ နာရဒထံမှ ထပ်ပြီး တရားစကား ကြားသိလိုလှသည် ဖြစ်၍ ချက်ချင်း ကျောင်းသို့ လိုက်သွားလေသည်။

နာရဒက အမိန့်ရှိလေသည်။

'ကျွန်ုပ် သင့်ကို တရားစကား ဟောပြနိုင်ပါတယ်။ဒါပေမယ့် သစ္စာ တရားကို သင် နားလည်နိုင်စွမ်း မရှိဘူးဆိုတာ သိရတဲ့အတွက် ဆိတ်ဆိတ် နေတာပဲ ကောင်းလိမ့်မယ်လို့ ကျွန်ုပ် ပိုင်းဖြတ်ထားတယ်။ဒါပေမယ့် ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



သင့်ကို အနည်းငယ် ညွှန်ကြား ပြောပြရဦးမယ်။ တွေ့တဲ့ လူတိုင်းကို ကိုယ့်ကိုယ်လို သဘောထားပြီး ဆက်ဆံပါ။ တွေ့တဲ့ လူတိုင်းကို သင်ကိုယ်တိုင် ရယူချင်နေတဲ့ အကူအညီမျိုးကို ပေးပါ။ဘာဖြစ်လို့လဲဆိုရင် ကျွန်ုပ်တို့ရဲ့ 'ကံ'ဟာ ခရီးသွားနေတယ်။ အရှိန်အဟုန်နဲ့ ခရီးနှင်နေတယ်။ ခရီးကလည်း တစ်ခါတစ်ရံ အင်မတန် ရှည်လျားလှပါတယ်။ ဒါပေမယ့် ကောင်းတဲ့ကံ ဖြစ်ဖြစ်၊ မကောင်းတဲ့ကံ ဖြစ်ဖြစ် နောက်ဆုံးပိတ် တစ်နေ့ကျရင် ကျွန်ုပ်တို့ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတာချည်းပဲ။ ဒါကြောင့်မို့....

*'အပြုအမူများသည် နှေးသော်လည်း အမှန်မုချ ပြုသူထံသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်၏။ မိမိ စိုက်ပျိုးသည့် မေတ္တာမျိုးစေ့၏ အသီးအနှံကို ရိတ်ချိန်တန်လျှင် မုချ ရိတ်ရမည် လို့ ဆိုထားတဲ့စကား ရှိတယ်'*

ကျောက်ကုန်သည်က ပြောလေ၏။

'သင်ရဟန်းရဲ့ ညွှန်ကြားချက်ကို လိုက်နာနိုင်အောင် ကျွန်ုပ်ကို တရားစကား ရှင်းလင်း ပြောပြပါဦး ရဟန်းသမဏ'

ရဟန်းက ဆက်ပြောလေ၏။

'ဒါဖြင့် နားထောင်။ ကျွန်ုပ် သင့်ကို လျှို့ဝှက်ချက်ကို ဖွင့်တဲ့သော့ကို ပေးမယ်။အဲဒါကို သင့်အနေနဲ့ နားမလည် သဘောမပေါက်ရင်လည်း ကျွန်ုပ် ပြောပြတာကို ယုံယုံကြည်ကြည်နဲ့ မှတ်သားထားပါ။ငါစွဲ အတ္တစွဲဟာ မောဟ ဖြစ်တယ်။ငါစွဲ အတ္တစွဲ ရှိတဲ့လူဟာ အကုသိုလ်ညွှန်ပျောင်းထဲကို သွားတဲ့ လမ်းမှားနောက်ကို လိုက်သွားရတတ်တယ်။ငါစွဲ အတ္တစွဲ မောဟဟာ သင့် မျက်လုံးထဲမှာ ဝင်နေတဲ့ မြူမှုန်နဲ့ ပမာတူတယ်။အဲဒီ မြူမှုန်နဲ့တူတဲ့ မောဟက သင့် မျက်စိအမြင်ကို ကန်းအောင်လုပ်ပြီး သင်နဲ့ သင့်အဖော်သဟဲတွေရဲ့ နီးစပ်တဲ့ ဆက်သွယ်မှုကို သင် မသိမမြင်အောင် ကာကွယ်ထားတယ်။ အဲဒီဆက်သွယ်မှုဟာ သင့်ကိုယ်ခန္ဓာမှာရှိတဲ့ အင်္ဂါ အစိတ်အပိုင်းတွေ တစ်ခုနဲ့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု ဆက်သွယ်နေတာထက်တောင် ပိုပြီး နီးစပ်မှု ရှိသေးတယ်။ အခြား ပုဂ္ဂိုလ်များရဲ့ ဝိညာဉ်တွေထဲမှာ သင့်အတ္တနဲ့ တူညီတဲ့အချက်ကို ရှာဖွေတတ်ရမယ်။အဝိဇ္ဇာဟာ အကုသိုလ်ရဲ့ မူလဘူတ ဖြစ်တယ်။အမှန်တရားကို သိရှိနားလည်တဲ့လူဟာ ဦးရေ မများလှဘူး။အခု ပြောပြမယ့် ဆုံးမစကားဟာ သင့် အဆောင်လက်ဖွဲ့သဖွယ် ဖြစ်နေပါစေ။

*'သူတစ်ပါးအား ထိခိုက်နစ်နာစေသူသည်*
*မိမိကိုယ်တိုင်လည်း ထိခိုက်နစ်နာရသည်။*
*သူတစ်ပါးအား ကူညီစောင့်ရှောက်သူသည်*
*မိမိကိုယ်တိုင်လည်းအကူအညီအစောင့်အရှောက် ခံရသည်။*
*ငါစွဲ အတ္တစွဲ မောဟကို သင်၏ နှလုံးထဲမှ*
*ဖျောက်ဖျက်ပစ်လိုက်ပါ။*
*ဖြောင့်ဖြူးရှင်းလင်းသော လမ်းမကို*
*သင် တွေ့ရပေလိမ့်မည်'*[၈]

'လောကီမြူမှုန်ကြောင့် မျက်စိအမြင် မှုန်တိမှုန်မွား ဖြစ်နေတဲ့ လူအဖို့မှာ လောကုတ္တရာ ဘဝဟာ မရှေမတွက်နိုင်လောက်အောင် များလှတဲ့ ငါတွေ အတ္တတွေအဖြစ် ကွဲပြားနေတယ်လို့ ထင်မြင်ရတယ်။အဲဒါကြောင့် အဲဒီလူဟာ ဘဝသံသရာဆိုတဲ့ သဘောတရားနဲ့ ပတ်သက်လို့ စမ်းတဝါးဝါးဖြစ်ပြီး ဝေနေယျ သတ္တဝါအားလုံးရဲ့ အပေါ်မှာ ထားရမယ့် ကျယ်ပြန့်တဲ့မေတ္တာရဲ့ သဘောအဓိပ္ပာယ်ကို သိရှိ နားလည်နိုင်စွမ်း မရှိတဲ့ အခြေကို ရောက်သွားတယ်'

၈။ ယင်းသဘောထားသည် ဗုဒ္ဓဘာသာ သဘောထားဖြစ်သော်လည်း အခြား ဘာသာတရားများ၌လည်း ရှိလေသည်။ ခရစ်ယာန်တရား၌ ရှိသော မက်သယူး၏ အလိုဖြစ်သော အောက်ပါစကားရပ်ကို လူတိုင်း သိကြ၏။ 'သို့ရာတွင် ကျွန်ုပ် သင့်ကို ပြောမည်၊ မိမိ၏ ရန်သူများကို ချစ်ပါ'။ တရုတ်သူတော်စင် လာအိုဇေက 'ပေါ်ရင်တေ'ဟု မိန့်ဆိုထား၏။ဒေါသကို မေတ္တာဖြင့် တုန့်ပြန်ပါဟု ဆိုလိုသည်။

ဆိုကရေးတီးကလည်း ပလေတို၏ 'ကရစ်တို'၌ ပြတ်ပြတ်သားသား မိန့်ဆိုထားသည်။ 'ပုဂ္ဂိုလ် တစ်ခုံတစ်ယောက်သည် မည်သူ့ကိုမဆို ထိုသူက မိမိအား ဒုက္ခရောက်အောင် ပြုစေကာမူ မကောင်းမှုဖြင့် မတုံ့ပြန်သင့်ပေ။'



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကုန်သည်က ပြန်လည် လျှောက်ထား၏။

'သင်ပြောပြတဲ့ စကားများဟာ အဓိပ္ပာယ်အင်မတန် နက်နဲပါတယ်။ ကျွန်ုပ်စိတ်ထဲမှာ မှတ်သားထားပါမယ်။ကျွန်ုပ်ဟာ ဗာရာဏသီကို အလာ လမ်းမှာ ရဟန်းသမဏ တစ်ဦးအပေါ် ဘာမှ အရင်းအနှီး မစိုက်ရတဲ့ စေတနာ မေတ္တာကို မဖြစ်စလောက် ထားခဲ့တယ်။အဲဒီအတွက် အခု ဘယ် လောက် ကြီးမားကောင်းမွန်တဲ့ အကျိုးတရား ဖြစ်ပေါ်လာသလဲ။ကျွန်ုပ် သင့်အပေါ်မှာ ကျေးဇူးများစွာ တင်ရှိနေပါတယ်။ဘာကြောင့်လဲဆိုရင် သင်သာ မရှိရင် ကျွန်ုပ် ပျောက်သွားတဲ့ ငွေအိတ်ကိုလည်း ပြန်ရမှာ မဟုတ် ဘူး။ ကျွန်ုပ်ရဲ့ ဥစ္စာဓနကို တိုးပွားစေတဲ့ ကူးသန်းရောင်းဝယ်မှု အလုပ်ကို လည်း ဗာရာဏသီမှာ လုပ်ရတော့မှာ မဟုတ်ဘူး။အဲဒီလိုသာဖြစ်ရင် ကျွန်ုပ် ဟာ အင်မတန်ဆိုးဝါးတဲ့ အခြေအနေကို ရောက်သွားနိုင်တယ်။ထို့မှတစ်ပါး သင်ရဲ့ အမြော်အမြင်ရှိမှုနဲ့ လယ်သမားရဲ့ ဆန်လှည်း ဆိုက်ရောက်လာမှု ကြောင့် ကျွန်ုပ်မိတ်ဆွေ ကုန်သည် မလ္လိကရဲ့ စည်းစိမ်ဥစ္စာလည်း အခြေအနေ ဖရိုဖရဲ ဖြစ်မသွားခဲ့ရဘူး။အကယ်၍သာ လူတွေအားလုံး သင့် အဆုံးအမ ဥပဒေသရဲ့ အမှန်တရားကို သိမြင် သဘောပေါက်ကြမယ်ဆိုရင် ကမ္ဘာ လောကကြီးဟာ ဘယ်လောက် သာယာကောင်းမွန်လိုက်မလဲ။ မကောင်းမှု တွေ လျော့ပါးသွားလိမ့်မယ်။လူထု အကျိုးစီးပွားလည်း တိုးတက်များပြား လာလိမ့်မယ်'

ရဟန်းသမဏက အမိန့်ရှိ၏။

'ဘာသာတရား အားလုံးထဲမှာ ဗုဒ္ဓရဲ့ ဘာသာတရားနဲ့တူတဲ့ ဘာသာ တရားမျိုး ဘယ်မှာမှ မရှိဘူး။ဗုဒ္ဓရဲ့တရားဟာ အစမှာလဲ ကောင်းခြင်းနဲ့ ပြည့်စုံတယ်။ အလယ်မှာလဲ ကောင်းခြင်းနဲ့ ပြည့်စုံတယ်။အဆုံးမှာလဲ ကောင်းခြင်းနဲ့ ပြည့်စုံတယ်။အက္ခရာ စာလုံးအနေနဲ့လဲ ကောင်းခြင်းနဲ့ ပြည့်စုံ တယ်။အနှစ်သာရ အနေနဲ့လည်း ကောင်းခြင်းနဲ့ ပြည့်စုံတယ်။ဗုဒ္ဓရဲ့ တရား



www.burmeseclassic.com

www.burmeseclassic.com



ဟာ လူတို့အား ကျဉ်းမြောင်းလှတဲ့ အတွေးစွဲက လွတ်မြောက်စေတဲ့၊ လူတို့အား ယုတ်ညံ့သေးသိမ်တဲ့ အတွေးစွဲရဲ့ အပေါ်မှာရှိတဲ့ မှန်ကန်တဲ့ ဉာဏ် အလင်းရောင်သို့အထိ မြှင့်တင်ပေးတဲ့ မေတ္တာဘာသာ တရားသာ ဖြစ်ပေတယ်'

ပဏ္ဍုသည် သဘောကျသည့် အနေဖြင့် ဦးခေါင်းညိတ်ပြပြီးလျှင် ပြောလေ၏။

'ဗုဒ္ဓရဲ့ သစ္စာတရား ပြန့်နှံ့စေလိုတဲ့ စိတ်ဆန္ဒရှိတဲ့အတွက် ကျွန်ုပ်ရဲ့ဇာတိ ကောသမ္ဗီမှာ ကျောင်းတိုက်တစ်တိုက် ဆောက်လုပ်လှူဒါန်းတော့မယ်လို့ ကျွန်ုပ် ဆုံးဖြတ်လိုက်ပါပြီ။သင့်ကိုလည်း ကောသမ္ဗီကို ပင့်မယ်။ ကျွန်ုပ်ရဲ့ကျောင်းကို ဗုဒ္ဓရဲ့ တပည့်သား သံဃာများအား လှူဒါန်းလိုပါတယ်'

www.burmeseclassic.com

www.burmeseclassic.com

## ဓားပြဂိုဏ်း

နှစ်ပရိစ္ဆေဒ များစွာ ကုန်ဆုံး ကျော်လွှားလာခဲ့လေ၏။ကောသမ္ဗီရှိ ပဏ္ဍု၏ ကျောင်းတိုက်သည် ပညာရှင် ရဟန်းသမဏများ သီတင်းသုံးရာ နေရာ ဖြစ်လာပြီးလျှင် ထိုမြို့ရှိ ပြည်သူလူထုအတွက် အသိဉာဏ်ပညာ၏ အချက်အချာ ဗဟိုဌာနအဖြစ် ထင်ပေါ်ကျော်ကြားလေ၏။

ထိုအချိန်၌ အိမ်နီးချင်း နိုင်ငံတစ်နိုင်ငံမှ ဘုရင်တစ်ပါးသည် ပဏ္ဍု၏ ကျောက်မျက်ရတနာများ မျိုးမှန် အဖိုးတန်ပုံ လှပပုံကို ကြားသိရလေ၏။ သို့ဖြစ်၍ ဘဏ္ဍာစိုးအား စေလွှတ်၍ ရွှေအစစ်တွင် အဖိုးအတန်ဆုံး ဇမ္ဗူဒိပ် ကျောက်မျက် ရတနာများ တပ်ဆင်လျက် မကိုဋ်သရဖူတစ်ခု ပြုလုပ်ပေးရန် အမိန့်ပေးလေ၏။ ပဏ္ဍုသည် ဘုရင်၏အမိန့်ကို ဝမ်းသာစွာဖြင့် လက်ခံပြီးလျှင် ပုံစံ အလွန်လှပ ကောင်းမွန်သည့် မကိုဋ်သရဖူတစ်ခုကို ပြုလုပ်ပေးလေ၏။ မကိုဋ်သရဖူ ပြုလုပ်ပြီးသောအခါ ပဏ္ဍုသည် မကိုဋ်သရဖူမှာသည့် ဘုရင်၏တိုင်းပြည်သို့ သွားလေသည်။ခရီးသွားရင်း ဟန်လွှဲသဘောဖြင့် အခြား အရောင်းအဝယ်ကိစ္စ ဖြစ်လိုဖြစ်ငြား ကျောက်မျက်ရတနာများကိုလည်း မကိုဋ်သရဖူနှင့်အတူ ယူဆောင်သွားလေ၏။

သူ၏ ကုန်ပစ္စည်းများကို သယ်ဆောင်သွားသည့် ခရီးသွား ကုန်သည်စုကို လက်နက်ကိုင် အစောင့်တပ် တစ်တပ်က စောင့်ရှောက် လိုက်ပါလာလေသည်။သို့ရာတွင် တောင်ခြေသို့ရောက်သောအခါ ပဏ္ဍုတို့အုပ်စုကို မဟာဒူတ ခေါင်းဆောင်သည့် ဓားပြဂိုဏ်းက ဆီးတိုက်လေ၏။ဓားပြများက လူတွေကို ရိုက်နှက်ပြီးလျှင် ရွှေငွေ ရတနာအားလုံးကို တိုက်ယူသွားကြလေသည်။

www.burmeseclassic.com



ပဏ္ဍာသည်ပင် သိသိကလေး လွတ်သွားလေ၏။ယင်းအဖြစ်အပျက်ကြောင့် ပဏ္ဍာ၏ ဓနအင်အားမှာ အထူးပင် ထိခိုက်သွားခဲ့လေသည်။အခြား ဆုံးရှုံး နစ်နာမှုများကိုပါ ခံရ၍ ပဏ္ဍာ၏ စီးပွားဥစ္စာ အခြေအနေမှာ သိသိသာသာ ကြီး ယုတ်လျော့သွားခဲ့လေသည်။

ပဏ္ဍာသည် အကြီးအကျယ် စိတ်ထိခိုက်သွားလေသည်။သို့ရာတွင် မိမိ၏ ကြမ္မာဆိုးကို မညည်းမညူဘဲ ကျိတ်မှိတ်ခံရင်း စဉ်းစားကြည့်၏။

'အတိတ်ဘဝက ကျူးလွန်ပြုလုပ်ခဲ့သည့် ပြစ်မှုများကြောင့်သာ ငါ ယခုကဲ့သို့ ဆုံးရှုံးမှု နစ်နာမှုများကို ခံရခြင်း ဖြစ်မည်။လုလင်အရွယ်တုန်းက ငါသည် သူတစ်ပါးအပေါ် မောက်မောက်မာမာ ဆက်ဆံခဲ့သည်။ငါ ကျူးလွန် ပြုလုပ်ခဲ့သည့် မကောင်းမှုများ၏ အသီးအနှံကို ယခု ရိတ်သိမ်းရခြင်း ဖြစ် သောကြောင့် ညည်းညူနေစရာအကြောင်း မရှိပေ'

သတ္တဝါ အားလုံးအား ညှာတာထောက်ထားသည့် မေတ္တာတရား ရင့်သန် ကြီးထွားလာသည်ဖြစ်၍ သူ၏ ကြမ္မာဆိုးသည် သူ့နှလုံးကို သန့်ရှင်း စင်ကြယ်စေရန် အကြောင်းတစ်ရပ်သာ ဖြစ်ခဲ့လေ၏။မိမိ၏ အခြေအနေကို စဉ်းစားကြည့်သောအခါ သူ၏ ကြီးမားသော ဝမ်းနည်းချက်မှာ သူ့အနေဖြင့် ကျောင်းတိုက်တွင် သီတင်းသုံးနေကြသည့် ပုဂ္ဂိုလ်များ သစ္စာတရား ဖြန့်ဖြူး ရာ၌ အကူအညီ အထောက်အပံ့ မပေးနိုင်သည့် အခြေအနေသို့ ရောက်ရှိနေ ခြင်းပင် ဖြစ်လေသည်။

နှစ်ပရိစ္ဆေဒများစွာ ကျော်လွန်ကုန်ဆုံး သွားပြန်လေသည်။နာရဒ၏ တပည့်ဖြစ်သည့် ရဟန်းသမဏာငယ် ပန္ထကသည် ကောသမ္ဗီ တောင်ခြေ ဒေသကို ဖြတ်ပြီး ခရီးသွားလေ၏။တောင်ခြေဒေသသို့ အရောက်တွင် ရဟန်းသမဏာငယ်သည် ဓားပြများ၏ လက်တွင် ရောက်သွားလေသည်။ လုယူတိုက်ခိုက်စရာ ဘာပစ္စည်းမျှ မရှိသည့်အတွက် ရဟန်းသမဏာငယ်အား ဓားပြခေါင်းဆောင်က ရိုက်နှက်ပြီး လွှတ်လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ နံနက်တွင် ပန္ထ ကရဟန်းသည် တောထဲတွင် ဖြတ်သွားရင်း ရန်ဖြစ်သံလိုလို ထိုးခုတ်သံလိုလို ကြားရ၏။အသံကြားရာသို့ သွားကြည့်သောအခါ ဓားပြ အတော်ခပ်များများ အမျက်ဒေါသ ထွက်နေကြသည်ကို တွေ့ရလေ၏။ ဓားပြများ၏ အလယ်တွင် ဓားပြခေါင်းဆောင် မဟာဒူတသည် အမဲလိုက်ခွေးများ ရံနေသည့် ခြင်္သေ့ပမာ ထိုးကြခုတ်ကြသည်ကို ပြန်လှန်ခုခံ ကာကွယ်နေလေ၏။သူသည် သူ့ကို ထိုးခုတ် တိုက်ခိုက်ကြသူများအား ကြောက်မက်ဖွယ်ရာ ပြန်လှန် ထိုးနှက် ခုတ်သတ်နေလေ၏။သို့ရာတွင် တစ်ယောက်နှင့်အများ ဖြစ်နေသည်။ နောက်ဆုံးတွင် အလျှော့ပေးလိုက်ရပြီး ဒဏ်ရာဒဏ်ချက် အပြည့်နှင့် အသေကောင်ကဲ့သို့ မြေကြီးပေါ်လဲကျသွားလေ၏။

ဓားပြများ ထွက်ခွာသွားကြသည်နှင့် တစ်ပြိုင်နက် ရဟန်းသမဏယ်သည် ဒဏ်ရာအနာတရ ရရှိသူများအား အကူအညီပေးနိုင်က ပေးရန်ထိုနေရာသို့ တိုးလာခဲ့လေသည်။ဓားပြများအားလုံး အတုံးအရုံးနှင့် အသက်ဆုံးနေကြပြီး ဓားပြခေါင်းဆောင် တစ်ဦးသာလျှင် အသက် မသေ့တသေကျန်နေသည်ကို တွေ့ရလေ၏။

ပန္ထ ကရဟန်းသည် အနီးတွင် တသွင်သွင် စီးနေသည့် စမ်းချောင်းငယ်ကလေးထဲ အလျင်အမြန် ဆင်းပြီးလျှင် သပိတ်ဖြင့် ရေခပ်ယူလျက် မြောနေသည့် ဓားပြခေါင်းဆောင်ရှိရာသို့ လာခဲ့လေ၏။မဟာဒူတသည် မျက်စိကိုဖွင့်၊အံကိုကြိတ်လျက် ပြောလေ၏။

'ကျွန်ုပ် လုပ်ပေးလို့ အောင်မြင်မှုရရှိခဲ့တဲ့ သစ္စာဖောက် ခွေးတွေ ဘယ်ရောက်သွားကြပြီလဲ၊သူတို့ရဲ့ ခေါင်းဆောင်အဖြစ်နဲ့ ကျွန်ုပ် မရှိရင် တောလိုက်မုဆိုး အသတ်ခံရတဲ့ တောလိုက်ခွေးတွေလို သူတို့ မကြာခင် ကစွတုံးကုန်မှာ သေချာတယ်'

ပန္ထ က က ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင့် အကုသိုလ် ပြွမ်းတီးနေတဲ့ ဘဝရဲ့ အဖော်သဟဲများဖြစ်ကြတဲ့ ရဲဘော် ရဲဘက်များအကြောင်းကို မတွေးပါနဲ့တော့။မိမိရဲ့ကံကြမ္မာ အကြောင်းကိုသာ တွေးတော စဉ်းစားပါ။နောက်ဆုံးပိတ် ခဏမှာ သင့်ကို ပေးလာတဲ့ လွတ်မြောက်မှု အခွင့်အရေးကိုသာ လက်ခံပါ။ဟောဒီမှာ သောက် ဖို့ ရေ။ ကျွန်ုပ် သင့်အသက်ကို ကယ်ကောင်း ကယ်နိုင်ပါလိမ့်မယ်"

မဟာဒူတက ပြန်ပြောသည်။

'အို ကြည့်စမ်း၊သင်ဟာ မနေ့ကတင် ကျွန်ုပ် ရိုက်နှက် လွှတ်လိုက်တဲ့ လူ မဟုတ်လား။အခု သင် ကျွန်ုပ်ကို ကူညီရအောင်၊ ကျွန်ုပ်ရဲ့ အနာဒဏ်ရာ ကို ကုရအောင် လာတယ် ဟုတ်လား။ ကျွန်ုပ်ရဲ့ မွတ်သိပ်မှုကို ပြေပျောက်ရန် အတွက် ရေကို ဆောင်ကြဉ်းလာတယ် ဟုတ်လား။ကျွန်ုပ်ရဲ့အသက်ကို ကယ်ဖို့ ကြိုးစားတယ် ဟုတ်လား။ အကျိုး မထူးတော့ပါဘူး အရှင်။ ကျွန်ုပ် ဟာ ပြစ်ဒဏ်စီရင်ချက် ကျပြီးသား ဖြစ်နေပါပြီ။အမျိုးယုတ်တွေ ကျွန်ုပ်ကို မသေ သေအောင် ထိုးခုတ်သွားကြပြီ။ သစ္စာဖောက် သူရဲဘောကြောင်သူတွေ၊ ကျွန်ုပ် သူတို့ကို သင်ကြားပြသထားတဲ့ အထိုးအခုတ်မျိုးနဲ့ သူတို့ ကျွန်ုပ်ကို ထိုးခုတ်သွားကြပြီ'

ရဟန်းသမဏက ဆက်ပြောလေ၏။

'သင် ကိုယ်စိုက်ပျိုးခဲ့တာကို ကိုယ် ရိတ်ရခြင်း ဖြစ်တယ်။အကယ်၍ သင်ဟာ သင်ရဲ့ ရဲဘော်ရဲဘက်များအား မေတ္တာကရုဏာထားတဲ့ အပြုအမူ များကို သင်ကြားပြသခဲ့ရင် သင် သူတို့ဆီက မေတ္တာကရုဏာထားတဲ့ အပြု အမူများကို လက်ခံရရှိဖို့ အလားအလာ ရှိတယ်။အခုတော့ သူတို့ကို သင် သတ်နည်းဖြတ်နည်း သင်ကြားပေးခဲ့တယ်။ အခု သင် သူတို့လက်နဲ့ အသတ် ခံရတာဟာ သင်ကိုယ်တိုင် ပြုလုပ်ခဲ့တဲ့ အပြုအမူကြောင့်သာ ဖြစ်ပေတယ်'

ဓားပြခေါင်းဆောင်က ပြောလေ၏။

'မှန်သမှ သိပ်မှန်တာပဲ။ ကျွန်ုပ်ဟာ ကိုယ်နဲ့ထိုက်တဲ့ ကံကြမ္မာကို



www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့နေရခြင်းသာ ဖြစ်တယ်။ကျွန်ုပ်ရဲ့ ကံအကြောင်းဟာ ဘယ်လောက် ဝမ်းနည်းစရာ ကောင်းသလဲ။အနာဂတ် ဘဝတွေမှာ ကျွန်ုပ်ဟာ ကိုယ်ပြုလုပ်ခဲ့တဲ့ မကောင်းမှုဟူသမျှရဲ့ အသီးအနှံကို အပြည့်အဝ ရိတ်သိမ်းရတော့မယ်။ ကျွန်ုပ်ကို ညွှန်ကြားပါဦး။ရင်ပေါ်မှာ ပိနေတဲ့ ကျောက်တုံးလို ကျွန်ုပ်ကို ဖိပြီး အသည်းအဆုတ်ထဲက အသက်ကို နုတ်ယူနေတဲ့ ကျွန်ုပ်ဘဝရဲ့ အကုသိုလ် ဒုစရိုက်များကို ပေါ့သွားအောင် ကျွန်ုပ် ဘယ်လို လုပ်ရပါမလဲ’

ပန္ထက က ပြောလေ၏။

‘သင်ရဲ့ အပြစ်မကင်းတဲ့ လောဘစိတ်တွေကို ဖျောက်ဖျက်ပစ်လိုက်ပါ။ သင်ရဲ့ မကောင်းတဲ့ ဒေါသစိတ်တွေကို ဖျက်ဆီးပစ်လိုက်ပါ။သင်ရဲ့ နှလုံးထဲမှာ လူအားလုံးအပေါ်မှာ ထားတဲ့ မေတ္တာ ကရုဏာစိတ်တွေ ပြည့်နေအောင် ဖြည့်ထားလိုက်ပါ’

www.burmeseclassic.com

www.burmeseclassic.com

## ပင့်ကူမျှင်

မေတ္တာကရုဏာ အပြည့်အဝရှိသည့် ရဟန်းသမဏက အနာဒဏ်ရာများကို ဆေးကြောပေးနေစဉ် ဓားပြခေါင်းဆောင်က ပြောလေ၏။

'ကျွန်ုပ်ဟာ မကောင်းမှုကို အများကြီး ပြုလုပ်ခဲ့တယ်။ကောင်းမှုကို မပြုလုပ်ခဲ့ဘူး။ကျွန်ုပ် နှလုံးထဲမှာရှိတဲ့ မကောင်းတဲ့ အလိုဆန္ဒတွေနဲ့ ရက်လုပ်ထားတဲ့ ဝမ်းနည်းပူဆွေးခြင်း ပိုက်ကွန်ထဲက ကျွန်ုပ် ဘယ်မှာ လွတ်မြောက်နိုင်တော့မှာလဲ။ ကျွန်ုပ်ရဲ့ ကံက ကျွန်ုပ်ကို ငရဲ ခေါ်သွားလိမ့်မယ်။ကျွန်ုပ် လွတ်မြောက်မှု လမ်းမပေါ်မှာ ဘယ်တော့မှ လျှောက်သွားနိုင်တော့မှာ မဟုတ်ဘူး'

ရဟန်းသမဏက ပြောလေ၏။

'အမှန်တကယ်ပဲ သင်ရဲ့ကံဟာ အနာဂတ် ဘဝတွေမှာ သင် စိုက်ပျိုးခဲ့တဲ့ မကောင်းမှုမျိုးစေ့ရဲ့ အသီးအနှံတွေကို ရိတ်ရတော့မယ်။ကျွန်ုပ်တို့ဟာ မိမိ ပြုလုပ်ခဲ့တဲ့ အပြုအမူများရဲ့ အကျိုးအာနိသင်က လွတ်မြောက်ဖို့ မရှိဘူး။ ဒါပေမယ့် စိတ်ပျက်အားလျော့စရာအကြောင်း မဟုတ်ဘူး။အကျွတ်တရားရပြီး တဏှာလောဘနဲ့တကွ သက္ကာယအစွဲကို ဖျောက်ဖျက်ပစ်တဲ့ လူဟာ မိမိကိုယ်တိုင်အတွက် သော်လည်းကောင်း၊ သူတစ်ပါးအတွက် သော်လည်း ကောင်း ကောင်းကျိုး ဖြစ်ထွန်းစေနိုင်တယ်'



www.burmeseclassic.com

www.burmeseclassic.com



အထောက်အထား သာဓက တစ်ရပ်အနေနဲ့ ကျွန်ုပ် သင့်ကို ဓားပြ ခေါင်းဆောင်ကြီး ကန္ဒတရဲ့ အကြောင်းကို ပြောပြပါမယ်။

'ဓားပြခေါင်းဆောင်ကြီး ကန္ဒတသည် နောင်တတရား မရှိဘဲနှင့် သေဆုံးသွားရာ ငရဲပြည်၌ ငရဲသားအဖြစ် ပြန်လည် မွေးဖွားလေ၏။သူသည် ငရဲပြည်၌ မိမိပြုလုပ်ခဲ့သည့် မကောင်းမှုများကြောင့် ကြောက်မက်ထိတ်လန့်ဖွယ် နှိပ်စက်ညှဉ်းပန်းမှုများကို ခံရလေ၏။ငရဲပြည်၌ သူသည် ကပ်ကမ္ဘာများစွာ နေခဲ့ရပြီး အခြေဆိုး အနေဆိုးမှ မတက်နိုင်အောင် ဖြစ်နေခဲ့လေ၏။ ထိုအခိုက် ကမ္ဘာမြေပြင်၌ ဗုဒ္ဓ ပွင့်တော်မူလာပြီးလျှင် သစ္စာလေးပါး သိမြင်သည့် ဘုရားရှင် ဖြစ်လာလေ၏။ ထို မေ့ပျောက်၍ မရကောင်းသော ခဏ၌ လင်းရောင်ခြည်တစ်ခုသည် ငရဲပြည်ထဲ ထိုးကျလာပြီးလျှင် ငရဲသား အားလုံးအား မျှော်လင့်ချက် ပေးလေ၏။ဓားပြခေါင်းဆောင်ကြီး ကန္ဒတက ထအော်၏။"အို ကရုဏာရှင် ဗုဒ္ဓ၊အကျွန်ုပ်အား ငဲ့ညှာ သနားတော်မူပါ။ အကျွန်ုပ် ဒုက္ခကြီးစွာ ခံစားနေရပါသည်။ အကျွန်ုပ်ဟာ မကောင်းမှု အကုသိုလ်ကို ကျူးလွန်ပြုလုပ်ခဲ့သူ ဖြစ်သော်လည်း အခု မှန်ကန်မြင့်မြတ်သည့် လမ်းမပေါ်မှာ လျှောက်သွားလိုသည့် စိတ်ဆန္ဒ ပြင်းပြနေပါသည်။ သို့သော်လည်း အကျွန်ုပ် ကိုယ့်ကိုယ်ကို ပူဆွေးဝမ်းနည်းခြင်း ပိုက်ကွန်ထဲက လွတ်အောင် မလုပ်နိုင်ပါ။ အကျွန်ုပ်ကို ကယ်တော်မူပါ။အကျွန်ုပ်ကို ငဲ့ညှာထောက်ထား သနားတော်မူပါ"

'ငရဲပြည်၌ ဒုက္ခခံစားနေရသည့် ငရဲသား ကန္ဒတ၏ တောင်းပန်တိုးလျှိုးသံကို ကြားရသည်ဖြစ်၍ ဗုဒ္ဓက မိန့်တော်မူ၏။"ကန္ဒတ၊ သင်သည် သနားငဲ့ညှာသည့် အပြုအမူ တစ်ခုခုကို ပြုလုပ်ခဲ့ဖူးပါသလော။ အကယ်၍ ပြုလုပ်ဖူးပါလျှင် ယင်းအပြုအမူသည် ယခု သင့်ထံ ပြန်လာပြီး သင့်ကို အမြင့်သို့ လှမ်းတက်ရန် အကူအညီ ပေးလိမ့်မည်။ သို့ရာတွင် အကယ်၍ မိမိ မကောင်းမှုများ၏ အကျိုးအာနိသင် အဖြစ်ဖြင့် ခံစားရသော ပြင်းထန်



www.burmeseclassic.com

www.burmeseclassic.com



လှသည့် ဒုက္ခများက သင့်၏ ငါစွဲ အတ္တစွဲဟူသမျှကို ပယ်ဖျက်ပြီး သင်၏ မာနစိတ်၊ လောဘစိတ်၊ ဣဿာ မစ္ဆရိယစိတ်ကို စင်ကြယ်သန့်ရှင်းအောင် မလုပ်နိုင်သေးပါက သင်သည် ချမ်းသာရာ ရနိုင်လိမ့်မည် မဟုတ်သေးပေ”

‘ကန္ဒတသည် ခပ်မဆိတ် ဖြစ်သွားလေ၏။ အကြောင်းမူကား သူသည် ရက်စက်ကြမ်းကြုတ်လှသည့် ပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့သောကြောင့်တည်း။ သို့ရာတွင် ဗုဒ္ဓသည် ဒိဗ္ဗစက္ခုဖြင့် ငရဲသား ကန္ဒတ ပြုလုပ်ခဲ့သည့် အပြုအမူ မှန်သမျှကို ကြည့်တော်မူသည့်အခါ အဖြစ်အပျက်တစ်ခုကို သွားတွေ့လေ၏။ တစ်ခါတုန်းက ကန္ဒတသည် တောထဲ ဖြတ်လျှောက်သွားစဉ် မြေကြီးပေါ် တွားသွားနေသည့် ပင့်ကူတစ်ကောင်ကို တွေ့ရလေ၏။ ကန္ဒတ စဉ်းစား ကြည့်သည်။“ ငါ ဒီပင့်ကူကို နင်းသွားလို့ မတော်ဘူး။ဒီပင့်ကူဟာ အပြစ်မဲ့တဲ့ သတ္တဝါ ဖြစ်တယ်။ဘယ်သူ့ကိုမှ အန္တရာယ် မပြုဘူး”

‘ဗုဒ္ဓက မဟာကရုဏာစိတ်ဖြင့် ကန္ဒတ၏ ဒုက္ခကို ကြည့်တော်မူပြီး လျှင် ပင့်ကူအိမ်ပေါ်က ပင့်ကူတစ်ကောင်ကို ချပေးလိုက်လေ၏။ ပင့်ကူက ကန္ဒတကို ပြောသည်။“ပင့်ကူမျှင်ကို ဆွဲပြီး တက်ခဲ့ပေတော့”

‘ငရဲ၏ အောက်ဆုံး၌ ပင့်ကူမျှင်ကို တွယ်လျက် ပင့်ကူသည် နောက် ကြောင်း ပြန်ဆုတ်လာသည်။ကန္ဒတသည် ပင့်ကူမျှင်ကို မြဲမြဲဆုပ်ကိုင်လျက် ကြိုးစားပြီး တက်လေသည်။ အောင်မြင်မှု ရရှိနေ၏။ ပင့်ကူမျှင်မှာ အလွန် ခိုင်မာသဖြင့် ပြတ်ထွက် မသွားပေ။ ကန္ဒတသည် တဖြည်းဖြည်း အမြင့်သို့ တက်လာလေသည်။

‘ပင့်ကူမျှင် လှုပ်ခါနေသည်ကို သူသည် ရုတ်တရက် သတိပြုမိလေ ၏။ အကြောင်းမူကား သူ၏ ငရဲသားအဖော်များက သူ့နောက်မှ ပင့်ကူမျှင် ကို ကိုင်ပြီး လိုက်တက်လာကြသောကြောင့် ဖြစ်၏။ကန္ဒတသည် ထိတ်လန့် စိုးရိမ်သွားလေ၏။သူသည် ပင့်ကူမျှင်၏ သေးသွယ်ပုံကို တွေ့မြင်ရသည်။ ပင့်ကူမျှင်မှာ မျှင်မျှင်ကလေးမျှသာ ဖြစ်သည်။ဆွဲသူတွေ များပါက ပြတ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားပေလိမ့်မည်။ သို့ရာတွင် ငါတစ်ဦးတည်းကို သယ်ဆောင်သွားရန် အတွက်မူ ခိုင်ခံ့ပုံရ၏။ငရဲသားပေါင်း မြောက်မြားစွာတို့သည် သူ့အောက်က ထက်ကြပ်မကွာ ပင့်ကူမျှင်ကို ကိုင်ပြီး တက်လိုက်လာကြသည်ကို တွေ့ရလေသည်။ဤချည်မျှင်မျှင်ကလေးသည် အားလုံး အလေးဒဏ်ကို ဘယ်မှာခံနိုင်ရည် ရှိမည်နည်း။ယင်းသို့ စဉ်းစားလျက် သူသည် ထိတ်လန့်တုန်လှုပ်သွားပြီးလျှင် ကျယ်လောင်စွာ ဟစ်အော်လိုက်လေ၏။

"ချည်မျှင်ကို လွှတ်ကြ၊ ချည်မျှင်ဟာ ငါ့ဟာ ငါ့ပစ္စည်း"

'ပင့်ကူမျှင်သည် ရုတ်တရက် ပြတ်သွားလေ၏။ကန္ဒတသည် ငရဲသို့ ပြန်ကျသွားလေသည်။

'ကန္ဒတတွင် ငါစွဲ အတ္တစွဲ ရှိတုန်းပင်။သူသည် အထက်သို့ တက်လှမ်းပြီး မှန်ကန်မြင့်မြတ်သည့် လမ်းစဉ်အတွင်းသို့ ဝင်ရောက်လိုသည့် ရိုးသားသောဆန္ဒ၏ အံ့ဩဖွယ်စွမ်းအားကို မသိ နားမလည်ပေ။ ယင်းစွမ်းအားသည် ပင့်ကူမျှင်ကဲ့သို့ သေးမျှင်သော်လည်း လူပေါင်း အသိန်းအသန်းကို သယ်ဆောင်သွားနိုင်သည်။ ထိုစွမ်းအား၏ အပေါ်သို့ တက်သူဦးရေများလေလေ၊ယင်းတို့အထဲမှ တစ်ယောက်စီ၏ ကြိုးပမ်းမှု လွယ်ကူလေလေ ဖြစ်သည်။သို့ရာတွင် မိမိ၏ စိတ်နှလုံး၌ "ဒီဟာ ငါ့ဟာ ငါ့ဥစ္စာ၊မှန်ကန်မှု၏ ကောင်းကျိုးသည် ငါတစ်ဦးတည်း အပိုင်သာ ဖြစ်ပေစေ။တခြား မည်သူမျှ ဝင်မစွက်စေရဘူး'ဟူသော အတွေးပေါ်လာလျှင်ကား ပေါ်လာသည်နှင့် တစ်ပြိုင်နက် ချည်မျှင်စွမ်းအားသည် ပြတ်တောက်သွားပြီး မိမိ၏ ပင်ကို အခြေအနေဟောင်းသို့ ပြန်လည် ကျရောက်သွားလိမ့်မည် ဖြစ်ပေ၏။ အကြောင်းမှုကား ငါစွဲ အတ္တစွဲသည် အပြစ်ဒဏ် အစီရင်ခံရခြင်း ဖြစ်၏။ အမှန်တရားသည် ကောင်းကျိုးပေးခြင်း ဖြစ်၏။ငရဲဟူသည်မှာ မည်သည့်အရာနည်း၊ ငါစွဲ သက္ကာယဒိဋ္ဌိမှတစ်ပါး မည်သည့်အရာမျှ မဟုတ်။ နိဗ္ဗာန်ဟူသည်ကား မှန်ကန်မြင့်မြတ်မှု၏ ဘဝတစ်ခုသာ ဖြစ်၏'



www.burmeseclassic.com

www.burmeseclassic.com



ရဟန်း သမဏာက သူ၏ ပုံဝတ္ထုကို နိဂုံးချုပ်လိုက်သည့်အခါ အသက် ထွက်လုဆဲ ဖြစ်နေသည့် စားပြဲခေါင်းဆောင်က ပြောပြ၏။

'ကျွန်ုပ်လည်း ပင့်ကူမျှင်ကို ဆွဲပြီး ငရဲ အောက်ခြေက အပေါ်ကို တက်ပါရစေ'

www.burmeseclassic.com

www.burmeseclassic.com

## ဓားပြခေါင်းဆောင် အကျွတ်တရားရခြင်း

မဟာဒူတသည် တစ်ခဏမျှ မှိန်းနေပြီးလျှင် နောက်ကြောင်းကို ပြန်လည်စဉ်းစားနေလေ၏။ ထိုနောက် အားယူလျက် ရဟန်းသမဏအား ပြောကြားလိုက်လေသည်။

'နားထောင်ပါဦး အရှင်၊ ကျွန်ုပ် ဖွင့်ဟ ဝန်ခံစရာတစ်ခု ရှိနေပါတယ်။ ကျွန်ုပ်ဟာ ကောသမ္ဗီက ကျောက်ကုန်သည် ပဏ္ဍုရဲ့ ကျွန်တစ်ဦး ဖြစ်ခဲ့ပါတယ်။ ပဏ္ဍုက ကျွန်ုပ်ကို မတရား ညှဉ်းပန်းနှိပ်စက်တဲ့အတွက် ကျွန်ုပ်သူ့လက်အောက်က ထွက်ပြေးပြီး ဓားပြခေါင်းဆောင် ဖြစ်လာခဲ့တယ်။ လွန်ခဲ့တဲ့ ရက်အနည်းငယ်ခန့်က ကျွန်ုပ်ရဲ့ သူလျှိုအထောက်များဆီက ပဏ္ဍုတစ်ယောက် တောင်ခြေခရီးက ဖြတ်သွားလိမ့်မယ်ဆိုတဲ့ သတင်းကို ရရှိတဲ့အတွက် သူရောက်လာတဲ့အခါ ကျွန်ုပ် သူ့ပစ္စည်းတွေကို တိုက်ယူခဲ့တယ်။ သင်အခု သူ့ဆီကိုသွားပြီး ပြောပေးစေချင်တယ်။ ကျွန်ုပ်ကို သူ မတရား ညှဉ်းဆဲနှိပ်စက်ခဲ့တဲ့ ဒဏ်ရာဒဏ်ချက်ကို ကျွန်ုပ် မေ့ပစ်လိုက်ပါပြီ။ သူ့ဆီက ပစ္စည်းဥစ္စာကို ကျွန်ုပ် တိုက်ခိုက်ယူခဲ့တဲ့အတွက်လည်း ကျွန်ုပ်ကို ခွင့်လွှတ်ပါလို့ သူ့ကို တောင်းပန်ပေးပါ။ ကျွန်ုပ် သူနဲ့အတူ နေစဉ်တုန်းက သူ့နှလုံးသားဟာ ကျောက်တုန်းကျောက်သားလို အလွန်တရာ ကြမ်းတမ်းမာကျောပါတယ်။ ကျွန်ုပ် အနေနဲ့လည်းပဲ သူရဲ့ တစ်ကိုယ်ကောင်းကြံတတ်တဲ့ အလေ့အထကိုပဲ အတုယူ မိခဲ့ပါတယ်။ အခုတော့ သူ စိတ်ပြောင်းသွားပြီး ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုကို ပြုသူ၊တရားမေ့ကို လိုလားသူ ဖြစ်နေပြီလို့ ကျွန်ုပ် ကြားသိရတယ်။ ဓားပြတိုက်လို့မရတဲ့ ဥစ္စာ ရတနာကို သူ သိုမှီးသိမ်းဆည်း ထားလိုက်ပြီ။အဲဒီလို ဖြစ်နေတဲ့ အချိန်မှာ မကောင်းမှုရဲ့ နယ်အတွင်းမှာပဲ ကျွန်ုပ်ရဲ့ ကံ ဆက်လက် အသက်ရှင်နေမှာကို ကျွန်ုပ် စိုးရိမ်မိတယ်။ ကျွန်ုပ် ပဏ္ဍာရဲ့ ကြွေးမြီကို ပြန်ဆပ်နိုင်တဲ့ အခြေအနေမှာပဲ ရှိနေသေးတယ်။ ကျွန်ုပ် သူ့ အကြွေးတင် မခံချင်တော့ဘူး။ကျွန်ုပ်ရဲ့ စိတ်နှလုံး လုံးဝ ပြောင်းလဲသွားပြီ။ သေဆုံးသွားပြီးတဲ့နောက်၊ ကောင်းသောကံ ဆက်ဖို့ရန်အတွက် ကြိုးပမ်းအားထုတ်ရင်းနဲ့ ကျွန်ုပ်ဘဝရဲ့ ကျန်ကြွင်းနေသေးတဲ့ ခဏတာကလေးများ ကုန်ဆုံးကျော်လွန် သွားစေချင်တယ်။ သို့ဖြစ်တဲ့အတွက် ပဏ္ဍာကို အကြောင်းကြားပေးပါ။ ဘုရင်အတွက် သူ ပြုလုပ်ထားတဲ့ ရွှေမကိုင်ရှုံသရဖူနဲ့ သူ့ ရွှေငွေ ရတနာများကို ဒီအနီးအနားမှာရှိတဲ့ ဂူတစ်ခုထဲမှာ ကျွန်ုပ် ဝှက်ထားတယ်။ ကျွန်ုပ်ရဲ့ လက်အောက်မှာရှိတဲ့ ဓားပြထဲက ဒီအကြောင်းကို သိတာ နှစ်ယောက်ပဲ ရှိတယ်။အဲဒီ နှစ်ယောက်လည်းပဲ သေကုန်ကြပြီ။ လက်နက်ကိုင် အစောင့်အရှောက် အချို့ကိုပါ ခေါ်လာပြီး ကျွန်ုပ် သူ့ဆီက တိုက်ယူထားတဲ့ ပစ္စည်းတွေကို ပြန်ယူပါလို့ ပဏ္ဍာကို ပြောပေးစေချင်ပါတယ်။ တရားမှန်ကန်တဲ့ အပြုအမူတစ်ခုဟာ ကျွန်ုပ်ရဲ့ အပြစ်အချို့ကို ပြေပျောက်စေပါလိမ့်မယ်။ကျွန်ုပ်ရဲ့ ဝိညာဉ်ကို ဆေးကြောသန့်ရှင်းစေတဲ့ နေရာမှာ အကူအညီပေးပြီး လွတ်ငြိမ်းမှု ရှာဖွေရာမှာ မှန်ကန်တဲ့လမ်းကို ညွှန်ပြပါလိမ့်မယ်'

မဟာဒူတသည် ဂူရှိသည့် နေရာကို ပြောပြပြီး မေ့မြောသွားပြန်လေ၏။ တစ်ခဏမျှ သူသည် အိပ်ပျော်နေသူပမာ မျက်စိမှိတ်ပြီး လဲလျောင်းနေလေ၏။သူ၏ အနာဒဏ်ရာများမှ နာကျင်မှုသည် သက်သာလာလေ၏။ သူသည် ညင်သာစွာ အသက်ရှူ နိုင်လာသည်။သို့ရာတွင် သူ၏အသက်သည် တဖြည်းဖြည်း ဆုတ်စ ပြုနေလေပြီ။သူသည် ဝမ်းမြောက်စရာ အိပ်မက်ပြီး နိုးလာစ ပုဂ္ဂိုလ်နှင့် တူနေပြန်သည်။စကား ပြောပြန်၏။



www.burmeseclassic.com

www.burmeseclassic.com



'လေးစားမြတ်နိုးအပ်တဲ့ အရှင်၊ကမ္ဘာမြေ အပြင်ပေါ်မှာ ဗုဒ္ဓ ပွင့်တော်မူခဲ့ခြင်း၊ သင်တို့ကို ဆုံးမညွှန်ကြားခဲ့ခြင်း၊ကျွန်ုပ်တို့နှစ်ဦးကို တွေ့ဆုံစေခြင်း၊သင့်ကို ကျွန်ုပ် နှစ်သိမ့်အောင် ပြုမူစေခြင်းများမှာ ကျွန်ုပ်အတွက် ကုသိုလ်ကံ ထောက်မခြင်း ဖြစ်ပေတယ်။ မှေးခနဲ ဖြစ်သွားခိုက် ဗုဒ္ဓ ပရိနိဗ္ဗာန် စံဝင်သွားပုံ ရှုကွင်းကို ကျွန်ုပ် မြင်ရတယ်။လွန်ခဲ့တဲ့ နှစ်များက အဲဒီပုံမျိုး တစ်ပုံကို ကျွန်ုပ် မြင်ရဖူးတယ်။ အဲဒီတုန်းက ကျွန်ုပ်ရဲ့ နှလုံးထဲမှာ စွဲသွားတယ်။ အဲဒီပုံကို ပြန်ပြောင်းအောက်မေ့ကြည့်တာဟာ ကျွန်ုပ်ရဲ့ သေမယ့်ဆဲဆဲ အချိန်အခါမှာ ကျွန်ုပ်အတွက် အားဆေးတစ်ခွက် ဖြစ်နေတယ်'

ရဟန်းသမဏက ပြန်ပြောလေ၏။

'ကမ္ဘာမြေအပြင်မှာ ဗုဒ္ဓ ပွင့်တော်မူလာပြီး အဝိဇ္ဇာကြောင့် ဖြစ်ပေါ်လာတဲ့ အမိုက်တိုက်ကို ဖယ်ရှားပစ်ခြင်း၊သစ္စာတရားကို သိမြင်တော်မူခြင်းမှာ အမှန်စင်စစ်ပဲ ဝေနေယျ သတ္တဝါတွေအတွက် ကုသိုလ်ကံ ထောက်မခြင်း ဖြစ်ပေတယ်။ ဗုဒ္ဓဟာ ကျွန်ုပ်တို့ထဲက တစ်ဦးအနေနဲ့ ကျွန်ုပ်တို့ ကြားမှာပဲ နေတော်မူတယ်။ လူသားတစ်ဦးလိုပဲ ဘဝရဲ့ အဆိုးများကို ခံရတယ်။ ဒုက္ခ၊ ဗျာဓိ၊ မရဏတို့က မလွတ်ကင်းခဲ့ဘူး။သို့သော်လည်း ဗုဒ္ဓဟာ မိမိကိုယ်မှာ ရှိတဲ့ ငါစွဲ အတ္တစွဲ ဟူသမျှကို၊ တဏှာ ဟူသမျှကို၊ လောဘ ဟူသမျှကို၊ ပစ္စည်းဥစ္စာကို လိုချင်တပ်မက်ခြင်း၊ ကာမဂုဏ် အာရုံကို စွဲလမ်းခြင်း၊ အာဏာနဲ့ အကျော်အစောအတွက် တောင့်တခြင်း၊ လောကီ ပစ္စည်းများကို နှံ့မင်ခြင်း၊အမြဲ မတည်တဲ့ အရာဝတ္ထုများကို တွယ်တာခြင်း ဆိုတာတွေကို အားလုံး ဖျောက်ဖျက်ပစ်လိုက်တယ်။ ဗုဒ္ဓမှာ မသေရာသို့ ရောက်ရန်ဆိုတဲ့ ရည်ရွယ်ချက် တစ်ခုတည်းသာ ရှိတယ်။ အတိတ်ဘဝတွေက ပြုလုပ်ခဲ့တဲ့ ကောင်းသောကံကြောင့် ဗုဒ္ဓဟာ နောက်ဆုံးပိတ်မှာ နိဗ္ဗာန်ဆိုတဲ့ မြင့်မြတ်တဲ့ အဆင့်ကို ရောက်ခဲ့ရတယ်။နိဂုံးချုပ်ရမယ့်အချိန် ရောက်လာတဲ့ အခါကျတော့ ပရိနိဗ္ဗာန် ဝင်စံ ချုပ်ငြိမ်း စခန်းသိမ်းသွားတယ်။ဘာကိုမှ ချန်မထား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ဘူး။ အမြဲ မတည်တဲ့ အနိစ္စဖြစ်တဲ့ တရားမှန်သမျှ ချုပ်ငြိမ်းသွားစေခဲ့တယ်။ လူအားလုံးဟာ တဏှာကို ပယ်စွန့်ပြီး ရာဂ၊ ဒေါသ၊ ဣဿာ မစ္ဆရိယတို့က လွတ်ကင်းအောင် ပြုလုပ်နိုင်တယ်'

မဟာဒူတသည် သန့်ရှင်းကြည်လင် ချိုမြ အေးစိမ့်နေသည့် ရေကို တစ်ကျိုက် သောက်လိုက်သဖြင့် လန်းဆန်းသွားသည်။ ရေမွတ်သိပ်နေသူ တစ်ဦးကဲ့သို့ ရဟန်းသမဏ၏ မိန့်ကြားချက်များကို ခံယူ သောက်သုံးလေ၏။သူသည် ပါးစပ်ကို မဖွင့်နိုင်တော့ပေ။ နှုတ်ခမ်းကို မလှုပ်နိုင်တော့ပေ။ ဦးခေါင်းကိုသာ ညိတ်ပြီး ဗုဒ္ဓ၏ တရားအဆုံးအမကို လက်ခံနာယူပါသည် ဆိုသည့်အကြောင်းကို ပြလိုက်လေ၏။

ပန္ထက ရဟန်းသည် အသက်ငင်နေသူ၏ နှုတ်ခမ်းကို ရေဆွတ်ပေးပြီး ဝေဒနာ ခံစားနေရသည်မှ သက်သာရာ ရစေ၏။ ဓားပြခေါင်းဆောင်သည် စကားမပြောနိုင်တော့သည်ဖြစ်၍ အသံမထွက်တော့ဘဲ လက်အုပ်ကိုသာ ချီလိုက်သည့်အခါ ရဟန်းသမဏက ဓားပြခေါင်းဆောင်အတွက် ပါးစပ်က မြွက်လျက် ဓားပြခေါင်းဆောင် အဓိဋ္ဌာန်ပြုလိုသည့် အချက်များကို အဓိဋ္ဌာန်ပြုပေးလေ၏။ ရဟန်းသမဏ၏ စကားလုံးများသည် မဟာဒူတ အဖို့ တူရိယာသံပမာ နားဝင်ချိုလှပေသည်။ ကောင်းသော အဓိဋ္ဌာန်ပြုချက်ကြောင့် ဖြစ်ပေါ်လာသည့် ပီတိ သောမနဿ ပြည့်လျှမ်းနေသော၊ မြင့်မြတ်ကောင်းမွန်သော ဘဝကို ရှာမှီးရာ၌ တိုးတက်မှု အလားအလာကြောင့် အကြည်ဆိုက်နေသော သူ၏ မျက်လုံးများသည် ကြောင်တိ ကြောင်တောင် ဖြစ်သွားပြီးလျှင် ဝေဒနာအားလုံး ချုပ်ငြိမ်းသွားလေတော့သည်။

ယင်းသို့အားဖြင့် ဓားပြခေါင်းဆောင်သည် ရဟန်းသမဏ၏ လက်မောင်းပေါ်၌ အကျွတ်တရားရပြီး ကွယ်လွန် သေဆုံးသွားလေ၏။

www.burmeseclassic.com

www.burmeseclassic.com

## အကျွတ်တရားရသွားသည့် ဓားပြခေါင်းဆောင်၏ သချိုင်းဂူ

ရဟန်းငယ် ပန္ထကသည် ကောသမ္ဗီသို့ ရောက်လျှင်ရောက်ချင်း ကျောင်းသို့ သွားလျက် ကျောက်ကုန်သည် ပဏ္ဍု၏ အကြောင်းကို မေးမြန်းစုံစမ်းကြည့်လေ၏။ ပဏ္ဍု၏အိမ် မည်သည့်နေရာ၌ ရှိသည် ဆိုသည်ကို သိရသောအခါ ရဟန်းငယ်သည် ပဏ္ဍု၏အိမ်သို့ သွားလျက် တောအတွင်း၌ သူ တွေ့ကြုံခဲ့ရသည့် အဖြစ်အပျက်ကို အိတ်သွန်ဖာမှောက် ပြောပြလေ၏။ ထိုအခါ ပဏ္ဍုသည် လက်နက်ကိုင် အစောင့်အရှောက် အနည်းငယ်ကို ခေါ်ခဲ့ပြီးလျှင် ရဟန်းငယ် ညွှန်သည့်နေရာသို့ သွားလျက် ဂူထဲတွင် ဓားပြခေါင်းဆောင် ဝှက်ထားသည့် ရတနာများကို ယူလေ၏။ အနီးအနားတစ်ဝိုက်၌ ဓားပြခေါင်းဆောင်နှင့် အသတ်ခံရသည့် သူ့လက်အောက်ငယ်သား ဓားပြများ၏ ရုပ်အလောင်းများကို တွေ့ရသည်ဖြစ်၍ ပဏ္ဍုနှင့် အဖော်တစ်သိုက်သည် အလောင်းများကို တစ်နေရာတည်းတွင် စုပုံပြီးလျှင် မီးသဂြိုဟ် လိုက်ကြလေသည်။

ပြာများကို စုပြီးလျှင် အိုးတစ်လုံးဖြင့် ထည့်လျက် တောင်ဂေဟမူစာ တစ်ခုပေါ်၌ မြှုပ်ထားလိုက်ကြလေသည်။ယင်းအရိုးပြာအိုး မြှုပ်ထားရာ၌ အပေါ်မှ ကျောက်တုံးတစ်ခု ချထားလေ၏။ ယင်းကျောက်တုံး၌ ပန္ထက က မဟာဒုတ အကျွတ်တရား ရသည့်အကြောင်းကို အကျဉ်းချုပ်လျက် ကမ္ပည်း ထိုးထားလိုက်လေသည်။

ရာပြည့်စာအုပ်တိုက်

www.burmeseclassic.com

www.burmeseclassic.com



ပဏ္ဍုတို့၏အဖွဲ့ အိမ်မပြန်မီ ပန္ထကသည် ယင်းတောင်ကမူစာ၌ အထိမ်းအမှတ်ပွဲ တစ်ခုကို ပြုလုပ်လေသည်။ ယင်းအထိမ်းအမှတ်ပွဲ၌ ရဟန်းသာမဏသည် ကံတရား၏ အရေးပါ အရာရောက်ပုံကို ဗုဒ္ဓဟောကြားသည့် တရားစကားကို ကိုးကားလျက် ပြောပြလေသည်။

*'မကောင်းမှုကို မိမိပြုလျှင် မိမိသာပင် ဒုက္ခခံရ၏။*
*မကောင်းမှုကို မိမိ ရှောင်လျှင် မိမိသည် စင်ကြယ်၏။*
*မိမိကိုယ်တိုင်မှတစ်ပါးတခြားမည်သူမျှ ကျွန်ုပ်တို့ကိုမကယ်ပေ။*
*ကယ်လည်း မကယ်နိုင်ပေ။*
*မိမိကိုယ်တိုင် လမ်းကို လျှောက်သွားရမည်။*
*ဗုဒ္ဓကမူ လမ်းကို ညွှန်ပြရုံသာ ညွှန်ပြ၏'*

ရဟန်းက ဆက်ပြောလေ၏။

'ကံတရားဟာ ဘုရားသခင် စီမံဖန်တီးတာလည်း မဟုတ်ဘူး။ ဗြဟ္မာမင်းကြီး စီမံ ဖန်တီးတာလဲ မဟုတ်ဘူး။ သိကြားမင်းကြီး စီမံဖန်တီးတာလည်း မဟုတ်ဘူး။ ဘယ်နတ်ဒေဝတာမှ စီမံဖန်တီးတာလည်း မဟုတ်ဘူး။ ကျွန်ုပ်တို့ရဲ့ ကံဟာ ကျွန်ုပ်တို့ ပြုလုပ်တဲ့ အပြုအမူများရဲ့ အသီးအပွင့်များသာ ဖြစ်တယ်။ကျွန်ုပ်ရဲ့ အပြုအမူဟာ ကျွန်ုပ်ကို ကိုယ်ဝန်ဆောင်ထားတဲ့ ဝမ်းပိုက် ဖြစ်တယ်။ကျွန်ုပ်ရဲ့ အပြုအမူဟာ ကျွန်ုပ်လက်ထက်မှာ တိုးတက်ကြီးပွားလာမယ့် အမွေခံပစ္စည်း ဖြစ်တယ်။ ကျွန်ုပ်ရဲ့ကံဟာ ကျွန်ုပ်ပြုလုပ်ခဲ့တဲ့ မကောင်းမှု ဒုစရိုက်ရဲ့ကျိန်စာဖြစ်တယ်။ ကုသိုလ်ကောင်းမှုရဲ့ အကျိုးပေး ဖြစ်တယ်။ ကျွန်ုပ်ရဲ့ အပြုအမူဟာ ကျွန်ုပ်အတွက် လွတ်မြောက်ငြိမ်းချမ်းမှု ရရှိစေနိုင်တဲ့ တစ်ခုတည်းသော အခြေခံသာ ဖြစ်တယ်'

ရဟန်းသည် အနည်းငယ် ရပ်တန့်လိုက်ပြီးနောက် ဆက်ပြောပြန်လေ၏။

'လူတိုင်း လူတိုင်းဟာ မိမိ ကံတရားကို စီမံဖန်တီးသူဖြစ်ပြီး ကျွန်ုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ စိုက်ပျိုးတာကို ကျွန်ုပ်တို့ကိုယ်တိုင် ရိတ်သိမ်းရတယ်။ တစ်ပြိုင်တည်းမှာပဲ ကျွန်ုပ်တို့ဟာ အခြား မကောင်းမှု ပြုလုပ်သူများရဲ့ မကောင်းမှုအတွက်လည်း ပူးတွဲ တာဝန်ရှိနေပြန်တယ်။အဲဒါဟာ ကံတရားရဲ့ အညမည သဘောတရား ဖြစ်တယ်။ ယေဘုယျအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ မကောင်းမှု ဒုစရိုက်များဟာ အခြားပုဂ္ဂိုလ်များ ကျူးလွန်ပြုလုပ်တဲ့ မကောင်းမှု ဒုစရိုက်များရဲ့ ပဲ့တင်ရိုက်ခတ်ခြင်းမျှသာ ဖြစ်တယ်။ကျွန်ုပ်တို့ မကောင်းမှုရဲ့ကျိန်စာနဲ့ ကျွန်ုပ်တို့ကောင်းမှုရဲ့ အကျိုးပေးဟာ ကျွန်ုပ်တို့ ကိုယ်ပိုင်ပစ္စည်း သက်သက်မျှသာ မဟုတ်ဘူး။ဒါကြောင့် ဆိုးသွမ်းသူများ၊အပြစ် ကျူးလွန်သူများနဲ့ ပတ်သက်ပြီး အဆုံးအဖြတ်ပေးရမယ့် အခါမျိုးမှာ ကျွန်ုပ်တို့ဟာ သူတို့ အပေါ်မှာ ကိုယ်ချင်းစာနာ ငဲ့ညှာမှုကို ထားသင့်တယ်။ဘာဖြစ်လို့လဲဆိုရင် ကျွန်ုပ်တို့ဟာ သူတို့ ကျူးလွန်ပြုလုပ်တဲ့ အပြစ်ရဲ့ အစုစပ်များ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်တယ်'

ပတ်ဝန်းကျင် ကျေးရွာများတွင် နေထိုင်ကြသည့် ရွာသူ ရွာသားများသည်ကား ယင်း တောင်ကမူစာကို အကျွတ်တရား ရသွားသည့် ဓားပြ ခေါင်းဆောင်ကြီး၏ သချိုင်းဂူအဖြစ် သိနေကြသည်။ နောက် နှစ်အတန်ကြာသွားသောအခါ၌ကား ထိုနေရာ၌ ဇရပ်ငယ်တစ်ဆောင်ကို ဆောက်လုပ်ထားသည်။ ထိုဇရပ်၌ ခရီးသွား ခရီးလာများ ခရီးတစ်ထောက်နားပြီး ဓားပြသူခိုးများအား ချွတ်သည့် ဗုဒ္ဓအား စိတ်ထဲမှ ကြည်ညို ဦးခိုက်ကြလေ၏။

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

## ကုသိုလ်ကံ၏ အမွေ '

ပဏ္ဍာသည် သူ၏ ဥစ္စာရတနာအားလုံးကို ယူပြီး ကောသမ္ဗီသို့ ပြန်လာခဲ့လေ၏။ ထိုနောက် မမျှော်လင့်ဘဲနှင့် ရရှိလာခဲ့သည့် ဥစ္စာရတနာများကို နှိုင်းနှိုင်းချိန်ချိန် သုံးစွဲသည်ဖြစ်၍ သူသည် ယခင်ကထက်ပင် ပိုပြီး ပစ္စည်းဥစ္စာ ကြွယ်ဝချမ်းသာ လာလေသည်။ဩဇာအာဏာ တိုးတက်လာလေသည်။ ဇရာပိုင်းသို့ ရောက်ပြီး သေချိန် နီးကပ်လာသောအခါ ပဏ္ဍာသည် သားသမီး မြေးမြစ်များကို စုရုံးစေပြီး မိန့်မှာလေသည်။

'သားသမီးအပေါင်းတို့၊မိမိ အောင်မြင်မှု မရရှိတဲ့အတွက် အခြား ပုဂ္ဂိုလ်များကို အပြစ် မတင်ကြလေနှင့်။သင်တို့ရဲ့ ချွတ်ယွင်းမှု အကြောင်းကို သင်တို့ ကိုယ်မှာပဲ ရှာဖွေကြ။ သင်တို့ဟာ မာန်မာနကြောင့် အကန်း ဖြစ်မနေလျှင် မိမိတို့ရဲ့ အမှားကို မြင်နိုင်ကြပါလိမ့်မယ်။အဲဒီလို ကိုယ့်အမှားကို ကိုယ်မြင်ကြလျှင် အဲဒီအမှားက ထွက်တဲ့ လမ်းကိုလည်း တွေ့မြင်လာပါလိမ့်မယ်။ မိမိတို့ရဲ့ ချွတ်ယွင်းချက်ကို ဖယ်ရှားပစ်တဲ့ နည်းလမ်းလဲပဲ မိမိတို့ ကိုယ်မှာပဲ ရှိနေပါတယ်။ သင်တို့ရဲ့ ဉာဏ စက္ခုကို တစ်ကိုယ်ကောင်းဆန်မှု မြူမှုန်များ ပိတ်ဖုံး မနေပါစေနှင့်။ငါ့ရဲ့ဘဝမှာ အဆောင်လက်ဖွဲ့သဖွယ် ဖြစ်ခဲ့တဲ့ ဟောဒီ စကားရပ်များကိုလည်း မမေ့ကြနှင့်။

*'အခြား ပုဂ္ဂိုလ်များအား ထိခိုက် နစ်နာစေသူသည် မိမိကိုယ်တိုင် လည်း ထိခိုက်နစ်နာရ၏ ။*

**ရာပြည့်စာအုပ်တိုက်**

www.burmeseclassic.com

www.burmeseclassic.com



*အခြား ပုဂ္ဂိုလ်များအား အကူအညီပေးသူသည် မိမိကိုယ်တိုင်လည်း အကူအညီ ရရှိတတ်၏။*

*သင်၏ စိတ်နှလုံးထဲမှ ငါစွဲ အတ္တစွဲ ပျောက်ကွယ်သွားပါစေ။*

*သင်သည် ရှင်လင်း ဖြူးဖြောင့်နေသည့်လမ်းကို မုချ တွေ့ရလိမ့်မည်'*

'ငါပြောတဲ့စကားကို သင်တို့ မှတ်သားလိုက်နာကြမယ်ဆိုလျှင် သင်တို့ဟာ သေတဲ့အခါမှာ သင်တို့ သိုမှီးထားတဲ့ ကုသိုလ်ကံအရ ဆက်လက်နေရပေလိမ့်ဦးမယ်။ သင်တို့ရဲ့ ဝိညာဉ်များဟာလည်း သင်တို့ရဲ့ အပြုအမူအားလျော်စွာ တည်မြဲ နေရပေလိမ့်ဦးမယ်'

■

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓကျမ်းစာများကို

ကမ္ဘာအနှံ့ ပြန့်ပွားအောင်

မိမိတိုင်းရင်းဘာသာစကားသို့လည်းကောင်း၊တိုင်းခြား ဘာသာစကားသို့လည်းကောင်း၊

ပြန်ဆို ကြိုးပမ်း အားထုတ်ခဲ့ကြသည့်

- ■ပါဠိကျမ်းဂန်ကို ပထမဆုံးပြန်ဆိုသူ ကျော့တန်းနား(အင်္ဂလိပ်)
- ■'အာရှအလင်းရောင်'ကဗျာဆရာ ဆာ အက်ဒွင် အာနိုး(အင်္ဂလိပ်)
- ■ဗိုလ်မှူးကြီး အိုလ်ကော့(အမေရိကန်)
- ■ခရီးသည် ဗုဒ္ဓစာပေပညာရှင် အိဗန် ပါဗလော့ဗစ် မီနာယေ့ဗ်(ရုရှား)
- ■ပညာရှင် ဇနီးမောင်နှံ [သောမတ် ဝီလျံ ရစ်ဒေးဗစ်နှင့် မစ္စစ် ရစ်ဒေးဗစ်](အင်္ဂလိပ်)
- ■နှင်းတိုင်းပြည်နှင့် ပြင်သစ်အမျိုးသမီး အလက်ဇန္ဒရား ဒေးဗစ်နီး
- ■အနာဂါရိက ဓမ္မပါလ(သီရိလင်္ကာ)
- ■ဂျာမန် ဗုဒ္ဓဘာသာခေါင်းဆောင် ဒေါက်တာပေါလ်ဒါလ့်ကေး
- ■ရုရှားပညာရှင် ရှဲရ်ဗတ်စကီး
- ■အနာဂါရိက ဓမ္မပါလ၏လက်ရုံး အက်စ်-မူကာဂျီ(အိန္ဒိယ)
- ■ဂျပန်ပညာရှင် စူဇူကီး
- ■စိတ်ပုတီးနှင့် အင်္ဂလိပ်ဆရာဝန် ဒေါက်တာ အီး၊အာရ်၊ရှော်စ်
- ■ဗောဓာနန္ဒ မဟာထေရ်(အိန္ဒိယ)
- ■ဂျာမန်ရဟန်းတော် ဘိက္ခုဉာဏတိလောက
- ■ဒေဝ ပရိယ ဗလိဆိန်ဟ(သီရိလင်္ကာ)
- ■စုတ်တံ၊စိပ်ပုတီးနှင့် ရုရှားဆရာဝန် ဒေါက်တာ နီကိုလပ် ရိုရစ်
- ■ကဗျာနှင့် ဒဿနပညာရှင် ဂျစ်ဒူ ကရိရှန မူရတိ(အိန္ဒိယ)
- ■မြန်မာပညာရှင်ကြီး ဦးရွှေဇံအောင်
- ■ရောဘတ် အင်ဂါဆောလ်(အမေရိကန်)
- ■ဂျာမနီဖွား၊အမေရိကန်နိုင်ငံသား ဒဿနပညာရှင် ပေါလ်ကာရု
- ■ဂျာမန်လူမျိုး၊ဗြိတိသျှနိုင်ငံသား ပညာရှင် မက်မူလာ....စသည့်

နိုင်ငံတကာ စာပေပညာရှင်များ၏ အတ္ထုပ္ပတ္တိ။

# ပဏ္ဍိတကထာ

[ကမ္ဘာ့ ဗုဒ္ဓစာပေ ပညာရှင်များအကြောင်း တဆေ့တစောင်း]

(ပါရဂူ ပြုစုသည်။)

www.burmeseclassic.com